အင်္ဂါ၊ အောက်တိုဘာ (၁)

**၁ ယော ၁း၁**

လုကာ ၂၄း၃၉

*"ငါ့လက်ကိုကြည့်ကြလော့။ ငါ့ခြေကိုလည်း ကြည့်ကြလော့။ ငါကိုယ်ပင်ဖြစ်၏. . . "*

---

## ရှင်ယောဟန်ဩဝါဒစာပဌမစောင်

ယောဟန်သည် ခရစ်တော်၏ကနဦးတပည့်တော်တို့တွင် တစ်ပါးဖြစ်ပါသည်။ သခင်ယေရှုက တပည့်တော်အဖြစ် ခေါ်တော်မမူမှီအချိန်၌ သူသည်ပေတရုနှင့် ယာကုပ်တို့နှင့်အတူ တံငါသည်ဖြစ်ခဲ့ပါသည်။ ". . . ရှိမုန်နှင့်သူ၏အပေါင်းအဘော်ဇေဗေဒဲ၏သား ယာကုပ်နှင့်ယောဟန်မှစ၍ ရှိမုန်နှင့်ပါသမျှသောသူတို့သည် မိန်းမောတွေဝေခြင်းရှိကြ၏။ ယေရှုကလည်း "ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်သည်ယခုမှစ၍ လူတို့ကိုဘမ်းမိသောသူဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏" (လုကာ ၅း၁၀-၁၁)။ ဤသို့ဖြင့် ယောဟန်၏အကြောင်းကို စတွေ့ခဲ့ရ၏။

ဤယောဟန်ပင်လျှင် ခရစ်ဝင်ကျမ်းယောဟန်ကို ရေးသားသူဖြစ်၏။ မိမိကိုယ်ကို "ယေရှုချစ်တော်မူသောတပည့်တော်" (ယော ၂၁း၂၀) ဟုဖော်ပြခဲ့၏။ သူနှင့် သူ၏အစ်ကိုယာကုပ်တို့သည် ကောင်းကင်ဘုံ၌ယေရှု၏လက်ျာဘက်နှင့်လက်ဝဲဘက်၌ ထိုင်ရသောအခွင့်ကို တောင်းလျှောက်ခဲ့ဘူးပါသည်။ ထိုအခါ ယေရှုကသူတို့တောင်းလျှောက်သောအရာသည် မဖြစ်နိုင်သောအရာဖြစ်ကြောင်း၊ သူတို့၏ဆက်ကပ်မှုကြောင့် ကြီးစွာသောဒုက္ခဝေဒနာကိုခံရကြမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့၏။ ထို့ကြောင့် ယာကုပ်သည် အဦးဆုံးသောမာတုရဖြစ်ပြီး၊ ယောဟန်သည်နောက်ဆုံးတမန်တော်ဖြစ်ခဲ့ပါသည်။ ဤနောက်ကြောင်းက ရှင်ယောဟန်ဩဝါဒစာစောင်သုံးစောင်၏ အချက်အလက်ကိုဖော်ပြလျက် ရှိ၏။

"ရှင်ယောဟန်ဩဝါဒစာပထမစောင်ရေးသားသောသူသည် ရှင်ယောဟန်ဖြစ်ကြောင်း ငြင်းခုံခြင်းမရှိဘဲ အစတကည်းကလူတို့လက်ခံခဲ့ကြပါသည်။ ငယ်စဉ်ကတည်းက ယောဟန်ကိုသိသောသူ Polycarp ကလည်းကောင်း၊ ၂ရာစု၌ Papias ကငင်း၊ ထို့နောက်ငယ်စဉ်ကတည်းက Polycarp ကိုသိသော Irenaeus ကငင်း တမန်တော်ယောဟန်ရေးသားကြောင်း လက်ခံခဲ့ကြ၏။ ဂရိနှင့်လက်တင်အသင်းတော်အပေါင်း၏ ခေါင်းဆောင်တို့ကလည်း ဤစာစောင်ကိုယောဟန်ရေးသားကြောင်း လက်ခံယုံကြည်ခဲ့ကြပါသည်" (ကိုးကား - The Open Bible, Introduction to 1 John )။ ဤစာစောင်သည် ဓမ္မသစ်ကျမ်းဝင်ဖြစ်၍၊ ဘုရားသခင်မှုတ်သွင်းတော်မူသော သမ္မာတရားဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဤစာစောင်ရေးသားခြင်းသည် အဖိုးအခကြီးလှ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို အစဉ်ယုံကြည်ကိုးစားခြင်း အကျွန်ုပ်အားရှိစေတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂)
**၁ ယော ၁း၁-၇**
ဟေဗြဲ ၁၁း၅

*". . . ဘုရားသခင်၏စိတ်တော်နှင့် တွေ့သောသူ ဖြစ်သည်ဟု သက်သေခံခြင်းကို ရလေ၏"*

# ယေရှုခရစ်တော်နှင့်မိဿဟာယဖွဲ့ခြင်း

ဘုရားသခင်သည် အလင်း၊ ဘုရားသခင်သည်ချစ်ခြင်းမေတ္တာတော်၊ ဘုရားသခင်သည် အသက်ဖြစ်တော်မူ၏။ ဘုရားသခင်သည် ထိုသို့သောပုဂ္ဂိုလ်ဖြစ်ကြောင်း ယောဟန်ကဖော်ပြခဲ့ပါ သည်။ သူသည် အလင်းဖြစ်တော်မူသော ဘုရားသခင်နှင့်ရင်းနှီးစွာမိဿဟာယဖွဲ့ခြင်းရှိသောကြောင့်၊ သူသည် မှောင်မိုက်၌နေသောသူမဟုတ်ပါ။

ယေရှုခရစ်တော်သည် ဤဩဝါဒစာစောင်၏ အဓိကအချက်ဖြစ်တော်မူ၏။ ဤစာစောင်က ဘုရားသခင်၏သားသမီးတို့အား ခရစ်တော်နှင့်မိဿဟာယဖွဲ့ခြင်းငှါ တိုက်တွန်းလျက်ရှိ၏။ ထိုအချက်တွင် ဘုရားသခင်ကိုသိခြင်း၊ ဘုရားသခင်၏အလင်းထဲ၌ ကျင်လည်ခြင်းနှင့်ဘုရားသခင်ထံ အပြစ်ဝန်ခံခြင်းတို့ပါဝင်ပါသည်။ အပြစ်ဝန်ခံခြင်းနှင့် အပြစ်ခွင့်လွှတ်ခြင်းသည် လက်တွဲလျက်ရှိကြ၏။ နှုတ်အားဖြင့်၎င်း၊ အပြုအားဖြင့်၎င်း၊ နာခံခြင်းရှိမှသာ ခရစ်တော်နှင့်မိဿဟာယဖွဲ့ခြင်းသည် အဓိပ္ပာယ်ရှိလိမ့်မည်။

ဘုရားသခင်နှင့်မိဿဟာယဖွဲ့သောသူတို့၌ အဓိပ္ပာယ်ရှိသောအသက်ရှင်ခြင်းအကျိုးရှိ၏။ ဤအမှုသည် ဒုတိယမွေးခြင်းခံပြီးမှသာ ဖြစ်ပွားခြင်းဖြစ်ပါသည်။ ယောဟန် ၃ ထဲ၌ ဤအကြောင်းကို ခရစ်တော်နှင့် ဆွေးနွေးခဲ့သောနိကောဒင်က ယေရှုသည် ဇာတိမွေးဖွားခြင်းမဟုတ်ဘဲ၊ ဝိညာဉ်နှင့် ဆိုင်သောမွေးဖွားခြင်းအကြောင်း ပြောထားခြင်းဖြစ်သည်ကို မသိနားမလည်ခဲ့ပါ။ ဒုတိယမွေးခြင်း သည် ဝိညာဉ်မွေးဖွားခြင်းဖြစ်၍ ယေရှုခရစ်တော်ယုံကြည်ခြင်းအားဖြင့် ဖြစ်၏။ ဤပြောင်းလဲခြင်းက ဘုရားသခင်ပေးတော်မူသောအသက်၊ ထာဝရအသက်ကို ရရှိစေ၏။ ဘုရားသခင်နှင့်အတူ သွားလာ ကျင်လည်ခြင်းဖြစ်၏။

သန့်ရှင်းသူတို့ ခရစ်တော်နှင့်အတူ မိဿဟာယဖွဲ့ခြင်းသည် ခရစ်တော်လူ့ဇာတိခံပြီးမှသာ စတင်ခြင်းမဟုတ်ပါ။ ဓမ္မဟောင်းခေတ် သန့်ရှင်းသူတို့နှင့်အတူ ခရစ်တော်မိဿဟာယဖွဲ့ခြင်းပြုတော် မူခဲ့၏။ ဤအကြောင်းကို ဧနုတ်အသက်တာ၌တွေ့ရပါသည်။ "ဧနောက်သည် ယုံကြည်ခြင်းအားဖြင့် သေခြင်းနှင့်လွတ်၍ ဘဝပြောင်းရ၏။ ဘုရားသခင်သည်သူ့ကို ဘဝပြောင်းစေတော်မူသောကြောင့် သူသည် နောက်တဖန်မပေါ်မရှိ၊ သူသည်ဘဝမပြောင်းမှီ ဘုရားသခင်၏စိတ်တော်နှင့် တွေ့သောသူ ဖြစ်သည်ဟု သက်သေခံခြင်းကို ရလေ၏" (ဟေဗြဲ ၁၁း၅)။

ဘုရားသခင်နှင့်သင်၏မိဿဟာယဖွဲ့ခြင်းသည် မည်ကဲ့သို့ရှိသနည်း။

**ဆင်ခြင်ရန်** - "ထူးကဲသောမိဿဟာယဖွဲ့ခြင်း၊ ထူးကဲသောဝမ်းမြောက်ခြင်း"။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်နှင့်အတူ အစဉ်နီးကပ်စွာသွားလာနေထိုင်လိုပါ၏။

ကြာသပတေး၊ အောက်တိုဘာ (၃)

**၁ ယော ၁း၁-၇**
ယောဟန် ၁၄း၆-၇

*"သင်တို့သည် ငါ့ကိုသိလျှင်ငါ့ခမည်းတော်ကိုမသိဘဲ မနေရကြ"*

## ယောဟန်၏ဘုရားသခင်အကြောင်းဖော်ပြချက်

ယောဟန်သည် အခြားမဗ္ဗသစ်ကျမ်းရေးသားသူတို့ကဲ့သို့မဟုတ်ဘဲ၊ ဤစာစောင်ထဲတွင် ရိုးရှင်းသောစကားလုံးများကို အသုံးပြုခဲ့ပါသည်။ သူရေးသားသောအချက်အလက်တို့သည် ရိုးရှင်းထင်ရှားလှပါသည်။ စာဖတ်သူတို့လွယ်ကူစွာ နားလည်သဘောပေါက်ကြပါလိမ့်မည်။ အလင်း၊ ချစ်ခြင်းမေတ္တာနှင့်အသက်တို့သည် နေ့စဉ်သုံးနေကျစကားလုံးများဖြစ်ပြီး ဘုရားသခင်ကိုဖော်ညွှန်းခြင်း၌ ယောဟန်အသုံးပြုခဲ့ပါသည်။

ဘုရားသခင်သည် အလင်းတော်မူ၏ဟုဆိုရာတွင်၊ ဘုရားသခင်နှင့်မိဿဟာယဖွဲ့သောသူသည် အလင်း၌ကျင်လည်ရမည်ဟု ဆိုလိုသတည်း။ အလင်း၌ကျင်လည်ခြင်းဆိုသည်မှာ ဘုရားသခင်၏ ပညတ်တရားများကို နာခံလိုက်လျှောက်ခြင်းပင်ဖြစ်ပါသည်။ ဤအချက်၌ အစဉ်အပြစ်ဝန်ချတောင်းပန်ချင်ပါ၏ (လူထံ၌မဟုတ်ဘဲ၊ ဘုရားသခင်ထံ၌ဝန်ခံခြင်း)။ ဤသို့ဖြင့် ခရစ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့ကိုအစဉ်သန့်ရှင်းစေပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ခမည်းတော်ထံ၌ ရှေ့နေအရာ၌ ရပ်တည်ပေးတော်မူ၏။ အလင်း၌ကျင်လည်သောအခါ ကျွန်ုပ်တို့၏အမုန်းတရားတို့သည် ပျောက်ကွယ်၍ချစ်ခြင်းအဖြစ်သို့ ပြောင်းလဲကြ၏။ ဘုရားသခင်နှင့်အတူ ကျွန်တော်တို့မလျှောက်လှမ်းနိုင်အောင် ဆီးတားနှောင့်ယှက်သောအရာများမှာ လောကီကိုချစ်ခြင်း၊ မှသားနှင့်မှားယွင်းသောဆရာတို့၏ ကျော့ကွင်း၌ကျော့မိခြင်းတို့ဖြစ်ပါသည်။ ဤအချက်တို့ကို မိမိခေတ်၌ တမန်တော်ကတွေ့မြင်ခဲ့ပြီး၊ ဖော်ပြခဲ့ပါသည်။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာလည်းဖြစ်တော်မူ၏။ ထို့ကြောင့် သူ၏သားသမီးတို့သည် ချစ်ခြင်းမေတ္တာထဲ၌ကျင်လည်ကြရပါမည်။ ယောဟန်ချစ်ခြင်းမေတ္တာမရှိသောသူသည် ဘုရားသခင်ကိုမသိဟု ဖော်ပြထား၏။ ချစ်ခြင်းသည် စိတ်ကူးသက်သေမဖြစ်ရပါ၊ လက်တွေ့အလုပ်ဖြင့် ဖော်ပြရပါမည်။ အပြောသက်သက်မဟုတ်ရပါ။ အလုပ်ဖြင့် သက်သေပြရပါမည်။ ရယူခြင်းမဟုတ်၊ ပေးဆပ်ခြင်းဖြစ်၏။ ကျမ်းစာ၌ ဖော်ပြထားသည်အတိုင်း၊ ချစ်ခြင်းမေတ္တာသည် အခြေအနေ၊ အကြောင်းအရာတစ်စုံတစ်ခုပေါ်၌ တည်နေသောအရာမဟုတ်ဘဲ၊ အကြောင်းပြချက်မရှိသော ချစ်ခြင်းမေတ္တာဖြစ်ရပါမည်။ ထို့ကြောင့် ယေရှုကမိမိတို့၏ရန်သူများအတွက် ဆုတောင်းရမည်အကြောင်း၊ ချစ်ရမည်အကြောင်း မိန့်တော်မူ၏။ ထိုသို့ ယေရှု၏ချစ်ခြင်းမေတ္တာတော်အတိုင်း ကျွန်တော်တို့သည် သူတစ်ပါးကိုချစ်လျှင် စီရင်ရှုတ်ချခြင်းခံရကြမည်မဟုတ်ပါ။ စိတ်နှလုံးသန့်ရှင်းစွာ၊ လိပ်ပြာလုံစွာ နေထိုင်ကြရမည်ဖြစ်ပါသည်။

ဘုရားသခင်သည် အသက်လည်းဖြစ်တော်မူ၏။ ယေရှုက "ငါသည် လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏" ဟု မိန့်တော်မူ၏ (ယော ၁၄း၉)။ ယောဟန်က ဘုရားသခင်သည် အသက်ဖြစ်တော်မူကြောင်းကို လက်တွေ့သိခဲ့ပါ၏။ ဒုတိယမွေးခြင်းခံရသောသူသည် ဝိညာဉ်အသက်တာခရီးစတင်ခြင်းဖြစ်ပါသည်။ ယေရှုခရစ်တော်ယုံကြည်ခြင်းဖြင့် ဘုရားသခင်ထံမှ အသက်ကို ကျွန်တော်တို့ရရှိကြ၏။ ဤဘုရားသခင်၏အကြောင်းအရာတို့ကို သင့်ဘဝ၌ သင်ခံစားသိရှိရပါသလား။

**ဆင်ခြင်ရန်** - ယုံကြည်သူသည် အလင်း၌ကျင်လည်၍၊ ချစ်ခြင်းမေတ္တာပြသလျက် အသက်ရရှိပိုင်ဆိုင်သောသူဖြစ်ရပါမည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အလင်းကို အစဉ်ဖော်ဆောင်သောသူဖြစ်လိုပါ၏။

သောကြာ၊ အောက်တိုဘာ (၄)
**၁ ယော ၁း၁-၇**
မသဲ ၁၆း၁၃-၁၇

*“ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်”*

## ခရစ်တော်သိခြင်းသည် သူနှင့်မိဿဟာယဖွဲ့ခြင်းပေတည်း

ခရစ်တော်သိခြင်းသည် သူနှင့်အတူ မိဿဟာယဖွဲ့ခြင်းပင်ဖြစ်၏။ ယေရှုခရစ်တော်သည် ဘုရားဖြစ်တော်မူပြီး၊ ဤကျမ်းပိုဒ်က သူ၏ဘုရားလက္ခဏာနှင့်ဂုဏ်ပုဒ်တို့ကို ဖော်ပြခဲ့ပါသည်။ ယေရှုသည် အတိတ်ထာဝရမှ ရှိတော်မူပြီး၊ ဖန်ဆင်းခြင်းအစ၌လည်း ရှိတော်မူခဲ့၏။ ထိုအစအဦး၌ ဘုရားသခင်မှတစ်ပါး အဘယ်သူမျှမရှိပါ။ ယောဟန်ကယေရှု၏ လူ့ဇာတိသဘောတို့ကိုလည်း ဖော်ပြခဲ့ပါသည်။ ယောဟန်သည် ယေရှုကိုမျက်စိဖြင့်မြင်၍လက်ဖြင့်ထိကိုင်ခဲ့ပါသည်။ ယေရှုသည် “ အသက်ရှင်သောနှုတ်ကပတ်တော်” (၁ ယော ၁း၁) ဟု ဖော်ပြခြင်းခံရ၏။ ဆိုလိုသည်မှာ ယေရှုသည် လူ့ဇာတိခံကြွလာတော်မူသောဘုရားဖြစ်တော်မူ၏။ တမန်တော်က ယေရှုခရစ်တော်၏ပုဂ္ဂိုလ်ဖြစ်ခြင်းအကြောင်းကို ရှင်းလင်းစွာဖော်ပြခဲ့ပါသည်။ ယောဟန်သည် ယေရှုခရစ်တော်၌ပေါ်လွင်သောအရာတို့ကို မြင်တွေ့သော မျက်မြင်သက်သေဖြစ်ပါသည်။ ယေရှုသည် ခမည်းတော်နှင့်အတူ ရှိတော်မူသော ထာဝရဘုရားဖြစ်တော်မူ၏။ ယောဟန်ခေတ်၌လည်း ယေရှုခရစ်တော်၏ပုဂ္ဂိုလ်ဖြစ်အကြောင်းနှင့်ဆိုင်သော ငြင်းခုံမှုများရှိခဲ့ပါသည်။

ယေရှု၏ပုဂ္ဂိုလ်ဖြစ်ခြင်းအကြောင်းနှင့် ဆိုင်သောယုံကြည်ချက်ကို အေဒီ ၃၂၅၊ The Council of Nices ၌ ချမှတ်ရေးသားခဲ့ကြပြီး၊ အသင်းတော်၏ယုံကြည်ချက်ဖြစ်လာခဲ့ပါသည်။ ထိုယုံကြည်ချက်တွင် ခရစ်တော်သည် ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ မိမိ၌သဘောသဘာဝနှစ်မျိုးဖြစ်သော ဘုရားဖြစ်ခြင်းနှင့် လူ့ဇာတိသဘောရှိကြ၏ဟု ဖော်ပြခဲ့ပါသည်။ ခရစ်ဝင်ကျမ်းများထဲတွင် ခရစ်တော်မွေးဖွားသောအချိန်မှစ၍ ကောင်းကင်ဘုံသို့ကြွသွားတော်မူသည်အချိန်ထိ ပြုသောအမှုနှင့်အသက်တာတို့ကို ဖော်ပြခဲ့ပါသည်။ ယောဟန်က တပည့်တော်ဖြစ်သည်အလျောက် ထိုအကြောင်းအရာအလုံးစုံကို အတိုချုပ်ဖော်ပြခဲ့၏။

တမန်တော်က မိမိတို့ကြားသိသောအရာနှင့် သိမြင်သောအရာတို့ကို ဖော်ပြကြကြောင်း၊ မိမိတို့၏စကားကို နာခံသောသူတို့သည် မိမိတို့နှင့်မိဿဟာယဖွဲ့ခြင်းရှိကြောင်းဆိုခဲ့၏။ ခရစ်ယာန်မိဿဟာယသည် ဤလောကအပေါင်းအသင်းကဲ့သို့မဟုတ်ဘဲ၊ ယုံကြည်ခြင်းတူညီခြင်းနှင့် ခရစ်တော်၏ကောင်းကြီးမင်္ဂလာအတူ မျှဝေခံစားခြင်းပင်ဖြစ်ပါသည်။ ဤသည်ကား ကနဦးအသင်းတော်ကျင့်သုံးခဲ့သော အဓိကအချက်တို့တွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

ခရစ်တော်သိကျွမ်းခြင်းအသိဉာဏ်က တပည့်တော်တို့ကို တလုံးတဝတည်းဖြစ်စေပြီး၊ ထိုယေရှုခရစ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းအကြောင်းတရားကို သူတို့ကာကွယ်ပြောဆိုခဲ့ကြပသည်။ သူတို့သည် ခရစ်တော်အား မိမိတို့၏သခင်နှင့် ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်သည် ဘုရားဖြစ်၍ထာဝရဖြစ်တော်မူ၏။
**ဆုတောင်းချက်** - ယေရှုခရစ်တော်၌ ဂုဏ်အသရေဘုန်းအာနုဘော်အပေါင်းတည်ရှိနေပါစေသော်။

စနေ၊ အောက်တိုဘာ (၅)
**၁ ယော ၁း၁-၇**
တမန် ၂း၄၂

*"ထိုသူများသည် တမန်တော်တို့၏ဆုံးမဩဝါဒကို ခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း . . . တို့ကိုအမြဲဆောင်ရွက်၍ နေကြ၏"*

## သန့်ရှင်းသူများ မိဿဟာယဖွဲ့ခြင်း

သန့်ရှင်းသူများ မိဿဟာယဖွဲ့ခြင်းသည် တမန်တော်ယုံကြည်ခြင်းဖွင့်ဆိုချက်ထဲမှ တစ်ပါး ဖြစ်ပါသည်။ ကနဦးအသင်းတော်တွင် တစ်စုံတစ်ယောက်သောသူသည် ရေဗတ္တိဇံမင်္ဂလာမခံမီ ဤအချက်ကို ရှေးဦးစွာယုံကြည်ကတိသစ္စာပြုရ၏။ ထိုသို့စာရွက်ပေါ်၌ ရေးသားရုံသက်သက် မဟုတ်ဘဲ၊ အသင်းတော်ကလက်တွေ့ကျင့်သုံးသောအချက်ဖြစ်ပါသည်။ မိဿဟာယဖွဲ့ခြင်း၌ ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောဖတ်ရွတ်ခြင်းကို ယုံကြည်သူတို့ပြုလုပ်ကြရ၏။ နာခံလိုက်လျှောက်ခြင်းအဖို့ ယုံကြည်ခြင်းလည်း လိုအပ်ခဲ့ကြပါသည်။ တရားဟောခြင်း၌ ခရစ်ယာန်ယုံကြည်ချက်တို့ကိုလည်း သွန်သင်ကြရ၏။ ဤအချက်ကို ကနဦးအသင်းတော်၌ မုန့်ဖဲ့ခြင်းနှင့် ဆုတောင်းခြင်းတို့နှင့်တကွ အတူတွေ့ရပါသည်။ ဤလက်တွေ့လုပ်ဆောင်ချက်တို့သည် ယုံကြည်ခြင်းနှင့် မိဿဟာယဖွဲ့ခြင်းကို ခိုင်မာစေ၍ ဝမ်းမြောက်ခြင်းဖြစ်စေပါသည်။

ဤလောက၌ မြင်တွေ့ရသော ဒေသန္တရအသင်းတော်သည် မစုံလင်သော်လည်း၊ ယုံကြည်သူများ အသက်တာကြီးထွားရင့်ကျက်ခြင်းအတွက် ယုံကြည်ခြင်းနှင့်ဆိုင်သော စစ်မှန်သော အမှုပြုချက်လက္ခဏာတို့ကို လက်တွေ့ကျင့်သုံးကြရပါမည်။ ထိုလိုအပ်ချက်တို့ကို ယောဟန်နှင့် အခြားတမန်တော်တို့က ဖော်ပြထားကြ၏။ ဒေသန္တရအသင်းတော်၌ သခင်ယေရှုကိုယ်တိုင် သမ္မာကျမ်းစာထဲ၌ သွန်သင်တော်မူသော၊ စစ်မှန်သော အသင်းတော်၏လက္ခဏာများ ရှိရမည်ဖြစ်၏။

ယေရှုက သာဓကအားဖြင့် ဟောပြောသောအချက်တွင်မိမိကိုယ်ကို စပျစ်နွယ်ပင်နှင့် ခိုင်းနှိုင်းခဲ့ပြီး၊ တပည့်တော်တို့အား အကိုင်းအခက်နှင့်ခိုင်းနှိုင်းခဲ့ပါသည်။ ယောဟန် ၁၅း၄-၅ "ငါ၌တည်နေကြလော့။ ငါသည်လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည် အပင်၌မတည်လျှင် ကိုယ်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ။ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည်ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ"။ ဤသည်ကား သခင်ယေရှု၏ ဖိတ်ခေါ်စိန်ခေါ်မှု တစ်ရပ်ဖြစ်ပါသည်။ ဤခရစ်တော်၏ စိန်ခေါ်မှုကို ကြားနာခဲ့သောသူတို့တွင် ယောဟန်ပါဝင်ခဲ့ပြီး၊ ယခုတစ်ဖန် သူကိုယ်တိုင်က မိမိတပည့် တော်တို့အား ထိုနည်းတူခရစ်တော်နောက် လိုက်ကြခြင်းငှါ လမ်းညွှန်လျက်စိန်ခေါ်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသူတို့ မိဿဟာယဖွဲ့ခြင်းအမှု၌ ခရစ်တော်သည်စုံလင်သော ပုံဥပမာ ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အခြားသန့်ရှင်းသူတို့နှင့် မိဿဟာယဖွဲ့ခြင်းကို လျစ်လျူမရှုမည် အကြောင်း သတိပေးတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၆)
**၁ ယော ၁း၁-၇**
မသဲ ၆း၉-၁၅

*"ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေ လေးမြတ်ခြင်း ရှိပါစေသော"*

## ဆုတောင်းခြင်းဖြင့် မိဿဟာယဖွဲ့ခြင်း

ယေရှုက တပည့်တော်တို့အား ခမည်းတော်ထံဆုတောင်းကြခြင်းငှါ သွန်သင်ခဲ့ပါသည်။ မည်သို့ဆုတောင်းရမည်အကြောင်း လမ်းညွှန်ချက်လည်း ပေးတော်မူခဲ့၏။ ဆုတောင်းခြင်းသည် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းဖြစ်၏။ ဤသို့သော မိဿဟာယဖွဲ့ခြင်းကို ယခုတမန်တော်ဖော်ပြနေခြင်းဖြစ်ပါသည်။ ဒုယိယမွေးဖွားခြင်းမခံရသောသူသည် သန့်ရှင်းသောဝိညာဉ်၏ လမ်းပြမှုမခံရသောကြောင့် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းမပြုရပါ။ တမန်တော်တို့သည် သတင်းကောင်းဟောပြောခြင်းငှါ ခေါ်ခြင်းခံရသောသူဖြစ်ကြ၏။ ထိုသို့တရားဟောခြင်းဖြင့် အပြစ်သားတို့သည် စစ်မှန်၍ အသက်ရှင်တော်မူသောဘုရားသခင်ထံ ချဉ်းကပ်ပြီး၊ အသက်တာပြောင်းလဲခြင်းဖြင့် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းရှိရန်ဖြစ်ပါသည်။ ဤသည်ကား ပြသတော်မူသောတရားဟု ယောဟန်ဖော်ပြသော အချက်ဖြစ်ပါသည်။

ခရစ်တော်သိခြင်းတရားက ဝမ်းမြောက်ခြင်ကိုဖြစ်စေ၏။ ဤစစ်မှန်သောဝမ်းမြောက်ခြင်းသည် ဘုရားသခင်ထံမှလာ၏။ ယနေ့လူများတို့သည် ဖျော်ဖြေမှုကို လိုလားကြ၏။ ထိုဖျော်ဖြေမှုတင်ဆက်သောသူတို့သည် မီဒီယာများဖြင့် ကျော်ကြားမှုကို ရှာဖွေကြပြီး၊ များစွာသောလူငယ်တို့က သူတို့ကိုအတုခိုးကြ၏။ ဘုရားသခင်၏ သားသမီးတို့သည် ဘုရားသခင်ကိုကြိုးစားရှာဖွေခြင်း၊ ဘုရားသခင်အား မိမိ၏ဘုရားအဖြစ် လက်ခံလျက်ဘုရားသခင်အတွက် အချိန်ပေးကြရပါမည်။ သို့မှသာ လိုအပ်လျက်ရှိသောပျော်ရွှင်မှုကို တွေ့ကြရမည်ဖြစ်၏။ ထိုအရာကို နှုတ်ကပတ်တော်အတိုင်း ဘုရားသခင်နှင့်နီးကပ်စွာ နေထိုင်လိုက်လျှောက်ခြင်းဖြင့် ရရှိနိုင်၏။ ဘုရားသခင်က ယောရှုအား ယောရှု ၁း၈ ထဲတွင် ဤသို့မိန့်တော်မူခဲ့၏ "ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကို မဖတ်မရွတ်ဘဲမနေ၊ နေ့ညမပြတ် ကြည့်ရှုဖတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည် အကြံထမြောက်၍အောင်မြင်လိမ့်မည်"။

ဆုတောင်းခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖတ်ရှုခြင်းနှင့် တွဲလျက်ရှိပြီး၊ ဖန်ဆင်းရှင်ဘုရားနှင့်စကားပြောခြင်းဖြစ်ပါသည်။ ခရစ်တော်အတူပါရှိတော်မမူလျှင်၊ ငြိမ်သက်ခြင်းမရှိ၊ စစ်မှန်သောပျော်ရွှင်ခြင်းမရှိနိုင်ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းတည်မြဲစေခြင်းငှါ သတိပြုဆုတောင်းခြင်းပြုရပါမည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၌တည်သောဝမ်းမြောက်ခြင်းကိုသာ အကျွန်ုပ်လိုချင်ပါ၏။

တနင်္လာ၊ အောက်တိုဘာ (၇)

**၁ ယော ၁း၁-၇**

ဆာလံ ၁၁၉း၁၁-၁၂

*"အိုထာဝရဘုရား၊ ကိုယ်တော်သည် မင်္ဂလာရှိတော်မူ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌ သွန်သင်တော်မူပါ"*

# အလင်း၌ ကျင်လည်ခြင်း

အလင်း၌ကျင်လည်ခြင်း၊ ဘုရားသခင်ကြောက်ရွံ့ခြင်းအသက်တာကို ဖြစ်စေ၏။ ယေရှုသည် "ဤလောက၏အလင်း" (ယော ၈း၁၂) ဖြစ်တော်မူ၏။ ထို့ကြောင့် ခရစ်တော်သွန်သင်ချက်လိုက်လျှောက်ခြင်းသည် ခရစ်တော်ကျင့်သည့်အတိုင်း ကျင့်ခြင်းပေတည်း။ ယောဟန်က "ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည်အလင်း၌ ကျင်လည်လျှင် အချင်းချင်း မိဿဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍ ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏" (၁ ယော ၁း၇) ဟု ရေးသားခဲ့၏။ အလင်းနှင့်အမှောင်သည် ဆန့်ကျင်ဘက်ဖြစ်ကြ ၏။ အလင်းသည် အမြင်ကိုကြည်လင်စေ၍၊ မှန်ကန်စွာလူကို လှုပ်ရှားစေတတ်၏။ အမှောင်သည် လူတစ်ဦး၏အမြင်ကိုဆီးတား၍ အကျိုးမဲ့ဖြစ်စေတတ်၏။

မနေ့ဖတ်ရသော သမ္မာကျမ်းစာမှအလင်းသည် ပုံမှန်သဘာဝအလင်းကို မဆိုလိုပါ။ လူတစ်ဦးအား မှန်ကန်စွာနေထိုင်ပြုမူစေခြင်းငှါ ပြုစုပေးသောအကျင့်သီလနှင့် ပညတ်တရားကို ဆိုလို၏။ အသိပညာ၊ သွန်သင်ဆုံးမမှုဟုလည်း ခေါ်နိုင်ပါသည်။ ယေရှုက မိမိကိုယ်ကို ဤလောက၏ အလင်းဟုခေါ်တော်မူပြီး၊ တမန်တော်ယောဟန်က ခရစ်တော်အကြောင်း ဖော်ပြခြင်း၌ ထိုအခေါ်အဝေါ်ကို အသုံးပြုခဲ့ပါသည်။ ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏ဟုလည်း ဖော်ပြခဲ့၏။ ဆာလံဆရာကလည်း ထိုနည်းတူဖော်ပြခဲ့ပါသည် "နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏"။ ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားသည် စစ်မှန်သောမိဿဟာယဖွဲ့ခြင်း ၏ အဓိကအုတ်မြစ်ဖြစ်ပါသည်။

အလင်း၌ ကျင်လည်ခြင်းဆိုသည်မှာ ဤကျမ်းပိုဒ်၌အကြိမ်ကြိမ်တွေ့ရသည့်အတိုင်း ခရစ်တော်၏စကားကို နာခံလိုက်လျှောက်ခြင်းဖြစ်၏။ ထိုသို့ပြုခြင်းဖြင့် ယုံကြည်သူသည် ဘုရားသခင်၌ ဝမ်းမြောက်ခြင်းနှင့် လုံခြုံမှုကို ကြုံတွေ့ကြရ၏။ ယောဟန်က ဤသို့သောမိဿဟာယဖွဲ့ခြင်းမျိုးကို တိုက်တွန်းပြီး၊ တမန်တော်တို့သွန်သင်ချက်ဖြစ်သော ဤတရားကို မြဲမြံစွာစွဲကိုင်ကြခြင်းငှါ အထူးဖော်ပြခဲ့ပါသည်။

တမန်တော်ယောဟန်ခေတ်၌ မှားယွင်းသောဆရာများရှိခဲ့ကြပြီဖြစ်သောကြောင့် ထိုသူတို့၏ အမှားကိုဖော်ပြရှုတ်ချခြင်းအကြောင်း အနည်းငယ်ရေးသားခဲ့ပါသည်။ ထိုသို့ အမှားထောက်ပြနိုင်ခြင်းငှါ အလင်း၌ကျင်လည်ခြင်းဖြစ်သော၊ ဘုရားသခင်၏နှုတ်ကပတ်တော်နာခံလိုက်လျှောက်ခြင်း ပြုကြရန် တိုက်တွန်းထားပါသည်။

**ဆင်ခြင်ရန်** - အမှောင်သည် အလင်းဝင်ရောက်သောအခါ ထွက်ပြေးတတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေနှင့် လမ်းခရီးအတွက် အစဉ်အလင်းဖြစ်ပါစေသော်။

အင်္ဂါ၊ အောက်တိုဘာ (၈)

**၁ ယော ၁း၁-၁၀**

၁ ရာ ၁၈း၁-၅

*"ယောနသန်သည်လည်း ဒါဝိဒ်ကိုကိုယ်နှင့်အမျှ ချစ်သောကြောင့် သူနှင့်အတူ မိဿဟာယဖွဲ့ပြီးလျှင် . . . "*

## မိဿဟာယဖွဲ့ခြင်းနှင့် သမ္မာတရား

မိဿဟာယဖွဲ့ခြင်းပြုသော ညီအစ်ကိုတို့သည် အချင်းချင်းသမ္မာတရားအားဖြင့် ခွန်အားပေးပြောဆိုကြရပါမည်။ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းရှိသည်ဟု ဆိုလျှက်၊ မှောင်မိုက်၌ ကျင်လည်ခြင်းသည် လုံးဝမဖြစ်နိုင်ပါ။ မုသားပြောခြင်းသာဖြစ်၏။ ခရစ်ယာန်တို့သည် အချင်းချင်းယုံကြည်ရသောသူဖြစ်၍၊ သမ္မာတရားပြောဆိုခြင်းအားဖြင့် အဓိပ္ပာယ်ရှိသောမိဿဟာယဖွဲ့ခြင်းကို မြဲမြံစေကြရမည်ဖြစ်ပါသည်။

ခရစ်ယာန်မိဿဟာယဖွဲ့ခြင်း ပုံသာဓကကောင်းဟူမူကား ဓမ္မဟောင်းထဲမှ ဒါဝိဒ်နှင့်ယောနသန်တို့၏ မိတ်ဖွဲ့ခြင်းပင်ဖြစ်ပါသည်။ သေခြင်းကပင် မဖျက်ဆီးနိုင်သော မိဿဟာယပဋိညာဉ်ကိုဖွဲ့ခဲ့ကြ၏။ ယောနသန်သည် ဒါဝိဒ်ကိုကွယ်ကာခြင်းငှါ ဆုံးဖြတ်ချက်ချခဲ့၏။ ယောနသန်ဆုံးပြီးနောက် ဒါဝိဒ်ကသူတို့ချစ်ခြင်း မေတ္တာကိုဤသို့ဖွဲ့ဆိုချီးမွမ်းခဲ့ပါသည်- "ငါ့ကိုချစ်သောမေတ္တာသည် အံ့ဩဘွယ်သောမေတ္တာ၊ မိန်းမကိုချစ်တတ်သောမေတ္တာထက်သာ၍ အားကြီးသောမေတ္တာဖြစ်၏" (၂ ရာ ၁း၂၆)။ ဒါဝိဒ်သည် ဘုရင်ဖြစ်လာသောအခါ မိမိ၏မိတ်ဆွေယောနသန်၏ ဆွေမျိုးအား ကောင်းစွာပြုခြင်းငှါ ရှာဖွေခဲ့ပါသည်။ ခရစ်ယာန်မိဿဟာယဖွဲ့ခြင်း အတိမ်အနက်သည်လည်း ဟန်ဆောင်ခြင်းမပါသော ချစ်ခြင်းမေတ္တာ၌တည်လျက် ရှိပါသည်။

မိဿဟာယဖွဲ့ခြင်းဟူသော ဂရိစကားလုံးသည် Koinonia ဖြစ်၍၊ ချစ်ခြင်းမေတ္တာသည် agape ဖြစ်၏။ ခရစ်ယာန်တလုံးတဝတည်းဖြစ်ခြင်းအတွက် လိုအပ်သောအရာကို ဖော်ပြသော အခြားစကားလုံးများရှိပါသည်။ သို့သော်လည်း၊ သမ္မာတရားသည် အဓိကအရေးကြီးဆုံးဖြစ်၏။ သမ္မာကျမ်းစာက မယုံကြည်သူတို့နှင့် အသီးအခြားနေခြင်းငှါ မိန့်တော်မူသောအခါ၊ သမ္မာတရားသည် အဓိကအချက်ဖြစ်၏။ သမ္မာတရားသည် ယုံကြည်သူတို့ကို စုစည်းစေပြီး၊ အဓိပ္ပာယ်ရှိသော ခရစ်ယာန်မိဿဟာယသည်လည်း ထိုအပေါ်၌တည်ဆောက်ခြင်းဖြစ်၏။

မှန်သောစကားဆိုခြင်းသည် ဘုရားသခင်၏အကျင့်နှင့်ဆိုင်သော ပညတ်တော်၏အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ "ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌ မမှန်သောသက်သေကိုမခံနှင့်" (ထွက် ၂၀း၁၆)။ ဤသည်ကား နဝမမြောက်ပညတ်ချက် ဖြစ်၏။ မှန်သောစကားပြောခြင်းသည် မိတ်ဆွေအိမ်နီးချင်းနှင့် ဆက်ဆံရေးတွင် အလွန်တန်ဖိုးကြီးသောအရာ တစ်ခုဖြစ်ပါသည်။ မှန်သောစကားကို အစဉ်ပြောပါလော့။

**ဆင်ခြင်ရန်** - သမ္မာတရားအုတ်မြစ်ပေါ်၌ မိဿဟာယဖွဲ့ခြင်းကို တည်ဆောက်လော့။

**ဆုတောင်းချက်** - ထာဝရဘုရား၊ မုသားပြောခြင်းနှင့်ဆိုင်သော သွေးဆောင်ခြင်းထဲမှအကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၉)
**၁ ယော ၁း၁-၁၀**
ဆာလံ ၅၁း၁-၁၉

*"အို ဘုရားသခင်၊ ကျေးဇူးပြုချင်သောစေတနာ စိတ်တော်ရှိသည်အတိုင်း၊ အကျွန်ုပ်ကို သနားတော်မူပါ"*

## အပြစ်နှင့်အပြစ်လွှတ်ခြင်း

ယုံကြည်သူတို့ကို ပေါင်းစည်းစေသော အခြားအချက်ဟူမူကား အပြစ်ခွင့်လွှတ်ခြင်းဖြစ်ပါသည်။ ယောဟန်က ခရစ်တော်၏အသွေးတော်သည် ကျွန်ုပ်တို့အား အပြစ်ရှိသမျှတို့မှ ဆေးကြောတော်မူကြောင်းဆိုခဲ့ပါသည် (၁ ယော ၁း၇)။ ယုံကြည်သူတိုင်းသည် ခရစ်တော်သွန်းတော်မူသော အသွေး၏အကျိုးကို ခံရသောသူဖြစ်ကြ၏။ ဒုတိယမွေးခြင်းခံရသောသူတို့သည် သိုးသငယ်၏ဆေးကြောခြင်းအသွေးတော်အားဖြင့် တလုံးတဝတည်း မိသားဟာယဖွဲ့ခြင်းခံရကြ၏။

အပြစ်လွှတ်ခြင်းအရင်၌ အပြစ်ဝန်ခံခြင်းရှိ၏။ ယောဟန်က အပြစ်ဝန်ခံခြင်းအကျိုးကို ဤသို့ဖော်ပြခဲ့ပါသည် "ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ဌင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ဌင်း၊ ပြည့်စုံတော်မူ၏" (၁ ယော ၁း၉)။ ဒါဝိဒ်က ပုံသာဓကကောင်းထားခဲ့ပါသည်။ သူသည် ဘုရင်ဖြစ်စဉ် သူ့မယားပြစ်မှားခြင်းနှင့်လူ့အသက်သတ်ခြင်းအပြစ်နှစ်ခုကို ကျူးလွန်ခဲ့ပါ သည် (၂ ရာ ၁၁)။ ဤသည်ကား ယုံကြည်သူပြုသောအပြစ်တို့တွင် အဆိုးဆုံးဖြစ်ပါ၏။ ဒါဝိဒ်ကို ရင်ဆိုင်ခြင်းငှါ ဘုရားသခင်ကပရောဖက်နာသန်ကို စေလွှတ်ခဲ့ပါသည်။ ပရောဖက်က သတိကြီးစွာ စကားလုံးရွေးချယ်ခဲ့ပြီး၊ ဒါဝိဒ်အား မိမိစကားအားဖြင့် မိမိကိုယ်ကိုရှုတ်ချစေခဲ့၏။ ဒါဝိဒ်သည် စိတ်နှလုံးနူးညံ့သည်ဖြစ်၍ အပြစ်ဝန်ခံလိုခြင်းရှိခဲ့၏။ ထိုဝန်ခံခြင်းကို အစဉ်မှတ်သားခြင်းဖြင့် ဆာလံ ၅၁ ထဲတွင် ရေးသားခဲ့ပါသည်။ ဤအမှုသည် ကောင်းမွန်သောအမှုတော့မဟုတ်ပါ။ သို့သော်လည်း ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းအတွက် လိုအပ်သောအရာဖြစ်ပါသည်။ ဒါဝိဒ်သည် မိမိအပြစ်ကို ကောင်းစွာအနိုင်ယူကိုင်တွယ်ခဲ့၏။ နောက်ဆုံး၌ သူသည်ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဟု ခေါ်ခြင်းခံရခဲ့၏။ သူသည် နောင်တရ၍ မိမိအပြစ်ကိုဝန်ခံခဲ့သောကြောင့် ခွင့်လွှတ်ခြင်းခံခဲ့ရ၏။

ဘုရားသခင်က နောင်တရသောသူအပေါင်းတို့အား အခွင့်အရေးပေးတော်မူတတ်၏။ ဘုရားသခင်နှင့် သင့်မြတ်လိုသောသူတို့ထံ၌ ထိုအပြစ်လွှတ်ခြင်းအခွင့်ကို အစဉ်ပေးတော်မူ၏။ သစ္စာရှိခြင်း၊ မှန်သောစကားဆိုခြင်းသည် အမှန်တရား၏လက္ခဏာဖြစ်ကြောင်း ဖော်ပြခဲ့ပြီဖြစ်ပါသည်။ အမည်ခံခရစ်ယာန်တို့သည် ဘုရားသခင်၏အိမ်တော်၌ နေရာရကြမည်မဟုတ်ပါ။ ဝမ်းနည်းစရာကောင်းသည်မှာ အမှန်တကယ်မဟုတ်ဘဲ အယောင်ဆောင်နောင်တရကြခြင်းပေတည်း။ သူတို့၏ အသီးအားဖြင့် သိနိုင်ပါသည်။ တာဝန်အရသာ ဘုရားကျောင်းသို့လာကြပြီး မိမိတို့အလိုအတိုင်း နေထိုင်ကြ၏။ ထို့ကြောင့်၊ ထိုသို့သောသူတို့ကို အသင်းတော်ကတင်းကျပ်စွာ အသင်းတော်စည်းမျဉ်းအတိုင်း ဆုံးမခြင်းပြုရပါမည်။

**ဆင်ခြင်ရန်** - အပြစ်ဝန်ခံခြင်းသည် စစ်မှန်သောနောင်တရခြင်း၏ လက္ခဏာဖြစ်ပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အပြစ်ကို အလျင်အမြန်နောင်တရဝန်ခံခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၁၀)
**၁ ယော ၁း၁-၁၀**
ရောမ ၆း၁-၉

*“ငါတို့သည် နောက်မှအပြစ်တရား၏ အစေကို မခံစေခြင်းငှါ၊ အပြစ်တရား၏ ကိုယ်ကို ဖျက်ဆီးမည် အကြောင်းတည်း”*

## အပြစ်တည်ရှိခြင်းသည် အမှန်ဖြစ်၏

ဖန်ဆင်းခြင်းပြီးနောက် များမကြာမီအပြစ်သည် လူသားထံသို့ဝင်ရောက်ခဲ့ပါသည်။ ထိုအကြောင်းကို ကမ္ဘာဦးကျမ်း ၃ ထဲတွင် ဖော်ပြထား၏။ ထိုအချိန်မှစ၍လူသားသည် မိမိဘဝတစ်လျှောက်လုံးအပြစ်နှင့် ရုန်းကန်နေခဲ့ရပါသည်။ ထို့ကြောင့် တမန်တော်ယောဟန်က ဤသို့ရေးသားခဲ့၏ “ဒုစရိုက်ကိုမပြုပြီဟု ငါတို့သည်ဆိုလျှင် ဘုရားသခင်ကိုမုသာအပြစ်တင်ကြ၏။ နှုတ်ကပတ်တော်လည်း ငါတို့၌မရှိ” (၁ ယော ၁း၁၀)။

“အပြစ်” ဟူသော စကားလုံးကို သမ္မာကျမ်းစာထဲ၌ အကြိမ်ပေါင်းများစွာ တွေ့ရပါသည်။ အပြစ်ဟူသော ဂရိစကားလုံးနှစ်ခုရှိပါသည်။ တစ်ခုမှာ "harmatia" ဟုခေါ်သော ပစ်မှတ်လွဲခြင်းဖြစ်၏။ အခြားတစ်ခုမှာ “parabasis” ဟုခေါ်သော တားမြစ်ချက်ကိုကျော်လွန်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အပြစ်ကိုဤသို့အနက်ဖွင့်၍ ရပါသည်။ “အပြစ်ဆိုသည်မှာ ဖန်ဆင်းရှင်၏သန့်ရှင်းသော အကျင့်နှင့်ဆန့်ကျင်သော၊ မကိုက်ညီသောအရာ အမူအကျင့်ဖြစ်ပါသည်” (J.O. Buswell)။ အပြစ်သည် ကောင်းမှုမရှိခြင်းသက်သက်မဟုတ်ပါ။ အပြစ်သည် ခန္ဓာကိုယ်ကိုဒုက္ခပေးသောရောဂါကဲ့သို့ပင်၊ လူ၏အသက်တာကို ဒုက္ခပေးသော အမှန်ရှိသောအရာဖြစ်၏။

အပြစ်သည် စာတန်မှစတင်ခြင်းဖြစ်၍ ကျွန်ုပ်တို့၏အဦးဆုံးသောမိဘများအား ဘုရားသခင်ကိုဆန့်ကျင်၍ အပြစ်ပြုခြင်းငှါ သွေးဆောင်ခဲ့၏။ ထိုသို့အပြစ်ထဲသို့ ကျရောက်ပြီးမှ ဘုရားသခင်သည် မိန်းမအမျိုးမှကယ်တင်ခြင်းပေးတော်မူမည်အကြောင်း ကမ္ဘာဦးကျမ်း ၃း၁၅ထဲတွင် ဂတိပေးတော်မူ၏။ ယေရှုမွေးဖွားမည့်အကြောင်း ကောင်းကင်တမန်ကကြေငြာသောအခါ၊ သူသည် မိမိလူတို့အား သူတို့၏အပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟုမှည့်ရမည်ဟု ဆိုခဲ့ပါသည်(မသဲ ၁း၂၀-၂၁)။ ထိုသို့ကြေငြာပြီးမှ ဗတ္တိဇံပေးသောယောဟန်က ယေရှုကိုလူသိရှင်ကြား “ဤလောက၏အပြစ်ကို ဆောင်သွားသောဘုရားသခင်၏ သိုးသငယ်” (ယော ၁း၂၉) ဟု မိတ်ဆက်ဖော်ပြခဲ့၏။

ဘုရားသခင်၏သားတော်လူ့ဇာတိခံယူခြင်း၏ အဓိကအချက်သည် လူတို့ကိုအဆိပ်သင့်သော အပြစ်တရားအား ဖြေရှင်းပေးရန်ဖြစ်ပါသည်။ ပေါလုကလည်း ရောမ ၃း၂၃ ထဲတွင် “လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ” ဟု ဖော်ပြခဲ့၏။ သမ္မာကျမ်းစာက အပြစ်တည်ရှိခြင်းအကြောင်း ဖော်ပြခြင်းဖြင့် ကျွန်တော်တို့၏ကယ်တင်ရှင်လိုအပ်မှုကို ပေါ်လွင်စေခဲ့ပါသည်။

**ဆင်ခြင်ရန်** - “အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုအားဖြင့် ထာဝရအသက်ပေတည်း” (ရောမ ၆း၂၃)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ကိုယ်တော်ပေးသနားတော်မူသော ထာဝရအသက်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

သောကြာ၊ အောက်တိုဘာ (၁၁)

**၁ ယော ၂း၁-၂** *"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ*

ယောဟန် ၃း၁၄-၁၈ *အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်. . ."*

## ခရစ်တော်၏ရာထူးနှင့် အပြစ်တရား

ယောဟန်က ယေရှုခရစ်တော်ပြုတော်မူသောအမှုနှင့် ဘုရားသခင်၏ပညတ်တော်အကြောင်းကို အကျယ်တဝင့်ရေးသားခဲ့ပါသည်။ နာခံခြင်းရှိခြင်းငှါငင်း၊ နာမခံခြင်းကိုမည်သို့ ကျော်လွှားမည်အကြောင်း လမ်းညွှန်မှုပေးခဲ့ပါသည်။ ခရစ်တော်သည် ဤလောကအပြစ်အတွက် ဖြန်ဖြေပေးတော်မူသောရှေ့နေဟု ဖော်ပြခြင်းခံခဲ့ရ၏။ ခရစ်တော်၏စကားနာခံခြင်းသည် အပြစ်ဖြေရှင်းခြင်းပင်ဖြစ်ပါသည်။

"အမှုဆောင်" (၁ ယော ၂း၁) ဆိုသည်မှာ သူတစ်ပါးအတွက် အယူခံပြောဆိုပေးသောသူဖြစ်၏။ ယနေ့အခေါ်အဝေါ်တွင် အမှုကိုရင်ဆိုင်ပေးသောရှေ့နေဖြစ်ပါသည်။ ဂရိစကားလုံးသည် "parakletos" ဖြစ်၏။ ယေရှုက ရှင်ယောဟန်ခရစ်ဝင်ကျမ်းထဲတွင် ဤစကားလုံးကို "နှိမ့်သိမ့်သောသူ" (ယော ၁၄း၁၆) ဟုအဓိပ္ပာယ်ရသော သန့်ရှင်းသောဝိညာဉ်တော်ကို ရည်ညွှန်း၍အသုံးပြုခဲ့၏။ ယောဟန်က ဤစကားလုံးကို ယေရှုညွှန်းဆိုခြင်းဖြင့် ဤနေရာ၌အသုံးပြုခဲ့၏။ ကောင်းကင်ဘုံသို့ကြွသွားတော်မူသည်နှင့်တပြိုင်နက် ယေရှုသည် ခမည်းတော်ဘုရား၏လက်ျာ်ဘက်၌ ထိုင်လျက်တောင်းလျှောက်ပေးတော်မူခြင်းအမှုကို ယေရှုပြုတော်မူ၏။ မိမိအသက်ပေးခြင်းဖြင့် ရွေးနှုတ်တော်မူခြင်းအမှုကို ဆောင်ရွက်ပြီးမှ ဤရာထူးကိုယေရှုရရှိဆောင်ရွက်ခဲ့၏။ လူသိများသော ကျမ်းပိုဒ်မှ သမ္မာတရားကိုမှတ်သားကြပါစို့ - "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" (ယော ၃း၁၆)။ ဤကျမ်းပိုဒ်ကို အလွတ် မရသောသူရှိပါသလား။

ခရစ်တော်အား "အပြစ်ဖြေစရာ" (၁ ယော ၂း၂)ဟုလည်း ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ "ထိုအရာအားဖြင့် ဘုရားသခင်သည် စိတ်ကျေနပ်မှုရ၍၊ မိမိ၏ဇာတိသဘောနှင့် ကိုက်ညီမှုရှိစွာ အပြစ်သားကိုခွင့်လွှတ်၍ ကောင်းကြီးပေးတော်မူ၏။ အပြစ်ဖြေခြင်းက ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုရယူ၍ ချစ်ခြင်းမေတ္တာရှိသောဘုရားဖြစ်စေသည်မဟုတ်ပါ။ အပြစ်သားအပေါ် မိမိ၏ချစ်ခြင်းမေတ္တာပြသနိုင်ခြင်းငှါ မိမိ၏ဇာတိသဘောအကျင့်နှင့် ကိုက်ညီစေသောအမှုပင်ဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်ဖြေစရာဖြစ်တော်မူ၏။ အကြောင်းမှာ သူသည်ကျွန်ုပ်တို့ကိုယ်စားပြု၍ ကျွန်ုပ်တို့ခံရမည့်အပြစ်၏ အခကိုခံပြီး၊ ကျွန်ုပ်တို့အပြစ်ကိုဖြေပေး၍၊ ထိုကိုယ်စားခံပေးခြင်းဖြင့် အပြစ်ကိုဖုံးအုပ်ပေးတော်မူ၏. . ." (ကိုးကား Easton Bille Dictionary )။ ခရစ်တော်နှင့် သင်ပတ်သက်မှုရှိပါသလား။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့အတွက် အမှုဆောင်လျှက် ခရစ်တော်ပြုတော်မူသော ရှေ့နေအမှုသည် ကျွန်ုပ်တို့၏ ယုံကြည်ကိုးစားရာ၊ စိတ်ချမှုပင်ဖြစ်ပါသည်။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်ကိုယ်စားပြုသောသူတို့တွင် ကျွန်တော်ပါဝင်လိုပါ၏

စနေ၊ အောက်တိုဘာ (၁၂)

**၁ ယော ၂း၃-၆**

မသဲ ၁၉း၁၆-၂၂

*"အသက်ရှင်ခြင်းသို့ ဝင်စားလိုလျှင်
ပညတ်တော်တို့ကိုစောင့်ရှောက်လော့"*

## နာခံခြင်းနှင့် ရွေးနှုတ်ကယ်တင်ခြင်းသည်တပါးတည်းဖြစ်ကြ၏

ရွေးနှုတ်ကယ်တင်ခြင်းအတွက် ခရစ်တော်ကအဖိုးအခပေးခဲ့ပြီး၊ နာခံရန်မှာ လူ၏တာဝန်ဖြစ်ပါသည်။ ကိုယ်တော်၏ပညတ်တော်ကို ကျွန်တော်တို့လိုက်လျှောက်ခြင်းဖြင့် ကိုယ်တော်ကို သိကြကြောင်း ကျွန်တော်တို့နားလည်ခဲ့ရ၏ဟု ယောဟန်ဆိုခဲ့၏။ ကိုယ်တော်၏ပညတ်တော်ဟု ဆိုရာတွင် ယေဘုယျအားဖြင့် ပညတ်တော်ဆယ်ပါးကို ဆိုလိုခြင်းဖြစ်ပါသည်။ မှန်ပါ၏၊ ဘုရားသခင်ပေးတော်မူသော ပညတ်ချက်တိုင်းသည် ဤပညတ်တော်၌ အခြေခံထားကြ၏။ ဘုရားသခင်ကိုသိ၏သာဆိုလျက် နာခံခြင်းမရှိလျှင် မုသားသက်သက်ဖြစ်၍ ထိုသူ၌ သမ္မာတရားမရှိပါ။ တဖက်တွင် ဘုရားသခင်၏ ပညတ်တော်လိုက်လျှောက်သောသူ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာ စုံလင်ခြင်းရှိ၍၊ ထိုသူသည် ဘုရားသခင်နှင့် သွားလာခြင်းရှိ၏။ ခရစ်တော်ကျင့်သည်အတိုင်း ကျင့်ကြံနေထိုင်ခြင်းသည် စစ်မှန်သော နာခံခြင်းဖြစ်၏။ ခရစ်တော်လျှောက်သောလမ်း၌ လျှောက်နေခြင်းသည် ပညတ်တရားနှင့် လုံးဝဆန့်ကျင်ခြင်းမရှိပါ။

ဘုရားသခင်၏ပညတ်တော်သည် အစဉ်တည်၍ ဘယ်သောအခါပြောင်းလဲခြင်းမရှိပါ။ တမန်တော်ယောဟန်ဆိုသည်အတိုင်း၊ ခရစ်တော်၏စကားနာခံလိုက်လျှောက်ခြင်းအမှု၌ ခရစ်တော်၏ချစ်ခြင်းမေတ္တာစုံလင်ခြင်းရှိ၏။ နာခံခြင်းက ရိုသေခြင်းနှင့်ချစ်ခြင်းကို ပေါ်လွင်စေ၏။ ခရစ်တော်နှင့် မိဿဟာယဖွဲ့ခြင်း ကျွန်တော်တို့၌ရှိလျှင် မိသားစု၌လည်း ထိုသို့သောဆက်နွယ်မှုရှိရပါမည်။ ငယ်သောသူသည် ကြီးသောသူကို နာခံ၍၊ ကြီးသောသူသည် ငယ်သောသူကို ချစ်ရပါမည်။ သို့ပြုလျှင် မိသားစု၌ စည်းလုံးမှုကိုဖြစ်စေ၏။ ခရစ်တော်သည် သခင်ဖြစ်တော်မူသည်ဖြစ်၍၊ ခရစ်တော်နာခံခြင်းအမှုက ကြီးစွာသောဝမ်းမြောက်ခြင်းကို ဖြစ်စေ၏။

တမန်တော်က ဤသို့ရှင်းလင်းစွာ ရေးသားခဲ့ပါသည်။ " ထိုသခင်၌ ငါတည်ဟုဆိုသောသူသည်ထိုသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ရမည်" (၁ ယော ၂း၆)။ ခရစ်တော်၌တည်၍ ခရစ်တော်ကျင့်သည်အတိုင်း ကျင့်သောသူသည် ခရစ်တော်၌ကယ်တင်ခြင်းရခဲ့သောသူဖြစ်ကြ၏။ သခင်ယေရှုက အပြစ်သားတို့အား မိမိထံခေါ်ဖိတ် သောအခါ၊ သူတို့၏စိတ်ဝိညာဉ်ချမ်းသာခြင်း ပေးမည်ဟု ဂတိပေးတော်မူခဲ့၏ (မသဲ ၁၁း၂၈-၂၉)။ ဤတမန်တော်သည်လည်း ယေရှု၏စကားကို ကြားသိခဲ့သောသူဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ထိုတရား ကို ယခုဤသို့ရေးသားခြင်းဖြစ်ပါလိမ့်မည်။

ယေရှုသည် မိမိနှင့်ဆုံတွေ့သော၊ နောင်တရသောအပြစ်သားတို့ကို တဦးချင်းပြုပြင်ခဲ့ပါသည်။ သာဓကတစ်ခုမှာ ဇက္ခဲပင်ဖြစ်၏။ ယေရှုက "ယနေ့ပင် ကယ်တင်တော်မူခြင်း ကျေးဇူးသည် ဤအိမ်အပေါ်မှာ သက်ရောက်လေ၏" (လုကာ ၁၉း၉)ဟု မိန့်တော်မူ၏။ ထို့နောက် ယေရှုသည် ထိုအိမ်၌ ညစာသုံးဆောင်ခဲ့၏။

**ဆင်ခြင်ရန်** - အပြစ်သားအပေါင်းတို့သည် ခရစ်တော်၌ပေးသနားတော်မူသော ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရကြ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ပေးသနားတော်မူသော ကျေးဇူးတော်ခံရသောသူဖြစ်လိုပါ၏။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၃)
**၁ ယော ၂း၃-၇**
ဆာလံ ၁၁၉း၁၇-၂၄

*"တရားတော်၌ အံ့ဘွယ်သောအရာတို့ကို မြင်နိုင်ပါမည်အကြောင်း၊ အကျွန်ုပ်၏မျက်စိတို့ကို ဖွင့်တော်မူပါ"*

# ပညတ်တော်သည် ပြောင်းလဲခြင်းမရှိပါ

ဘုရားသခင်၏ပညတ်တော်သည် အစဉ်တည်လျက်ရှိ၏။ ထိုပညတ်တော်သည် အလင်းဖြစ်၏။ တမန်တော်က ဤအချက်ကို အထူးဖော်ပြခဲ့ပါသည်။ နာခံသောသူသည် ဘုရားသခင်၏ ဂတိတော်အတိုင်း ကောင်းကြီးမင်္ဂလာခံရကြမည်။ မှောင်မိုက်သည်လွန်၍ စစ်မှန်သောအလင်းသည် လင်းလက်လျက်ရှိ၏။ ယောဟန်က ညီအစ်ကိုချစ်ခြင်းအရေးပါမှုကို ဤသို့ဖော်ပြခဲ့၏။ မိမိညီအစ်ကိုမုန်းသောသူသည် မှောင်မိုက်၌ကျင်လည်လျက်ရှိ၏။

ကျမ်းစာထဲ၌တွေ့ရသော အားပေးခြင်းစကားအသုံးအနှုန်းတို့သည် ရဲတပ်ဖွဲ့မှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်မတူပါ။ ယုံကြည်သူသည် ပညတ်တော်ကိုနားလည်၍ နာခံလိုခြင်းရှိရပါမည်။ မိမိညီအစ်ကိုကို အတင်းအဓမ္မချစ်ခိုင်းခြင်းမရှိသော်လည်း၊ ထိုသို့မပြုလျှင် ဆိုးယုတ်သောအကျိုး ရှိကြောင်းဖော်ပြခဲ့ပါသည်။ ထိုသို့ ယောဟန်ဖော်ပြခြင်းသည် အသစ်သောယုံကြည်သူတို့အား ခရစ်တော်အတွက်ကောင်းသောသက်သေခံဖြစ်ကြခြင်းငှါ လိုချင်သောကြောင့်ဖြစ်ပါသည်။ မိဿဟာယဖွဲ့ခြင်း၌ ပါဝင်လာသောသူတိုင်းကို ကြိုဆိုနှုတ်ဆက်၍ ခရစ်တော်၌တည်သော အသက်တာပြောင်းလဲခြင်းကို လူတို့မြင်တွေ့ကြရန် အလိုရှိခဲ့၏။ သူတစ်ပါးကို ချစ်ခြင်းအမှုသည် ထိုသူ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတည်ကြောင်းနှင့် ကယ်တင်ခြင်းရသောသူဖြစ်ကြောင်း သက်သေလည်းဖြစ်၏။

ဘုရားသခင်၏ ပညတ်တော်နာခံခြင်းသည် ညီအစ်ကိုချစ်ခြင်းမေတ္တာကို တည်ဆောက်သည်ဖြစ်၍ လဲကျခြင်းမရှိနိုင်ပါ။ ပညတ်တော်ဆယ်ပါး၏ ဒုတိယကျောက်ပြားပေါ်၌ ညီအစ်ကိုချစ်ရမည်အကြောင်း ရေးသားဖော်ပြထားပါသည်။ အဘယ်သူမျှ ဘုရားသခင်၏ပညတ်တော်ကို အလုံးစုံစုံလင်စွာ မလိုက်လျှောက်နိုင်ကြသည်မှာ အမှန်ဖြစ်၏။ လူအပေါင်းတို့သည် ထိုပညတ်တော်ကို လွန်ကျူး၍ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို မခံရကြပါ။ သို့သော်လည်း၊ ဘုရားသခင်သည် ကျေးဇူးတော်နှင့် ပြည့်စုံသောသူဖြစ်သောကြောင့် နောင်တရသောသူတို့ကို လက်ခံရန်အသင့်ရှိတော်မူ၏။ ခရစ်တော်၏နာမတော်၌ အပြစ်ခွင့်လွှတ်ခြင်းအကြောင်းရှိ၏။

မောရှေအားဖြင့် ဘုရားသခင်၏ပညတ်တော်ပေးတော်မူခြင်းသည် လူ့သမိုင်း၌ ကြီးမားသောအမှုဖြစ်ကြောင်းကို ထိုအချိန်အထိ လက်ခံခဲ့ကြပါသည်။ သခင်ယေရှုကိုယ်တိုင်က ထိုပညတ်တော်၏မြတ်တော်မူခြင်းကို ဖော်ပြခဲ့ပါသည်။ အခြားသောလူမျိုးတို့၌ ဤသို့သောပညတ်တော်မရှိကြကြောင်း ဣသရေလလူတို့အား မိန့်တော်မူခဲ့၏။ တမန်တော်တို့ခေတ်ကာလ၌ အခြေအနေများစွာ ပြောင်းလဲခဲ့သော်လည်း၊ ဘုရားသခင်၏ပညတ်တော်အခြေခံတရားသည် ပြောင်းလဲခြင်းမရှိပါ။ ပညတ်တော်ဖြစ်သည်အလျောက် လူသည်ထိုတရားကို နာခံခြင်းရှိရပါမည်။

**ဆင်ခြင်ရန်** - "အရာခပ်သိမ်းပြောင်းလဲသော်လည်း ယေရှုသည်ဘယ်တော့မှ ပြောင်းလဲတော်မမူ၊ နာမတော်ဘုန်းကြီးပါစေသော်"။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော်၏ပညတ်တော်၌ သစ္စာရှိသောသူဖြစ်မည်အကြောင်း အကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၁၄)

**၁ ယော ၂း၈-၁၁**

တမန် ၁၆း၂၇-၃၄

*". . . သူတို့ကို လုပ်ကျွေး၍ ဘုရားသခင်ကို ယုံကြည်လျက် အိမ်သူအိမ်သားအပေါင်းနှင့်တကွ ဝမ်းမြောက်ခြင်းသို့ရောက်လေ၏"*

## ညီအစ်ကိုချစ်ခြင်းသည် ပညတ်တော်ကိုစောင့်ရှောက်ခြင်းပေတည်း

ဒုတိယမွေးခြင်းခံရသောအခါ အရာခပ်သိမ်းအသစ်ဖြစ်လာခဲ့၏။ ထိုပြောင်းလဲခြင်းနှင့် တကွ အသစ်စတင်ခြင်းဖြစ်ပွားခဲ့ပါသည်။ ပညတ်တော်လိုက်လျှောက်ခြင်းအမှုသည် အသစ်သော အတွေ့အကြုံဖြစ်လာခဲ့၏။ ထို့ကြောင့် တမန်တော်က ယောဟန် ၁၃း၃၄ ထဲတွင် ယေရှုမိန့်တော်မူသည်အတိုင်း "ပညတ်သစ်" (၁ ယော ၂း၈) ဟုရေးသားခဲ့ပါသည်။ အချင်းချင်းချစ်ခြင်းတရားကို ယေရှု၌ ပုံသာဓကတွေ့ရပါသည်။ ယုံကြည်သူ၌ဤအမှုသည် အမှန်ရှိရပါမည်။ အကြောင်းမှာ မှောင်မိုက်သည် လွန်သွား၍အလင်းသစ်သည် လင်းလက်လာခဲ့ပြီ။

လူကြီးဖြစ်ပြီးမှ ဒုတိယမွေးခြင်းခံရသောသူတို့သည် ထိုပြောင်းလဲခြင်းကို သိရှိကြပါလိမ့်မည်။ ထိုအချိန်၌ ကလေးငယ်ကဲ့သို့ သင်ယူစရာများစွာရှိသည်ဖြစ်၍ အလင်းအသိဉာဏ်ပေးခြင်း ခံရသည်ဖြစ်သောကြောင့် အသစ်သောတရားများကို များစွာသင်ယူခဲ့ကြ၏။ ထိုအထဲတွင် ညီအစ်ကိုချစ်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ထိုသို့အခြားယုံကြည်သူတို့နှင့် တွေ့ဆုံဆက်နွယ်မှုသည် မေ့၍မရသော အမှုပင်ဖြစ်ပါသည်။ တမန်တော်က ထိုသို့အလင်းထဲသို့ ရောက်လာကြသည်ဖြစ်သောကြောင့် ညီအစ်ကိုချစ်ခြင်းကို လက်တွေ့ကျင့်သုံးကြရမည်ဖြစ်ကြောင်း ဖော်ပြခဲ့၏။

တမန် ၁၆း၂၇-၃၄ တွင် တွေ့ရသော ဖိလိပ္ပိမြို့ ထောင်မှူး၏ပြောင်းလဲခြင်းသည် ထင်ရှားသော သက်သေပင်ဖြစ်ပါသည်။ အသက်တာသစ်ပိုင်ဆိုင်သည်နှင့်အမျှ ညီအစ်ကိုချစ်ခြင်းမေတ္တာသည် ပေါ်လွင်လာခဲ့၏။ သူသည် ကယ်တင်ခြင်းရ၍ တမန်တော်တို့၏အနာများကို ဆေးကြောပေးပြီး၊ ဗတ္တိဇံမင်္ဂလာခံယူခဲ့၏။ သူသည် မှောင်မိုက်ထဲမှ ဘုရားသခင်၏အံ့ဘွယ်အလင်းထဲသို့ ရောက်ရှိလာခဲ့ပါသည်။ စစ်မှန်သောအလင်းသည် သူ့အသက်တာ၌လင်းလက်ခဲ့ပါသည်။

ဒုတိယမွေးခြင်းခံရသောသူ၏ ပြောင်းလဲခြင်းအကြောင်းကို တမန်တော်ကဖော်ပြခဲ့ပါသည်။ "မိမိညီအစ်ကိုကိုချစ်သောသူသည် အလင်း၌တည်နေ၏။ ထိမိ၍လဲစရာအကြောင်းသည် ထိုသူ၌မရှိ" (၁ ယော ၂း၁၀)။ ဆိုလိုသည်မှာ ယုံကြည်သူသည် အလင်း၌တည်နေသည် ဖြစ်သောကြောင့် ညီအစ်ကိုချစ်ခြင်း သူ့အသက်တာ၌ရှိကိုရှိရမည်ဖြစ်၏။ ထိမိလဲစရာဆိုသည်မှာ အပြစ်သွေးဆောင်ရာသို့ လိုက်ပါခြင်းဖြစ်ပါသည်။ ယုံကြည်သူအသက်၌ ဇာတိပကတိအလိုလိုက်ခြင်းပေါ်လာခြင်းသည် အမှောင်ထဲသို့ ပြန်သွားခြင်းဖြစ်၍ ဘယ်အရပ်သို့သွားသည်ကို သူမသိပေ။ ထိုကဲ့သို့သော အချိန်တွင် ချက်ချင်းနောင်တရရန်မှာ လိုအပ်သောအမှုဖြစ်ပြီး သို့မှသာ ညီအစ်ကိုချစ်ခြင်းပြန်လည်ထိန်းသိမ်းနိုင်မည်ဖြစ်၏။ ဤသည်ကား ဘုရားသခင်၏အလိုဆန္ဒပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်ချစ်ခြင်းမေတ္တာက ညီအစ်ကိုချစ်ခြင်းကို တည်ဆောက်လျက်ရှိ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ထိမိလဲစရာအကြောင်းမှ ကျွန်ုပ်ကိုအစဉ်ကယ်နှုတ်တော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၁၅)
**၁ ယော ၂း၁၂-၁၄**
သု ၂၂း၆

*“သူငယ်သွားရာလမ်း၀၌ ဆုံးမသွန်သင်လော့။
သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွဲ၊
လိုက်သွားလိမ့်မည်”*

## သူငယ်တို့အတွက် တရားစကား

ယောဟန်သည် ခရစ်ယာန်လူကြီးလူငယ်အပေါင်းတို့ထံ ရေးသားခဲ့ပါသည်။ ထိုလူအပေါင်းတို့တွင် သူငယ်များ၊ လူပျိုများနှင့် လူကြီးတို့ပါဝင်ကြ၏။ သခင်ယေရှုကလည်း မိမိ၏တရားစကားနားထောင်သူတို့တွင် ကလေးငယ်တို့ကို မနှင်ထုတ်ခဲ့ပါ။ အချို့သောလူကြီးတို့က နှင်ထုတ်လိုခဲ့သော်လည်း၊ မိမိထံသူတို့လာကြခြင်းငှါ အခွင့်ပေးရန်မိန့်တော်မူခဲ့၏။ သူတို့သည် သတင်းကောင်းကိုနားလည်သဘောနိုင်ကြပြီး၊ သင်ယူခဲ့ကြ၏။ ကလေးငယ်တို့သည် ခရစ်ယာန်အဖွဲ့အစည်း၌ အရေးပါသော ကဏ္ဍတွင်ပါဝင်ကြ၏။

ခရစ်တော်၏နာမတော်အားဖြင့် သူတို့၏အပြစ်သည် လွှတ်ခြင်းခံရကြသောကြောင့် ယောဟန်သည် ကလေးငယ်တို့ထံရေးသားခဲ့၏။ သူတို့သည် အပြစ်သားဖြစ်ကြ၍ ဘုရားသခင်၏ကျေးဇူးတော်ဆုကျေးဇူးခံရသောသူဖြစ်ကြကြောင်း နားလည်ကြဖို့လိုပါသည်။ သူတို့သည် လူကြီးများကဲ့သို့ပင် ကယ်တင်ခြင်းခံရသောသူဖြစ်ကြ၏။ ဒုတိယအချက်ဟူမူကား သူတို့သည်ခမည်းတော်ကိုသိခဲ့ကြ၏။ Shorter Catechism နိဒါန်းထဲ၌ ကလေးများအတွက် ပထမမေးခွန်းဟူမူကား “မေး-သင့်ကိုဘယ်သူဖန်ဆင်းသလဲ။ အဖြေ - ကျွန်ုပ်ကိုဘုရားသခင်ဖန်ဆင်းတော်မူ”။ ဤသည်ကားသမ္မာတရား၊ သမ္မာကျမ်းစာကိုမယုံကြည်သောသိပ္ပံပညာရှင်တို့ မသိနားမလည်နိုင်သော အမှန်တရားဖြစ်ပါသည်။ ကလေးငယ်တို့သည် သိကြ၏။ ဘုရားသခင်အကြောင်းကို ပိုသိဖို့လိုပါသည်။ ထို့ကြောင့်သူတို့ကိုသွန်သင်ဖို့လိုပါသည်။

ခရစ်တော်နှင့် တမန်တော်တို့က ကလေးငယ်တို့ကိုလက်ခံခဲ့ကြခြင်းတရားကြောင့် Sunday School သွန်သင်ခြင်းနှင့် ကလေးငယ်တို့အတွက် ချီးမွမ်းသီးချင်းများ စပ်ဆိုပေးခြင်းအမှုတော်ပေါ်ပေါက်လာခဲ့၏။ ကလေးသူငယ်တို့ကို ယုံကြည်ခြင်း၌ မည်သို့ကြီးထွားခြင်းရှိမည်အကြောင်းသခင်ယေရှုနည်းတူ အသက်ရှင်နေထိုင်ကြရမည်အကြောင်း သွန်သင်ဆုံးမကြရပါမည်။ ငယ်ငယ်ကတည်းက ဘုရားသခင်အကြောင်း သွန်သင်ခံရကြသောကြောင့် ခမည်းတော်ဘုရားကိုသူတို့သိခဲ့ရကြ၏။

“ယေရှု သူငယ်များကိုချစ်သည်၊ ကမ္ဘာလုံးရှိသူငယ်များ” ဟူသောသီချင်းသည် အလွန်အရေးကြီးသောသီချင်းဖြစ်ပါသည်။ မောရှေမွေးဖွားစဉ် ဖာရိုမင်းသတ်ဖြတ်ရန် ကြိုးစားမှုနှင့်ယေရှုမွေးဖွားစဉ် ဟေရုဒ်မင်း၏ကလေးငယ်များ သတ်ဖြတ်မှုကို ဆန့်ကျင်ရာရောက်၏။ မောရှေနှင့် ယေရှုသည် ထိုသို့မုန်းတီးခြင်းခံရကြသော်လည်း၊ ကြီးလာကြသောအခါ မည်သို့ဖြစ်ကြသည်ကို ဆင်ခြင်ပါလော့။ ယနေ့ ကျွန်ုပ်တို့ကလေးငယ်များ၏ အနာဂတ်မျှော်လင့်ချက် မည်သို့ရှိပါသနည်း။

**ဆင်ခြင်ရန်** - ကလေးသူငယ်အားလုံးသည် ဘုရားသခင်ရှေ့မှောက်၌ အဖိုးတန်ရတနာဖြစ်ကြ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်တို့ကလေးငယ်များသည် ကိုယ်တော်၏နှုတ်ကပတ်တော်ကိုသင်ယူ၍ကယ်တင်ခြင်းခံရကြပါစေ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁၆)
**၁ ယော ၂း၁၂-၁၄**
ဒေ ၁၂း၁

*"ယခု အသက်ပျိုစဉ်အခါပင်၊ သင့်ကို ဖန်ဆင်းတော်မူသော အရှင်ကို အောက်မေ့လော့"*

## လူပျိုတို့အတွက် တရားစကား

တမန်တော်ယောဟန်သည် မိမိပရိသတ်တို့တွင် လူပျိုများပါသောကြောင့် သူတို့ထံယခု စကားကြားလိုက်၏။ ထိုသူတို့သည် မိမိတို့အသက်တာကို သခင်ယေရှုခရစ်တော်ထံ ဆက်ကပ်သော သူများဖြစ်ပါသည်။ ယောဟန်က သူတို့ကိုကြားလိုက်၍ သူတို့၏တန်ဖိုးကို ဖော်ပြခဲ့ပါသည်။ သူတို့ သည် မာရ်နတ်ကိုအောင်နိုင်ခဲ့ကြ၏။ ထို့ပြင် သူတို့သည်ခွန်အားရှိ၍ ဘုရားသခင်၏နှုတ်ကပတ်တော် သည်လည်း သူတို့၌တည်လျက်ရှိကြောင်း ဖော်ပြခဲ့ပါသည်။ မာရ်နတ်ကိုအောင်နိုင်ကြ၏ဟု ထပ်၍ ရေးခဲ့ပါသည်။ ဤအောင်နိုင်ခြင်းအားဖြင့် သူတို့သည် ယုံကြည်ခြင်း၌ အားကြီးသောအသင်းသူ အသင်းသားများဖြစ်ကြောင်း ထင်ရှားလှပါသည်။

မာရ်နတ်ကိုအောင်နိုင်ခြင်းဆိုသည်မှာ အပြစ်သားဘဝမှ ကယ်နှုတ်ခြင်းခံရ၍ ယေရှုခရစ် တော်၌ ဖြောင့်မတ်သောအသက်တာပိုင်ဆိုင်ခြင်းကို ဆိုလို၏။ ထို့ကြောင့် သူတို့သည် ခွန်အားရှိ၏ဟု ဆိုရာတွင် သူတို့၏အင်အားဗလကိုလည်း ဆိုလိုပါ၏။ လူပျိုတို့သည် ကလေးငယ်တို့ထက် ပို၍သန် မာကြပြီး၊ ဆုံးဖြတ်နိုင်စွမ်းပိုရှိ၍ လုပ်နိုင်စွမ်းလည်း ရှိ၏။ လမ်းမှန်သို့ညွှန်ပြခြင်း ခံရကြသောအခါ သူတို့သည် သတင်းကောင်းအတွက် ကြီးစွာသောအကျိုးကို လုပ်ဆောင်နိုင်ကြလိမ့်မည်ဖြစ်၏။

တမန်တော်ယောဟန်နည်းတူ၊ ရှောလမုန်ကလည်း လူပျိုတို့အား မိမိတို့၏ ဖန်ဆင်းရှင် ဘုရားကိုသိမှတ်ကြရန် တိုက်တွန်းခဲ့ပါသည်။ သုတ္တံကျမ်းထဲတွင် ရှောလမုန်သည် များသောအားဖြင့် လူငယ်တို့ကို ဆုံးမသွန်သင်ခဲ့ပါသည်။ ဘုရားသခင်ပေးသနားတော်မူသောအရာကို အသုံးမလွဲမှား ကြစေရန် သတိပေးနှိုးဆော်ခြင်းဖြစ်၏။ လောကီအမှောင်ထဲ၌ ကျင်လည်နေသောသူတို့သည် မာရ်နတ်၏ ထိန်းချုပ်မှုအောက်၌ ရှိနေကြသေး၏။ ထို့ကြောင့် ဤလောက၌ ဒုစရိုက်အပြစ်များကို ပြုတတ်ကြ၏။ သို့သော်လည်း ဤလူပျိုတို့သည်လည်း ကယ်တင်ခြင်းကို အမှန်လိုအပ်လျက်ရှိကြပါ သည်။

**ဆင်ခြင်ရန်** - ခရစ်တော်သည် လူပျိုတိုင်းအတွက် ခိုလှုံရာဖြစ်တော်မူ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်တို့၏လူပျိုများကို မာရ်နတ်၏တန်ခိုးမှ ကယ်နှုတ်တော်မူပါ။

**၁ ယော ၂း၁၂-၁၄**
ဧ ၆း၁-၄

*"သင်သည် ပြည်တော်၌ကောင်းစား၍ အသက်တာရှည်မည်အကြောင်း. . . "*

## အဘတို့အတွက် တရားစကား

တမန်တော်ယောဟန်စကားပါးလိုက်သော တတိယအုပ်စုမှုကား အဘတို့ပင်ဖြစ်ပါသည်။ အဘဟုခေါ်ရာတွင် သူတို့သည် လူငယ်တို့ကိုဦးဆောင်သော လူကြီးများဖြစ်ကြကြောင်း ထင်ရှားလှပါသည်။ သူတို့သည် အာဏာရှိသောသူဖြစ်ကြ၏။ "မိဘကို ရိုသေစွာပြုလော့"ဟူသော ပညတ်ချက်က အဘတို့ကို လေးစားထိုက်သော ရာထူးပေးလျက်ရှိ၏။

ပေါလုက အဘတို့၏အကြောင်းကို ရေးသောအချက်၌သူတို့သည် သားသမီးတို့အား စိတ်မဆိုးစေခြင်းငှါ သတိပေးခဲ့ပါသည်။ ပေါလုက မိဘတို့အား မိမိသားသမီးတို့ကို ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောရှိစေရန် ဆုံးမသွန်သင်ပြုပြင်ဖို့ရန် တိုက်တွန်းထားပါသည်။ ထို့ကြောင့် အဓိကအချက်ဟူမူကား အချင်းချင်းလေးစားသနားရိုသေခြင်းရှိရန်ဖြစ်ပါသည်။ လူတိုင်းသည် မိမိတို့၏ အသက်တာကို ဘုရားသခင်ထံဆက်ကပ်ကြလျှင် ဤအမှုသည် လွယ်ကူစွာဖြစ်လာလိမ့်မည်။ နာခံခြင်းရှိကြခြင်းငှါ ယောဟန်က ဤသို့ဖော်ပြခဲ့၏ "ထိုသခင်ကိုငါသိ၏ဟု ပညတ်တော်တို့ကို မစောင့်ဘဲလျက် ဆိုသောသူသည် မုသာကိုသုံးသောသူဖြစ်၍ ထိုသူ၌သစ္စာမရှိ၊ ထိုသခင်၏စကားတော်ကို နားထောင်သောသူမည်သည်ကား၊ ဘုရားသခင်ကိုချစ်ခြင်းမေတ္တာနှင့် အမှန်ပြည့်စုံ၏။ ငါတို့သည် ထိုသခင်၌ရှိကြောင်းကို ထိုသို့အားဖြင့်သိရ၏။ ထိုသခင်၌ငါတည်၏ဟု ဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ရမည်" (၁ ယော ၂း၄-၆)။ အစကတည်းက သခင်ယေရှုကိုသိကြသော ကြောင့် အဘတို့သည် ဦးဆောင်မှုယူခြင်းငှါ တာဝန်ရှိကြ၏။ သူတို့သည် ယုံကြည်ခြင်းအကြောင်း ပို၍သိကြပြီး၊ ပို၍ရင့်ကျက်ခြင်းရှိကြ၏။ ထို့ကြောင့် ဖခင်သည်မိသားစု၏ ခေါင်းဆောင်ဖြစ်၍ သခင် ယေရှု၏သွန်သင်ချက်ကို လိုက်လျှောက်ခြင်းငှါ သွန်သင်လမ်းပြရပါမည်။ မှောင်မိုက်သည် လွန်ပြီဖြစ်၍ စစ်မှန်သောအလင်းယခုလင်းလက်လျက် ရှိပါသည်။

ညီအစ်ကိုချစ်ခြင်းမေတ္တာတန်ဖိုးကြီးပုံကို အကြိမ်ကြိမ်ဖော်ပြသင့်ပါသည်။ မိသားစု၌ ဤအရာသည် ပို၍အရေးကြီးလှ၏။ မိသားစုဝင်တိုင်း အချင်းချင်းချစ်ကြရပါမည်။ မိမိတို့နှင့်ဆိုင်သော ပညတ်ချက်တို့ကို လိုက်လျှောက်ကြရပါမည်။ ဤအမှု၌ အဘတို့သည်ဦးဆောင်မှုတာဝန်ကို ယူကြရမည်ဖြစ်၏။

**ဆင်ခြင်ရန်** - တာဝန်သိသော အဘတို့သည် ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောနှင့် အမှုကို ပြုတတ်ကြ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အချင်းချင်းလေးစားရိုသေမှုနှင့် နာခံခြင်းအုပ်စိုးသော မိသားစုအား ကျွန်ုပ်တို့ကို ပေးသနားတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၁၈)
**၁ ယော ၂း၁၅-၁၇**
ဂလာတိ ၅း၁၉-၂၄

*"ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကိုင်း လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ"*

# လောကကိုရှောင်လော့

လောကကို ရှောင်လော့ဟူသော သတိပေးချက်ကိုနာခံခြင်းရှိလျှင် ခမည်းတော်ဘုရား၌ အောင်မြင်သောဝိညာဉ်အသက်တာရရှိမည်ဖြစ်ပါသည်။ ဤလောကီအရာတို့သည် အပြစ်နှင့်ဆက်နွယ်ကြသည်ဖြစ်သောကြောင့် တမန်တော်ယောဟန်က ရှောင်ရှားကြရန် သတိပေးခြင်းဖြစ်ပါသည်။ ဤလောကီအရာတို့နှင့် ရောနှောနေခြင်းသည် ဘုရားသခင်ထံမှ ထွက်ခွာခြင်းဖြစ်၏။ ယနေ့ကျမ်းပိုဒ် ၁၅-၁၆ ထဲတွင် ရှင်းလင်းစွာ ဤသို့ဖော်ပြခဲ့ပါသည် - "လောကကိုင်း၊ လောက၌ရှိသောအရာတို့ကိုင်း မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား ခရစ်တော်ကိုချစ်ခြင်းမေတ္တာမရှိ။ လောက၌ရှိသမျှသော အရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကီစည်းစိမ်၌ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာ စပ်ဆိုင်ကြ၏"။ ယိုယွင်းလျက် ရှိသောလူစိတ်နှလုံးသည် အပြစ်သို့ပို့ဆောင်ပြီး၊ အပြစ်၌ ကျင်လည်ခြင်းကို ဤကျမ်းပိုဒ်၌ ဖော်ပြထားပါသည်။

အပြစ်တရားကြောင့် အာဒံနှင့်ဧဝသည် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်ခဲ့ကြ၏။ ထိုအပြစ်ကိုပင် ယောဟန်ဖော်ပြနေခြင်းဖြစ်ပါသည်။ ဧဝသည် မှားယွင်းသော မိမိ၏အာသီသကို မထိန်းချုပ်ဘဲ အသီးကိုစားလိုစိတ်ရှိခဲ့၏။ မျက်စိတပ်မက်ခြင်းက သူ့ကိုဆွဲဆောင်သောကြောင့် အပြင်ပန်းအလှကို စွဲမက်ခဲ့ပါသည်။ အဆိုးဆုံးမှာ မာနထောင်လွှားခြင်းပေတည်း။ စာတန်က အာဒံနှင့်ဧဝကို ဘုရားသခင်ကဲ့သို့ ဖြစ်ကြမည်ဟု ဂတိပေးခဲ့၏။ ထိုအခါ ဆင်ခြင်နိုင်ခြင်းမရှိတော့ဘဲ အသိဉာဏ်မျက်စိကွယ်ခဲ့ကြ၏။ ဖန်ဆင်းရှင်နှင့် အဘယ်သို့တူနိုင်မည်နည်း။ ထို့ကြောင့် တမန်တော်ယောဟန်က ဤသို့သတိပေးခြင်းဖြစ်ပါသည်။ ပညတ်တော်ချိုးဖောက်ခြင်းတိုင်းသည် ဤသို့သောအပြစ်ပြုခြင်း၌ အမြစ်တွယ်လျက်ရှိ၏။

ခမည်းတော်ဘုရား၏ အလိုတော်ကိုပြုသောသူတို့အဖို့ ဂတိတော်ဟူမူကား၊ ထာဝရတည်နေခြင်းပေတည်း။ မိမိနောက်တော်သို့လိုက်ရန် ဆုံးဖြတ်သောသူတို့ထံသို့ ဘုရားသခင်သည် မိမိအလိုတော်ကို ဖော်ပြလိမ့်မည်။ ဘုရားသခင်၏ သားသမီးတို့သည် ဤလောကီအရာနှင့် မိမိ၏တပ်မက်ခြင်းကို ရှောင်ရှားသောအခါ ထိုဆုံးဖြတ်ချက်သည် ပြည့်စုံခြင်းရှိလိမ့်မည်။ ဤလောကနှင့်တပ်မက်ခြင်းသည် ကွယ်ပျောက်သွားလိမ့်မည်။ သို့သော်လည်း ဘုရားသခင်၏အလိုတော်ပြုသောသူတို့သည် နိစ္စထာဝရတည်လိမ့်မည်။ ဘုရားသခင်၏ အလိုတော်ကိုပြုသောသူသည် မိမိထာဝရအသက်ရကြောင်း ပေါ်လွင်စေပြီး၊ ဘုရားသခင်သည် မိမိ၏ကောင်းကင်ဘုံ၌ရှိတော်မူသော အဘဖြစ်ကြောင်း သေချာစေပါသည်။ ထိုသူသည် အမှန်ထာဝရအသက်ရ၍၊ ထာဝရတည်လိမ့်မည်။

**ဆင်ခြင်ရန်** - "စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏. . . " (ယေ ၁၇း၉)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော့်ကို နာခံလိုသောစိတ်နှလုံး အကျွန်ုပ်အား ပေးတော်မူပါ။

စနေ၊ အောက်တိုဘာ (၁၉)

**၁ ယော ၂း၁၈-၂၀**

ဧ ၆း၁၀-၁၇

*"သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော်အရှိန်အားဖြင့်၎င်း၊ ခိုင်ခံ့ခြင်းရှိကြလော့"*

## အန္တိခရစ်ပေါ်လာခြင်း

လောကကိုချစ်ခြင်းသည် ခရစ်တော်နှင့်ဆန့်ကျင်သောအမှုဖြစ်၏။ ယောဟန်ခေတ်၌ လည်း အန္တိခရစ်ပေါ်လာမည်ကို မျှော်လင့်ခဲ့ကြ၏။ ယောဟန်က အန္တိခရစ်အများရှိကြပြီဖြစ်၍ "ယခုကာလသည် နောက်ဆုံးသောကာလဖြစ်သည်" (၁ ယော ၂း၁၈) ဟု ဖော်ပြခဲ့ပါသည်။ အန္တိခရစ်များတို့က ခမည်းတော်နှင့်သားတော်ကို ဆန့်ကျင်ခဲ့ကြ၏။

ယေရှုခေတ်ကာလ၌လည်း ယုဒခေါင်းဆောင်တို့၏ဆန့်ကျင်ခြင်းကို များစွာခံခဲ့ရ၏။ ယောဟန်သည် ခရစ်တော်၏ကနဦးတပည့်တော်ဖြစ်၍ ထင်ရှားသောတမန်တော်ဖြစ်ပါသည်။ သခင်ယေရှုက သတင်းကောင်းအားဖြင့် ယုံကြည်သူတို့၏အသက်တာကို မည်သို့ပြောင်းလဲစေခဲ့ကြောင်း ယောဟန်သိမြင်ခဲ့၏။ ထို့ကြောင့် အတွေ့အကြုံအရ ယောဟန်ကဤသတိပေးချက်ကို ရေးခြင်းဖြစ်ပါသည်။ အထက်တွင် ဤလောကီလူသားတို့သည် ဘုရားသခင်ဆန့်ကျင်ခြင်းဝိညာဉ်ကို ပိုင်ဆိုင်ကြသဖြင့် ဒုစရိုက်ပြုကြကြောင်း ဖော်ပြခဲ့ပါသည်။ ထိုသူတို့သည် ဘုရားသခင်အလိုတော်နှင့် ဆန့်ကျင်သောအရာတို့ကို တန်ဖိုးထားကြ၏။ ဤသည်ကား ယနေ့တွေ့ရသော အန္တိခရစ်၏ဝိညာဉ်ပင်ဖြစ်ပါသည်။

စာတန်သည် အန္တိခရစ်ဖြစ်၍ ဤလောကီအရာတို့ဖြင့် လူကိုဆွဲဆောင်လျက်၊ ဘုရားသခင်ကို ဆန့်ကျင်လျက်ရှိ၏။ တမန်တော်ဖော်ပြသော အန္တိခရစ်များတို့သည် စာတန်၏ကိုယ်စားလှယ်များဖြစ်ကြပါသည်။ သူတို့သည် လူ့သဏ္ဌာန်အားဖြင့် လာကြ၏။ စာတန်ကိုလည်း "ဤလောကကို အစိုးရသောမင်း" (ယော ၁၂း၃၁) ဟုဖော်ပြခဲ့၏။ ဤလောကကို အုပ်စိုးလျက်၊ အချိန်တိုင်း မိမိဘက်၌ လူတို့ကို သိမ်းသွင်းခြင်းငှါ ကြိုးစားအားထုတ်လျက်ရှိ၏။ ဤဝမ်းနည်းစရာကောင်းသော လောကီချစ်ခြင်းအမှုသည် သဏ္ဌာန်မျိုးစုံအားဖြင့် ရောက်လာတတ်၏။ စာတန်သည်လူတို့ကို ဘုရားသခင်အမှုတော်မှ လမ်းလွဲစေပြီး၊ သူတစ်ပါးတို့ကိုလည်း လမ်းမှားအောင်ပြုတတ်၏။ ဤသို့ဖြင့် လူတို့ကိုဖျက်ဆီးလျက်ရှိ၏။ ထို့ပြင်မှားယွင်းသောဆရာတို့၏ လှည့်စားသွေးဆောင်ခြင်းကို အားပေးတိုက်တွန်းလျက်ရှိပါသည်။ ဤအရာအလုံးစုံသည် ဖျက်ဆီးရန်နှင့် သတ်ဖြတ်ရန် စာတန်၏အကြံအစည်များသာဖြစ်ပါသည်။

အန္တိခရစ်ကို အောင်နိုင်သောတစ်ခုတည်းသော နည်းလမ်းဟူမူကား တမန်တော်သွန်သင်ထားသည်အတိုင်း ခမည်းတော်ဘုရားအား ပို၍ချစ်ကြရန်သာဖြစ်၏။ နေ့တိုင်း၊ အရာရာတိုင်း၌ ဘုရားသခင်၏အလိုကို လိုက်ခြင်းငှါ၎င်း၊ ဝိညာဉ်အရာ၌ ကြီးထွားခြင်းငှါ၎င်း ကြိုးစားကြလော့။ ကြီးထွားခြင်းသည် ဆုတောင်းခြင်း၊ နှုတ်ကပတ်တော်ဖတ်ရှုခြင်းနှင့် ခရစ်တော်အတွက် သက်သေခံခြင်းအားဖြင့် ရောက်လာတတ်၏။ ဤလောက၏သွေးဆောင်ခြင်းထဲသို့ သင်လဲကျစရာမလိုပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စစ်ဝတ်တန်ဆာဝတ်ဆင်ခြင်းဖြင့် အန္တိခရစ်ကို အောင်မြင်နိုင်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ယေရှုအတွက် ကျွန်တော်အစဉ်ရပ်တည်လိုပါ၏။

တနင်္ဂနွေ၊ အောက်တိုဘာ (၂၀)
**၁ ယော ၂း၂၁-၂၄**
ယောဟန် ၁၄း၆

*"ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့ မရောက်ရ"*

---

## သမ္မာတရား၌ရပ်တည်ခြင်း

ဘုရားသခင်၏သဘောသဘာဝတပါးသည် မှန်ကန်ခြင်းဖြစ်၏။ ဘုရားသခင်၏ စစ်မှန်မှုဟုလည်း ခေါ်ကြ၏။ "ဘုရားသခင်၏စုံလင်တော်မူခြင်းသီလသည် မိမိပုဂ္ဂိုလ်ဖြစ်ခြင်းအမှု၌၎င်း၊ ဖော်ပြတော်မူခြင်း၌၎င်း၊ လူတို့နှင့်ဆက်နွယ်ခြင်းအမှု၌၎င်း သူ၏စိတ်သဘောသည် အစဉ်မှန်ကန် သန့်ရှင်းခြင်းရှိ၏။ . . . ဤသဘောသဘာဝကို ဘုရားသခင်၏သစ္စာရှိတော်မူခြင်းဟုလည်း ခေါ်ကြ၏"(Berkhof )။

ခရစ်တော်က ငါသည်သမ္မာတရားဖြစ်၏ဟု မိန့်တော်မူသောအချက်ကို တမန်တော်က ရည်ညွှန်းဖော်ပြခြင်းဖြစ်၏။ ဂရိစကားလုံး "pistos" (အဓိပ္ပာယ် "သစ္စာရှိသော") သည် သမ္မာတရားနှင့်ဆက်စပ်မှုရှိ၏။ ဤသည်ကား "ဘုရားသခင်၏ အဓိကကျသော သဘောသဘာဝဖြစ်၏ . . . ဂတိတော်၌တည်သောယုံကြည်စိတ်ချမှုဖြစ်၏. . . ဘုရားသခင်၏သစ္စာရှိမှု၊ မှန်ကန်မှုသည် မိမိဖန်ဆင်းတော်မူသော၊ ထိန်းသိမ်းစောင့်ရှောက်တော်မူသော ဤစကြဝဠာအပေါ် တာဝန်ယူမှုနှင့် မိမိ၏မင်ကိုယ်သဘာဝ၌ ထင်ရှားလျက်ရှိ၏" (ISBE)။

ယောဟန်က "သမ္မာတရားကို သင်တို့မသိသောကြောင့် ငါရေး၍ပေးလိုက်သည်မဟုတ်၊ သင်တို့သည် သမ္မာတရားကို၎င်း၊ မုသာရှိသမျှတို့သည် သမ္မာတရားနှင့်မစပ်ဆိုင်သည်ကို၎င်း သိသောကြောင့် ငါရေး၍ပေးလိုက်၏"(၁ ယော ၂း၂၁)ဟုရေးသားခဲ့၏။ ဤတရား ၏ ဆန့်ကျင်ဘက်သည် အန္တိခရစ်ဖြစ်၏။ မာရ်နတ်ဟူမူကား လှည့်ဖြားသောသူ၊ မုသားပြောသောသူ ဟု ဆိုလိုသတည်း။ သူပြုသောအရာတိုင်းသည် ဘုရားသခင်၏ သမ္မာတရားနှင့်ဆန့်ကျင်လျက်ရှိ၏။ ယုံကြည်ခြင်းသည် သမ္မာတရားပေါ်၌တည်လျက် ရှိ၏။ ဘုရားသခင်သည် သမ္မာတရားဖြစ်တော်မူ ၏။ "ဘုရားသခင်သည် မုသာမသုံးနိုင်. . . " (ဟေဗြဲ ၆း၁၈)။

သမ္မာတရားဖြစ်တော်မူသော ခရစ်တော်၏စကားသည် အစဉ်မှန်ကန်နေလိမ့်မည်ဖြစ်၏။ သမ္မာတရားတဘက်၌ မုသာသည်လည်း ဆက်လက်တည်ရှိမည်ဖြစ်ပါသည်။ ယနေ့ လီဘရယ် ကျမ်းတတ်ပုဂ္ဂိုလ်တို့သည် ခရစ်တော်ကိုဆန့်ကျင်လျက် ရှိကြ၏။ ခမည်းတော်ကို မသိကြသော ကြောင့် ထိုသို့ဆန့်ကျင်နေကြခြင်းဖြစ်ပါသည်။ Spurgeon ကမှားသောသွန်သင်ခြင်းမှအပ အသစ်သောသွန်သင်ခြင်းဟူ၍ မရှိဟုဆိုခဲ့ပါသည်။ ခရစ်တော်ကိုဆန့်ကျင်သောသူတို့၏ စိတ်သဘောထားသည်ခေတ်အဆက်ဆက် အတူပင်ဖြစ်ပါသည်။ သူတို့အားလုံးသည် မာရ်နတ်၏နှိုးဆော်ခြင်းကို ခံရကြ၏။ "သင်တို့သည် ရှေ့ဦးစွာကပင် ကြားရသော" (၁ ယော ၂း၂၄) သမ္မာတရားသည် ပြောင်းလဲခြင်းမရှိပါ။ ဆက်လက်တည်ရှိမည်ဖြစ်၍၊ ဘုရားသခင်၏ သမ္မာတရားဖြစ်သောကြောင့် ဆက်လက်ဟောပြောနေကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - "သမ္မာတရားကိုလည်း သိကြသဖြင့် ထိုတရားသည် သင်တို့ကိုလွှတ်လိုက်မည်ဟု ယုံကြည်သောယုဒလူတို့အား မိန့်တော်မူ၏" (ယောဟန် ၈း၃၂)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ သားတော်နှင့် ခမည်းတော်၌ကျွန်တော်ဆက်လက်တည်နေလိုပါသည်။

တနင်္လာ၊ အောက်တိုဘာ (၂၁)

**၁ ယော ၂း၂၄-၂၇**

ယာကုပ် ၁း၂၅

*“. . . အကျင့်ကျင့်သောသူဖြစ်သဖြင့်၊*
*မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏”*

# သတင်းကောင်းသည် အစဉ်တည်လျက်ရှိ၏

တမန်တော်က ၁ ယော ၂း၇ တွင်“သင်တို့သည် ရှေ့ဦးစွာကပင် ကြားရသော” ဟုအသုံးပြုခဲ့သောစကားစုကို ၁ ယော ၂း၂၄ထဲတွင် ပြန်၍ဖော်ပြခဲ့ပါသည်။ ထိုသို့ ဖော်ပြခြင်းသည် “ရှေ့ဦးစွာကပင် ကြားရသော” သမ္မာတရားသည် ကျွန်ုပ်တို့၌တည်နေစေခြင်းငှါ တိုက်တွန်းခြင်းဖြစ်ပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းထဲတွင်၊ တမန်တော်ကခရစ်တော်ပြုသောအမှုနှင့် မိန့်တော်မူသောစကားတို့ကို လွယ်ကူစွာ နားလည်စေခြင်းငှါ ရိုးရှင်းစွာရေးသားခဲ့၏။ သတင်းကောင်း၏အဓိကအချက်များကိုသာရွေး၍၊ ခရစ်တော်ပြုသော၊ ပြောသောစကားကို ရိုးရှင်းစွာရေးသားခဲ့ပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအဆုံးတွင် (ယောဟန် ၂၁း၂၅၌) ယောဟန်က ဤခရစ်ဝင်ကျမ်း၌ မရေးသားသော၊ ခရစ်တော်ပြုခဲ့သောအမှုများစွာရှိသေးကြောင်း ဖော်ပြခဲ့ပါသည်။ သူရေးသားသောအချက်သည် ယေရှုအား ခရစ်တော်၊ ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယုံကြည်ခြင်းငှါ၎င်း၊ ထိုသို့ယုံကြည်ခြင်းဖြင့် ခရစ်တော်၏နာမတော်၌ အသက်ရှင်ခြင်းရရှိ၍၎င်း လုံလောက်လျက်ရှိပါ၏ (ယောဟန် ၂၀း၃၀-၃၁)။

ယောဟန်ရေးသားသော ဤဩဝါဒစာစောင် ဖတ်ကြားသောသူတို့သည် သတင်းကောင်းသမ္မာတရားကို ရင်းနှီးသောသူဖြစ်ကြ၏။ ဤစာစောင်၌ရေးသားထားသော သွန်သင်ချက်တို့သည်လည်း အခြားတမန်တော်တို့နှင့် ခရစ်ဝင်ကျမ်းရေးသားသောသူတို့၏ သွန်သင်ချက်ပင်ဖြစ်ပါသည်။ ခရစ်ဝင်ကျမ်းရေးသားသောသူတို့တွင် ယောဟန်ကသာလျှင် ယေရှုနှင့်နိကောဒင်တွေ့ဆုံမှုကို ဖော်ပြခဲ့၏။ ထိုတွေ့ဆုံဆွေးနွေးမှုတွင် ရှေ့ဦးစွာကပင် ကြားခဲ့ရသောသမ္မာတရားအချက်တို့ ပါဝင်ခဲ့ပါသည်။ ယာကုပ်က ထိုတရားကိုလွတ်ခြင်းနှင့်ဆိုင်၍ စုံလင်သောတရားဟု ခေါ်ခဲ့ပြီး၊ ထိုတရားနာခံလိုက်လျှောက်ခြင်းအမှုကို ယုံကြည်သူတို့သည် လုပ်ဆောင်ကြရမည်ဖြစ်၏။ ထိုသို့သောသူသည် မင်္ဂလာရှိသောသူဖြစ်ကြ၏(ယာကုပ် ၁း၂၅)။

သမ္မာတရား၌တည်နေခြင်း၏ ကြီးမားသောကောင်းကြီးမင်္ဂလာဟူမူကား ထာဝရအသက်ရှင်ခြင်းပေတည်း။ တမန်တော်က မာရ်နတ်သည်အစဉ်သွေးဆောင်ခြင်းပြုနေသည်ဖြစ်သောကြောင့် အမြဲသတိပေးမှုပြုခဲ့၏။ ထို့ကြောင့် သမ္မာတရား၌ကျင်လည်ခြင်း၏ အကျိုးမင်္ဂလာကိုဖော်ပြခဲ့ပါ သည်။ ယုံကြည်သူ၌ ကျိန်းဝပ်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်ပြုသောအမှုကို ရည်ညွှန်းခြင်း ဖြင့် ယောဟန်သည် “ဘိသိက်ကျေးဇူးတော်” (၁ ယော ၂း၂၇) ဟူသောစကားလုံးကို အသုံးပြုခဲ့၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ဂတိပြုတော်မူသော စစ်မှန်သောဆရာဖြစ်၍၊ အရာခပ်သိမ်းကို သွန်သင်ပြသပေးတော်မူ၏။ သတင်းကောင်းတရား၌ ကျင်လည်ဖို့လိုအပ်သည်ဖြစ်သောကြောင့်၊ သန့်ရှင်းသောဝိညာဉ်တော်၌ ယုံကြည်သူတို့သည် အစဉ်တည်နေကြဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ သတင်းကောင်းသည် အသက်တာကိုစောင့်ရှောက်ပေးတော်မူသောကျောက်ဆူးပင်ဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သတင်းကောင်းသမ္မာတရားကို ကျွန်တော်အစဉ်စွဲကိုင်ဖက်တွယ်လိုပါ၏။

အဂ်ီ၊ အောက်တိုဘာ (၂၂)

**၁ ယော ၂း၂၄-၂၉**
မသဲ ၂၅း၃၇၊ ၄၆

*“. . . ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာသို့ဝင်း သွားရကြလတံ့”*

## အသက်တာပြုစင်သန့်ရှင်းခြင်း

တမန်တော်သည် ကလေးသူငယ်များ၊ လူပျိုများနှင့်အဘတို့အား ရည်ညွှန်းဖော်ပြပြီးမှ ၁ ယော ၂း၂၈ ထဲတွင် ယုံကြည်သူအပေါင်းတို့အား “ချစ်သားတို့” ဟု ရည်ညွှန်းဖော်ပြခဲ့ပါသည်။ ထိုသူတို့အား ဘုရားသခင်၌အစဉ်တည်နေကြခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ “. . . ထင်ရှားပေါ်ထွန်းတော်မူသောအခါ” (၁ ယော ၂း၂၈) ဟုဆိုရာတွင် သခင်ယေရှု၏ဒုတိယအကြိမ် ကြွလာတော်မူမည့်အကြောင်းကို ရည်ညွှန်းခြင်းဖြစ်၏။ ဒုတိယအကြိမ်ကြွလာတော်မူခြင်း၌ လိုအပ်သောအရာတစ်ခုမှာ အသက်တာသန့်ရှင်းခြင်းဖြစ်ပါသည်။ ဤအရာက စိတ်ချမှုကိုပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့၏။ ရဲရင့်ခြင်းကို ဖြစ်စေ၍ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်စေပါ၏။

ခရစ်တော်က မိမိကြွလာတော်မူမည့်အကြောင်း ပြောဆိုသောအခါ ထိုအရာတို့ကို ဖော်ပြခဲ့ပါသည်။ ကောင်းကင်၌လူသား၏လက္ခဏာသည် ပေါ်ထွန်း၍ တန်ခိုးတော်၊ ဘုန်းအာနုဘော်နှင့်တကွ မိုးတိမ်၌ကြွလာတော်မူမည်ဟု ဆိုခဲ့ပါသည်။ ထို့နောက် မသဲ ၂၄း၂၇-၅၁ ထဲတွင် သာဓကသုံးခု ဖော်ပြလျက် သတိရှိနေကြခြင်းငှါ သတိပေးတော်မူခဲ့၏။ ယုံကြည်သူသည် ထိုအချိန်ကိုစောင့်နေလျက် သန့်ရှင်းသောအသက်တာရှိနေကြဖို့ရန် တာဝန်ရှိပါ၏။ ထိုကြွလာတော်မူမည့်အချိန်ကို အစဉ်စောင့်နေကြရမည်ဖြစ်ပါသည်။ ယုံကြည်စိတ်ချမှုရှိလျှင် သခင်ကြွလာတော်မူမည့်အချိန်ကို မျှော်လင့်နှစ်သက်ခြင်းရှိကြပါလိမ့်မည်။ ထိုအချိန်သည် သစ္စာရှိသူတို့ ချီးမြှောက်ခံရမည့်အချိန်ဖြစ်ပါသည်။ ယခုလက်ရှိအချိန်တွင်မူ ကျွန်တော်တို့သည်သခင်ယေရှုအတွက် သက်သေခံခြင်းအမှုကို ပြုရကြပါမည်။ အကြောင်းမှာ ယေရှုက နိုင်ငံတော်သတင်းကောင်းသည် ဤလောကတစ်ခုလုံး၌ ဟောပြောခြင်းရှိပြီးမှ နောက်ဆုံးအချိန်ရောက်ရှိလာမည်ဟု မိန့်တော်မူခဲ့၏။ တမန်တော်က ဗျာဒိတ်ကျမ်းကို ဤသို့နိဂုံးချုပ်ခဲ့ပါသည်- “အာမင် သခင်ယေရှုကြွလာတော်မူပါ” (ဗျာ ၂၂း၂၀)။ ဤသို့သော ဆုတောင်းချက်သည် သန့်ရှင်းသောအသက်တာဖြင့် နေထိုင်သောသူထံမှ ပေါ်ထွက်ခြင်းဖြစ်ပါသည်။

ယောဟန်က ဘုရားသခင်သည် ဖြောင့်မတ်တော်မူသည်ဖြစ်၍ ဖြောင့်မတ်ခြင်းတရားကို ကျင့်သောသူသည် ဘုရားသခင်မွေးဖွားစေသောသူဖြစ်ကြကြောင်း ဖော်ပြခဲ့ပါသည်။ သခင်ယေရှုက မသဲ ၂၅း၃၇၊ ၄၆ ထဲတွင် စီရင်ခြင်းအကြောင်း ဖော်ပြစဉ် ယုံကြည်သူတို့အား ဖြောင့်မတ်သောသူဟု ဖော်ပြ၍ ထိုသူတို့သည် ထာဝရအသက်ပိုင်ဆိုင်သောသူဖြစ်ကြောင်း ဆိုခဲ့၏။ ဒုတိယမွေးခြင်းခံသောသူ သခင်ယေရှုခရစ်တော်ကို ယုံကြည်သူသည် ဖြောင့်မတ်ခြင်းတရားကို ကျင့်ကြပါလိမ့် မည်။ ခရစ်တော်၌ကျင်လည်ခြင်းအကြောင်းကို ဝိညာဉ်သဘောအရ ဖော်ပြသောအခါ သမ္မာတရား၌ကျင်လည်ခြင်းဟု ဖော်ပြလေ့ရှိပါသည်။

**ဆင်ခြင်ရန်** - အသက်တာသန့်ရှင်းစင်ကြယ်ခြင်းဆိုသည်မှာ အပြစ်တရားမှလွတ်မြောက်ခြင်း၊ ဖြောင့်မတ်ခြင်းတရား၌ကျင်လည်ခြင်းဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သန့်ရှင်းသောအသက်တာပိုင်ဆိုင်ခြင်းငှါ အကျွန်ုပ်ကိုအပြစ်မပြုမည်အကြောင်း စောင့်ရှောက်တော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၃)

**၁ ယော ၃း၁-၃**

ယောဟန် ၁း၁၂

*"... ကိုယ်တော်ကိုယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏"*

## ဘုရားသခင်သားသမီးတို့၏ ဂုဏ်ပုဒ်

ခရစ်တော်နှင့်မိဿဟာယဖွဲ့ခြင်းအမှုသည် သန့်ရှင်းသောအသက်တာ၌၎င်း၊ ဖြောင့်မတ်ခြင်းတရားကျင့်ခြင်း၌၎င်း၊ ပေါ်လွင်ထင်ရှားခြင်းရှိ၏။ ဤအမှုသည် ခရစ်တော်ပြုတော်မူသော ကိုယ်စားအပြစ်ဒဏ်ခံတော်မူခြင်းမရှိလျှင် မဖြစ်နိုင်ပါ။ ထို့ပြင် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရခြင်း၌ ကျေးဇူးတော်လိုအပ်ပါသည်။ တမန်တော်က ထိုအရာသည် ဘုရားသခင်ချစ်ခြင်းမေတ္တာတော်၏ ဆုကျေးဇူးဟုဖော်ပြခဲ့၏။ ထို့ကြောင့် ယုံကြည်သူတို့သည် ဘုရားသခင်၏သားသမီးဖြစ်လာကြ၏။ ယောဟန် ၁း၂၉ နှင့် ၃၆ထဲတွင် ဗတ္တိဇံဆရာယောဟန်က ယေရှုအားဤလောက၏အပြစ်ကို ဆောင်ယူသောဘုရားသခင်၏ သိုးသငယ်ဟု ဖော်ပြခဲ့ပါသည်။ ထိုသို့ ယောဟန်ပြောကြားချက်ကြားရသောတပည့်တော်တို့သည် ယေရှုနောက်သို့ လိုက်ခဲ့ကြ၏ (ယောဟန် ၁း၃၇)။

သိုးသငယ်သည် နှစ်စဉ်ပူဇော်ခြင်းခံရသော ပသခါသိုးသငယ်ကို ရည်ညွှန်းခြင်းဖြစ်ပါ သည်။ ဤပူဇော်ခြင်းသည် မေရှိယကို ပုံဆောင်ခြင်းဖြစ်၍ ယောဟန်၏ဆိုလိုချက်ကို ထိုတပည့်တော် တို့က သဘောပေါက်ခဲ့ကြ၏။ ပုရောဖက်ယေရှာယက ဤသို့ကတိတော်ဖော်ပြခဲ့ပါသည် - "ထိုသူ တို့အား သားသမီးတို့ထက် မြတ်သောအရာ၊ မြတ်သောနာမကို ငါ့အိမ်၊ ငါ့တံတိုင်းအတွင်း၌ ငါပေး မည်။ မပျောက်နိုင်သောထာဝရနာမကို သူတို့အား ငါပေးမည်" (ဟေရှာ ၅၆း၅)။ ယောဟန် ၁း၁၂ ထဲတွင် သခင်ယေရှုကိုလက်ခံသောသူတို့အား ဘုရားသခင်၏သားသမီးဖြစ်ရသောအခွင့်ကို ပေးတော်မူကြောင်း ဖော်ပြခဲ့၏။ တပည့်တော်တို့ကို အန္တိအုတ်မြို့၌ ပထမဆုံးအနေဖြင့် ခရစ်ယာန်များဟု ခေါ်ဝေါ်ခဲ့ကြ၏ (တမန် ၁၁း၂၆)။ ကဲ့ရဲ့ခြင်းဖြင့် မှည့်သောနာမဖြစ်သော်လည်း ရှိသေလေးစားထိုက်သောဂုဏ်ပုဒ်ဖြစ်လာခဲ့ပါသည်။ သူတို့သည် သခင်ယေရှုခရစ်တော်ကို ယုံကြည်ခဲ့ကြသောကြောင့် ဘုရားသခင်၏သားသမီးအမှန်ဖြစ်ကြပါသည်။ လောကီလူသားတို့သည် ခရစ်တော်ကို မသိကြသောကြောင့် သူတို့ကိုလည်း မသိကြပါ။

ယောဟန်က ခရစ်တော်၌တည်သောသူတို့ ယုံကြည်ခြင်း၏နိဂုံးကို ညွှန်ပြလျက် အနာဂတ်ကိုဖော်ပြခဲ့ပါသည်။ "နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတံ့" (၁ ယော ၃း၂)။ ကိုယ်တော်ထင်ရှားပေါ်ထွန်းတော်မူသောအခါ ဟူသောအချက်သည် ဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ထိုအချိန်သည် ခရစ်ယာန်တို့၏ မျှော်လင့်ချက်စုံလင်မည့်အချိန်ဖြစ်ပါသည်။ ထို့ပြင် "ထိုသို့ မြော်လင့်သောသူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏" (၁ ယော ၃း၃)ဟုထပ်၍ ဖော်ပြခဲ့ပါသည်။ ကိုယ့်ကိုကိုယ် သန့်ရှင်းစေပါသလား။

**ဆင်ခြင်ရန်** - ယေရှုက ယုံကြည်သူတို့အတွက် သားသမီးဖြစ်ရသောအခွင့်ကို ရခြင်း၌ အမှုပြုဆောင်ရွက်ပေးတော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ခရစ်တော်ပြုပေးတော်မူသော အကျွန်ုပ်၏သားဖြစ်ရသောအခွင့်ကို တန်ဖိုးထားပါမည်။

ကြာသပတေး၊ အောက်တိုဘာ (၂၄)
**၁ ယော ၃း၄-၆**
ဖိလိ ၃း၆-၁၁

*"... ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်း အတွက်ကြောင့် ဘုရားသခင်ပေးတော်မူသောကြောင့် ဖြောင့်မတ်ခြင်းကို ကိုးစားသဖြင့်"*

---

# ဖြောင့်မတ်ခြင်းလက္ခဏာ(၁)

အပြစ်သည် ဘုရားသခင်၏ပညတ်တော်နှင့်ဆန့်ကျင်ဘက်ဖြစ်၍ ဘုရားသခင်၏အကျင့်စံနှုန်းချိုးဖောက်ခြင်းဖြစ်၏။ ယေရှုခရစ်တော်သည် ဤလောကသို့ကြွလာတော်မူခဲ့ပြီး အသေခံလျက်၊ အပြစ်အတွက် ပူဇော်ခြင်းခံရခဲ့၏။ သူသည် ကားတိုင်ပေါ်၌ အသေသတ်ခြင်းကိုခံရခဲ့ပါသည်။ သူသည်အပြစ်တစ်ခုကျူးလွန်ခြင်းမရှိခဲ့ပါ။ အပြစ်သားကိုယ်စား အသေခံပြီးအကျွန်ုပ်တို့၏ အပြစ်များကို ဆေးကြောပေးရန် အသွေးသွန်းတော်မူခဲ့၏။

ဖြောင့်မတ်ခြင်းတရားကျင့်ခြင်းဆိုသည်မှာ ခရစ်တော်နည်းတူ ကျင့်ခြင်းပေတည်း။ ခရစ်တော်၌တည်နေသောသူသည် အပြစ်ကိုမပြုကြပါ။ တစ်ဖက်တွင် အပြစ်၌ကျင်လည်သောသူသည် ခရစ်တော်ကို မသိမမြင်ခဲ့ပါ။ ယေရှုသည် မာရ်နတ်၏သွေးဆောင်ခြင်းကို ခံခဲ့စဉ် မာရ်နတ်၏လှည့်စားမှုတိုင်းကို သခင်အောင်မြင်စွာတုံ့ပြန်ခဲ့ပါသည်။ မာရ်နတ်သည် ထွက်သွားခဲ့၏။ ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူသည် အပြစ်တရား၌ကျင်လည်ခြင်းမရှိပါ။ အကြောင်းမှာ ထိုသူ၌ဘုရားသခင်၏ မျိုးစေ့တော်တည်လျက်ရှိ၏။ ဘုရားသခင်က အပြစ်ကိုအောင်မြင်ခြင်းငှါ မစတော်မူ၏။ ဤအမှုသည် ခရစ်တော်အား မိမိ၏သခင် ကယ်တင်ရှင်အဖြစ် သိကျွမ်းခြင်းမှပေါ် ပေါက်လာခြင်းဖြစ်ပါ သည်။ အပြစ်ကို အောင်မြင်တော်မူသော ခရစ်တော်ယုံကြည်ခြင်းအားဖြင့် ယုံကြည်သူသည် စိတ်ချမှု ကို ရရှိနိုင်ပါသည်။

ဘုရားသခင်၏သားသမီးတို့နှင့် မာရ်နတ်၏သားသမီးတို့အကြားတွင် ဆန့်ကျင်ဘက်ဖြစ်သော အရာရှိပါသည်။ ဖြောင့်မတ်ခြင်းတရားကျင့်ခြင်းသည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းလက္ခဏာဖြစ်ပါသည်။ ဟေဗြဲ ၁၁ ထဲတွင် ဖော်ပြထားသော ယုံကြည်ခြင်းသူရဲကောင်းတို့သည် တိုင်းနိုင်ငံကို အောင်ခဲ့ကြ၏။ ဖြောင့်မတ်ခြင်းတရားကို ပြုခဲ့ကြ၏။ ကတိတော်ကို ခံရကြ၏ဟု ဖော်ပြခဲ့ပါသည်။ ဖြောင့်မတ်ခြင်းသည် သူတို့အကျင့်၏အဓိကအချက်ဖြစ်ပါသည်။ မာရ်နတ်သားသမီးတို့၌ ပထမဆုံးတွေ့ရသောအရာကား ချစ်ခြင်းမေတ္တာမရှိခြင်းပေတည်း။ ဤသတင်းတရားကို ယောဟန်က ရှေးဦးစွာကြားသိခဲ့ရသောစကားဟု ထပ်၍ဖော်ပြခဲ့၏။ ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှ ချစ်လော့ဟူသော ပညတ်တော်သည် ဖြောင့်မတ်ရာသို့ ပို့ဆောင်သောတရားဖြစ်၍ လူတိုင်းသိသောပညတ်ချက်ဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းလက္ခဏာကို ဤသို့အတိုချုန်းဖော်ပြခဲ့၏ "ကိုယ်တော်၌ တည်နေသောသူမည်သည်ကား ဒုစရိုက်ကိုမပြုတတ်၊ ဒုစရိုက်ကိုပြုတတ်သောသူမည်သည်ကား ကိုယ်တော်ကိုမသိမမြင်ရသေး" (၁ ယော ၃း၆)။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းသည်ခရစ်တော်၏ အသွေးတော်အားဖြင့်ဖြစ်၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ဖြောင့်မတ်ခြင်းတရားလမ်းသို့ လျှောက်လှမ်းမည်အကြောင်း သွန်သင်ဆုံးမတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၂၅)

**၁ ယော ၃း၇-၁၀**

ဖိလိ ၄း၈-၉

*"သင်တို့သည် အထက်ကသင်ယူ၍ ငါ၌ကြားမြင်ခဲ့ ပြီးသမျှတို့ကို ကျင့်ကြလော့"*

# ဖြောင့်မတ်ခြင်းလက္ခဏာ (၂)

"ဖြောင့်မတ်ခြင်း" ဟူသောစကားလုံးသည် "မှန်ကန်သော" ဟူသောစကားလုံး၏ နာမ်စကားလုံးဖြစ်၍ သမ္မာတရားကို ဖော်ညွှန်းသောစကားလုံးလည်း ဖြစ်ပါသည်။ တမန်တော် ယောဟန်က ဤစကားလုံးကို အကြိမ်ကြိမ်အသုံးပြုခဲ့ပါသည်။ အကြောင်းမှာ စာဖတ်သူတို့သည် သတင်းကောင်းကိုရိုးရှင်းစွာယုံကြည်လက်ခံကြခြင်းငှါ အလိုရှိသောကြောင့် ဖြစ်၏။ သူရေးသားသော စာစောင်တိုင်းတွင် ဘုရားသခင်၏သမ္မာတရားကို အရိုးရှင်းဆုံးစကားအသုံးပြု၍ ဖော်ပြလေ့ရှိ၏။ ယောဟန်ခရစ်ဝင်ကျမ်းထဲတွင် ယေရှု၏အသုံးအနှုန်းကို ကိုးကားလျက် "ဒုတိယမွေးခြင်းကိုခံလော့" (ယော ၃း၃၊၇) ဟူသော စကားကိုအသုံးပြုခဲ့၏။

ဖြောင့်မတ်ခြင်းဆိုသည်မှာ မှန်သောအရာကိုပြုခြင်း၊ မှားသောအရာကိုရှောင်ခြင်းပေ တည်း။ "စိတ်နှလုံးသန့်ရှင်းဖြူစင်ခြင်းနှင့် အသက်တာရိုးသားဖြောင့်မတ်ခြင်း၊ ဘုရားသခင်၏ ပညတ်တရားနှင့်ကိုက်ညီသော စိတ်နှလုံးနှင့်အသက်တာဖြစ်၏။ သမ္မာကျမ်းစာ၌ များသောအားဖြင့် အသုံးပြုသောဖြောင့်မတ်ခြင်းသည် သန့်ရှင်းခြင်းနီးစပ်မှုရှိပြီး၊ သန့်ရှင်းသောစည်းကမ်းချက်များ နားလည်သဘောပေါက်ခြင်းနှင့် အလိုရှိခြင်း၊ ဘုရားသခင်၏ပညတ်တရားနှင့်အညီ အသက်ရှင်ခြင်း ဖြစ်၏။ မှန်ကန်မှု၊ ရိုးသားဖြူစင်မှုနှင့် အကျင့်သီလတို့ပါဝင်ကြပြီး၊ သန့်ရှင်းသောစိတ်လည်းဖြစ်၏။ အချုပ်အားဖြင့် စစ်မှန်သောဘာသာတရားပင် ဖြစ်ပါသည်" (Webster's 1828 Dictionary )။

ဘုရားသခင်၏သားသမီးသည် လောကီအရာတို့နှင့် စည်းခြားသတ်မှတ်ရေးဆွဲလျက်၊ ဖြောင့်မတ်ခြင်းတရား၌သာ ကျင်လည်လျက်ရှိ၏။ လူကြီးဖြစ်ပြီးမှခရစ်ယာန်ယုံကြည်ခြင်းသို့ ပြောင်းလဲသောသူသည် အသက်တာပြောင်းလဲခြင်းရရှိမည်ဖြစ်၏။ ထိုသူသည် အရက်သမား (သို့) ဆေးစွဲသောသူဖြစ်ခဲ့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုအားဖြင့် စစ်မှန်သော ဖြောင့်မတ်ခြင်းတရားကို ကျင့်လာနိုင်၏။ ထိုသူ၏သက်သေခံချက်အသက်တာသည် သူတစ်ပါးအဖို့ သက်သေဖြစ်ပါလိမ့်မည်။ အခြားသောမကောင်းမှုဟူမူကား လောင်းကစားပင်ဖြစ်ပါသည်။ လောင်းကစားကုမ္ပဏီများစွာ နိုင်ငံတိုင်း၌ရှိပါသည်။ ဥပဒေက လောင်းကစားအမှုကို လက်မခံပါ။ ခရစ်ယာန်တို့သည် အဘယ်သို့ပြုရမည်အကြောင်း လောကီလူတို့၏အဆုံးအမကို စောင့်နေဖို့မလိုပါ။ လောင်းကစားအမှုသည် ခိုးယူခြင်းနှင့်တန်းတူပင် ဖြစ်ပါသည်။ ခရစ်တော်၌တည်သော အသက်တာ သစ်သည် ဖြောင့်မတ်ခြင်းအသက်တာဖြစ်ပါသည်။ တမန်တော်က ထပ်၍ဤသို့ရှင်းလင်းစွာ ဖော်ပြခဲ့၏ " ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူ မည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်၊ အကြောင်းမူကား ထိုသူ၌မျိုးစေ့တော်တော်တည်လျက် ရှိ၏။ ထိုသူသည် ဘုရားသခင်ဖြစ်ဘွားစေတော်မူသော သူဖြစ်သောကြောင့် ဒုစရိုက်ကိုမပြုနိုင်" (၁ ယော ၃း၉)။ ဤစာကို ဖတ်သောသူတိုင်း သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - ပြောင်းလဲခြင်းနှင့် ဖြောင့်မတ်ခငြ်းသည် လောကီအရာနှင့် မရောနှောခြင်းငှါ ခြားနားထားသော မျဉ်းဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းလမ်းထဲသို့ လိုက်မည်အကြောင်း သွန်သင်တော်မူပါ။

**၁ ယော ၃း၁၁-၁၄**

လု ၁၀း၃၀-၃၇

*"ယေရှုက၊ သင်သည်သွား၍ ထိုနည်းတူပြုလော့ဟု မိန့်တော်မူ၏"*

## ညီအစ်ကိုချစ်ခြင်းလက္ခဏာ

ရှေ့ဦးစွာကပင် ကြားသိခဲ့ကြသော သတင်းကောင်းနှင့်ဆက်နွယ်လျက် တမန်တော်က အချင်းချင်းချစ်ခြင်းမေတ္တာထားကြရန် အလွန်အရေးကြီးကြောင်း ဖော်ပြခဲ့ပါသည်။ ဤသည်ကား ပညတ်တော်ဆယ်ပါးမှ ဒုတိယကျောက်ပြားပေါ်ရှိ အချက်တို့ကို ယေရှုကအချုပ်အားဖြင့် ဖော်ပြချက်ဖြစ်ပါသည်။ လူမှုဆက်ဆံရေးတွင် ချစ်ခြင်းမေတ္တာသည် အဓိကလုပါ၏။ မိမိနှင့်စပ်ဆိုင်သောသူကို ချစ်သောသူသည် ဤပညတ်တရားခြောက်ချက်ကို ကျူးလွန်လိမ့်မည်မဟုတ်ပါ။

တမန်တော်ယောဟန်က ရှောင်ရန်သာဓကအနေဖြင့် ကာဣနကို ဖော်ပြခဲ့ပြီး၊ သူသည် မာရ်နတ်နှင့်ဆိုင်သောသူဖြစ်ကြောင်း ဆိုခဲ့၏။ ကာဣနသည် မာရ်နတ်၏ထိန်းချုပ်ခြင်းအောက်၌ လုပ်ရှားခဲ့ပြီး၊ ပထမဆုံးသောလူ့အသက်သတ်သောသူဖြစ်လာခဲ့၏။ မိမိညီအရင်းကို သတ်ခဲ့ပါသည်။ "ကာဣနသည် မိမိညီကိုအဘယ့်ကြောင့် သတ်သနည်း" (၁ ယော ၃း၁၂)။ ဤသို့ယောဟန်က မေးခွန်းထုတ်ပြီး၊ အဖြေလည်းပေးခဲ့ပါသည် - "မိမိအကျင့်သည် ဆိုးယုတ်၍၊ ညီ၏အကျင့်သည် ဖြောင့်မတ်" သောကြောင့်ဖြစ်၏။ ယောဟန်က ချစ်ခြင်းကင်းမဲ့မှု၏ ဆိုးကျိုးကို ဖော်ပြခဲ့ပါသည်။ ဤသာဓကကို ကြည့်ခြင်းဖြင့် ကျွန်တော်တို့သည် ကျူးလွန်သူကာဣနကို ချက်ချင်းအပြစ်တင်ကဲ့ရဲ့တတ်ကြ၏။ အမှန်မှာ ကျွန်တော်တို့ မိမိကိုယ်ကို ဤသို့မေးခွန်းထုတ်ကြရပါမည် - "ဤသို့သောအပြစ် ကျွန်တော်ကျူးလွန်ပါသလား"။

ယုံကြည်သူသည် လောကီအရာတို့နှင့် သီးခြားနေခြင်းငှါ ဆုံးဖြတ်သောအခါ ဤလောက၏ ရန်သူဖြစ်လာခဲ့၏။ ထိုသို့သော အဖြစ်အပျက်၌ အံ့ဩခြင်းမရှိရန် တမန်တော်သတိပေးခဲ့၏။ ခရစ်ယာန်အသက်တာသည် သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်းသော၊ ခြားနားသောအသက်တာဖြစ်ရပါမည်။ သူတို့၏အသက်တာ၌ ချစ်ခြင်းမေတ္တာပြသကြရပါမည်။ ခရစ်တော်၌ တည်သောသူသည် ဤအရာကို မိမိအသက်တာ၌ရှိရမည်ဖြစ်ကြောင်း ယောဟန်အထူးဖော်ပြခဲ့၏။ လုကာ ၁၀ ထဲတွင် ယေရှုက ကောင်းသောစမာရိလူအကြောင်း သာဓကဟောပြောချက်၌ စမာရိလူသည် ပုံမှန်လိုအပ်သော ပြုသင့်သောအမှုကို ပြုခြင်းဖြစ်ကြောင်း တွေ့ရ၏။ တဖက်တွင် ယဇ်ပုရောဟိတ်နှင့်လေဝိလူတို့သည် လူသားချမှတ်သော ဥပဒေသ၏ချည်နှောင်ခြင်းကို ခံရကြပြီး၊ လိုအပ်သောသူထံ ဂရုဏာပြသခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းအချက်ကို မေ့လျော့ခဲ့ကြပါသည်။ ယောဟန်က ထိုသို့သောသူသည် သေခြင်း၌ရှိနေသေး၏ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဒုတိယမွေးခြင်းခံ စိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်ခိုင်းစေသောအမှုကို ပြုတတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သူတစ်ပါးအပေါ် စစ်မှန်သောချစ်ခြင်းမေတ္တာပြသခြင်းငှါ သွန်သင်တော်မူပါ။

**၁ ယော ၃း၁၅**

ဧ ၄း၂၆-၂၇

*"အမျက်ထွက်ရာတွင် အပြစ်မရှိစေနှင့်။*
*အမျက်မပြေဘဲ နေမဝင်စေနှင့်"*

## လူ့အသက်ကိုမသတ်နှင့်

လူသတ်မှုသည် ကြားရသောသူတိုင်း ရွံရှာမုန်းတီးသောအရာဖြစ်ပါသည်။ သို့သော်လည်း လူသတ်မှုကျူးလွန်ခြင်းအကြောင်းကို အမြဲလိုလိုကြားနေရပါသည်။ လူ့အသက်မသတ်ခြင်းငှါ တားမြစ်ချက်သည် တစ်ကမ္ဘာလုံးဆိုင်ရာ ဥပဒေဖြစ်ပါသည်။ များစွာသောနိုင်ငံတွင် လူသတ်မှုကို သေဒဏ်ချမှတ်ကြ၏။ ဤအချက်သည် ပညတ်တော်ဆယ်ပါးထဲ၌လည်း တားမြစ်ထားသောအချက် ဖြစ်ပါသည်။ ဤသို့ရိုးရှင်းစွာ ဖော်ပြခဲ့ပါသည် - "လူ့အသက်ကိုမသတ်နှင့်" (ထွက် ၂၀း၁၃)။ ရိုးရှင်းသော်လည်း လိုက်လျှောက်ရန်ခက်ခဲလှပါသည်။ ဤအပြစ်ကျူးလွန်ခြင်း၌ နောက်ဆက်တွဲဆိုးကျိုးအစဉ်လိုက်လာတတ်၏။ ဤပညတ်ချက်ကို ယောဟန်က ဤသို့ထပ်၍ဖော်ပြခဲ့ပါသည် - "မိမိညီအစ်ကိုကို မုန်းသောသူမည်သည်ကား၊ လူအသက်ကိုသတ်သောသူဖြစ်၏။ လူအသက်ကိုသတ်သော သူတစုံတယောက်၌မျှ ထာဝရအသက်မတည်သည်ကို သင်တို့သိကြ၏" (၁ ယော ၃း၁၅)။

လူများတို့သည် လူ့အသက်သတ်ခြင်းနှင့်ဆိုင်သော ဆက်နွယ်သောအမှုတို့ကို နားလည်ကြသော်လည်း၊ ထိုအမှုကျူးလွန်ခြင်းကို လူ့အဖွဲ့အစည်းထဲ၌ တား၍မရခဲ့ပါ။ ထိုသို့သော ပြစ်မှုကို ကြိုတင်ပြင်ဆင်ခြင်းမရှိဘဲ မကျူးလွန်ကြပါ။ ဓမ္မဟောင်းထဲတွင် လူ့အသက်သတ်ခြင်းအမှုနှင့် ဆက်နွယ်သောအကြောင်းအရာတို့ကို ဖော်ပြခဲ့ပါသည်။ သခင်ယေရှုကလည်း ဤသို့ဖော်ပြခဲ့ပါသည် - "လူ့အသက်ကို မသတ်ရ၊ သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏ဟူသော ရှေးပညတ်တရားကို သင်တို့ကြားရပြီ၊ ငါပညတ်သည်ကား ညီအစ်ကိုကို အထောက်မတန် အမျက်ထွက်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။ ညီအစ်ကိုကိုကျိန်ဆဲသောသူသည် ဂေဟန်နာအရပ်၌ မီးရှို့ခြင်းကိုခံထိုက်ပေ၏" (မသဲ ၅း၂၁-၂၂)။ လူ့အသက်သတ်ခြင်းအန္တရာယ်ကာကွယ်ခြင်းသည် ညီအစ်ကိုချစ်ခြင်းမေတ္တာအလေးထားခြင်းပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာ၏တိုက်တွန်းချက်နှင့် ဝညာဉ်နှင့်ဆိုင်သောအရာအလေးပေးခြင်းတို့သည် ဤအပြစ်ကိုမကျူးလွန်ခြင်းငှါ အောင်နိုင်ရသော အခွင့်လမ်းမှန်ဖြစ်ပါသည်။ ထိုသို့ပြုလျှင် ကျွန်ုပ်တို့၏စိတ်ခံစားချက်ကို ထိန်းချုပ်၍ရပြီး၊ သတိရှိစွာ ပြုမူနေထိုင်ခြင်းရှိလာ၏။ အမျက်ဒေါသသည် ကြောက်စရာကောင်းလှပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်အတူ နေ့စဉ်သွားလာခြင်းသည် အမျက်ဒေါသမထွက်ရန် လူကို ကယ်တင်တတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အသက်တာကို အမျက်ဒေါသ၏ထိန်းချုပ်ခြင်း အခွင့်မပေးမည်အကြောင်း သွန်သင်တော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၂၈)
**၁ ယော ၃း၁၆-၁၇**
ဖိလိ ၃း၇-၁၄

*"သို့သော်လည်း ငါ၏အကျိုးစီးပွားကို ပြုစုသောအရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏"*

## ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်

ဘုရားသခင်၏ချစ်ခြင်းမေတ္တာအကြောင်းကို ယောဟန် ၃း၁၆ထဲတွင် ကောင်းမွန်စွာဖော်ပြခဲ့ပါသည်။ ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား အပြစ်မှ ကယ်တင်တော်မူခဲ့၏။ တမန်တော်က ဤအချက်ကိုဤစာစောင်ထဲတွင် အထူးဖော်ပြခဲ့ပါသည်။ ဤသည်ကား သတင်းကောင်း၏အဓိကအချက်လည်းဖြစ်ပါသည်။ "ခရစ်တော်သည် ငါတို့အဘို့အလို့ငှါ အသက်တော်ကိုစွန့်တော်မူသည့်အရာကို ငါတို့သည်ထောက်၍၊ မေတ္တာတော်ကို သိရကြပြီ၊ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့အဘို့အလို့ငှါ အသက်ကိုစွန့်ရကြ၏" (၁ ယော ၃း၁၆) ဟုဆိုခဲ့၏။ ကားတိုင်ပေါ်၌ ခရစ်တော်အသေခံခြင်းသည် ဘုရားသခင် ၏ ချစ်ခြင်းမေတ္တာ ဖော်ပြခြင်းဖြစ်ပါသည်။ ယေရှုသည် အပြစ်သားတို့အတွက် မိမိအသက်ကိုပေးတော်မူခဲ့၏။ ထိုနည်း တူ ခရစ်ယာန်တို့သည် ညီအစ်ကိုတို့အတွက် မိမိတို့အသက်ကို စွန့်ရမည်ဟု ယောဟန် ရေးသား ခဲ့ပါသည်။ ထိုသို့ပြုခြင်းသည် ခရစ်တော်အသေခံခြင်းကို မှီသည်မဟုတ်၊ ခရစ်တော် ပေးသနား တော်မူသော ဆုကျေးဇူးခံရကြရန် တန်ဆာပလာသာဖြစ်ပါသည်။ ယောဟန် သည် တမန်တော် တို့တွင် နောက်ဆုံးပုဂ္ဂိုလ်ဖြစ်၍ မိမိညီအစ်ကိုတို့၏အသက်ပေးခြင်း၊ မာတုရခံခြင်း အမှုကို မျက်မြင် တွေ့ခဲ့သောသူဖြစ်ပါသည်။ ခရစ်တော်အတွက် အသက်စွန့်ခြင်းသည် ထိုက်တန် သောအမှု ဖြစ်ကြောင်း ယောဟန်သိခဲ့ပါသည်။

အသင်းတော်သမိုင်းကို ကြည့်လျှင်လည်း ခရစ်တော်၏သတင်းကောင်းသမ္မာတရားအစဉ်တည်ရှိခြင်းသည် ထိုနှုတ်ကပတ်တော်အတွက် အသက်စွန့်ခဲ့သောသူများစွာရှိခဲ့သောကြောင့် ဖြစ်ပါသည်။ တမန်တော်ယောဟန်သည် မိမိနောက်ဆုံးနေ့ရက်တွင် ဗျာဒိတ်ကျမ်း၌ဖော်ပြသည်အတိုင်း ပတ်မုတ်ကျွန်း၌ထိန်းချုပ်ခြင်းခံခဲ့ရ၏။ သူက ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ယေရှုခရစ်၏ သက်သေခံတော်မူချက်ကြောင့် ထိုအရပ်၌ နေရခြင်းအကြောင်း ဆိုခဲ့၏။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် လိုအပ်သောသူထောက်ပံ့မစတော်မူခြင်း၌ ပေါ်လွင်ထင်ရှားခြင်းရှိ၏။ ယောဟန်က ပစ္စည်းဥစ္စာရှိသော်လည်း မိမိညီအစ်ကိုလိုအပ်ချက်ကို သနားစိတ်မရှိ ပေးကမ်းခြင်းမပြုသောသူ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာမတည်မရှိ။ ယေရှုက မိမိ၏စစ်မှန်သောတပည့်များသည် သူတစ်ပါးကိုချစ်ခြင်းရှိကြကြောင်း မိန့်တော်မူခဲ့၏။ ကောင်းမှုကုသိုလ်ပြုခြင်း၏ အဓိကရည်ရွယ်ချက်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသူတစ်ပါးထံ ပြသခြင်းပေတည်း။ ထိုသက်သေခံချက်အားဖြင့်၊ သူတစ်ပါးတို့သည် ခရစ်တော်ကိုယုံကြည်၍ ကယ်တင်ခြင်းရကြစေရန် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် သစ္စာရှိသောတပည့်တော်များအားဖြင့် ပေါ်လွင်ထင်ရှားလျက်ရှိ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သူတစ်ပါးထံကိုယ်တော်၏ ချစ်ခြင်းမေတ္တာပြသရသောအခွင့် အကျွန်ုပ်အား ပေးသနားတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၂၉)

**၁ ယော ၃း၁၈-၁၉**

၂ ကော ၅း၁၁-၁၅

*"ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည်
ငါတို့ကိုအနိုင်အထက်သွေးဆောင်၏"*

## သမ္မာတရားနှင့်အကျင့်၌ တည်သောချစ်ခြင်းမေတ္တာ

ယောဟန်ဖော်ပြသောချစ်ခြင်းသည် စစ်မှန်သောချစ်ခြင်းမေတ္တာပင်ဖြစ်၏။ ပေါလုက ၁ ကော ၁၃ ထဲ၌ "သူတစ်ပါးကို ငါကျွေးမွေး၍ဥစ္စာရှိသမျှကို စွန့်ကြဲသည်သာမက၊ ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှါ အပ်သော်လည်းမေတ္တာမရှိလျှင် ငါ၌အကျိုးမရှိ"ဟု ဖော်ပြသောချစ်ခြင်းမေတ္တာမျိုးဖြစ်ပါသည်။ တမန်တော်ယောဟန်က ကျွန်ုပ်တော်တို့သည် နှုတ်အားဖြင့်မဟုတ်ဘဲ၊ စိတ်ပါကိုယ်ရောက် ဧကန်အမှန်ချစ်ရမည်အကြောင်း ဖော်ပြခဲ့ပါသည်။

ယေရှုက ကျွန်ုပ်တို့၏ရန်သူများကိုပင် ချစ်ခြင်းငှါ မိန့်တော်မူခဲ့၏။ ဤစမ်းစစ်ခြင်းသည် ပတ်ဝန်းကျင်ရှိ မယုံကြည်သူတို့အတွက် သက်သေကောင်းဖြစ်ခြင်းငှါ ခရစ်ယာန်များကြိုးစားသောအခါ ရောက်လာတတ်၏။ ဥပမာ တစ်ခုဟူမူကား၊ သတင်းဝေငှခြင်းငှါ ကျွန်တော်တို့သွားသောအခါ လူတို့၏ငြင်းပယ်ဆန့်ကျင်ခြင်းကို ခံရတတ်ပါသည်။ ဆရာတစ်ဦးက ဧဝံဂေလိဟောပြောသောအမျိုးသမီးတစ်ဦးအကြောင်း ပြောပြခဲ့၏။ ဤအမျိုးသမီးက ကားထဲ၌ထိုင်နေသော လူတစ်ဦးထံ သတင်းကောင်းဝေစာပေးလိုက်၏။ ထိုသူက ထိုဝေစာကိုမယူသည်သာမက ထိုအမျိုးသမီး၏မျက်နှာကို တံထွေးထွေးခဲ့ပါသည်။ ထိုအမျိုးသမီးသည် တဖက်သို့လှည့်၍ မျက်နှာသုတ်ပုဝါဖြင့် မိမိမျက်နှာကို သုတ်လိုက်၏။ ထို့နောက် ထိုလူထံပြန်လှည့်၍ ယေရှု၏ရန်သူတို့သည် ဤကဲ့သို့ယေရှုကိုပြုခဲ့ကြ၏ဟု ပြောခဲ့ပါသည်။ ထိုအခါ ထိုလူသည် စိတ်ပြောင်း၍ နောက်၌ယုံကြည်သူဖြစ်လာခဲ့၏။

ယောဟန်ပြောကြားသောသမ္မာတရားသည် ခရစ်တော်၏သတင်းကောင်းပင်ဖြစ်ပါသည်။ ကယ်တင်ခြင်းသတင်းကောင်းဖြစ်၍ အပြစ်သားတို့အတွက် ဘုရားသခင်၏ထာဝရအကြံအစည်တော်လည်းဖြစ်၏။ ယေရှုသည် ပျောက်သောအပြစ်သားတို့ကို ရှာ၍ကယ်တင်ခြင်းငှါ ကြွလာတော်မူခဲ့၏။ ထိုအပြစ်သားတို့အား ယေရှုပြုတော်မူသောအမှုကို ပြောကြားဖို့လိုပါသည်။ ကျွန်တော်တို့သည် သမ္မာတရားကိုသိသောအခါ "ဘုရားသခင့်ရှေ့တော်၌ ကိုယ်စိတ်နှလုံးကို သက်သာစေကြလိမ့်မည်" (၁ ယော ၃း၁၉)ဟု ယောဟန်ဆိုခဲ့၏။ ဤကမ္ဘာလောက၌ တွေ့ရသောဘာသာတရားတို့သည် ကောင်းသောအကျင့်ကျင့်ခြင်းငှါ သွန်သင်ကြသော်လည်း၊ အပြစ်သားအတွက် အသက်ပေးတော်မူသော ကယ်တင်ရှင်ကိုမသိကြ၊ ခမည်းတော်ဘုရားထံ သွားရာလမ်း၊ တစ်ခုတည်းသောလမ်းဖြစ်သည်ကိုမသိခဲ့ကြပါ။ သခင်ယေရှုသည် သမ္မာတရားဖြစ်၍အသက်ရှင်ခြင်းအခွင့်ပေးတော်မူသောသူဖြစ်၏။ ဤကယ်တင်ခြင်းသတင်းကောင်းကို လောကလူတို့ထံ ချစ်ခြင်းမေတ္တာနှင့် ဟောပြောခြင်းငှါ ခရစ်ယာန်တို့၌ တာဝန်ရှိပါသည်။

**ဆင်ခြင်ရန်** - စိတ်ရော ကိုယ်ပါ အမှန်ချစ်ခြင်းက အပြစ်သားကိုကယ်တင်ခြင်းသို့ ပို့ဆောင်တတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏ရန်သူကိုပင် စိတ်ရောကိုယ်ပါ အမှန်ချစ်နိုင်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၃၀)
**၁ ယော ၃း၂၀-၂၁**
ရောမ ၂း၁၁-၁၆

*"ကိုယ်ကိုကိုယ်သိသော စိတ်နှလုံးသည် သက်သေခံ သဖြင့်ငင်း၊ . . . မိမိတို့စိတ်နှလုံးထဲ၌ မှတ်သားသော တရား၏ အကျိုးကိုထင်ရှားစွာ ပြကြ၏"*

## စိတ်နှလုံးအသံနားထောင်ခြင်း

တမန်တော်ယောဟန်က ဤကျမ်းပိုဒ်ထဲတွင် အဆိုးအကောင်းသိသောစိတ်ကို "စိတ်နှလုံး" ဟု အသုံးပြုဖော်ပြခဲ့၏။ သူပြောသောအချက်သည် ရိုးရှင်းလှပါသည်။ စိတ်နှလုံးက အမှားအမှန်ကခွဲခြားလေ့ရှိပါသည်။ ယောဟန်က ဘုရားသခင်သည် အရာခပ်သိမ်းကိုသိတော်မူသောကြောင့် ကျွန်ုပ်တို့စိတ်နှလုံးထက် ပို၍ကြီးမြတ်သည်ဟု ထပ်၍ဖော်ပြခဲ့၏။ ဆိုလိုသည်မှာ အပြစ်ဆိုသည်မှာ အဘယ်နည်းဟူသောမေးခွန်းနှင့် စပ်ဆိုင်ပါသည်။ လူတို့သည် နာခံခြင်းရှိသောအခါ ဘုရားသခင် ချမှတ်ထားသောပညတ်ချက်အတိုင်း နေထိုင်ကြ၏။ ပေါလုက ဘုရားသခင်ပညတ်တော်နှင့်ဆိုင်သော အမှုတို့ကို သူတို့စိတ်နှလုံးထဲ၌ ရေးမှတ်ထား၏ဟု ဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ မောရှေ၏ ပညတ်တရားမရှိမီကပင် သူတို့၌ဘုရားသခင်၏တရားရှိနှင့်ခဲ့ပြီဖြစ်၏။ ဤအချက်ကို ရှေးယုံကြည်သူနောဧနှင့် အာဗြဟံတို့က သက်သေခံခဲ့ပါသည်။ ဘုရားသခင်ပညတ်တော်ထဲ၌ တွေ့ရသောအချို့သော တားမြစ်ချက်တို့သည် လူတိုင်းအလိုလိုသိသော၊ သဘာဝတရားနှင့်ဆိုင်သော ပညတ်ချက်ဖြစ်ပါသည်။

စိတ်နှလုံးသည် အမှားကျူးလွန်သောသူကို ရှုတ်ချတတ်ပြီး၊ မိမိပြုသောအမှားကိုလည်း သိစေ၏။ ဘုရားသခင်၌ ယုံကြည်စိတ်ချမှုရှိသောအခါ၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် အပြစ်တင်ခြင်းမပြု။ ဆုတောင်းသောအခါ၌လည်း ဘုရားသခင်အဖြေပေးတော်မူမည်။ အကြောင်းမှာ ပညတ်တော်ကို လိုက်လျှောက်၍ကိုယ်တော်နှစ်သက်တော်မူသောအရာကို ပြုသောကြောင့်ဖြစ်ပါသည်။ ဧနုတ်သည် ဘုရားသခင်စိတ်တော်နှင့်တွေ့သောသူဖြစ်၍ ကောင်းကင်ဘုံသို့တိုက်ရိုက်ခေါ်ဆောင်ခြင်း အကျိုးခံစားရ၏။ သေခြင်းကိုမကြုံတွေ့ရ၊ ယုံကြည်ခြင်းသူရဲကောင်းတို့တွင် တဦးအပါအဝင်ဖြစ်ခဲ့၏။ ဘုရားသခင်ရှေ့တော်၌ မှန်ကန်သောအရာတို့ကိုပြုခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏စိတ်နှလုံး၌လမ်းပြမစတော်မူခြင်းဖြစ်ပါလိမ့်မည်။ ဧနုတ်သည် ဘုရားသခင်မိမိကိုယ်ကို ဖော်ပြခြင်းသိပ်မရှိခဲ့သောအချိန်၌ နေထိုင်ခဲ့သောသူဖြစ်သော်လည်း၊ သူ၏အသက်တာသည် ကျော်ကြားလင်းလက်ခဲ့ပါ၏။

ဘုရားသခင်၏ကြီးမားသောချစ်ခြင်းမေတ္တာတော် သိနားလည်ခြင်းသည် ကိုယ်တော်၏ စကားကိုနာခံလျက် သန့်ရှင်းသောအသက်တာဖြင့် နေထိုင်ခြင်းငှါ နိုးဆော်တိုက်တွန်းမှုကို ကျွန်ုပ်တို့၌ ဖြစ်ပေါ်စေပါသည်။ ဤအမှု၌ စိတ်နှလုံးသည် အဓိကအရေးကြီးသောအရာဖြစ်ပါသည်။ တဖက်တွင် စိတ်နှလုံး၏မကောင်းမှုကိုလည်း ကျွန်တော်တို့သတိထားကြရပါမည်။ စိတ်နှလုံးသည် ကောက်ကျစ်စဉ်းလဲ၍ လူကိုအန္တရာယ်ထဲသို့ ပို့ဆောင်တတ်၏။ သို့သော်လည်း၊ သမ္မာတရားအတိုင်း ကျွန်တော်တို့ပြောဆိုကျင့်ကြံနေထိုင်သောအခါ စိတ်နှလုံးအသံကလည်း ကျွန်ုပ်တို့၏အပြုအမူကို အစဉ်မှန်ကန်ကြောင်း သက်သေခံပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိ၏သမ္မာတရားကို ကျွန်ုပ်တို့၏စိတ်နှလုံးအားဖြင့် မှန်ကန်ကြောင်း အတည်ပြုတော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အသံကို စိတ်နှလုံးအားဖြင့် အစဉ်နားထောင်မည် အကြောင်း မစတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၃၁)
**၁ ယော ၃း၂၂-၂၄**
မသဲ ၁၂း၅၀

*"ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့အဘ၏ အလိုတော်ကို ဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိ ဖြစ်သတည်းဟု မိန့်တော်မူ၏"*

## နာခံခြင်းနှင့်ဆုတောင်းခြင်း နားညောင်းတော်မူခြင်း

ဘုရားသခင်၏ဆုတောင်းချက်နားညောင်းတော်မူခြင်းသည် အကြောင်းတရားပေါ်၌ မူတည်၏။ ဘုရားသခင်သည်မိမိ၏ထာဝရအလိုတော်အတိုင်း အရာခပ်သိမ်းကိုပြုတော်မူ၏။ ယေရှု သွန်သင်တော်မူသော ပဌနာတော်ထဲတွင် ဘုရားသခင်၏အလိုတော်ပြည့်စုံပါစေသော်ဟု ကျွန်တော်တို့ ဆုတောင်းကြ၏။ ဘုရားသခင်၏အလိုတော်ကို ပြုသောသူတိုင်းသည် ဘုရားသခင်၏ ပညတ်တော်ကို အလိုလိုလိုက်လျှောက်၍ ဘုရားသခင်နှစ်သက်သောအမှုကို ပြုကြ၏။ ဆာလံဆရာက "ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့အော်ဟစ်သံကိုလည်း နားထောင်တော်မူ၏" (ဆာလံ ၃၄း၁၅)ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်သည် ဖြောင့်မတ်ခြင်းကျေးဇူးတော်ကို ပေးသနားတော်မူ၍၊ မိမိအားခေါ်သောသူတို့၏အသံကို နားညောင်းတော်မူ၏။

လူ့အမြင်အားဖြင့် ကြည့်လျှင်၊ ဆုတောင်းခြင်းနားညောင်းတော်မမူမှီ၊ အချို့သော အချက်လိုက်လျှောက်ဖို့ လိုအပ်ပါသည်။ သို့သော်လည်း အရာခပ်သိမ်းအမှု၌ဘုရားသခင်၏အဆုံးစွန်အာဏာတော်၏အလိုတော်ကို အမှတ်ရာကြဖို့လိုပါသည်။ ရှမွေလက ဧလိထံသို့ဘုရားသခင်ထံမှ သတင်းစကားကို ကြားပြောသောအခါ၊ ထိုသတင်းသည် နှစ်သက်စရာကောင်းသောသတင်းမဟုတ်ပါ။ သို့သော်လည်း၊ ဧလိကသူသည် ဘုရားသခင်ဖြစ်တော်မူသည်ဖြစ်သောကြောင့် အလိုတော် အတိုင်းပြုပါစေဟု တုန့်ပြန်ခဲ့ပါသည်။ ဧလိက ဘုရားသခင်၏အလိုတော်ကို ပြောင်းလဲခြင်းငှါ လုံးဝမတတ်နိုင်ကြောင်း သိခဲ့ပါသည်။

ယနေ့ ကျမ်းပိုဒ်တွင်၊ ဘုရားသခင်၏အလိုတော်ကို ဤသို့ဖော်ပြခဲ့ပါသည်- "ဘုရားသခင်၏ ပညတ်တော်ဟူမူကား၊ သားတော်ယေရှုခရစ်ကို ယုံကြည်ရမည်။ သားတော်ပညတ်တော်မူသည် အတိုင်း၊ အချင်းချင်းချစ်ရမည်"။ ဤသည်ကား ခရစ်ယာန်၏ပထမဆုံးအမှု၌ ယုံကြည်သူတို့အား လမ်းပြပို့ဆောင်ပေးသောသူသည် သန့်ရှင်းသောဝိညာဉ်တော်ပင် ဖြစ်တော်မူ၏။ ပညတ်တော်ကို ကျွန်တော်တို့လိုက်လျှောက်သောအခါ ယေရှုခရစ်တော်နှင့် မိဿဟာယဖွဲ့ခြင်းရှိ၏။ ကိုယ်တော်သည် ပေးတော်မူသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၌ကိန်းဝပ်တော်မူကြောင်း ကျွန်တော်တို့သိကြ၏ ဟု ယောဟန်ထပ်၍ဖော်ပြခဲ့ပါသည်။

ခရစ်ဝင်ကျမ်းထဲတွင် သခင်ယေရှုခရစ်တော်သည် မိမိတပည့်တော်တို့ကို ရွေးနှုတ်ခေါ်တော်မူခဲ့ကြောင်း ဖော်ပြထားပါသည်။ ယောဟန်သည် တဦးအပါအဝင်ဖြစ်ပါသည်။ သခင်ယေရှုက သူတို့အား လူကိုဖမ်းသောတံငါသည်ဖြစ်စေမည်ဟု မိန့်တော်မူသောအခါ၊ သူတို့သည် ယေရှုနောက်တော်သို့ လိုက်ခြင်းငှါ ဆက်ကပ်ခဲ့ကြ၏။ သူတို့၌ အိမ်ဟု ခေါ်ရလောက်သောနေစရာမရှိခဲ့ကြပါ။ အမှုတော်မြတ်ဆောင်ရွက်ခြင်းသည် သူတို့၏ပထမဦးစားပေးဖြစ်ပါသည်။ သူတို့သည် နာခံခြင်းရှိ၍ ဘုရားသခင်အဖြေပေးတော်မူ၏။

**ဆင်ခြင်ရန်** - နှိမ့်ချသောအသက်တာနှင့် နာခံခြင်းသည် ဘုရားသခင်ထံမှကောင်းကြီးမင်္ဂလာခံစားတတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏သန့်ရှင်းသောအလိုတော်သို့ အစဉ်ဆက်ကပ်မည် အကြောင်း မစတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၁)

**၁ ယော ၄း၁-၂**

မသဲ ၇း၁၅-၁၆

*“. . . သိုးရေကိုခြုံ၍ သင်တို့ရှိရာသို့ လာသော မိစ္ဆာပရောဖက်တို့ကို သတိနှင့်ရှောင်ကြလော့”*

---

## မိစ္ဆာပရောဖက်တို့အကြောင်းသတိပေးခြင်း

ယောဟန်သည် ယုံကြည်သူတို့အပေါ် ဘုရားသခင်၏ချစ်ခြင်းမေတ္တာအကြောင်းကို အကျယ်တဝင့်ထပ်၍ ပြောကြားခဲ့ပါသည်။ ထိုချစ်ခြင်းမေတ္တာသည် သခင်ယေရှုခရစ်တော် လူ့ဇာတိခံလာခြင်းအမှု၌ ထင်ရှားခဲ့၏။ အချင်းချင်းချစ်ခြင်းမေတ္တာထားခြင်းသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်သီးခြားခွဲ၍မရပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့၌ ကျိန်းဝပ်တော်မူသည်ဖြစ်၍ သူတို့ကယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သိကြပါသည်။ ယေရှုက ချစ်ခြင်းမေတ္တာသည် အကြီးမြတ်ဆုံးသော ပညတ်တော်ဖြစ်ကြောင်း မိန့်တော်မူခဲ့၏။

ဘုရားသခင်ကို ချစ်သောသူသည် သမ္မာတရားကိုစွဲကိုင်၏။ သို့သော်လည်း သမ္မာတရားလိုက်လျှောက်နာခံခြင်းကို တားမြစ်သောမိစ္ဆာပရောဖက်များရှိ၏။ တမန်တော်က ဤကျမ်းပိုဒ်ထဲတွင် ထိုမိစ္ဆာပရောဖက်တို့အား သတိပြုရန်သတိပေးခဲ့၏။ ဝိညာဉ်တိုင်းကိုမယုံခြင်းငှါ သတိပေးခဲ့ပါသည်။ ဘုရားသခင်ထံမှဟုတ်မဟုတ်ကို စစ်ကြောကြရပါမည်။ ဓမ္မဟောင်းခေတ်၌လည်း မှားယွင်းသောပရောဖက်များအမှန်ရှိခဲ့ပါသည်။ ခေတ်အဆက်ဆက်ရှိကြ၏။ သူတို့သည် ဘုရားသခင်ကိုဆန့်ကျင်သော စာတန်၏ကိုယ်စားလှယ်များဖြစ်ကြပါသည်။ တမန်တော်ယောဟန်ကလည်း များစွာသော မိစ္ဆာပရောဖက်များကြုံတွေ့ခဲ့ပါသည်။

တမန်တော်ဝတ္ထု ၈ ထဲတွင် ဖိလိပ္ပုသည် ရှမာရိ၌ဧဝံဂေလိတရားဟောသောအခါ များစွာသောလူတို့သည် ယုံကြည်ခဲ့ကြကြောင်း တွေ့ရပါသည်။ ယေရုရှလင်မြို့မှခေါင်းဆောင်တို့သည် ထိုအကြောင်းကိုကြားသိကြသောအခါ၊ ပေတရုနှင့်ယောဟန်ကို ရှမာရိသို့စေလွှတ်ခဲ့ကြ၏။ သူတို့ရောက်ကြသောအခါ၊ အသစ်သောယုံကြည်သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခံစားကြခြင်းငှါ ဆုတောင်းပေးခဲ့ကြပါသည်။ ရှမာရိလူတို့တွင် ရှိမုန်ဟုခေါ်သောမိစ္ဆာပရောဖက်တစ်ဦးရှိခဲ့၏။ သူသည် နတ်ဝိဇ္ဇာအတတ်တတ်သောသူဖြစ်၍၊ ရှမာရိလူတို့ကို မိန်းမောတွေဝေစေပြီး၊ မိမိကိုယ်ကို ထူးဆန်းကြီးမြတ်သောသူဟု ဖော်ပြခဲ့ပါသည်။ သူသည်ခရစ်တော်ကို ယုံကြည်၏ဟုဝန်ခံရာတွင် မိမိ၌ မှားယွင်းသောရည်ရွယ်ချက်ရှိခဲ့ပါသည်။ ထို့ကြောင့်သူသည် ငွေကိုပေး၍ သန့်ရှင်းသောဝိညာဉ်တော်ပေးဝေရသော တန်ခိုးရရှိခြင်းငှါ ကြိုးစားခဲ့ပါသည်။ ပေတရုက သူ့ငွေနှင့်အတူတကွ ပျက်စီးခြင်းသို့ရောက်ခြင်းငှါ ပြင်းထန်စွာရှုတ်ချခဲ့ပါသည်။ အကြောင်းမှာ သူသည်ဘုရားသခင်၏ ဆုကျေးဇူးကိုငွေနှင့်ဝယ်ယူနိုင်သည်ဟု ထင်ခဲ့သောကြောင့်တည်း။ ထိုအဖြစ်အပျက်ကိုအမှတ်ရလျက် တမန်တော်ယောဟန်သည် မိစ္ဆာပရောဖက်တို့ကို သတိပြုခြင်းငှါ သတိပေးခြင်းဖြစ်ပါသည်။ ဝိညာဉ်တိုင်းကို မယုံနှင့်၊ ထိုဝိညာဉ်တို့ကို စစ်ကြောခြင်းပြုပါလော့။

**ဆင်ခြင်ရန်** - ကောင်းသောအပင်သည် မိမိအသီးအားဖြင့် သိနိုင်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ မိစ္ဆာပရောဖက်တို့ကို ခွဲခြားသိမြင်နိုင်ခြင်းငှါ အကျွန်ုပ်အား ဉာဏ်ပညာပေးသနားတော်မူပါ။

**၁ ယော ၄း၃-၄**

ယောဟန် ၂၀း၂၄-၂၉ *“ငါ့ကိုမမြင်ဘဲ ယုံသောသူတို့သည်မင်္ဂလာရှိကြ၏”*

## ခရစ်တော်သည် လူ့ဇာတိအားဖြင့်ကြွလာတော်မူခဲ့၏

လူ့ဇာတိအားဖြင့် ခရစ်ကြွလာတော်မူခြင်းကို လူ့ဇာတိခံယူခြင်းဟု ခေါ်ကြပါသည်။ အခြားသောဘာသာတရား၌ လူ့ဇာတိခံယူခြင်းကို ခြားနားစွာသဘောပေါက်ခဲ့ကြ၏။ သို့သော်လည်း သမ္မာကျမ်းစာထဲ၌ အမှန်ပေါ်ပြူထားသော ဘုရားသခင်၏သားတော် လူ့ဇာတိခံယူခြင်းအမှုသည် သမိုင်းဝင်အဖြစ်အပျက်တစ်ခုဖြစ်ပါသည်။ ယောဟန်ခေတ်ကာလ၌ လူတို့သည်ယေရှုလူ့ဇာတိခံကြွလာခြင်းကို ငြင်းပယ်ခဲ့ကြ၏။ ထိုအချိန်၌ ယေရှုကိုမြင်တွေ့လျက်၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်းကို မြင်တွေ့ခဲ့ကြသောသူတို့ရှိနေခဲ့သေး၏။ သူတို့အထဲတွင် ယောဟန်လည်းပါဝင်၏။ ယေရှု၏သက်တော်စဉ်အကြောင်းအရာတို့ကို အသင်းတော်အတွက် မှတ်တမ်းတင်ရေးမှတ်ထားပါသည်။

ထို့ကြောင့် ထိုအဖြစ်အပျက်တို့ကို အခြေခံ၍တမန်တော်ယောဟန်က ဤသို့ရေးသားခဲ့ပါသည် - “ဘုရားသခင်၏ဝိညာဉ်တော်ကို အဘယ်သို့သိနိုင်သနည်းဟူမူကား၊ လူ့ဇာတိအားဖြင့် ကြွလာတော်မူသောယေရှုခရစ်ကို ဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့်စပ်ဆိုင်၏။ လူ့ဇာတိအားဖြင့် ကြွလာတော်မူသောယေရှုခရစ်ကို ဝန်မခံသောဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့်မစပ်ဆိုင်၊ ထိုသို့သောဝိညာဉ်ကား သင်တို့သည် ကြားခဲ့ပြီးသည်အတိုင်း ဤလောကသို့လာမည်ဖြစ်၍ ယခုပင်လာလျက်ရှိသော အန္တိခရစ်၏ဝိညာဉ်ဖြစ်၏” (၁ ယော ၄း၂-၃)။

ဤအချက်သည် ခရစ်ယာန်ယုံကြည်ခြင်းအခြေခံတရားဖြစ်ပြီး၊ ဆန့်ကျင်ခြင်းခံရသော၊ ငြင်းခုံခြင်းခံရသောတရားဖြစ်ပါသည်။ တမန်တော်က ဤအချက်ကိုရှင်းလင်းစွာဖော်ပြခြင်းငှါ အရေးကြီးကြောင်းသိမြင်ခဲ့၏။ ထို့နောက်တွင် အသင်းတော်က “တမန်တော်ယုံကြည်ချက်” ဟုခေါ်သောယုံကြည်ခြင်းဖွင့်ဆိုချက်ကို မှတ်တမ်းတင်ခဲ့ပါသည်။ ထိုယုံကြည်ချက်မှတ်တမ်းက ခရစ်တော်အကြောင်းနှင့် သုံးပါးတစ်ဆူထာဝရဘုရားအကြောင်းကို ရှင်းလင်းစွာဖော်ပြထားပါသည်။

ခရစ်ဝင်ကျမ်းများထဲတွင် ခရစ်တော်၏သက်တော်စဉ်၊ ယေရှုမွေးဖွားလာမည့်အကြောင်းကြေငြာခြင်းမှစ၍ ကောင်းကင်ဘုံသို့ကြွသွားတော်မူသည်အထိ မှတ်တမ်းတင်ခဲ့ပါသည်။ သေခြင်းမှရှင်ပြန်ထမြောက်ပြီးနောက် တပည့်တော်အချို့သည် ကိုယ်တော်အား သံသယဝင်သဖြင့် ယေရှုကအချိန်ယူ၍သေချာရှင်းပြခဲ့ရ၏။ ထိုအရာတို့ကို ကိုယ်တိုင်မြင်တွေ့ခဲ့သော မျက်မြင်သက်သေယောဟန်က ဤအချက်ကိုရေးသားခြင်းဖြစ်ပါသည်။ ယေရှုသည် လူ့ဇာတိခံကြွလာတော်မူသည်မှာအမှန်ဖြစ်၍မယုံကြည်သောသူတို့သည် ဘုရားသခင်နှင့်မစပ်ဆိုင်ဟု ယောဟန်ကယုံကြည်သူတို့အားပြောကြားခဲ့၏။ ထိုသို့မယုံကြည်ခြင်းစိတ်သဘောကို အသင်းတော်မိဿဟာယမှ ဖယ်ရှားရမည်အကြောင်း၊ အန္တိခရစ်၏စိတ်သဘောဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ခရစ်တော်သည် လူ့ဇာတိအားဖြင့် အမှန်ကြွလာတော်မူခဲ့၏။

**ဆင်ခြင်ရန်** - လူသားအား အပြစ်မှကယ်တင်ခြင်းငှါ ယေရှုသည်လူ့ဇာတိခံကြွလာတော်မူခဲ့၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်တော်တို့ကို ကယ်တင်ခြင်းငှါ ဤလောကသို့ကိုယ်တော်ကြွလာတော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ နိုဝင်ဘာ (၃)

**၁ ယော ၄း၃-၅**

၁ ကော ၁း၁၈-၂၁

*"ပညာရှိတို့၏ ပညာကိုငါဖျက်ဆီးမည်။ ဉာဏ်ကောင်းသောသူတို့၏ ဉာဏ်ကိုလည်း ငါပယ်မည်"*

## ခရစ်တော်သည် ဤလောကထက်သာ၍ကြီးမြတ်တော်မူ၏

ရှင်ယောဟန်ခရစ်ဝင်ကျမ်းအစ၌ ယောဟန်ကယေရှုခရစ်တော်ကို ယုံကြည်သောသူတို့ အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ပေးတော်မူကြောင်း ရေးသားခဲ့ပါသည်။ ဤသည်ကား ဘုရားသခင်၏မိသားစု၌ မွေးစားခံရခြင်းဖြစ်ပါသည်။ ထိုသမ္မာတရားကို ထပ်၍ဖော်ပြလျက်၊ ယုံကြည်သူတို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သောသူများဟု ဆိုခဲ့၏။ ခရစ်တော်သည် ဤလောကထက်သာ၍ ကြီးမြတ်တော်မူသောကြောင့် ယုံကြည်သူတို့၏ အောင်နိုင်ခြင်းပေတည်း။

အောင်မြင်ခြင်းသည် စစ်ပွဲနှင့်ဆိုင်သော အသုံးအနှုန်းဖြစ်၏။ မှန်ပါသည် ခရစ်တော်နှင့် အန္တိခရစ်အကြား၌ တိုက်ခိုက်မှုရှိပါသည်။ ယုံကြည်သူတို့သည် ဂေါလျက်နှင့်စစ်တိုက်သော ဒါဝိဒ်ကဲ့သို့ဖြစ်ကြ၏။ လူ့အနေဖြင့် ကြည့်လျှင်အောင်မြင်ခြင်းရမည်ဟု မထင်ရသော်လည်း၊ ခရစ်တော်နှင့် အတူဆိုလျှင် အောင်မြင်ခြင်းသည် အသေအချာပင်ဖြစ်ပါသည်။ ပေါလုက ခရစ်တော်၏ကားတိုင်အကြောင်း ဟောပြောခြင်းသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်၍မယုံကြည်သူတို့အတွက် မိုက်မဲမှုပင် ဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ ခရစ်တော်အကြောင်းသည် သတင်းကောင်းဖြစ်၏။ ဤသမ္မာတရား ခရစ်တော်အကြောင်းတရားကို ယုံကြည်စွဲကိုင်သောသူ၌ ခရစ်တော်တည်လျက်ရှိ၏။ ခရစ်တော်သည် ဤလောကထက်သာ၍ ကြီးမြတ်တော်မူ၏။ ခရစ်တော်၌တည်သော ယုံကြည်ခြင်းသည် ဤလောကကို အောင်နိုင်သောအောင်မြင်ခြင်းပေတည်း။

ယောဟန်က ဤလောကနှင့်စပ်ဆိုင်သောသူတို့အကြောင်းကို ဤသို့ထပ်၍ဖော်ပြခဲ့ပါသည် - "ထိုသူတို့သည် လောကနှင့်စပ်ဆိုင်သောကြောင့် လောကီအကြောင်းအရာကိုပြောတတ်ကြ၏။ လောကီသားတို့သည် သူတို့စကားကိုနားထောင်တတ်ကြ၏" (၁ ယော ၄း၅)။ ဖျက်ဆီးရာလမ်းသည် ကျယ်၍အသက်ရှင်ခြင်း လမ်းသည် ကျဉ်း၏ဟုမိန့်တော်မူသော ယေရှု၏စကားမှန်ပေ၏။ ကျယ်သောလမ်းလိုက်ခြင်းငါ မျှားမျှားသွေးဆောင်စရာမလိုပါ။ များစွာသောလူတို့သည် အပြစ်၌ကျင်လည်ကြပြီး၊ ဒုစရိုက်ပြုခြင်း၌ ပျော်မွေ့ကြ၏။ လူတိုင်းပြုနေကြသည်ဖြစ်သောကြောင့် အဆင်ပြေပါတယ်ဟူသော ခံယူချက် သူတို့၌ ရှိပါသည်။ များစွာသောအသင်းတော်ခေါင်းဆောင်များသည် ဟန်ဆောင်ခြင်းအသက်တာနှင့် ရှင်သန် နေထိုင်ကြ၏။ မိမိကိုယ်ကိုခေါင်းဆောင်တင်မြှောက်သော၊ မာနထောင်လွှားသောပရောဖက်များဖြစ်ကြ၏။ ငွေနှင့်ဂုဏ်ကို တပ်မက်ကြကြောင်း မဖုံးကွယ်ဘဲပေါ်လွင်စေကြ၏။ ဤလောကနည်းလမ်းကို လိုက်ခဲ့ ကြပြီး၊ ဤလောကီလူတို့က သူတို့စကားကို ကြားသိကြ၏။ သို့သော်လည်း၊ ခရစ်တော်သည်ပို၍ ကြီးမြတ်တော်မူသည်ဖြစ်၍၊ စစ်မှန်သော ယုံကြည်သူတို့သည် ခရစ်တော်နောက်တော်ကို လိုက်ကြရ မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယေရှုသည် ကျွန်ုပ်တို့ခိုလှုံရာ ကျောက်ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျယ်သောလမ်းသို့ လျှောက်မသွားမည်အကြောင်း အကျွန်ုပ်အား သစ္စာရှိသောသူအဖြစ် စောင့်ရှောက်တော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၄)
**၁ ယော ၄း၆-၁၁**
ရောမ ၁း၁၉-၂၃

*"သိအပ်သောဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင်ထင်ရှားလျက် ရှိ၏။ ဘုရားသခင်သည် သူတို့အား ပြတော်မူ၏"*

# သမ္မာဝိညာဉ် (၁)

ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်သောသူသည် ဤလောကကိုအောင်နိုင်၏။ ယောဟန်က ဘုရားသခင်ကိုချစ်သောသူအကြောင်း ဤသို့ဖော်ပြခဲ့၏။ "ငါတို့မူကား ဘုရားသခင်နှင့် စပ်ဆိုင်ကြ၏။ ဘုရားသခင့်ကိုသိသောသူသည် ငါတို့စကားကိုနားထောင်တတ်၏။ ဘုရားသခင်နှင့် မစပ်ဆိုင်သောသူသည် ငါတို့စကားကို နားမထောင်တတ်။ ထိုအရာကိုငါတို့သည် ထောက်၍ သမ္မာဝိညာဉ်ကိုရင်း၊ မိစ္ဆာဝိညာဉ်ကိုရင်း သိရကြ၏" (၁ ယော ၄း၆)။ ဤအချက်သည် ယုံကြည်သူတို့၏မျှော်လင့်ချက်ပင်ဖြစ်ပါသည်။ သတင်းကောင်းတရားကို ကလေးငယ်များထံ သွန်သင်သောအခါ သူတို့နားလည်နိုင်အောင် ရိုးရှင်း စွာဟောပြောရပါမည်။ သို့သော်လည်း ဤဖော်ပြသွန်သင်ချက်တို့သည် လူကြီးအတွက်လည်း အကျုံးဝင်ပါ၏။ ဘုရားသခင်၏သမ္မာတရားကို သံသယဝင်သောသူ၊ လူတို့၏စိတ်နှလုံးကသာ ထိုသွန်သင်ချက်တို့ကို ရှုပ်ထွေးစေတတ်၏။

ဘုရားသခင်၏စိတ်တော်နှင့် ထိတွေ့ခြင်းအလို့ငှါ သမ္မာတရားလမ်းကိုသာ လိုက်လျှောက်ကြရပါမည်။ အချင်းချင်းချစ်ခြင်းအရင်၌ ဘုရားသခင်ချစ်ခြင်းရှိရပါမည်။ ယောဟန်က သူတစ်ပါးကို ချစ်သောသူသည် ဘုရားသခင်ဘွားမြင်စေတော်မူသောသူဖြစ်ကြောင်း ဆိုခဲ့ပါသည်။ လူသည် သဘာဝတရားအားဖြင့် ဘုရားသခင်ကိုသိနိုင်ပါသည်။ သို့သော်လည်း၊ အပြစ်တရား၏အသိဉာဏ်ကွယ်စေခြင်းကြောင့် ဘုရားသခင်ကိုဘုရားသခင်ကဲ့သို့ ရိုသေကိုးကွယ်ခြင်းမပြုကြပါ။ ဤအကြောင်းကို ပေါလုက ရောမ ၁း၂၁ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည် - "အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုသိလျက်ပင် ဘုရားသခင်ကိုချီးမွမ်းသင့်သည်အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်း မသိမမှတ်၊ အချည်းနှီးတွေးဆခြင်း၊ သတိမရှိသောစိတ်နှလုံးမိုက်မဲခြင်းသို့ ရောက်ကြ၏"။ ဤနေရာ၌ အမှန်တရားနှင့်ဆိုင်သော ဝိညာဉ်သည်မှားယွင်းသောဝိညာဉ်၏ အောင်နိုင်ခြင်းကို ခံခဲ့ရ၏။ သို့သော်လည်း၊ ကျွန်တော်တို့သည် သမ္မာတရားကိုကြိုးစားရှာဖွေကြရပါမည်။

ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် မိမိ၏တစ်ပါးတည်းသော သားတော်ဤလောကသို့ စေလွှတ်တော်မူခြင်း၌ ထင်ရှားလျက်ရှိ၏။ ဤသို့ဖြင့် ယုံကြည်သူတို့သည် ထိုသားတော်အားဖြင့် အသက်ရှင်ကြရန်ဖြစ်ပါသည်။ ဤတရားကို လောကီလူတို့သည်မသိကြ၊ အကြောင်းမှာ သားတော်သည် လူ့ဇာတိအားဖြင့် ကြွလာတော်မူခဲ့သည်ကို မယုံကြည်ခဲ့ကြပါ။ သမ္မာတရားဟူမူကား၊ ယေရှုသည် လူ့ဇာတိခံကြွလာတော်မူခဲ့ပြီး၊ အပြစ်ဖြေရာယဇ်ကိုပူဇော်ခဲ့ပါသည်။ မောရှေ၏ပညတ်ထဲတွင် အပြစ်ဖြေရာယဇ်အတွက် ပူဇော်ခြင်းအမျိုးမျိုးပြုကြရသည်ကို ဖော်ပြခဲ့ပါသည်။ ယဇ်ပုရောဟိတ်အကြီးလည်း မိမိအတွက်အရင်ပူဇော်ခြင်းပြုပြီးမှသာ၊ လူထုပရိသတ်အတွက် ပြုရ၏။ ဤပူဇော်ခြင်းအမျိုးမျိုးတို့သည် ယေရှုလူ့ဇာတိခံခြင်းအားဖြင့် ပြည့်စုံခြင်းသို့ရောက်ခဲ့ကြပြီဖြစ်ပါသည်။ သမ္မာတရားနှင့်ဆိုင်သော ဝိညာဉ်သည်ကိုယ်တော်၌ တည်နေလျက်ရှိ၏။

**ဆင်ခြင်ရန်** - သမ္မာတရားနှင့်ဆိုင်သော ဝိညာဉ်တော်သည်အပြစ်သားတို့ကို ကယ်တင်ခြင်းသို့ ပို့ဆောင်တော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ဝိညာဉ်ကို ကယ်တင်တော်မူသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

အင်္ဂါ၊ နိုဝင်ဘာ (၅)
**၁ ယော ၄း၆-၁၁**
ရောမ ၁၆း၂၄-၂၇

*“ငါဟောသော ဧဝံဂေလိတရားတည်းဟူသော ယေရှုခရစ်၏ အကြောင်းကိုဟောပြောခြင်းအားဖြင့်၊ သင်တို့ကို မြဲမြံခိုင်ခံ့ စေခြင်းငှါ တတ်နိုင်တော်မူသောအရှင်”*

# သမ္မာဝိညာဉ် (၂)

တမန်တော်ယောဟန်သည် အကြောင်းအရာတစ်ခုကို အကြိမ်ကြိမ်ဖော်ပြခြင်းကြောင့် မိမိပြောစကားထပ်လေ့ရှိပါသည်။ ထိုသို့ သမ္မာတရားထပ်ခါတလဲလဲ ဖော်ပြခြင်းသည် ခြားနာသူတို့ စိတ်ထဲ၌ စွဲတင်ကျန်စေရန် ကူညီပေးသောလိုအပ်သောအချက်ဖြစ်ပါသည်။ ယောဟန်နှင့်ပေါလုတို့သည် ခြားနားခြင်းရှိကြ၏။ ပေါလုသည် ငြင်းခုံခြင်းပုံစံဖြင့် သမ္မာတရားဖော်ပြလေ့ရှိပြီး၊ ယောဟန်ကမူ ရိုးရှင်းစွာဖော်ပြတတ်၏။ ယေရှုကြွလာတော်မူခြင်းသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာပေါ်လွင်ထင်ရှားခြင်းဖြစ်ကြောင်း ဖော်ပြခဲ့၏။ ခရစ်ယာန်မိသားဟာယဖွဲ့ခြင်းတည်တံ့ခြင်းငှါ ဘုရားသခင်ကို ချစ်ရမည်အကြောင်းနှင့် အချင်းချင်းချစ်ရမည်အကြောင်း ဖော်ပြခဲ့၏။

ဘုရားသခင်ချစ်သည်နည်းတူ အချင်းချင်းချစ်ရမည်အကြောင်း တိုက်တွန်းသောအခါ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို အခြေခံဖော်ပြခဲ့ပါသည်။ ဤသို့ဖြင့် ယုံကြည်သူသည် ဘုရားသခင်နှင့် ပို၍နီးကပ်စွာလျှောက်လှမ်းနိုင်ရန် ဖြစ်ပါသည်။ ဤအချက်က ပညတ်တော်ဆယ်ပါးရေးထားသော ကျောက်ပြားနှစ်ပြားကို အမှတ်ရစေပါ၏။ ထိုကျောက်ပြားပေါ်တွင် ဘုရားသခင်ချစ်ရမည်အကြောင်း၊ အချင်းချင်းချစ်ရမည်အကြောင်း ဖော်ပြခဲ့ပါသည်။ ထိုသို့ပြုလျှင် ဘုရားသခင်နှင့်ငင်း၊ လူတို့နှင့်ငင်း ငြိမ်သက်ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်၏။

ဤပညတ်တရားသည် သမ္မာတရားဖြစ်သောကြောင့် လိုက်လျှောက်ရမည်ဖြစ်၏။ ယုံကြည်သူတို့သည် ယောဟန်မိန့်မှုချက်အတိုင်း နေထိုင်ပြုမူခြင်းငှါ ကြိုးစားကြရပါမည်။ “ကျွန်ုပ်တို့ စိတ်နှလုံးကို ခရစ်ယာန်ချစ်ခြင်းမေတ္တာတရား၌ ချည်နှောင်သောချစ်ခြင်းမေတ္တာကြိုးသည် မြတ်လှပါ၏” ဟူသောသီချင်းကို ကျွန်တော်တို့နှစ်သက်ခဲ့ကြပါသည်။ ဤသီချင်းကို စပ်ဆိုသော (John Fawcett) ပုဂ္ဂိုလ်သည် သင်းအုပ်ဆရာဖြစ်၍ အခြားအသင်းတော်တစ်ပါးသို့ ပို၍များသော ထောက်ပံ့ကြေးနှင့်တကွ ပြောင်းရွှေ့ရန်ဖြစ်လာ၏။ ထိုအခါ အသင်းတော်ကနှုတ်ဆက်ပွဲပြုလုပ်ပေးခဲ့ကြ၏။ သို့သော်လည်း၊ ထိုနှုတ်ဆက်ပွဲသည် ကြိုဆိုပွဲသို့ပြောင်းလဲခဲ့ပါသည်။ ထိုသင်းအုပ်ဆရာသည် ငွေကြေးထက် မိမိအပေါ်ပြသသော အသင်းတော်၏ချစ်ခြင်းမေတ္တာကို ပို၍တန်ဖိုးထားခဲ့၏။ မပြောင်းတော့ဘဲ မိမိအသင်းတော်၌ ဆက်၍အမှုထမ်းခဲ့ပါသည်။ ဘုရားသခင်၏သမ္မာတရားသည် သူတို့ကိုချည်နှောင်သောချစ်ခြင်းမေတ္တာကြိုးဖြစ်ကြောင်း သိရှိခြင်းဖြင့် ဤစာသားကို သီကုံးခြင်းဖြစ်ပါသည်။

ဤလောက၌ ချစ်ခြင်းမေတ္တာစိတ်သဘောကင်းမဲ့လျက်ရှိ၏။ လူတို့သည် မိမိတို့၏အသက်မွေးဝမ်းကျောင်းအတွက် ပြေးလွှားရုန်းကန်နေကြ၏။ များစွာသောလူတို့သည် ကျယ်သောလမ်းသို့ လိုက်သွားကြ၏။ ဘုရားသခင်၏ သမ္မာတရားနှင့်ချစ်ခြင်းမေတ္တာသိရှိဖို့ လိုအပ်နေကြပါသည်။

**ဆင်ခြင်ရန်** - “မိသားဟာယဖွဲ့ခြင်း၌ မိသားစုချစ်ခြင်းမေတ္တာလိုအပ်ပါ၏”။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အား သူတစ်ပါးအပေါ် ချစ်ခြင်းကောင်းကြီးမင်္ဂလာ ယူဆောင်ပေးသောသူ ဖြစ်စေတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၆)
**၁ ယော ၄း၁၂-၁၅**
ယောဟန် ၁၆း၇-၁၅

*"ငါမသွားလျှင် ဥပဒ္ဓျာယ်ဆရာသည် သင်တို့ဆီသို့ မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီသို့ ငါစေလွှတ်မည်"*

## သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့၌ကျိန်းဝပ်တော်မူ၏

အချင်းချင်းချစ်ခြင်းမေတ္တာရှိသောအရပ်၌ ဘုရားသခင်ကျိန်းဝပ်တော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် သုံးပါးတစ်ဆူဘုရားတွင် တတိယပုဂ္ဂိုလ်ဖြစ်၍ ဘုရားဖြစ်တော်မူ၏။ ယေရှုက ကောင်းကင်သို့ကြွတော်မမူမီ မိမိတပည့်တော်တို့အား ငြိမ်သက်ခြင်းမဲ့ ပစ်မထားမည်အကြောင်း၊ သူတို့ထံ သန့်ရှင်းသောဝိညာဉ်တော်စေလွှတ်တော်မူမည်အကြောင်း ဂတိတော်ထားခဲ့ပါသည်။ ပင်တေကုတ္တေနေ့သည် သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူခြင်း အထိမ်းအမှတ်ဖြစ်ခဲ့ပါ၏။ ထိုအချိန်မှစ၍ သူသည်အသင်းတော်၌ တည်နေခဲ့ပါသည်။ ယုံကြည်သူတို့ကို လမ်းပြပို့ဆောင်တော်မူပြီး၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို မိမိအတူပါရှိတော်မူခြင်းအားဖြင့် စုံလင်စေတော်မူ၏။

တမန်တော်ယောဟန်က သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းအကြောင်းကို ၁ ယော ၄း၁၃ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည် - " ဘုရားသခင်သည်ဝိညာဉ်တော်၏ ကျေးဇူးကို ငါတို့အားပေးတော်မူသောကြောင့် ငါတို့သည် ဘုရားသခင်၌တည်သည်ကိုရင်း၊ ဘုရားသခင်သည် ငါတို့၌တည်တော်မူသည်ကိုရင်း သိရကြ၏"။ ဘုရားသခင်၏ ဆုကျေးဇူး တို့သည် ကျေးဇူးတော်ဆုကျေးဖူးများဖြစ်ကြ၏။ ဤဆုကျေးဇူးတို့အတွက် ဘုရားသခင်ထံ ကျွန်တော် တို့အဘယ်ကျေးဇူးမျှ မပေးဆပ်နိုင်ကြပါ။ အခြားကျေးဇူးတော်ဆုကျေးဇူးများကဲ့သို့ပင်၊ သန့်ရှင်းသော ဝိညာဉ်တော်ဆုကျေးဇူးသည် ကျေးဇူးတော်အားဖြင့်ဖြစ်ပါသည်။ ယုံကြည်သူတိုင်း ကယ်တင်ခြင်းခံရ ကြကြောင်း သက်သေခံနိုင်ကြသော်လည်း မည်သို့ယုံကြည်ခြင်းရှိလာသည်ကို အသေးစိတ်မရှင်းပြ နိုင်ကြပါ။ အချို့သည် တားမြစ်ခြင်းခံရကြသော်လည်း၊ အချိန်တန်သောအခါ ဘုရားသခင်ထံ ရောက်ရှိလာကြပါသည်။ လူ၏ကြိုးစားအားထုတ်မှုက ဘုရားသခင်၏အဆုံးစွန်အလိုတော်ကို မဆီး တားနိုင်ပါ။ ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သောသူတို့သည် သန့်ရှင်းသောဝိညာဉ်အကြောင်း မှားယွင်းစွာ ဖော်ပြတတ်ကြ၏။ အချို့သည် သူတစ်ပါးထံ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုး လွှဲပေးနိုင်သည်ဟုပင် ယုံကြည်ကြ၏။

ယုံကြည်သူတို့သည် ကယ်တင်ခြင်းခံရသောအချိန်မှစ၍ သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်တော်မူခြင်းကို ခံရကြ၏။ ထိုသို့ဖြင့် ယုံကြည်သူတို့သည် ပေးအပ်ထားသောတမန်ဝတ္တရားတို့ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်းငှါ၊ ကြိုးစားအားထုတ်ကြခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်က ခွန်အားပေးတော်မူ၏။ ကယ်တင်ခြင်းသည် ယေရှုခရစ်တော်အား ကယ်တင်ရှင်အဖြစ် သိနားလည်ခြင်းမှ စတင်ခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က သူတို့စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းကိုဖြစ်ပွားစေတော်မူ၏။ ထိုအခါ အပြစ်ဝန်ခံနောင်တရခြင်းနှင့် ကယ်တင်ခြင်းအမှုအလုံးစုံဖြစ်ပွားခဲ့ပါသည်။ ဘုရားသခင်သည် ခရစ်တော်ထံလာကြခြင်းငှါ အပြစ်သားတို့၏စိတ်နှလုံးတို့ထိခြင်းအမှုအတွက် နည်းလမ်းအမျိုးမျိုးအသုံးပြုသော်လည်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် အဓိကပုဂ္ဂိုလ်ကိုယ်စားလှယ်ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - နှိမ့်သိမ့်သောသူ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကောင်းကင်ဘုံမှ ဆင်းသက်တော်မူခဲ့ပြီဖြစ်၏။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော်၏အဆုံးစွန်အာဏာတော်၏ အလိုတော်သို့ ကျွန်တော်အစဉ်ဆက်ကပ်လိုပါ၏။

ကြာသပတေး၊ နိုဝင်ဘာ (၇)
**၁ ယော ၄း၁၆-၁၈**
**ယာကုပ် ၂း၂၂-၂၄**

*"အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏"*

## ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ထဲ၌ အသက်ရှင်ခြင်း

ဘုရားသခင်၏သားတော်ယုံကြည်ခြင်းဖြင့် ရရှိသောမိဿဟာယဖွဲ့ခြင်းအကြောင်းကို ၁ယော ၄း၁၆ ထဲတွင် ကောင်းစွာဖော်ပြခဲ့ပါသည် - "ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူခြင်းမေတ္တာတော်ကို ငါတို့သည်သိ၍ ယုံကြည်ကြ၏။ ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည်ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏'။ အခြားတမန်တော်တို့ကလည်း ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ထိုနည်းတူဖော်ပြခဲ့ကြပါသည်။ ပေါလုက ဘုရားသခင် သည် မိမိ၏ချစ်ခြင်းမေတ္တာကိုပြတော်မူခဲ့ပြီး၊ ကျွန်တော်တို့သည် အပြစ်ရှိစဉ်ကပင် ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံတော်မူခဲ့၏ဟု ဆိုခဲ့ပါသည် (ရောမ ၅း၈)။ ယောဟန်က ကျွန်တော်တို့ သည် ယုံကြည်သောအချိန်၌ ဘုရားသခင်၏မိသားစုဝင်ဖြစ်လာကြကြောင်း ဖော်ပြခဲ့ပါသည်။

ယုံကြည်သူသည် ဖြောင့်မတ်စေခြင်းကို ခံရသောအခါ ဘုရားသခင်သားသမီးဖြစ်ရသောအခွင့်ကို ရရှိခဲ့ကြ၏။ ဤအမှု၌ ချစ်ခြင်းမေတ္တာသည် စုံလင်ခြင်းရှိကြောင်း ဤကျမ်းပိုဒ်၌ ဖော်ပြထားပါသည်။ ထို့ကြောင့် ယုံကြည်သူသည် တရားစီရင်ရာနေ့၌ ရဲရင့်ရသောအခွင့်ရှိကြ၏။ ထိုနေ့တွင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို စုံလင်စွာနားလည်သဘောပေါက်ကြလိမ့်မည်။ ထိုသို့ဘုရားသခင်၏ဖြောင့်မတ်စေတော်မူခြင်းကို ကျွန်တော်တို့သိသဖြင့် ယုံကြည်စိတ်ချမှုရှိ၍ မျှော်လင့်ခြင်းနှင့် အသက်ရှင်ရကြ၏။ တမန်တော်ယောဟန်ဆိုသည့်အတိုင်း၊ ကိုယ်တော်နည်းတူ နေထိုင်ပြုမူခြင်းငါ့ပြုပြင်ခြင်းကိုကျွန်တော်တို့ခံရကြ၏ - "ငါတို့သည် ကိုယ်တော်၏နည်းတူ ဤလောက၌ဖြစ်ကြ၏" (၁ ယော ၄း၁၇)။ ပေါ်ပေါက်လာသော ဆက်နွယ်မှုသည် မိတ်ဆွေချင်းကဲ့သို့သော မိဿဟာယဖွဲ့ခြင်းဖြစ်ပါသည်။ အသင်းတော်၌ ပေါင်းဖော်ခြင်းစိတ်သဘောကို တည်ထောင်လျက်၊ ထိုစိတ်သဘောထားသည် ကာလအစဉ်တည်နေမည်ဖြစ်၏။ လိုအပ်မှုကြောင့် မဖြစ်မနေခွဲခွာရသောအချိန်ရောက်ရှိလာတတ်၏။ ထိုသို့အနေဝေးခဲ့ကြသော်လည်း၊ ရင်းနှီးခြင်းစိတ်သဘောသည် တည်နေလျက်ရှိပါသည်။ ပြန်လည်တွေ့ဆုံရသောအခွင့်ရှိသောအခါ အချင်းချင်းမိဿဟာယဖွဲ့၍ ပျော်ရွှင်စွာအကျိုးအကြောင်း ဆွေးနွေးပြောဆိုတတ်ကြ၏။ သို့သော်လည်း၊ ကိုယ်တော်၌ ခွဲခွာခြင်းအကြောက်တရားမရှိပါ။ ဤသို့နိဂုံးချုပ်ခဲ့ပါသည် - "ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့်မပေါင်းနိုင်ရာ။ သံဝေဂသည် ပူပန်ခြင်းဝေဒနာကို ဖြစ်စေသောကြောင့် စုံလင်သောမေတ္တာသည် သံဝေဂကိုပယ်ရှားတတ်၏။ သံဝေဂရှိသောသူသည် မေတ္တာနှင့်မပြည့်စုံသေး" (၁ ယော ၄း၁၈)။ ဤသည်ကား အံ့ဖွယ်ယုံ ကြည်စိတ်ချမှုပေတည်း။

**ဆင်ခြင်ရန်** - အာဗြဟံသည် ဘုရားသခင်စကားကို နာခံသောကြောင့် ဘုရားသခင်၏အဆွေတော်ဟု ခေါ်ခြင်းခံရ၏။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော်၏နက်နဲလှသော ချစ်ခြင်းမေတ္တာအကြောင်းကို သွန်သင်ပေးတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၈)

**၁ ယော ၄း၁၉-၂၀**

၂ ပေ ၂း၂၀-၂၂

*"ကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်းအားဖြင့်၊ လောကီညစ်ညူးခြင်းနှင့် ကင်းလွတ်ပြီးမှ. . ."*

## ဘုရားသခင်ချစ်ခြင်းက လုံခြုံစိတ်ချမှုကိုဖြစ်စေ၏

ဘုရားသခင်သည် ရှေးဦးစွာ ကျွန်ုပ်တို့ကိုချစ်တော်မူသောကြောင့် ကျွန်တော်တို့သည် ဘုရားသခင်ကိုချစ်ကြ၏။ ဘုရားသခင်ကိုချစ်ကြောင်း ပြသသောစုံလင်သော နာခံခြင်းရှိသောအခါ ယုံကြည်သူသည် စီရင်ခြင်းကို ပြစ်ဒဏ်ပေးခြင်းမဟုတ်ဘဲ ဆုချီးမြှင့်ခြင်းဟု စိတ်ချယုံကြည်ခြင်းရှိလိမ့်မည်။ ဘုရားသခင်ကို ကျွန်တော်တို့ချစ်ခြင်းမှာ ဘုရားသခင်က ကျွန်ုပ်တို့ကို အရင်ချစ်တော်မူသောကြောင့် ဖြစ်ဒ။ ယောဟန်သည် ယေရှု၏ကနဦးတပည့်တော်တို့တွင် တစ်ဦးဖြစ်သောကြောင့် ထိုချစ်ခြင်းမေတ္တာကို ဦးစွာလက်တွေ့ကြုံတွေ့သောသူဖြစ်ပါသည်။ မိမိကိုယ်ကို ယေရှုချစ်တော်မူသောသူဟုခေါ်ခဲ့၏။ သခင်ယေရှုနှင့်အတူ သွားလာနေထိုင်ခဲ့သောအချိန် တစ်မိနစ်လေးတောင်မှ သူနောင်တမရခဲ့ပါ။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ဦးစွာလက်တွေ့ခံစားခဲ့သောသူဖြစ်၏။

ခရစ်တော်၏တပည့်တော်တို့သည် ပညာတတ်မဖြစ်ကြသောကြောင့် ယုဒခေါင်းဆောင်များက အထင်သေးခဲ့ကြ၏။ သို့သော်လည်း၊ သူတို့စကားပြောသောအခါ ယုဒခေါင်းဆောင်တို့သည် အံ့သြ၍ ယေရှုနှင့်အတူ နေခဲ့ကြကြောင်း သတိပြုခဲ့ကြ၏။ သူတို့သည် နှိမ့်ချသောစိတ်သဘောရှိသောသူဖြစ်သောကြောင့် ယုဒအဖွဲ့အစည်း၌ အမြင့်ဆုံးသောနေရာတွင် ချီးမြှောက်ခြင်းခံခဲ့ရကြ၏။ သူတို့ကြုံတွေ့ရသော ညှင်းပန်းနှိပ်စက်ခြင်းက သူတို့ကိုချီးမြှောက်ကျော်ကြားလာခဲ့ပါသည်။ သူတို့၏လက်တော်ဖြင့် ဘုရားသခင်က ကြီးသောအမှုကိုပြုတော်မူ၏။ ဤအမှုအလုံးစုံတို့ကို ဘုရားသခင်၏ကျေးဇူးတော်ဆုကျေးဇူးဟု ယောဟန်မြင်တွေ့ခဲ့ပြီး၊ ဘုရားသခင်က ကျွန်ုပ်တို့ကို ဦးစွာချစ်တော်မူသောကြောင့် ဖြစ်သည်ဟုဆိုခဲ့ပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့် ညီအစ်ကိုချစ်ခြင်း၏ဆက်နွယ်မှုကိုလည်း ကောင်းကောင်းသိမြင်ခဲ့ပါသည်။ ယောဟန်က "တစုံတယောက်သောသူကငါသည် ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင်မိမိညီအစ်ကိုကို မုန်းလျှင် ထိုသူသည်မုသာကိုသုံးသောသူဖြစ်၏။ မိမိမြင်ရသော မိမိညီအစ်ကိုကိုမချစ်လျှင် မမြင်သေးသောဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း" (၁ ယော ၄း၂၀)။ ဤသည်ကား မှန်ကန်သောမှတ်ချက်ဖြစ်ပါ၏။ ခရစ်ယာန်အဖွဲ့အစည်းသည် မည်သို့ဖြစ်ရမည်အကြောင်း ဖော်ပြ သောရုပ်ပုံကားချပ်လည်းဖြစ်၏။

ဘုရားသခင်ကိုချစ်သောချစ်ခြင်းသည် ဘုရားသခင်၏သားသမီးတို့စိတ်နှလုံးထဲ၌ ကြီးထွားခြင်းရှိရပါမည်။ ဘုရားသခင်နှင့်ဆိုင်သောအရာကို အလေးပေး၍အဓိကထားဖို့ လိုအပ်ပါသည်။ အချင်းချင်းချစ်ခြင်းသည်လည်း ကောင်းမွန်သောသက်သေခံချက်ဖြစ်ပါသည်။ ဘုရားသခင်၏ပညတ်တရားများကို ကျွန်တော်တို့နာခံလိုက်လျှောက်ခြင်းရှိသောအခါ ရဲရင့်ခြင်းအမှန်ရှိပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကိုချစ်သောချစ်ခြင်းသည် အမြင့်ဆုံးနေရာ၌ အစဉ်ရှိနေရပါမည်။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော်ချစ်ခြင်းမေတ္တာသည် အကျွန်ုပ်အသက်တာ၏ သင်္ကေတလက္ခဏာဖြစ်ပါစေသော်။

စနေ၊ နိုဝင်ဘာ (၉)

**၁ ယော ၄း၂၁**

၁ ကော ၁၃း၃-၈

*“မတရားသောအမှု၌ ဝမ်းမြောက်ခြင်း မရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏”*

## ချစ်ခြင်းမေတ္တာသည် ခရစ်တော်ကျင့်သကဲ့သို့ကျင့်တတ်၏

တမန်တော်က ၁ ယော ၄း၂၁ (“ဘုရားသခင်ကိုချစ်သောသူသည် မိမိညီအစ်ကိုကိုချစ်ရမည်. . . ”)၌ တွေ့ရသော ပညတ်တော်သည် သခင်ယေရှုထံမှလာသော ပညတ်ဖြစ်ကြောင်း ပြန်၍ ဖော်ပြခဲ့၏။ ဤပညတ်ချက်ကို သခင်ယေရှုထံမှ သူတို့ရရှိခြင်းဖြစ်ကြောင်း ဆိုခဲ့၏။ သခင်ယေရှုသည် ဤစကြဝဠာတစ်ခုလုံး၏ အရှင်ဘုရင်ဖြစ်သောကြောင့် သူ၏ပညတ်ချက်မှန်သမျှသည် ဤလောက ရှင်ဘုရင်တို့၏ဥပဒေထက်သာလွန်ကြီးမြတ်ခြင်းရှိ၏။ ယောဟန်ရည်ညွှန်းသော ပညတ်ချက်ဟူမူ ကား “သင်တို့သည် အချင်းချင်း တယောက်ကိုတယောက်ချစ်ကြလော့။ ငါသည်သင်တို့ကို ချစ်သည် နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏” (ယောဟန် ၁၃း၃၄) ဟူသောအချက်ဖြစ်၏။ ဤပညတ်စကားကို ယေရှုမိန့်တော်မူခဲ့စဉ် ယောဟန်ကြားသိခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤအချက်ကိုယောဟန်က အထူးဖော်ပြခြင်းဖြစ်၏။

ဤပညတ်ချက်ပေးရခြင်းအကြောင်းကို သခင်ယေရှုကဤသို့ဖော်ပြခဲ့၏ - “သင်တို့သည် အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏” (ယောဟန် ၁၃း၃၅)။ ခရစ်တော်၏စစ်မှန်သောတပည့်ဖြစ်ခြင်းလက္ခဏာတစ်ခုမှာ အချင်းချင်း ချစ်ခြင်းမေတ္တာထားခြင်း ဖြစ်ပါသည်။ ဤအချက်ကို လောကီလူတို့ထံပြသကြရပါမည်။ တမန်တော် ဝတ္ထုအစပိုင်းတွင် တပည့်တော်တို့သည် လိုအပ်သောညီအစ်ကိုတို့အား ပေးကမ်းခြင်းဖြင့် မိမိတို့၏ ချစ်ခြင်းမေတ္တာကိုပြခဲ့ကြ၏။ ဤအမှုအတွက် အသင်းတော်၌ သင်းထောက်များပေါ်ပေါက်လာခြင်း ဖြစ်၏။ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ထံကျွန်တော်တို့ ပေးကပ်နိုင်သော အကြီးမြတ်ဆုံးသော အရာ ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်တော်တို့ပြုသမျှသောအရာသည် ဤချစ်ခြင်းမေတ္တာအားဖြင့် ပြုရမည်ဖြစ်သောကြောင့်တည်း။

ဘုရားသခင်ကိုချစ်သောသူသည် မိမိညီအစ်ကိုကိုလည်း ချစ်ရမည်ဖြစ်ကြောင်းသတိပြုကြရပါမည်။ လူ့အနေဖြင့်ကြည့်ရမည်ဆိုလျှင်၊ လူသည်မိမိခံရသည်အတိုင်း ပြန်၍တုန့်ပြန်တတ်ကြ၏။ ဂေသရှေမန်ဥယျာဉ်၌ ယေရှုအဖမ်းခံရစဉ် အတူရှိနေသောတမန်တော်တို့သည် လာဖမ်းသော အရာရှိတို့အား တိုက်ခိုက်ခြင်းငါအသင့်ရှိခဲ့ကြ၏။ ပေတရုသည် ယဇ်ပုရောဟိတ်အကြီး၏ ကျွန်တစ်ဦး၏နားရွက်ကို ခုတ်ဖြတ်ခဲ့ပါသည်။ ယေရှုက သူတို့ကိုဆီးတားလျက်၊ ကျွန်၏နားရွက်ကို ပြန်၍အနာငြိမ်းစေခဲ့၏။ ရန်သူကိုချစ်ရမည်ဟူသောအချက်ကို ဤအချက်၌တွေ့ရပါသည်။ ချစ်ခြင်းမေတ္တာသည် ခရစ်တော်ကျင့်သည်နည်းတူ ကျင့်တတ်၏။ ခရစ်ယာန်ချစ်ခြင်းသည် အကြောင်းတရားပေါ်၌ မတည်သော၊ တဖက်သတ်ချစ်ခြင်းဖြစ်ပါ၏။ ဤသည်ကား လောကီလူတို့ထံ ပြသရမည့် ကျွန်ုပ်တို့၏သက်သေခံချက်ဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - “ဘယ်အရာမှ မစခြင်းမပေးနိုင်စဉ်၊ ချစ်ခြင်းမေတ္တာက အကျွန်ုပ်ကိုဖေးမကူညီခဲ့ပါသည်”။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို ကျွန်တော်လက်တွေ့ပြသနိုင်မည်အကြောင်း သွန်သင်တော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁၀)
**၁ ယော ၅း၁-၂**
မသဲ ၁၆း၁၃-၁၆

*“ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင် တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူ၏”*

## ယေရှုခရစ်တော်၌တည်သောယုံကြည်ခြင်း

ဤဩဝါဒစာစောင်ထဲ၌ ယေရှုခရစ်တော်အကြောင်းနှင့်ဆိုင်သော ယုံကြည်ချက်ဖွင့်ဆိုခြင်း အကြိမ်ကြိမ်တွေ့ရပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းထဲ၌လည်း ထိုသို့ပင်တွေ့ရ၏။ ဓမ္မဟောင်းထဲတွင် ပုံဆောင်ချက်အမျိုးမျိုးဖြင့် ယေရှုကိုတွေ့ရပါသည်။ သို့သော်လည်း၊ အဓိကလိုအပ်ချက်ဟူမူကား “ယုံကြည်ခြင်း” ပင်ဖြစ်ပါသည်။ တမန်တော်က ယေရှုသည်ခရစ်တော်ဖြစ်တော်မူကြောင်း ယုံကြည်သောသူတိုင်းသည် ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုအခွင့်ထူးကို ယေရှုခရစ်တော်ယုံကြည်ခြင်းအားဖြင့် ရရှိကြ၏။ ခရစ်ဝင်ကျမ်းထဲတွင် ယောဟန်က ထာဝရအသက်ကိုအကြီးမားဆုံးဆုကျေးဇူးအဖြစ် ဖော်ပြခဲ့ပါသည် (ယောဟန် ၃း၁၆)။ ထို့ပြင် ခမည်းတော်ကိုချစ်ခြင်းသည် သားတော်ကိုချစ်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့၏။ ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူသည် စစ်မှန်သောခရစ်ယာန်ဖြစ်ပါ၏။

ယုံကြည်သူအပေါင်းတို့သည် တူညီသောယုံကြည်ခြင်းရှိကြရပါမည်။ ထွက်မြောက်ရာလမ်းခရီး၌ တွေ့ရသောကာလသရေလစခန်းတွင် လူတိုင်းသည် တူညီသောပညတ်တရားကို လိုက်လျှောက်ခဲ့ကြ၏။ တူညီသောပူဇော်သက္ကာကို ပူဇော်ခဲ့ကြရ၏။ ဝတ်ပြုကိုးကွယ်ခြင်းအမှုတွင် သူစိမ်းတို့သည်လည်း တူညီသောပညတ်တရားကို လိုက်လျှောက်ကြရပါမည်။ ဤနည်းလမ်းကို ခရစ်ယာန်အဖွဲ့အစည်း၌လည်း လိုက်လျှောက်ဖို့လိုအပ်ပါသည်။ အသင်းတော်တို့သည် သမ္မာတရားနှင့်ကိုက်ညီစွာ မိမိတို့၏ဖွဲ့စည်းပုံနှင့် ယုံကြည်ခြင်းဖွင့်ဆိုချက်တို့ကို ရေးမှတ်ကြရမည်ဖြစ်ပါသည်။

ဤကျမ်းစာ၌ဖော်ပြသောသွန်သင်ချက်သည် မပြောင်းလဲနိုင်ပါ။ ယောဟန်က ထပ်၍- “ငါတို့သည် ဘုရားသခင်ကိုချစ်၍ ပညတ်တော်တို့ကိုစောင့်ကြလျှင် ဘုရားသခင်၏သားတို့ကို ချစ်ကြသည်ကို ငါတို့သိရကြပြီ” (၁ ယော ၅း၂) ဟုဖော်ပြခဲ့ပါသည်။ သမ္မာကျမ်းစာသမိုင်းအရ ဘုရားသခင်၏ သားသမီးတို့သည် အစဉ်ထူးခြားမှုရှိကြပါသည်။ ထွက်မြောက်ရာကျမ်းထဲ၌ သူတို့ကို ဆန့်ကျင်သောသူတို့သည် ချက်ချင်းပြစ်ဒဏ်စီရင်ခြင်းခံရခဲ့ကြပါသည်။ ခေါင်းဆောင်တို့က အချင်းချင်း မစကြခြင်းငှါ တိုက်တွန်းနိုးဆော်ခဲ့ကြ၏။ တမန်တော်တို့ကလည်း တူညီသော ယုံကြည်ခြင်း စွဲကိုင်ခဲ့ကြပြီး၊ လမ်းလွဲသောသူတို့ကို ပြစ်တင်ခဲ့ကြပါသည်။ သမ္မာတရားအတိုင်း မဟုတ်ဘဲ လွဲမှားစွာနေထိုင်သွန်သင်ခြင်းငှါ အတင်းတိုက်တွန်းခြင်းခံရကြသောအခါ သူတို့၏ ယုံကြည်ခြင်းအတွက် အသက်ကိုစတေးကြခြင်းငှါ အဆင်သင့်ဖြစ်ခဲ့ကြပြီး၊ ထိုလမ်းကိုရွေး ချယ်ခဲ့ကြ၏။ ယောဟန်ခေတ်ကာလတွင် များစွာသော ယုဒလူတို့သည် ယေရှုကိုခရစ်တော်ဟု လက်မခံခဲ့ကြပါ။ ထို့ကြောင့် ယောဟန်ကဤသွန်သင်ချက်ကို အကြိမ်ကြိမ်ဖော်ပြခြင်းဖြစ်ပါသည်။ ဤသည်ကား သတင်းကောင်းပေတည်း။

**ဆင်ခြင်ရန်** - ယေရှုကို ယုံကြည်ခြင်းသည် ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်ခြင်းဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ခရစ်တော်၌တည်သော ယုံကြည်ခြင်းကိုသာ ကျွန်တော်အစဉ်စွဲကိုင်လိုပါ၏။

တနင်္လာ၊ နိုဝင်ဘာ (၁၁)

**၁ ယော ၅း၃-၅**

ဧ ၅း၁-၂

*"သင်တို့သည် ဘုရားသခင်၏ချစ်သားဖြစ်ကြသည်နှင့်အညီ၊ ဘုရားသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ကြလော့"*

## ဘုရားသခင်၏ပညတ်တရားတို့သည် မှန်ကန်ခြင်းရှိကြ၏

ဘုရားသခင်ချစ်ခြင်းဆိုသည်မှာ ပညတ်တော်ကို လိုက်လျှောက်ခြင်းဖြစ်၏။ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘဖြစ်တော်မူ၍၊ သူ၏ပညတ်တရားတို့သည် သားသမီးတို့အတွက် ခံယဉ်းစောင့်ခဲသည်မဟုတ်ပါ။ နာခံလိုက်လျှောက်နိုင်သော ပညတ်တရားဖြစ်ပါသည်။ လမ်းလွဲသောသူသည် ဆုံးမစကားကို နာမခံလို(သု ၁၅း၁၀)။ ထိုသို့ဆိုရာတွင် ပညတ်တရားလိုက်လျှောက်ခြင်းအမှုကို လူကစုံလင်စွာပြုနိုင်သည်ဟု မဆိုလိုပါ။ ယုံကြည်သူအပေါင်းတို့သည် ဘုရားသခင်နှင့်နီးကပ်စွာ သွားလာလျှောက်လှမ်းကြရပါမည်။ သို့မှသာ ပညတ်တရားလိုက်လျှောက်ခြင်းအမှုတည်းဟူသော ကောင်းသောသက်သေပြသနိုင်မည်ဖြစ်၏။

ဤလောကီကမ္ဘာတွင် ဥပဒေစိုးမိုးမှုမရှိပါ။ ယေရှုက ဤလောကီလမ်းကိုကျယ်သောလမ်းဟု ရည်ညွှန်းခဲ့ပါသည်။ ဤကျယ်သောလမ်းသို့ လူအများလျှောက်သွားနေကြ၏။ ဤလောကကို အောင်နိုင်ခြင်းလမ်းတစ်ခုဟူမူကား ဘုရားသခင်ဘွားတော်မူသော သူဖြစ်ခြင်းပေတည်း။ ဤအချက်က ဖြောင့်မတ်သောသူနှင့်မဖြောင့်မတ်သောသူကြား၌ မျဉ်းခြားထား၏။ ပေတရုက မှောင်မိုက်နှင့် ဘုရားသခင်၏အံ့ဩဖွယ်အလင်းဟု ခွဲထားပါသည် (၁ ပေ ၂း၉)။ ဤခြားနားမှုသည် အလွန်ကြီးမားလှပါ၏။ အသက်တာပြောင်းလဲသောသူတိုင်းက ဤကမ္ဘာနှစ်ခု၏ခြားနားမှုကို လက်တွေ့ခံစားခဲ့ရပါသည်။ ဘုရားသခင်ဘွားမြင်စေတော်မူသောသူက ဤပြောင်းလဲမှုကို ကြုံတွေ့ခံစားခဲ့ရ၏။ သို့သော်လည်း မည်သို့ဖြစ်ပွားသည်ကို အသေးစိတ်သိနားလည်သဘောပေါက်ခြင်းမရှိခဲ့ပါ။ မရှင်းပြတတ်ပါ။ သမ္မာကျမ်းစာက စိတ်နှလုံးထဲ၌ ဘုရားသခင်မည်သို့အမှုပြုတော်မူသည်ကို ဖော်ပြခဲ့ပါသည်။

ဤလောကကို အောင်နိုင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ရောက်ရှိလာတတ်၏။ ပေါလုက လောကီအမှုကို ဇာတိပကတိအမှုဟူ၍၎င်း၊ ဘုရားသခင်ယုံကြည်ခြင်းသည် ဝိညာဉ်တော်၏အသီးဟူ၍၎င်း ဖော်ပြခဲ့ပါသည်။ အခြား ခြားနားခြင်းဟူမူကား ရွေးကောက်ခံရသောသူနှင့် မခံရသောသူဟူ၍ဖြစ်၏။ သားတော်၌ယုံကြည်ခြင်းရှိသောသူသည် အောင်မြင်ခြင်းကိုရ၏။ ဤလမ်းသို့ လျှောက်သွားသောသူတိုင်းသည် အပြစ်တင်ခြင်းအခွင့်နှင့် ကင်းလွတ်ကြရ၏။ သမ္မာကျမ်းစာက ယုံကြည်ခြင်းဖြင့် အသက်ရှင်ကြရန်၎င်း၊ ထိုယုံကြည်ခြင်း၌ တည်နေကြရန်၎င်း၊ တိုးပွားခြင်းရှိစေရန်၎င်း တိုက်တွန်းထားပါသည်။ ထိုသို့ ယုံကြည်ခြင်းတိုးပွားခြင်းငှါ ကျွန်တော်တို့ဆုတောင်းကြပါမည်။ သို့ဆိုလျှင် အောင်နိုင်ခြင်းအသက်တာပိုင်ဆိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်သည် ဖြောင့်မတ်မှန်ကန်တော်မူသည်ဖြစ်သောကြောင့် သူ၏ပညတ်တော်တို့သည် မှန်ကန်ခြင်းရှိကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ ပညတ်တရားနာခံလိုက်လျှောက်ခြင်းအမှု၌ အောင်မြင်ခြင်းရှိ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကိုအစဉ်ယုံကြည်ကိုးစားခြင်းရှိမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ နိုဝင်ဘာ (၁၂)
**၁ ယော ၅း၆-၈**
ဟေရှာ ၁၁း၁-၃

*“ထာဝရဘုရား၏ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကို ပေးသောဝိညာဉ် . . . သည် ထိုသူ အပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်”*

## သုံးပါးတစ်ဆူဘုရားသခင်အကြောင်း ထင်ရှားပေါ်လွင်စေခြင်း

သုံးပါးတစ်ဆူဘုရားသခင်အကြောင်းကို ဓမ္မဟောင်းထဲတွင် အနည်းအကျဉ်းဖော်ပြခဲ့သော်လည်း၊ ဓမ္မသစ်ကျမ်းထဲတွင် ရှင်းလင်းစွာဖော်ပြခဲ့ပါသည်။ ယနေ့ကျမ်းပိုဒ်သည် အရှင်းလင်းဆုံးသော ကျမ်းပိုဒ်ဖြစ်ပါသည်။ ဤကျမ်းစာသွန်သင်ချက်ကို မသိနားမလည်သောသူတို့က ခရစ်ယာန်တို့သည် ဘုရားတစ်ဆူတည်းမက ယုံကြည်သောသူဖြစ်ကြောင်း ဝေဖန်ကြပါလိမ့်မည်။ ဤအကြောင်းအရာသည် အကန့်အသတ်ရှိသောလူ၏ စိတ်အားဖြင့် အကုန်အစင်နားလည်သဘောပေါက်၍မရပါ။ ကနဦးအသင်းတော်သည် ဤသွန်သင်ချက်ကိုရုန်းကန်လေ့လာခဲ့ကြပြီး၊ နောက်ဆုံးတွင် ရိုးရှင်းသော ယုံကြည်ချက်ဖွင့်ဆိုမှုကို ရရှိခဲ့ကြ၏။

Berkhof က ဤသို့တိုတိုတုတ်တုတ်ဖော်ပြခဲ့ပါသည် - “သုံးပါးဖြစ်တော်မူသော ခမည်းတော်၊ သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်ဟူ၍ ဘုရားတစ်ဆူရှိတော်မူ၏။ ဤသုံးပါးတို့ သည် လူ့အသိဉာဏ်၏နားလည်သဘောပေါက်ထားသည့်အတိုင်း သီးခြားစီမဟုတ်ပါ။ သို့သော်လည်း သူတို့သည် ပုဂ္ဂိုလ်အရအချင်းချင်း တလုံးတဝဆက်စပ်မှုရှိကြပါသည်။ ခမည်းတော်သည် သားတော်နှင့်စကားပြောနိုင်သကဲ့သို့ သားတော်ကလည်း ခမည်းတော်အားစကားပြောနိုင်ပြီး၊ ထိုသူနှစ်ပါးက ဝိညာဉ်တော်ကိုစေလွှတ်ခဲ့ကြ၏။ သုံးပါးတစ်ဆူဘုရား၏ နက်နဲသောတရားဟူမှုကား ပုဂ္ဂိုလ်တစ်ပါးချင်းစီ၌ ဘုရားဖြစ်ခြင်းအစုံအလင်ရှိကြ၏။ တစ်ပါးနှင့်တစ်ပါး မှီခိုနေကြခြင်းမဟုတ်ပါ၊ သို့သော်လည်း တာဝန်ထမ်းဆောင်မှုခွဲဝေခြင်းအပိုင်း၌ ခမည်းတော်သည် ပထမ၊ သားတော်သည်ဒုတိယဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်သည် တတိယပုဂ္ဂိုလ်ဖြစ်ပါသည်”။

အနက်ဖွင့်ဆိုချက်တိုင်းက အဖြေထက်မေးခွန်းကိုသာ ဖြစ်ပေါ်စေတတ်ခြင်းသည် သုံးပါးတစ်ဆူဘုရားသခင်၏နက်နဲသောအချက်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ကျမ်းစာအားဖြင့် မိမိကိုယ်ကို ဖော်ပြခြင်းသည် ခေတ်အဆက်ဆက် ပိုမိုထင်ရှားခြင်းရှိသည်ဖြစ်သောကြောင့် ဤအကြောင်းအရာ၌လည်း ဓမ္မသစ်ကျမ်း၌ပို၍ရှင်းလင်းစွာ မြင်တွေ့ရခြင်းဖြစ်ပါသည်။ ဤလောက၌ ခရစ်တော်သက်ရှိထင်ရှားနေချိန်၌ ထိုပုဂ္ဂိုလ်သုံးပါးတို့သည် တစ်ချိန်တည်း၌ပေါ်လွင်ခဲ့ကြပြီး၊ ထိုအမှုကို တပည့်တော်တို့က သက်သေခံခဲ့ကြပါသည်။ ယေရှု ရေဗတ္တိဇံမင်္ဂလာခံနေစဉ် ကောင်းကင်သည်ဖွင့်တော်မူ၍ ဝိညာဉ်တော်သည် ချိုးငှက်အားဖြင့် ဆင်းသက်ပြီး သခင်ယေရှုအပေါ် ခိုနားခဲ့၏။ ထိုအချိန်၌ ကောင်းကင်မှခမည်းတော်၏အသံကို - “ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း” (မသဲ ၃း၁၆-၁၇)ဟု ကြားရပါသည်။

**ဆင်ခြင်ရန်** - “ပုဂ္ဂိုလ်သုံးပါးဖြစ်လျက် တစ်ဆူတည်းသောဘုရား၊ မြတ်တော်မူသောသုံးပါးတစ်ဆူထာဝရဘုရားပေတည်း”။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သုံးပါးတစ်ဆူဟူသော သမ္မာတရားသွန်သင်တော်မူချက်ကို စွဲကိုင်လိုပါ၏။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၃)

**၁ ယော ၅း၆-၈**

ဆာလံ ၁၁၉း၁၀၅-၁၁၂

*"နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏"*

## ဤကျမ်းပိုဒ် မှန်ကန်ခြင်းအကြောင်း

ဤကျမ်းပိုဒ်က ဖော်ပြထားသောယုံကြည်ခြင်း ဖွင့်ဆိုချက်ကို သဘောပေါက်နားလည်စေခဲ့ပါသည်။ ထို့ပြင် ဤကျမ်းပိုဒ်က အသင်းတော်အား ဤယုံကြည်ချက်ဖွင့်ဆိုခြင်း၌ အကူအညီပေးခဲ့၏။ ယေရှုခရစ်တော်၏ ရာထူးဂုဏ်နှင့် ခမည်းတော်ဆက်နွယ်မှုအကြောင်းနှင့်ပတ်သတ်၍ Nicean Council (အေဒီ ၃၂၅) တွင် ငြင်းခုံခြင်းရှိခဲ့၏။ နောက်ဆုံးတွင် ယေရှုသည် တစ်ရာမှာတစ်ရာဘုရားဖြစ်၍ တစ်ရာမှာတစ်ရာလူဖြစ်ကြောင်း သတ်မှတ်ဝန်ခံခဲ့ကြပါသည်။ ယောဟန်က ယုံကြည်သူတို့အား ထိုသို့သောပုံမှန်ယုံကြည်ချက်ကို စွဲကိုင်ခြင်းငှါရင်း၊ ခရစ်တော်ပြုသောအမှုကို ယုံကြည်စေခြင်းငှါ လမ်းညွှန်မှုပေးခဲ့ပါသည်။ ဤအရာနှစ်ခုသည် သန့်ရှင်းစေခြင်းအမှုအတွက် အထူးအသုံးဝင်ကြ၏။ အပြစ်ဖယ်ရှားသန့်ရှင်းစေခြင်းကို ပုံဆောင်ခြင်းဖြစ်ပါသည်။ ယေရှုသည် အပြစ်ဖြေစရာအဖို့ အသွေးသွန်းခဲ့ပြီး၊ ရေမူကား သန့်ရှင်းစေခြင်းအမှုအတွက် ရေဗတ္တိဇံမင်္ဂလာ၌ အသုံးပြုကြပါသည်။

ဤယုံကြည်ချက်ဖွင့်ဆိုခြင်းနှင့်ပတ်သတ်၍ ငြင်းခုံမှုရှိခြင်းက သမ္မာကျမ်းစာအဆင့်ဆင့်ကွယ်ကာထိန်းသိမ်းခြင်းအမှုကို သွားရောက်ပတ်သတ်မှုရှိစေခဲ့ပါသည်။ အချို့သော ဘာသာပြန်ကျမ်းစာနှင့် ဂရိကျမ်းစာအချို့တွင် ဤအပိုဒ်ငယ် (၇) ကို ချန်လှပ်ခဲ့ပါသည်။ ဤကျမ်းပိုဒ်ကို "Johannine Comma "ဟု ဖော်ပြတတ်ကြ၏။ ဤချန်လှပ်ခြင်းသည် Sinaiticus နှင့် Vaticanus ဂရိလက်ရေးကျမ်းကို အယုံကြည်ရဆုံးဟု စွဲကိုင်ကြသော Wetcott နှင့် Hort တို့၏သံသယဝင်ခြင်းကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ အမှန်မှာ ဤဂရိလက်ရေးကျမ်းတို့သည် မှားယွင်းသောကျမ်းဖြစ်ကြပြီး၊ "The Received Text " ဟုခေါ်သော ခေတ်အဆက်ဆက်လက်ဆင့်ကမ်း အသုံးပြုလက်ခံခဲ့သောကျမ်းသည်သာ မှန်သောဂရိကျမ်းဖြစ်ပါသည်။ သူတို့သည် ကြီးမားသောအမှားကို ကျူးလွန်ခဲ့ကြပြီး၊ ဘုရားသခင်အကြောင်းကို ဖယ်ရှားခဲ့ကြ၏။ ယောဟန်က ဗျာဒိတ်ကျမ်းထဲတွင် ဘုရားသခင်၏နှုတ်ကပတ်တော်မှမနှုတ်ယူရ၊ ထပ်၍ပေါင်းမထည့်ရဟု ရေးသားထား၏။ ထို့ကြောင့် ၁ ယော ၅း၇ ကို ဖယ်ရှား၍မရပါ။

ဤကျမ်းပိုဒ်ကို သံသယဝင်၍မရပါ။ ထို့ပြင် ဤကျမ်းပိုဒ်သည် အခြားသောကျမ်းပိုဒ်နှင့် ဆန့်ကျင်ခြင်းလုံးဝမရှိပါ။ တမန်တော်က ဤကျမ်းပိုဒ်၏ စကားလုံးတို့ကို အရိုးရှင်းဆုံး၊ နားလည်နိုင်အောင် သေချာရေးသားထားခဲ့ပါသည်။ သို့သော်လည်း ရန်သူသည် ဤရိုးရှင်းသောကျမ်းပိုဒ်ကို အလိုမရှိပါ။ ဤသမ္မာတရားကို လက်မခံကြခြင်းငှါ ရှုပ်ထွေးအောင် ပြဿနာရှာခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့သည် ဤကျမ်းပိုဒ်မှန်ကန်ကြောင်း လက်ခံ၍၊ သုံးပါးတစ်ဆူဘုရားသခင်အကြောင်းကို စွဲကိုင်ခဲ့ကြ၏။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာသည် ခေတ်အဆက်ဆက်တည်လျက် ရှိပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်ပါစေသော်။

ကြာသပတေး၊ နိုဝင်ဘာ (၁၄)
**၁ ယော ၅း၉**
ယောဟန် ၈း၂၈-၃၆

*"ငါ့ကို တကိုယ်တည်းနေစေခြင်းငှါ ခမည်းတော်သည် စွန့်ပစ်တော်မမူ။ အကြောင်းမူကား၊ နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်"*

---

## ဘုရားသခင်၏သက်သေခံချက်သည် ပို၍ကြီးမြတ်တော်မူ၏

ယေရှုသည် ယုဒအဖွဲ့အစည်း၏ငြင်းပယ်မှုကို ကြုံတွေ့ခဲ့ရ၏။ သူသည် ခရစ်တော်အဖြစ် လက်ခံခြင်းမရှိခဲ့ပါ။ ဤလူမျိုးက မိမိတို့၏သခင်ကို မသိလက်မခံခဲ့ကြကြောင်း ယောဟန်ရေးသားခဲ့ပါသည်။ သက်သေခံချက်ဟုဆိုရာတွင် ယေရှုသည် မေရှိယဖြစ်ကြောင်း သက်သေခံချက်များကို ဆိုလိုပါ၏။ ထို့ကြောင့် ပရောဖက်တို့ကြိုတင်ဟောခဲ့သော မေရှိယ၏အချက်အလက်အပေါင်းသခင်ယေရှု၌ ရှိခဲ့ကြောင်း ထင်ရှားလှပါသည်။

ယုဒခေါင်းဆောင်တို့သည် ဘာသာရေးအကြောင်းအရာ၌ ပြောရေးဆိုခွင့်ရှိသူဟု မိမိကိုယ်ကို သတ်မှတ်ကြ၏။ တမန်တော်တို့၏ သက်သေခံချက်ကိုငြင်းပယ်ခဲ့ကြပြီး၊ တပည့်တော်တို့ကို ညှင်းပန်းနှိပ်စက်ခဲ့ကြ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ အခြေခံသောလူတို့၏ သက်သေခံချက်သည်လည်း မှန်ကန်သောသက်သေဖြစ်ပါသည်။ ယောဟန်သည် ဓမ္မသစ်ကျမ်းစုံလင်ခြင်းမရှိမှီပြောကြားနေခြင်းဖြစ်သော်လည်း၊ ခရစ်တော်ပြုခဲ့သောအမှုနှင့် မိန့်တော်မူချက်တို့ကို မြင်တွေ့ကြားသိခဲ့သောသက်သေဖြစ်ခဲ့ပါသည်။ သူသည် ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံသို့ ကြွသွားတော်မူခြင်းကို မြင်ခဲ့သော သက်သေတစ်ဦးဖြစ်ပါသည်။ သူသည်တမန်တော်ဆယ့်နှစ်ပါးတွင် တစ်ဦးဖြစ်၍ လူတကာထံသွား၍ ကယ်တင်ခြင်းသတင်းဟောပြောခြင်းငှါ စေခိုင်းခြင်းခံရသောသူဖြစ်ခဲ့ပါသည်။ ယောဟန်က "ယခုဆိုခဲ့ပြီးသောသက်သေကား၊ ဘုရားသခင်သည် မိမိသားတော်၏အကြောင်းကို သက်သေခံတော်မူချက်ဖြစ်သတည်း" (၁ ယော ၅း၉) ဟုထပ်၍ ဆိုခဲ့ပါသည်။ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်း အတည်ပြုသောကောင်းကင်မှအသံတော်အကြောင်း သမ္မာကျမ်းစာ၌ နှစ်ကြိမ်မှတ်တမ်းတင်ထားပါသည်။ တစ်ကြိမ်သည် ဗတ္တိဇံမင်္ဂလာခံစဉ်ဖြစ်၍ နောက်တစ်ကြိမ်သည်မျက်နှာပြောင်းလဲခြင်း တောင်ပေါ်၌ဖြစ်ပါ၏။ ထိုမျက်မြင်သက်သေတို့တွင် ယောဟန်သည်တစ်ဦးအပါအဝင်ဖြစ်၍ ထိုခမည်းတော်ဘုရား၏သက်သေခံတော်မူချက်ကို ပြန်၍ဖော်ပြခြင်းဖြစ်ပါသည်။

သူ၏သက်သေခံချက်ကို ငြင်းခုံခြင်းမရှိဘဲ၊ ရိုးရှင်းစွာဖော်ပြခဲ့၏။ မိမိ၏သက်သေခံချက်များယွင်းခြင်းရှိမရှိ သက်သေပြုကြရန် ယုဒဘာသာခေါင်းဆောင်တို့အား ဖိတ်ခေါ်ခဲ့လိမ့်မည်ဟု ထင်ပါသည်။ ယောဟန်သည် သမ္မာတရားကိုအမှန်အတိုင်း သက်သေခံခြင်းဖြစ်ပါသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းအခန်းကြီး ၉ ထဲတွင်၊ မျက်မမြင်တစ်ဦးအား ယေရှုက မျက်စိဖွင့်ပေးတော်မူ၍ မျက်စိမြင်ရခဲ့ကြောင်း ယောဟန်သက်သေခံခဲ့ပါသည်။ ထိုပုဂ္ဂိုလ်အား မည်သို့မျက်စိပြန်၍ မြင်ရခဲ့ကြောင်း ရှင်းပြရန်ယုဒလူတို့က အတင်းတောင်းဆိုသောအခါ ထိုလူ၏ သက်သေခံချက်ကို ယောဟန်မှတ်ထားခဲ့ပါသည်။ ထိုလူက "အကျွန်ုပ်သည် အထက်ကမျက်စိကန်း၍ ယခုမျက်မြင် သည်" ဟု ရိုးရှင်းစွာဖြေခဲ့ပါသည်။ အမှန်တရားသည် အမှန်တရားဖြစ်၏။

**ဆင်ခြင်ရန်** - "သင်တို့သည် အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကို ထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏" (ယောဟန် ၁၃း၃၅)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏သမ္မာတရားကို အစဉ်စွဲကိုင်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၁၅)
**၁ ယော ၅း၁၀**
ရောမ ၈း၁၆-၁၇

*“ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏”*

# သားတော်ကိုယုံကြည်လော့

ဗတ္တိဇံဆရာယောဟန်သည် ခရစ်တော်၏ရှေ့ပြေးဖြစ်ပါသည်။ သူကခရစ်တော်အကြောင်းကို သက်သေခံခဲ့၏။ လူတို့သည် ယောဟန်အား ပရောဖက်ဟုမှတ်ယူ၍ သူ၏အမှုတော်ကို လက်ခံခဲ့ကြ၏။ သူ၏တပည့်တော်တို့ကို ယေရှုအကြောင်း ဟောကြားသောအခါ ထိုသူတို့သည် ယေရှုနောက်သို့ လိုက်ခဲ့ကြ၏။ ဣသရေလလူတို့ထံ သူ၏သက်သေခံချက်ဟူမူကား ယေရှုသည် မေရှိယဖြစ်တော်မူ၏ဟူ၍ ဖြစ်ပါသည်။ ခရစ်တော်ကို ယုံကြည်သောသူတိုင်းသည် ခရစ်တော်၏တပည့်ဖြစ်ခြင်းကို ခံရကြလိမ့်မည်။

Matthew Henry က ဤသို့ဆိုခဲ့ပါသည် - “ခရစ်ယာန်အမှန်သည် မိမိ၏အပြစ်ကိုသိမြင်ခဲ့ပြီး၊ ကယ်တင်ရှင်မိမိလိုအပ်မှုကို သိနားလည်ခဲ့၏။ မိမိ၏ဝိညာဉ်လိုအပ်ချက်အပေါင်းကို ထိုကယ်တင်ရှင်က ဖြည့်ဆည်းပေးတော်မူနိုင်ကြောင်း သိမြင်ခဲ့၏။ ခရစ်တော်၏အကြောင်း၊ နှိမ့်ချခြင်း၊ အနာငြိမ်းစေခြင်း၊ အသက်ရှင်စေခြင်းနှင့်နှိမ့်သိမ့်ခြင်းအကြောင်းနှင့် နှုတ်ကပတ်တရားတော်၏ တန်ခိုးတော်ကို သိမြင်ခံစားခဲ့ပါသည်။ အရင်လူမဟုတ်တော့ဘဲ၊ အသက်တာသစ်ပိုင်ဆိုင်၍ စိတ်သဘောထားသစ်ပိုင်ဆိုင်ခဲ့ပါသည်။ သို့သော်လည်း အပြစ်၊ ဇာတိအလို၊ လောကီအရာနှင့် နတ်ဆိုးတန်ခိုးတို့နှင့် ရင်ဆိုင်ဆန့်ကျင်ခြင်းကိုတွေ့ရသေး၏။ ထိုအခါ ခရစ်တော်ယုံကြည်ခြင်းအားဖြင့် ခွန်အားရ၍ ဤလောကကိုအောင်နိုင်ပြီ၊ ရှေ့ဆက်ကြီးထွားခြင်းသို့ ခရီးဆက်နိုင်ခဲ့ပါသည်။ ထိုသို့သောစိတ်ချမှုသည် ယုံကြည်သူ၌ရှိပါ၏။ မိမိ၌သံသယဝင်စရာမရှိဘဲ၊ သက်သေခံတော်မူချက်ရှိပါသည်။ တစ်ခါတစ်ရံခက်ခဲသော အသက်တာ၌ သတင်းကောင်းသမ္မာတရား၏ လမ်းပြပို့ဆောင်ခြင်းအားဖြင့် လမ်းမမှားဘဲရှေ့ဆက်နိုင်ခဲ့ပါသည်။ မယုံကြည်သူ၏ ဆိုးညစ်သောအပြစ်ဟူမူကား မယုံကြည်ခြင်းအပြစ်ဖြစ်ပါသည်။ ဘုရားသခင်က မိမိ၏သားတော်ပေးတော်မူခြင်းကို မယုံကြည်သည်ဖြစ်သောကြောင့်၊ ဘုရားသခင်အား မုသားပြောသောသူဟုဆိုတတ်၏။ ဤအချက်ကို မယုံကြည်ဘဲ ဘုရားသခင်၏အခြားသက်သေခံချက်ကို ယုံကြည်ခြင်းသည် အချည်းနှီးပင်ဖြစ်၏။ ခရစ်တော်အား ဘုရားသခင်၏သားတော်ဟု ယုံကြည်ကိုးစားခြင်းမရှိသောသူ၊ သူ၏သွန်သင်ချက်တို့ကို ပရောဖက်၏သွန်သင်ချက်ဟု လက်မခံကဲ့ရဲ့သောသူ၊ ယဇ်ပုရောဟိတ်အမှုကိုပြုလျှက် မိမိကိုယ်စားအသေခံ၍ တောင်းလျှောက်ခြင်းပြုပေးသည်ကို မယုံကြည်လက်မခံသောသူ၊ ရှင်ဘုရင်အရာ၌ လက်ခံနာခံခြင်းမရှိသောသူသည် အပြစ်၌သေသောသူဖြစ်၍ အပြစ်တင်ခြင်းအောက်၌ ရှိနေသေး၏။ ထိုသူ၏အပြင်ပန်းအကျင့်၊ ကြိုးစားအားထုတ်မှု၊ သင်ယူမှုနှင့် စိတ်ချမှုတို့သည် လုံးဝအကျိုးမရှိပါ။”

**ဆင်ခြင်ရန်** - ဘုရားသခင်၏သားတော်ယုံကြည်ခြင်းအကြောင်းသည် စုံလင်သောသတင်းကောင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ယေရှုခရစ်တော်၌တည်သော အကျွန်ုပ်ယုံကြည်ခြင်းကို ဘယ်သောအခါမျှ မငြိုးငယ်မည်အကြောင်း မစတော်မူပါ။

စနေ၊ နိုဝင်ဘာ (၁၆)
**၁ ယော ၅း၁၁**
၁ ကော ၁၅း၂၀-၂၆

*"ခရစ်တော်သည် အဦးသီးသောအသီးဖြစ်တော်မူ၏။ ထို့နောက် ခရစ်တော်ကြွလာတော်မူသောအခါ၊ တပည့်တော်ဖြစ်သောသူတို့သည် ရှင်ခြင်းသို့ရောက်ကြလိမ့်မည်"*

## ထာဝရအသက်ပေးတော်မူခြင်း

ယုံကြည်သူတိုင်းအတွက် အကြီးမားဆုံးသောဆုကျေးဇူးမှုကား ထာဝရအသက်ဖြစ်ပါသည်။ ခရစ်တော်က ကောင်းကင်ဘုံသို့ကြွသွားတော်မမူမီ မိမိတပည့်တော်တို့အား သွား၍သူတို့အတွက် နေစရာပြင်ဆင်ပေးမည်ဟု ဂတိတော်ထားခဲ့ပါသည်။ တမန်တော်က ဘုရားသခင်သည် ကျွန်ုပ်တို့အား ထာဝရအသက်ပေးတော်မူခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ဤထာဝရအသက်သည် သားတော်၌ တည်လျက်ရှိ၏။ ထို့ကြောင့် ယေရှုကမိမိသည်အသက်ရှင်ခြင်းအကြောင်းဖြစ်၏ဟု မိန့်တော်မူခဲ့၏။ အသက်ရှင်ခြင်းအကြောင်း ကျွန်တော်တို့စဉ်းစားတွေးတောသောအခါ ခန္ဓာကိုယ်၌ရှိသော ကန့်သတ်ချက်ရှိသည့်အသက်ကိုသာ စဉ်းစားထင်မြင်ကြ၏။ နေမရှိဘဲ အလင်းရှိသည်ကိုမတွေးတောမစဉ်းစားတတ်သကဲ့သို့ဖြစ်၏။ သို့သော်လည်း၊ ဘုရားသခင်သည်ကျွန်ုပ်တို့အသက်ရှင်ခြင်းအကြောင်း၌ တန်ခိုးအာဏာရှိသောသူဖြစ်၍၊ အလင်းလည်းဖြစ်တော်မူ၏။ ဘုရားသခင်သည် အသက်နှင့်အလင်းသယ်ဆောင်သောအရာတို့ကို အစအဦး၌ဖန်ဆင်းခဲ့ပါသည်။ သို့သော်လည်း သူကိုယ်တိုင်သည် အသက်နှင့်အလင်းဖြစ်တော်မူ၏။

ဤခန္ဓာကိုယ်သည် အချိန်တန်လျှင်သေရမည်ဖြစ်၏။ သို့သော်လည်း ရှင်ပြန်ထမြောက်ခြင်းအကြောင်း ဂတိတော်ရှိပါသည်။ ဤသည်ကား သေခြင်းကိုအောင်နိုင်ခြင်းဖြစ်၏။ ယေရှုသည် အိပ်ပျော်သောသူတို့တွင် အဦးဆုံးသောအသီးဟု ခေါ်ခြင်းခံရ၏။ ခန္ဓာကိုယ်အားဖြင့် အမှန်သေခဲ့သော်လည်း၊ သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူခဲ့ပါသည်။ ပေါလုက ၁ ကော ၁၅ ထဲတွင် ရှင်ပြန်ထမြောက်ခြင်းအကြောင်း အကျယ်တဝင့်ဖော်ပြခဲ့ပါသည်။ "ခရစ်တော်သည် ထမြောက်တော်မမူလျှင် သင်တို့သည်ယုံကြည်သော်လည်း အကျိုးမရှိ၊ ဒုစရိုက်အပြစ်အောက်၌ ရှိကြသေး၏။ ထိုမှတပါး ခရစ်တော်ကိုယုံကြည်၍ အိပ်ပျော်သောသူတို့သည် ဆုံးရှုံးခြင်းသို့ ရောက်ကြပြီ။ ငါတို့သည် ခရစ်တော်ကိုအမှီပြု၍ ယခုဘဝ၌သာ မြော်လင့်စရာရှိလျှင် အခြားသောသူအပေါင်းတို့ထက်သာ၍ ဆင်းရဲသောသူဖြစ်ကြ၏" (၁ ကော ၁၅း၁၇-၁၉)။ သေခြင်းကို ခရစ်တော်အောင်နိုင်ခဲ့ပြီဖြစ်သောကြောင့် ထာဝရအသက်ရှိပါ၏။ ပေါလုက "ငါတို့သခင်ယေရှုခရစ် အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကိုပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးလှ စွတကား" (၁ ကော ၁၅း၅၇)ဟု အဆုံးသတ်ခဲ့၏။ ထာဝရအသက်အကြောင်း စဉ်းစားတွေးတော သောအခါ ဆေးဝါး၊ ဆရာဝန်နှင့်ခွဲစိတ်ခြင်းကို ဆိုလိုခြင်းမဟုတ်ပါ။ ထိုအရာများမလိုအပ်ပါ။ ခရစ်တော်၌တည်သော အသက်ရှင်ခြင်းသည် စုံလင်ခြင်းရှိ၏။

ဘုရားသခင်၏သဘောသဘာဝတစ်ခုမှုကား ထာဝရဖြစ်ပါသည်။ ယေရှုသည် သုံးပါးတစ်ဆူဘုရားတွင် ဒုတိယပုဂ္ဂိုလ်ဖြစ်၍ သူသည်လည်းထာဝရဘုရားဖြစ်တော်မူ၏။ ယောဟန် ၃း၁၅-၁၆ ထဲတွင် ယေရှုကထာဝရအသက်နှင့် မိမိ၌တည်သောယုံကြည်ခြင်းကို ဆက်စပ်ဖော်ပြခဲ့ပါသည်။ ပေါလုကလည်း ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးသည် သခင်ယေရှုခရစ်တော်အားဖြင့် ထာဝရအသက်ဖြစ်ကြောင်း ဖော်ပြခဲ့၏ (ရောမ ၆း၂၃)။ ထာဝရအသက်နှင့်ပတ်သတ်သော ဂတိတော်နှင့် ဖော်ပြချက်တို့သည် ယေရှုခရစ်တော်နှင့်ဆက်စပ်မှုရှိကြ၏။

**ဆင်ခြင်ရန်** - ယေရှုကို ကျွန်တော်တို့ယုံကြည်ခြင်းရှိကြပြီး၊ ထာဝရအသက်ပိုင်ဆိုင်ကြ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အထက်၌ ပြင်ဆင်ပေးထားသောနေစရာအခန်းသည် ကျွန်ုပ်အတွက် ဖြစ်ပါ၏။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁၇)
**၁ ယော ၅း၁၂**
ဖိလိ ၄း၃-၆

*“လူအပေါင်းတို့ရှေ့၌ သင်တို့၏ဖြည်းညှင်းခြင်း သဘောကိုထင်ရှားစေကြလော့။ သခင်ဘုရားသည် အနီးအပါး၌ရှိတော်မူ၏”*

## ဘုရားသခင်၏သားတော်သည် အသက်ဖြစ်တော်မူ၏

သခင်ယေရှုခရစ်တော်က မိမိသည်အသက်ဖြစ်တော်မူကြောင်း မိန့်တော်မူ၏။ ယောဟန်က ထိုအချက်ကိုလူနှင့်မည်သို့ဆက်နွယ်မှုရှိကြောင်း ဖော်ပြခဲ့၏ - “သားတော်ကို ရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကိုမရသောသူမူကား အသက်ကိုမရ” (၁ ယော ၅း၁၂)။ အသက်စတင်ခြင်းသည် ဘုရားသခင်၏ဆင်းတော်မူခြင်းအားဖြင့် ဖြစ်ပါသည်။ ခန္ဓာကိုယ်အားဖြင့် ထိုအသက်ရှင်ခြင်းသည် မွေးဖွားလာခြင်းအားဖြင့် ဖြစ်၏။ ခရစ်တော်အမှုတွင်မူ အံ့ဘွယ်ပဋိသန္ဓေစွဲခြင်းအားဖြင့်ဖြစ်၏။ ဤအသက်ကို တိုတောင်းလှသောအရိပ်နှင့်၎င်း၊ မိုးတိမ်၊ ပန်းတို့နှင့်၎င်း ခိုင်းနှိုင်းထားပါသည်။ ခဏတာထင်ရှား၍ ချက်ချင်းပျောက်ကွယ်တတ်၏။ ဘုရားသခင်သည် အသက်ကို ထိန်းသိမ်းကွယ်ကာပေးတော်မူသောသူ ဖြစ်ပါသည်။ ခန္ဓာကိုယ်လိုအပ်သော အရာတို့ကိုထောက်ပံ့ပေးတော်မူပြီး၊ မွှန်းမံချယ်သတော်မူခဲ့၏။

ထိုသို့အသက်တာသည် တိုတောင်းလှသော်လည်း၊ လူသည်အခက်အခဲများစွာ ရင်ဆိုင်လျက် အသက်ကိုကွယ်ကာ၍လိုအပ်သောအရာတို့ကို ရှာဖွေရှန်းကန်တတ်၏။ ယုံကြည်သူသည် ဘုရားသခင်၏နိုင်ငံတော်ကို ပထမဦးစားပေးအရာ၌ထားတတ်၏။ ဘုရားသခင်၏ကျေးဇူးတော်သည် လူကိုမိမိအား နာခံခြင်းငှါ၎င်း၊ ဘုရားသခင်၏ဆုကျေးဇူးလက်ခံအသုံးပြုခြင်းငှါ၎င်း မစတော်မူတတ်၏။

ဘုရားသခင်၏သားတော်သိခြင်းသည် ဝိညာဉ်လမ်းခရီးသို့ပို့ဆောင်ပေးတတ်၏။ ဤသုံးပါးတစ်ဆူထာဝရဘုရားသည် ဝိညာဉ်အသက်ရှင်ခြင်း၏ အရင်းအမြစ်ဖြစ်တော်မူ၏။ ဤအကြောင်းကို နှုတ်ကပတ်တော်ထဲ၌ လူတို့အဖို့ဖော်ပြထားပါသည်။ ဤလမ်းခရီးသို့လျှောက်သွားခြင်းငှါ လူသည် ဒုတိယမွေးခြင်းခံရပြီး၊ ဂတိတော်နှင့်ဆိုင်သော ထာဝရအိမ်တော်သို့ ဘုန်းတော်ဝင်စားသည့်အထိ လျှောက်သွားရမည်ဖြစ်ပါသည်။ ဤဒုတိယမွေးခြင်းသည် အသက်တာကိုပြောင်းလဲစေတော်မူ၏။ ထို့ကြောင့် ဝိညာဉ်နှင့်ဆိုင်သောအရာတို့ကို ကျွန်တော်တို့မျက်မှောက်ပြုကြရပါမည်။ ခရစ်တော်သိခြင်းအမှု၌ ကြီးထွားခြင်းရှိသောအခါ၊ ကိုယ်တော်ကို ကျွန်တော်တို့ချစ်၍နာခံခြင်းရှိကြ၏။ သန့်ရှင်းသောပူဇော်သက္ကာအဖြစ် မိမိတို့အသက်တာကို ဆက်ကပ်တတ်ကြ၏။ ကျွန်ုပ်တို့၏ အမည်နာမတို့သည် အသက်စာစောင်ထဲ၌ ရေးမှတ်ခြင်းခံရပါသည် (ဖိလိ ၄း၃၊ ဗျာ ၁၇း၈)။

ယေရှုက သူတို့သည်အသက်ရှင်ခြင်းရ၍ ကြွယ်ဝသောအသက်တာပိုင်ဆိုင်ကြခြင်းငှါ ငါကြွလာတော်မူ၏ဟု မိန့်တော်မူခဲ့ပါသည် (ယောဟန် ၁၀း၁၀)။ ထို့ကြောင့် ခရစ်တော်၌တည်သော အသက်သည် ပျက်စီးနိုင်သောအသက်မဟုတ်ဘဲ၊ ထာဝရတည်သောအသက်ဖြစ်ပါသည်။ ခရစ်တော်က မိမိလူတို့အား သူတို့၏ရန်သူ၊ မာရ်နတ်၊ ဤလောကနှင့်ဇာတိပကတိအလိုအောင်နိုင်ခြင်းအခွင့်ကို သွန်သင်ပေးတော်မူပြီ။ ဘုရားသခင်၏သားတော်၌ အသက်ရှင်ခြင်းရှိတော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သားတော်၌တည်သောအသက်သည် လုံခြုံစိတ်ချရသောအသက် ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်နာမည်သည် အသက်စာစောင်ထဲ၌ထာဝရရေးမှတ်ထားခြင်းခံရသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္လာ၊ နိုဝင်ဘာ (၁၈)

**၁ ယော ၅း၁၃**

ယောဟန် ၂၀း၃၀-၃၁

*“ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည် အကြောင်း . . . ဤမျှလောက်ရေးထားလျက် ရှိသတည်း”*

## စာစောင်ရေးသားရခြင်းရည်ရွယ်ချက်

သမ္မာကျမ်းစာရေးသားသောသူအပေါင်းတို့၌ ထိုသို့ရေးသားရခြင်းအကြောင်းအရင်းရှိတတ်ကြ၏။ မောရှေသည် ဘုရားသခင်၏နှုတ်ကပတ်တော် ပထမဆုံးရေးသားသောသူဖြစ်ပါသည်။ ဘုရားသခင်မိန့်တော်မူခြင်းအားဖြင့် ရေးသားခဲ့ပြီး၊ ပထမကျမ်းငါးကျမ်းကို ရေးသားခဲ့ပါသည်။ ပရောဖက်အပေါင်းတို့ကလည်း ထိုနည်းတူ ဘုရားသခင်ခိုင်းစေမိန့်တော်မူခြင်းအားဖြင့် ရေးသားခဲ့ကြ၏။ ထို့ကြောင့် ဘုရားသခင်၏သက်သေခံတော်မူချက်ဖြစ်သည်ဟု ခေတ်အဆက်ဆက်ယုံကြည်ခဲ့ကြ၏။ သမ္မာကျမ်းစာသည် ခေတ်အဆက်ဆက်အသုံးပြုရန် ရေးမှတ်ထားခြင်းဖြစ်သောကြောင့်၊ အသေးဆုံးသောအက္ခရာမှအစ မှတ်သွင်းထားတော်မူ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းခံရသော ထာဝရတည်သော ကျမ်းစာဖြစ်ပါသည်။

၁ ယော ၅း၁၃ ထဲတွင် ယောဟန်ကဤကျမ်းရေးသားရခြင်းရည်ရွယ်ချက်ကို ဤသို့ဖော်ပြခဲ့ပါသည် - “ဘုရားသခင်ကိုသားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟုသိစေခြင်းငှါ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏”။ ဤရည်ရွယ်ချက်ကို အကြိမ်ကြိမ်ဖော်ပြခဲ့ပြီးဖြစ်၍ အရေးကြီးပုံကို လည်း ဖော်ပြခဲ့ပါသည်။ ခရစ်ဝင်ကျမ်းထဲတွင်လည်း ယောဟန်ကမိမိ၏ရည်ရွယ်ချက်ကို ဖော်ပြခဲ့ပါသည်။ ထို့ပြင် ယေရှုပြုခဲ့သော၊ မိန့်တော်မူခဲ့သောအကြောင်းအရာ၊ ဤကျမ်း၌မဖော်ပြသောအချက် များစွာရှိသေးကြောင်းဆိုခဲ့၏ (ယောဟန် ၂၀း၃၀)။ ထိုသို့ဆက်သွယ်ရေးခက်ခဲသော ကနဦးအချိန် တွင် ဘုရားသခင်သည် လူတို့အတွက် မိမိ၏ဖော်ပြချက်တို့ကို စာအားဖြင့်ရေးမှတ်ထိန်းသိမ်းခြင်းကို အသုံးပြုခဲ့၏။ ဤသို့ဖြင့် ဆက်လက်ဆောင်ရွက်ကြပြီး၊ အဆင်ပြေခဲ့ပါသည်။ ရေးသားထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အားလုံးအရေးကြီးကြ၏။ ပေါလုက ထိုကျမ်းစာရှိသမျှတို့သည် ယုံကြည်ခြင်းအတွက် အကျိုးရှိကြကြောင်းဖော်ပြခဲ့ပါသည်။

ယောဟန်သည် တမန်တော်တို့တွင် နောက်ဆုံးကွယ်လွန်သောသူဖြစ်၍၊ ဓမ္မသစ်ကျမ်း ၅ အုပ်ရေးသားခဲ့ပါသည်။ ဤကျမ်းစာရေးသားခြင်းအမှုအားဖြင့် အသင်းတော်အတွက်အကျိုးရှိသော အမှုတော်ကိုဆောင်ရွက်ခဲ့ပါသည်။ သူ၏စာစောင်ဖတ်ခဲ့သော သူတို့သည်အကျိုးခံစားရ၍၊ ယနေ့ခေတ်၌လည်း ဆက်လက်၍ဤကျမ်းအားဖြင့် ဆက်လက်စကားပြောလျက်ရှိပါသည်။ သတင်းကောင်းသည် ဤသို့ဖြင့် ဤလောကတစ်ခုလုံးသို့ရောက်ရှိပြီး၊ များစွာသောလူတို့သည် ယေရှုခရစ်တော်ကို ယုံကြည်ကြသောကြောင့် သူ၏ရည်ရွယ်ချက်ပြည့်စုံလျက်ရှိပါသည်။ ယောဟန်ရေးသားသော သတင်းကောင်းသည် ခရစ်ယာန်ယုံကြည်ခြင်းအခြေခံတရားများဖြစ်၍၊ ခရစ်တော်မယုံကြည်သေးသောလူတို့ ထံဟောပြောရမည့်အကြောင်းတရားများဖြစ်ပါသည်။ သူတို့သည် သမ္မာတရားကိုသိကြသောအခါ ယုံကြည်ကြလိမ့်မည်။ ဤဧဝံဂေလိစာစောင်ထဲတွင် သတင်းကောင်းကိုအတည်ပြုဖော်ပြခဲ့ပါသည်။ ထို့ပြင် ဗျာဒိတ်ကျမ်းကိုသခင်ယေရှု၏ တံဆိပ်တော်အားဖြင့် ရေးသားခဲ့၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သမ္မာတရားတည်းဟူသော ကျမ်းစာမပါဘဲ အသင်းတော်မရှိနိုင် ပါ။

**ဆုတောင်းချက်** - ထာဝရဘုရား၊ သမ္မာကျမ်းစာ၏ရည်ရွယ်ချက်ကို ကျွန်တော်အစဉ်တန်ဖိုးထားပါမည်။

အဂ်ါ၊ နိုဝင်ဘာ (၁၉)

**၁ ယော ၅း၁၄-၁၅**

၁ တိ ၂း၁-၃

*“. . .  ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းကို ရှေ့ဦးစွာပြုစေခြင်းငှါ. . . ”*

---

## ဆုတောင်းခြင်းလမ်းညွှန်ချက်

ဆုတောင်းခြင်းသည် သားသမီးတို့က ဘုရားသခင်တည်ရှိခြင်းအကြောင်းသိပြီးမှ သင်ယူရသောဒုတိယသင်ခန်းစာဖြစ်ပါသည်။ Shorter Catechism ထဲတွင် ဆုတောင်းခြင်းကို ဤသို့အနက်ဖွင့်ဆိုထားပါသည် - “ဆုတောင်းခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ အပြစ်များဝန်ခံခြင်းနှင့် ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဘုရားသခင်၏အလိုတော်နှင့် ကိုက်ညီသောအရာတို့ကို ခရစ်တော်၏ နာမတော်အားဖြင့် ဘုရားသခင်ထံကျွန်တော်တို့ တောင်းလျှောက်ခြင်းဖြစ်ပါသည်။”တမန်တော်က သခင်ယေရှုခရစ်တော်မိန့်တော်မူခဲ့သောအချက်ကို ဤကျမ်းပိုဒ်ထဲတွင်ပြန်၍ ဖော်ပြခဲ့ပါသည် - “ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား ငါတို့သည် အလိုတော်နှင့် အညီ တစုံတခုသောဆုကို တောင်းလျှင် ဘုရားသခင်သည်နားထောင်တော်မူ၏” (၁ ယော ၅း၁၄)။ သခင်ယေရှုနှင့်ယုံကြည်သူအကြား၌ ရှိသောဆက်နွယ်မှုကို ရှင်းပြခဲ့ ပါသည်။ ဆုတောင်းခြင်းအမှု၌ သခင်ယေရှုခရစ်တော်သည် ယုံကြည်သူတို့အတွက် အကောင်းဆုံး ပြင်ဆင်ပေးတော်မူ၏ဟူသော ယုံကြည်စိတ်ချမှုရှိပါသည်။

များစွာသောလူတို့သည် ဆုတောင်းခြင်းကဘုရားသခင်၏စိတ်တော်ကို မပြောင်းလဲစေကြောင်း၊ ဘုရားသခင်၏အလိုတော်သို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပြောင်းလဲစေခြင်းဖြစ်ကြောင်း မသိကြပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို ကွယ်ကာလမ်းညွှန်မှုပေးရမည်ဖြစ်၏။ သခင်ယေရှုက မည်သို့ဆုတောင်းရမည်ကိုပဌနာတော်၌ သွန်သင်ပေးတော်မူ၏။ ထို့ပြင် ဆုတောင်းခြင်းနှင့်ဆိုင်သောအခြားရှင်းပြချက်တို့ကိုလည်း သွန်သင်ပေးခဲ့ပါသည်။ တောင်းလျှောက်သောသူတိုင်းသည် အားမလျှော့ဘဲအစဉ်ဆုတောင်းကြရပါမည်။ တမန်တော်က ယနေ့ကျမ်းပိုဒ်ထဲတွင် “အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင်” (၁ ယော ၅း၁၄)ဟု ဖော်ပြခဲ့၏။ ကိုယ်တော်၏အလိုတော်နှင့် ကိုက်ညီမှုရှိသော ကျွန်ုပ်တို့၏တောင်းလျှောက်မှုကို ဘုရားသခင်အဖြေပေးတော်မူမည်ဖြစ်ကြောင်း သိကြပါသည်။

သခင်ယေရှုက မသဲ ၆း၆ ထဲတွင် တစ်ကိုယ်တည်းမည်သို့ဆုတောင်းရမည်ကို လမ်းညွှန်မှုပေးခဲ့ပါသည်။ တမန် ၁၀း၂၊ ၃၀ ထဲတွင် ကော်နေလိအားဖြင့် မိသားစုဆုတောင်းခြင်းသာဓကတွေ့ရ၏။ လူထုဆုတောင်းခြင်းပုံဥပမာတို့ကိုလည်း တွေ့ရပါသည်။ ၁ ကော ၁၄း၁၄-၁၇ ထဲတွင်၊ ပေါလုက လူထုက “အာမင်” ဟုဆိုနိုင်အောင် ဆုတောင်းသောသူသည် လူတို့သိသော ဘာသာစကားဖြင့် ဆုတောင်းရမည်ဟုဆိုခဲ့ပါသည်။ ဆုတောင်းခြင်းကို ယုံကြည်ခြင်း၊ စိတ်နှလုံးသန့်ရှင်းခြင်းနှင့်တကွ ခရစ်တော်နာမတော်အားဖြင့် ပြုရပါမည်။ ထို့ပြင်ဘုရားသခင်ကြည်ညိုခြင်း၊ အပြစ်ဝန်ခံခြင်း၊ တောင်းလျှောက်ခြင်း၊သူတစ်ပါးအတွက် တောင်းလျှောက်ပေးခြင်း၊ ဘုရားသခင်၏ကျေးဇူးတော်ချီးမွမ်းခြင်း စသည်တို့လည်း ဆုတောင်းခြင်း၌ ပါဝင်ရမည်ဟု လမ်းညွှန်သွန်သင်ခြင်းရှိပါသည်။ ထိုအခါ ဘုရားသခင်သည် ကျွန်ုပ်တို့၏တောင်းလျှောက်မှုကို နားညောင်းတော်မူမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ဆုတောင်းခြင်းကိုနားညောင်းအဖြေပေးတော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ မခြားမလပ်ဆုတောင်းခြင်းငှါ အကျွန်ုပ်အား ကူညီမစတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၂၀)
**၁ ယော ၅း၁၆-၁၇**
ယောဟန် ၈း၄၂-၄၅

*"ငါသည် သစ္စာစကားကိုပြောသောကြောင့် သင်တို့မယုံကြ"*

## အပြစ်သည် ဘုရားသခင်နှင့်မစပ်ဆိုင်

အပြစ်ကို Catechism ထဲတွင် ဘုရားသခင်၏ပညတ်တော်နှင့် မကိုက်ညီခြင်း၊ (သို့) ချိုးဖောက်ခြင်းဟု အနက်ဖွင့်ထားပါသည်။ အသစ်သောယုံကြည်သူသည် ခရစ်တော်ကို လက်ခံသောအခါ မိမိတို့၏အပြစ်ကိုဝန်ခံရမည်အကြောင်း၊ ပစ်ထားကြရမည်အကြောင်း သိကြပါသည်။ မယုံကြည်သောလူ့အသိုင်းအဝိုင်း၌လည်း အပြစ်ကိုသိခြင်းရှိပါ၏။ ထိုအပြစ်ကို မည်သို့ဖြေရှင်းရမည်ကိုမူ မဖော်ပြကြပါ။ အများအားဖြင့် လူ့အသက်သတ်ခြင်းနှင့်ခိုးမှုကို ကြီးမားသောအပြစ်ဟု သတ်မှတ်တတ်ကြ၏။ အပြစ်သည် လူ့ထင်မြင်ချက်ထက်ပို၍ ဆိုးရွားလှပါသည်။

သမ္မာကျမ်းစာက မူလဇာတိအပြစ်နှင့်ပြုသော အပြစ်အကြောင်းကို ဖော်ပြထားပါသည်။ Berkhof ကဤသို့ရှင်းပြခဲ့ပါသည် - ဇာတိမူလအပြစ်ကို အာဒံကကျူးလွန်ခဲ့ပါသည်။ သူသည် လူသားတစ်ခုလုံးကိုယ်စားပြုဖြစ်သောကြောင့် အာဒံအားဖြင့် လူအပေါင်းတို့သည် အပြစ်သားဖြစ်ကြပြီး၊ ထိုအမွေခံရကြသောကြောင့် ယိုယွင်းပျက်စီးသော အသက်တာရရှိကြ၏။ ပြုသောအပြစ်ဆိုသည်မှာ ထိုခံရသောမူလဇာတိအပြစ်အမွေအားဖြင့် လူတိုင်းကျူးလွန်သော လက်တွေ့အပြစ်ကို ဆိုလိုခြင်းဖြစ်ပါသည်။ မူလဇာတိအပြစ်သည် တစ်ခုတည်းဖြစ်၍လက်တွေ့ပြုသောအပြစ်သည် များစွာသောအပြစ်ဖြစ်ပါသည်။ စိတ်နှလုံးထဲမှ ကျူးလွန်သောအပြစ်၊ ဥပမာအားဖြင့် မာနထောင်လွှားခြင်း၊ မနာလိုခြင်း၊ မုန်းတီးခြင်း၊ တပ်မက်ခြင်း၊ ဆိုးညစ်သောဆန္ဒများဖြစ်ကြပြီး၊ အပြင်၌ပြုသောအပြစ်များမှာ လုယက်စားခြင်း၊ ခိုးယူခြင်း၊ လူ့အသက်သတ်ခြင်း၊ သူ့မယားပြစ်မှားခြင်း စသည်တို့ဖြစ်ပါသည်။

၁ ယော ၅း၁၆-၁၇ ထဲတွင်၊ တမန်တော်ကသေပြစ်သင့်သောဒုစရိုက်နှင့် သေပြစ်မသင့်သော ဒုစရိုက်ကိုဖော်ပြခဲ့ပါသည်။ ခွင့်လွှတ်၍မရသောအပြစ် (သေပြစ်သင့်သောဒုစရိုက်) ဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်ကိုကဲ့ရဲ့အပြစ်တင်ခြင်းဖြစ်၍၊ ဤအမှုကျူးလွန်သူသည် နောင်တရခြင်းမရှိနိုင်၊ ထို့ကြောင့် ထိုသူအတွက်ဆုတောင်းခြင်းမလိုအပ်ပါ (မသဲ ၁၂း၃၁-၃၂)။ အပြစ်သည် သေခြင်းကိုဖြစ်ပွားစေသည်ဖြစ်သောကြောင့် ယောဟန်က သတိပေးခဲ့ပါသည်။

စာတန်သည် အပြစ်၏အရင်းအမြစ်ဖြစ်ပါသည်။ ယေရှုက စာတန်သည်အစကတည်းကမုသားပြောသောသူဟူ၍၎င်း၊ မုသား၏အဘဟူ၍၎င်း ဖော်ပြခဲ့ပါသည်။ အာဒံ၏ အပြစ်ကျူးလွန်ခြင်းတွင် သူသည်အဓိကဇာတ်လိုက်ဖြစ်ခဲ့ပါသည်။ လူ၏စိတ်နှလုံးသည်လည်း အလွန်ကောက်ကျစ်စဉ်းလဲသည်ဖြစ်၍၊ အပြစ်၏အရင်းအမြစ်ဖြစ်ပါသည်။ ထိုမူလဇာတိအပြစ်သည် ဒုစရိုက်အပေါင်းတို့၏မိခင်ဖြစ်ပါသည်။ ဒါဝိဒ်က ဆာလံ ၅၁ ထဲမှ မိမိ၏အပြစ်ဝန်ခံခြင်းအမှုတွင် မိမိသည်အပြစ်ပါလျက်ပဋိသန္ဓေစွဲခဲ့ကြောင်း ဆိုခဲ့ပါသည်။ သမ္မာကျမ်းစာက တိတ်တခိုးပြုသောအပြစ်၊ မြင်သာသောအပြစ်၊ ရှက်ကြောက်ခြင်းမရှိပြုသောအပြစ်နှင့် လူငယ်တပ်မက်ခြင်းအပြစ် စသည်တို့နှင့်ပတ်သက်၍ အကြိမ်ကြိမ်သတိပေးလျက်ရှိပါ၏။ အပြစ်အားလုံးမှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းကြပါစို့။

**ဆင်ခြင်ရန်** - အပြစ်ဒုစရိုက်တိုင်း၌ နောက်ဆက်တွဲဆိုးကျိုးရှိပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ သန့်ရှင်းစွာနေထိုင်ခြင်းငှါ အချိန်ယူဆုတောင်းမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၂၁)
**၁ ယော ၅း၁၈-၂၁**
ယု ၂၀း၂၃

*"... သင်တို့သည် မိမိတို့အလွန်သန့်ရှင်းသောယုံကြည်ခြင်း အပေါ်မှာမိမိတို့ကို တည်ဆောက်လျက်၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဆုတောင်းပဌနာပြုလျက် ..."*

## အစဉ်အမြဲအပြစ်ပြုခြင်းမှလွှတ်မြောက်ခြင်း

ဤသြဝါဒစာစောင်၌ တမန်တော်အဓိကဖော်ပြလိုသော အချက်ဟူမူကား ခရစ်တော်၌ တည်သောယုံကြည်ခြင်းနှင့်ဘုရားသခင်အတွက် သန့်ရှင်းခြင်းဖြစ်ပါသည်။ ထိုသို့ ဘုရားသခင်၏ စကားကိုနာခံလိုက်လျှောက်ခြင်းငှါ ကြိုးစားအားထုတ်သမျှတို့ကို ဖျက်ဆီးတတ်သောအရာသည် အပြစ်ဖြစ်သောကြောင့် အပြစ်နှင့်ပတ်သတ်၍ သတိပေးချက်ဖော်ပြ၍ အဆုံးသတ်ခဲ့ပါသည်။ ယုံကြည်သူတို့သည် ဘုရားသခင်ဖြစ်ဘွားစေတော်မူခြင်းခံရသောသူ၊ မာရ်နတ်မထိခိုက်နိုင်အောင် မိမိကိုယ်ကိုစောင့်ရှောက်တတ်သောသူဟု ဖော်ပြထားပါသည်။ ယာကုပ်က မျှော်လင့်ထားသောသန့်ရှင်းခြင်းအကြောင်းကို ဤသို့ဖော်ပြခဲ့ပါသည် - "ခမည်းတော်ဘုရားသခင့်ရှေ့၌ စင်ကြယ်သန့်ရှင်းသောသီလဟူမူကား မိဘမရှိသောသူငယ်တို့နှင့် မုတ်ဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကို ကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီအညစ်အကြေးနှင့် ကင်းစင်အံ့သောငှါ စောင့်ရှောက်ခြင်းပေတည်း" (ယာကုပ် ၁း၂၇)။ ယောဟန် ကလည်း ထိုနည်းတူအစဉ်ပြုတတ်သောအပြစ်မှ မိမိကိုယ်ကိုစောင့်ရှောက်ခြင်းငှါ တိုက်တွန်းနှိုးဆော် ခဲ့ပါသည်။

Barnes က ဤသို့ရှင်းပြခဲ့ပါသည် - "ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသားဖြစ်သမျှသည် ဒုစရိုက်ကိုမပြုတတ်သည်ကို ကျွန်တော်တို့သိကြ၏။ ဆိုလိုသည်မှာ အစဉ်အမြဲအပြစ်ပြုခြင်း၊ အပြစ်သားဟုခေါ်ခြင်းမခံရကြ။ အပြစ်ကိုအစဉ်အမြဲပြုခြင်း၊ နောက်ဆုံး၌ပျက်စီးခြင်းသို့ ရောက်ခြင်းစသည်ကိုမဆိုလိုပါ။ ဆိုလိုသည်မှာ ခွင့်မလွှတ်နိုင်သောအပြစ်ဒုစရိုက် မလွန်ကျူးနိုင်ပါ။ သူသည် အပြစ်ပြုနိုင်သေး၍ မိမိညီအစ်ကိုတို့ကို စိတ်နာစေနိုင်သော်လည်း၊ ထိုသို့သော စစ်မှန်သော ခရစ်ယာန်အတွက် ကျွန်တော်တို့ဆုတောင်းခြင်းမခြားမလပ်ပြုကြရပါမည်။ ခွင့်လွှတ်၍မရသော အပြစ်ကျူးလွန်သည်ဟု မထင်၊ လုံးဝဆုံးရှုံးခြင်းသို့ ရောက်သွားပြီဟု ကျွန်တော်တို့မသတ်မှတ်ပါ။ ဤကျမ်းပိုဒ်က စစ်မှန်သောယုံကြည်သူသည် ခွင့်လွှတ်၍မရသောအပြစ် မကျူးလွန်နိုင်ကြောင်း၊ ကျေးဇူးတော်ထဲမှ လုံးဝမလဲကျနိုင်ကြောင်း သက်သေခံခြင်းဖြစ်ပါသည်။

"မိမိကိုယ်မိမိ စောင့်ရှောက်ခြင်း" ကိုမိမိခွန်အားဖြင့် ပြုသည်ဟု မဆိုလိုပါ။ အပြစ်မကျူးလွန်ခြင်းငှါ မိမိတတ်နိုင်သမျှ ကြိုးစားအားထုတ်ခဲ့ပြီး၊ ဘုရားသခင်၏မစတော်မူခြင်းအားဖြင့် အောင်မြင်မှုရခြင်းကို ဆိုလို၏။

"မာရ်နတ်သည် ထိုသူကိုမထိမခိုက်နိုင်ရာ" ဆိုသည်မှာ ကောင်းသောအရာအပေါင်းတို့၏ ရန်သူတည်းဟူသော မာရ်နတ်၏ကြိုးစားအားထုတ်မှုကို တွန်းလှန်ခြင်းဖြင့်၊ ထိုကျော့ကွင်းတို့မှ ကွယ်ကာစောင့်ရှောက်ခံရခြင်းအကြောင်း ဖြစ်ပါသည်"။

**ဆင်ခြင်ရန်** - "ချစ်သားတို့၊ ရုပ်တုဆင်းတုကို ကြဉ်ရှောင်ကြလော့"။
**ဆုတောင်းချက်** - "အကျွန်ုပ်ကို အကုန်အစင်ဆေးကြော၍... အပြစ်မှသန့်ရှင်းစေတော်မူပါ"။

သောကြာ၊ နိုဝင်ဘာ (၂၂)
**၂ ယော ၁-၃**
၂ တိ ၁း၃-၈

*"... ငါ့ဘိုးဘေးကိုးကွယ်သည်အတိုင်း၊ ကိုယ်ကို ကိုယ်သိသောစိတ်စင်ကြယ်ခြင်းနှင့်တကွငါကိုးကွယ် သောဘုရားသခင်၏ ကျေးဇူးတော်ကိုငါချီးမွမ်း၏"*

## သတင်းကောင်းနာခံခြင်းအကြောင်း သက်သေခံချက်

ယောဟန်က ဩဝါဒစာစောင်တိုနှစ်စောင်ရေးသားခဲ့ပြီး၊တစ်စောင်မှာ အမည်မဖော်ပြသော မြတ်သောသခင်မနှင့် သူ၏သားသမီးတို့အား ရေးလိုက်ခြင်းဖြစ်၍ ကျန်တစ်စောင်မှာ ချစ်အပ်သော ဂါယုထံရေးလိုက်ခြင်းဖြစ်ပါသည်။ ဤဩဝါဒစာစောင်မှာ ယောဟန်ဩဝါဒစာ ဒုတိယစောင်နှင့် တတိယစောင်တို့ဖြစ်ပါသည်။ ဤစာစောင်နှစ်ခုလုံးသည် သတင်းကောင်းနာခံခြင်း၊ သက်သေခံချက်နှင့် သခင်ယေရှုခရစ်တော်ချစ်သောသူတို့၏ နှစ်သက်ဖွယ်သောမိဿဟာယဖွဲ့ခြင်းအကြောင်း ပြသထားခြင်းဖြစ်ပါသည်။ သတိပေးချက်နှင့် စစ်မှန်သောမိဿဟာယဖွဲ့ခြင်းကို ချီးမွမ်းခြင်းတို့ပါဝင်ပါသည်။ ဤဩဝါဒစာဒုတိယစောင်လက်ခံသော သူတို့ထံသို့ (နာခံခြင်းရှိသောမိန်းမ၊ တပည့်တော်နှင့် သူ၏သားသမီးတို့) ယောဟန်ကသမ္မာတရား၌ သူတို့ကိုချစ်ကြောင်း သမ္မာတရားကိုသိသောသူ အပေါင်းတို့ကိုလည်း မိမိချစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဤနာမဖော်ပြခြင်းမရှိသော မိန်းမသည် အသင်းတော်၌ ကောင်းစွာအမှုတော်ဆောင်ရွက်သော ယုံကြည်ခြင်းအားကြီးသော ခရစ်ယာန်နှင့် သူ၏သားသမီးတို့သည် ယုံကြည်သူဖြစ်ကြသည်မှာ သံသယဝင်စရာမလိုပါ။ ယောဟန်က သမ္မာတရားကိုသိသော အခြားသူတို့ကိုလည်း ဖော်ပြခဲ့ပါသည်။

တမန်တော်ဝတ္ထုထဲတွင် အမှုတော်မြတ်၌ထင်ရှားသော အမျိုးသမီးတို့ကို ပေါလုက အသင်းတော်ထံချီးမွမ်းခဲ့ပါသည်။ ဥပမာအားဖြင့် အာရုလ၏မိန်းမ ပြစ်ကိလ၊ ဖိလိပ္ပိမြို့မှ လုဒိတို့ဖြစ်ကြ၏။ ဤယောဟန်ဩဝါဒစာသည်လည်း အသင်းတော်၌ ကောင်းမွန်စွာအမှုတော်ဆောင်ရွက်သော အမျိုးသမီးတို့ကို ချီးမွမ်းခြင်းဖြစ်ပါသည်။

ယောဟန်က ယုံကြည်သူတို့အထဲ၌ ကိန်းဝပ်သောသမ္မာတရားသည် ထာဝရတည်မည်အကြောင်း ဆက်လက်ဖော်ပြခဲ့၏။ ဤတမန်တော်စိတ်ထဲမှ ရည်ညွှန်းသောသမ္မာတရားသည် ခရစ်တော်ယုံကြည်ခြင်းတစ်ခုလုံးကို ဆိုလိုခြင်းဖြစ်ပါလိမ့်မည်။ ဤအကြောင်းအရာကို သခင်ယေရှုခရစ်တော်ကြွလာတော်မူခြင်းဖြင့် ရှင်းလင်းစွာနားလည်သဘောပေါက်ခဲ့ကြ၏။ ဤမိန်းမသည် သမ္မာတရားကို လက်ခံ၍နာခံလိုက်လျှောက်ခြင်းငှါ စိတ်အားထက်သန်သောသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါ သည်။ သူမ၏သက်သေခံချက်အားဖြင့် ယောဟန်သည်အလွန်ခွန်အားရရှိခဲ့ပါသည်။ ခက်ခဲသော အခြေအနေ၌ထိုသို့သောအမှုပြုခြင်းသည် လွယ်ကူသောအမှုမဟုတ်ပါ။ သခင်ဘုရားအတွက် ဤမိန်းမ၏ ရပ်တည်မြဲမြံမှုသည် ဤခွန်အားပေးသောစကားကို ရေးသားရန်ယောဟန်ကို တွန်းအားပေးခဲ့ပါသည်။ ခမည်းတော်ဘုရားနှင့် သားတော်ယေရှုခရစ်တော်ထံမှ ငြိမ်သက်ခြင်းနှင့် ကျေးဇူးတော်သည် ထိုမိန်းမထံ၌ချစ်ခြင်းနှင့်ငှင်း၊ သမ္မာတရားနှင့်ငှင်း ကျရောက်ခြင်းငှါ ယောဟန်ဆုတောင်းပေးခဲ့ပါသည်။ ဤသည်ကား အကောင်းဆုံးသောမေတ္တာပို့ဆုတောင်းပေးခြင်းဖြစ်၏။ ခရစ်တော်၏တပည့်တော်များထံ၌ မိမိပြုသောအမှုတော်သည် အသီးသီးလျှက်ရှိသည်ကို သိခြင်းသည် ယောဟန်အတွက် အလွန်ခွန်အားရစရာကောင်းလှပါသည်။

**ဆင်ခြင်ရန်** - သမ္မာတရားကို ကျွန်တော်နာခံလိုက်လျှောက်ပါသလား။ ချီးမွမ်းခြင်းနှင့် ကျွန်တော်ထိုက်တန်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏သက်သေခံချက်သည် သူတစ်ပါးကို တို့ထိ၍ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေပါသလား။

စနေ၊ နိုဝင်ဘာ (၂၃)
**၂ ယော ၄**
ဟေဗြဲ ၁း၁-၅

*“. . . ဘုရားသခင်သည် ဤနောက်ဆုံးသောကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏”*

## သမ္မာတရား၌ ကျင်လည်ခြင်း

ယောဟန်သည် စကားနည်းသောသူဖြစ်၍ မိမိရည်ရွယ်ချက်ကိုရိုးရှင်းစွာဖော်ပြတတ်၏။ ဤသို့ဖြင့် အဓိကအချက်ကို အငယ် ၄ထဲတွင် ဖော်ပြခဲ့ပါသည် “ငါတို့သည် ခမည်းတော်ဘုရားထံ၌ ပညတ်တော်ကိုခံရသည်အတိုင်း သင်၏သားသမီးအချို့တို့သည် သမ္မာတရား၌ကျင်လည်၍နေသည်ကို ငါတွေ့သောအခါ၊ အလွန်ဝမ်းမြောက်ခြင်းရှိ၏”။ တမန်တော်ဝမ်းမြောက်ခြင်းအကြောင်း အခြားအကြောင်းအရင်းဟူမူကား နာမခံသောသူများအလယ် ၌ ဤဩဝါဒစာလက်ခံသော သူတို့သည် သမ္မာတရားနာခံခြင်းရှိကြသောကြောင့် ဖြစ်ပါသည်။

ဤပညတ်တရားကို အချင်းချင်းချစ်ခြင်းပြသခြင်းဖြင့် ဖော်ပြကြရန် အချုပ်အားဖြင့် တိုက်တွန်းထားပါသည်။ ယုံကြည်သူအဖွဲ့အစည်း၌ ထိုချစ်ခြင်းမေတ္တာကိုတန်ဖိုးထားကြရန် ယောဟန်တိုက်တွန်းထားပါသည်။ အကြောင်းမှာ ချစ်ခြင်းမေတ္တာမရှိလျှင် အဓိပ္ပါယ်ရှိသောမိသဟာယဖွဲ့ခြင်း မရှိနိုင်ပါ။ ခရစ်တော်ကောင်းကင်သို့ ကြွတော်မူသည်နှင့်တပြိုင်နက် ကနဦးအသင်းသူအသင်းသားတပည့်တော်တို့သည် မိမိပစ္စည်းကို ရောင်းလျက်လိုအပ်သောသူကို ထောက်ပံ့ခြင်းဖြင့် အချင်းချင်းချစ်ခြင်းကိုပြသကြ၏။ ဤအမှုအတွက် တမန်တော်တို့သည် စိန်ခေါ်မှုနှင့်ရင်ဆိုင်ခဲ့ကြပြီး အရည်အချင်းရှိသောသင်းထောက်များကို ခန့်အပ်ခဲ့ကြ၏။ ဤသို့ဖြင့် ခရစ်ယာန်မိသဟာယဖွဲ့ခြင်းကို တည်မြဲစေခဲ့ကြ၏။ အသင်းတော်အတွက် ချစ်ခြင်းမေတ္တာကြီးသည် အရေးကြီးလှပါသည်။ ဘုရားသခင်ကိုချစ်ခြင်းနှင့်ပညတ်တရားလိုက်လျှောက်ခြင်း အရင်ရှိရမည်ဖြစ်၏။ အသင်းတော်စည်းလုံးခြင်းရှိခြင်းငှါ ဤအရာသည်အဓိကလိုအပ်ချက်ဖြစ်ကြောင်း ယောဟန်ကအကြိမ်ကြိမ်ဖော်ပြခဲ့ပါသည်။ ခရစ်တော်က မိမိတပည့်တော်တို့အား ထိုသို့သွန်သင်တော်မူခဲ့ပြီး၊ သူတို့သည် ပညတ်ရားကို လိုက်လျှောက်ကြရမည်ဖြစ်ပါသည်။

စစ်မှန်သောသွန်သင်ချက်တိုင်းသည် ဘုရားသခင်ထံမှဖြစ်ကြ၏။ ယုံကြည်သူသည် ထိုသွန်သင်ချက်တို့ကို နာခံလိုက်လျှောက်ကြရပါမည်။ တမန်တော်က မှားယွင်းသောသွန်သင်ချက်ကို သတိပြုရန်သတိပေးခဲ့ပါသည်။ စစ်မှန်သောသွန်သင်ခြင်းသည် အမျိုးမျိုးအနည်းနည်းဖြင့် ရောက်ရှိလာတတ်သောလှည့်စားသောသူတို့ကို ရင်ဆိုင်တိုက်ခိုက်ရလိမ့်မည်။ စစ်မှန်သောယုံကြည်ခြင်းကို အတိအလင်းငြင်းပယ်သောသူရှိကြသကဲ့သို့၊ မှားယွင်းသောအနက်ဖွင့်ခြင်းဖြင့် သွန်သင်သောသူများလည်း ရှိကြ၏။ ထို့ပြင် မှန်ကန်သောယုံကြည်ချက်တို့ကို သင်ပေးပြီး၊ သွန်သင်ချက်အတိုင်း မကျင့်သုံးသောသူများလည်းရှိကြ၏။ ငြင်းပယ်သောအဓိကယုံကြည်ချက်ဟူမူကား ယေရှုခရစ်တော်လူ့ဇာတိခံယူခြင်းအကြောင်းပေတည်း။ တမန်တော်က ဤအမှုကိုသတင်းကောင်းလုံးလုံးငြင်းပယ်ခြင်းဟု သတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် သမ္မာတရားသည် အလွန်လိုအပ်သောအရာဖြစ်ကြောင်း အထူးဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ကယ်တင်ခြင်းအကြောင်းဟူမူကား ယေရှုသည်ကျွန်ုပ်တို့အပြစ်အတွက် ကြွလာတော်မူပြီးအသေခံတော်မူ၏ ဟူ၍ ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ယုံကြည်ခြင်းနှင့်ပတ်သက်၍ လှည့်စားခြင်းဘယ်သောအခါမျှ မခံရမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၂၄)
**၂ ယော ၇**
၁ ပေ ၄း၁-၆

*"ယခုမှာ သင်တို့သည် သူတို့နှင့်အတူ မဆက်ဆံရ၊ ကာမဂုဏ်၌ လွန်ကျူးညစ်ညူးစွာမပြုသည်အရာကို သူတို့သည် အံ့သြ၍ ကဲ့ရဲ့တတ်ကြ၏။*

## လှည့်ဖြားသောသူများအကြောင်း သတိပေးခြင်း

ခရစ်တော်သည် ဤလောက၌နေခဲ့စဉ် ယုဒခေါင်းဆောင်များ၏ ဆန့်ကျင်မှုကိုကြုံတွေ့ခဲ့ရ၏။ ထိုသို့ဆန့်ကျင်ခြင်းကို ကနဦးအသင်းတော်ကလည်း ခံစားခဲ့ရ၏။ ယောဟန်ခေတ်တွင်၊ ခရစ်တော်သည် လူဇာတိခံကြွလာတော်မူကြောင်းကို များစွာသောလူတို့က ငြင်းပယ်ခဲ့ကြ၏။ ဤလူတို့အား တမန်တော်က အန္တိခရစ်ဟု ကြေငြာခဲ့ပါသည်။ ခရစ်တော်ကိုဆန့်ကျင်သောသူဟု အဓိပ္ပါယ်ရ၏။ ဤအခေါ်အဝေါ်ကိုသမ္မာကျမ်းစာထဲ၌ စာတန်ကိုရည်ညွှန်း၍လည်း အသုံးပြုပါသည်။ သူသည် ခရစ်တော်ကိုဆန့်ကျင်သောသူဖြစ်၏။ သူသည် ဘေးဒဏ်ကြီးကာလတွင် မှားယွင်းသောပရောဖက်နှင့် အတူပေါ်လာမည်ဖြစ်၍ ဤလောကီလူသားတို့ကို လှည့်ဖြားကြပါလိမ့်မည်။ သူသည် အစကတည်းမှ လှည့်ဖြားခြင်းမျိုးစေ့ကို ကြဲခဲ့ပါသည်။

တမန်တော်က ဤဩဝါဒစာစောင်ရေးသားသောအချိန်၌ မှားယွင်းသောဆရာအကြောင်းကို ဖော်ပြခဲ့ပါသည်။ ထို့ပြင် အသင်းတော်က ကြီးသောအကျိုးကိုခံစားခဲ့ကြောင်း သိခဲ့ပါ၏။ ထိုအရာတို့ကို လက်မလွှတ်ဘဲစုံလင်သောအကျိုးခံစားရခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ဤသည်ကား၊ ဤလောက၌ အကျိုးခံစားခြင်းမဟုတ်ဘဲ၊ စုံလင်သောအသက်တာ၊ ထာဝရတည်သောအသက်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤလောက၌ခရစ်ယာန်အသက်တာသည် ယုံကြည်သောသူအဖို့ ကြီးစွာသော အကျိုးကိုဖြစ်စေပါသည်။ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် ကောင်းကင်ဆုကျေးဇူးမျှော်လင့်ချက်ရှိကြ၏။

ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဤလောကီဆင်းရဲဒုက္ခခံရသောယုံကြည်သူတို့၏ သခင်ယေရှု၏ ခွန်အားပေးခြင်းအားဖြင့် ပျော်ရွှင်ဝမ်းမြောက်ခြင်းနှင့်မျှော်လင့်ခြင်းရှိပါ၏။ ယောဟန်က မိမိကြုံတွေ့သောအရာအားဖြင့် ဤအကြောင်းကို ပြောကြားခဲ့ပါသည်။ သူသည်ခရစ်တော်၏ပထမဆုံးတပည့်တော်တို့တွင် ပါဝင်ခဲ့သောကြောင့် ထိုသို့သောဆင်းရဲညှင်းပန်းနှိပ်စက်ခြင်းကို ကြုံတွေ့ခဲ့ပါသည်။ ထို့ပြင် ယေရှုရှလင်မြို့၌ ညှင်းဆဲခြင်းခံရသောကနဦးအသင်းတော်တွင် ပါဝင်ခဲ့သောသူဖြစ်ပါသည်။ သူ၏အစ်ကိုယာကုပ်သည် တမန်တော်တို့တွင် ပထမဆုံးမာတုရဖြစ်ခဲ့ပါသည်။ ရှင်ဘုရင်ဟေရုဒ်က သူ့ကိုအသေသတ်ခဲ့၏။ ယောဟန်သည်လည်း ရောမလူတို့က ယေရုရှလင်မြို့ဖျက်ဆီးသော အချိန် အေဒီ ၇၀ ၌နှင်ထုတ်ခြင်းခံရသည်ဟု ထင်မှတ်ရပါသည်။ သူ့အကြောင်း မှတ်တမ်းတင်ရေးသားချက်ကို ဗျာဒိတ် ၁း၉ထဲတွင် တွေ့ရ၏။ သူသည်ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ယေရှုခရစ်တော်၏ သက်သေခံတော်မူချက်အတွက် ပတ်မုကျွန်း၌နေခဲ့ရ၏။ သို့သော်လည်း သူသည်ထာဝရနှင့်ဆိုင်သော ဆုကျေးဇူးကိုမျှော်ကြည့်လျက်ရှိ၏။ ထို့ပြင် သစ္စာရှိသောသူတို့အား မိမိတို့ရရှိထားသော ဆုကျေးဇူး၌ ထပ်၍ရရှိမည်အကြောင်း ရှေ့ဆက်အားထုတ်ကြရန် တိုက်တွန်းထားပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏အောင်မြင်ခြင်းတံခွန်ကို အစဉ်တင်မြှောက်ကြလော့။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အဘယ်အဖိုးအခပေးရန် ရှိသည်ဖြစ်စေ ခရစ်တော်အတွက် ရပ်တည်ခြင်းငှါ မစတော်မူပါ။

**၂ ယော ၈-၁၂**
ဆာလံ ၁

"... ထာဝရဘုရား၏တရားတော်၌ မွေ့လျော်၍၊
တရားတော်ကိုနေ့ညဉ့်မပြတ် ဆင်ခြင်အောက်မေ့သောသူ"

## မိဿဟာယဖွဲ့ခြင်း၌ မိတ်ဆွေရွေးချယ်ခြင်း

ဩဝါဒစာပထမစောင်ထဲတွင် ပြခဲ့သည့်အတိုင်း။ ယောဟန်က ယေရှုခရစ်တော်၏ အကြောင်းနှင့်ပတ်သက်၍ မှားယွင်းသောသွန်သင်ခြင်းကို ရှုတ်ချခဲ့ပါသည်။ ခရစ်တော်သည် လူဇာတိခံကြွလာတော်မမူဟု ငြင်းခုံခဲ့ကြ၏။ ထို့ကြောင့် သူတို့ပြုစုသောအရာမပျောက်မပျက်၊ စုံလင်သောအကျိုးကိုရမည်အကြောင်း သတိပြုကြရန် ဤစာစောင်လက်ခံရရှိသောသူတို့အား တိုက်တွန်းခဲ့ပါသည်။

ခရစ်တော်၏သွန်သင်ခြင်း၌ မတည်သောလွန်ကျူးသောသူတို့နှင့်ပတ်သတ်၍ ပြုရမည့်အရာဟူမူကား အသီးအခြားနေခြင်းပင်ဖြစ်ပါသည်။ ထိုသို့သောလူတို့သည် ဘုရားသခင်ကိုမသိ၊ မိမိစိတ်အလိုအတိုင်း နေထိုင်ကြကြောင်း ဖော်ပြခဲ့ပါသည်။ မိမိအမြင်၌ မှန်သည်ထင်သောအရာကို ပြုကြ၏။ ဘုရားသခင်၏ပညတ်တော်ဆန့်ကျင်ခဲ့ကြပြီး၊ ဇာတိပကတိအလိုကို ပြည့်စုံစေကြ၏။ ဒုတိယမွေးခြင်းမခံရသောသူသည် ဘုရားသခင်၏နည်းလမ်းကိုမမြင်နိုင်၊ မျက်စိကွယ်လျက်ရှိကြ၏။ တစ်ဖက်တွင်၊ ခရစ်တော်သွန်သင်ချက်၌ တည်နေသောသူသည် ခမည်းတော်နှင့်သားတော်ကို ပိုင်ဆိုင်ကြ၏။

ထို့ကြောင့် အကြောင်းအရာထင်ရှား၍ အဘယ်အရာရွေးရမည်မှာ ထင်ရှားလှပါသည်။ စိတ်သဘောတလုံးတဝတည်းရှိသောသူတို့သည် အဓိပ္ပါယ်ရှိသောမိဿဟာယဖွဲ့ခြင်းရှိကြပြီး၊ တူညီသောရည်ရွယ်ချက်ကို ကြိုးစားဆောင်ရွက်ကြပါသည်။ ဤလောကအရာတို့တွင်၊ မိမိတို့၏ပြိုင်ဘက်ကို တိုက်လှန်ခြင်း၌ လူတို့သည်စုရုံးတတ်ကြ၏။ ဤယှဉ်ပြိုင်မှုတွင် အကျိုးအမြတ်များများမရှိပါ။ သို့သော်လည်း၊ စစ်မှန်သောယုံကြည်သူတို့၏ တိုက်လှန်ကြိုးစားအားထုတ်ခြင်းသည် အထက်အရပ်ကောင်းကင်နှင့်ဆိုင်သောအရာဖြစ်၍၊ ဘုရားသခင်နှင့်ဆိုင်သောအမှု၌ သေချာသော မျှော်လင့်ချက်ရှိပါ၏။

ယောဟန်ကစစ်မှန်သောယုံကြည်ချက် မစွဲကိုင်သောသူတို့အား ငြင်းပယ်ရန်နှင့် မိမိအိမ်သို့လက်မခံကြရန်၊ နှုတ်ပင်မဆက်ကြရန် စာဖတ်သူတို့အား တိုက်တွန်းထားပါသည်။ ထိုသို့လက်ခံခဲ့လျှင် သူတို့ပြုသောမကောင်းမှု၌ ပါဝင်ခြင်းဖြစ်ကြောင်း ဆိုခဲ့၏။ ဤသည်ကား သီးခြားနေခြင်း သွန်သင်ချက်အကြောင်း ရှင်းလင်းစွာအမိန့်ပေးခြင်း၊ ခရစ်တော်နှင့်ပတ်သက်သောတရား ချိုးဖောက်ခြင်းပင် ဖြစ်ပါသည်။ များစွာသောပြောစရာရှိသော်လည်း၊ မင်နှင့်စက္ကူပေါ်၌ ရေးသားခြင်းထက်ပို၍ အဓိပ္ပါယ်ရှိသော မျက်နှာချင်းဆိုင် ဆုံတွေ့မိဿဟာယဖွဲ့ခြင်းအတွက် ချန်ထားခဲ့ပါသည်။ အချင်းချင်း မိဿဟာယဖွဲ့ခြင်းသည် ခရစ်တော်ချစ်ခြင်းမေတ္တာကို မြဲမြံစေတတ်၏။ မှားယွင်းသောသွန်သင်ချက်အကြောင်း သတိပေးခြင်းသည် လိုအပ်သောအမှုဖြစ်ပြီး၊ သမ္မာတရား၌ရပ်တည်ခြင်းက ခရစ်ယာန်မိဿဟာယဖွဲ့ခြင်းကို တည်ဆောက်တတ်၏။

**ဆင်ခြင်ရန်** - ခရစ်ယာန်မိဿဟာယဖွဲ့ခြင်းသည် ကောင်းကင်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ညီအစ်ကိုမိဿဟာယဖွဲ့ခြင်းအမှုကို ခရစ်တော်တည်းဟူသော ကျောက်ပေါ်၌တည်ဆောက်လိုပါ၏။

အင်္ဂါ၊ နိုဝင်ဘာ (၂၆)
**၃ ယော ၁-၁၃**
ဆာလံ ၁၃၃

*“ညီအစ်ကိုတို့သည် သဘောတူလျက်*
*ပေါင်းဘော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။*
*အလွန်တင့်တယ်လျောက်ပတ်ပေ၏”*

# ရှင်ယောဟန်ဩဝါဒစာတတိယစောင်အကြောင်း

ရှင်ယောဟန်ဩဝါဒစာတတိယစောင်သည် မိတ်ဆွေထံပေးပို့သော တိုသောစာစောင်ဖြစ်ပါသည်။ ယောဟန်က ခရစ်ယာန်ညီအစ်ကိုမိဿဟာယဖွဲ့ခြင်းကို ခွန်အားပေးခြင်းဖြစ်၏။ ဂါယုထံ မိမိ၏ချစ်ခြင်းမေတ္တာကို ဖော်ပြလျက်၊ သူ၏ကျန်းမာရေးအတွက် ဆုတောင်းပေးရန်ကတိပေးခဲ့ပါသည်။ ဂါယုသည် သမ္မာတရား၌တည်၍ ကြိုးစားအားထုတ်ခြင်းရှိသောကြောင့် မိမိ၏ဝမ်းမြောက်ခြင်းကိုလည်း ဖော်ပြခဲ့၏။ သူတို့သည် အချင်းချင်းပေးကမ်းကူညီတတ်သော မိတ်ဆွေကောင်းများဖြစ်ကြပြီး၊ တူညီသောယုံကြည်ခြင်းရှိသောညီအစ်ကိုဖြစ်ကြ၏။ ခရစ်တော်၏အမှုတော်ဆောင်များထောက်ပံ့ကူညီခြင်းအားဖြင့် ဂါယုသည်လည်း သမ္မာတရား၌လည်း လုပ်ဘော်ဆောင်ဖက်ဖြစ်လာခဲ့ပါသည်။ ပေါလုသည် သာသနာပြုခြင်းအမှု၌ ကြိုးစားအားထုတ်သည်နည်းတူ၊ ယောဟန်၌လည်း ထိုသို့သော ကြိုးစားအားထုတ်မှုရှိပြီး၊ နေစရာအိမ်ဟူ၍ မိမိ၌မရှိခဲ့ပါ။ သူသည် ဂါလိလေနယ်သားဖြစ်၍ ယေရုရှလင်၌အမှုတော်ဆောင်လျက်၊ နောက်ဆုံးတွင် ဝေးလံသောပြည်သို့ရောက်ရှိခဲ့ပါသည်။ စာစောင်ထဲ၌ဖော်ပြသည်အတိုင်း၊ ဂါယုက မိမိအိမ်သို့ဧည့်ခံခဲ့ခြင်းဖြစ်ပါသည်။ ဤတပည့်တော်သည်လည်း မိမိအသင်းတော်၌ရောက်ရှိလာသော သာသနာပြုဆရာတို့ကို ထောက်ပံ့ပေးသောသူဖြစ်ပါသည်။ ဤပုဂ္ဂိုလ်၏အကျင့်သည် တမန်တော်နှစ်သက်သော အကျင့်ဖြစ်သောကြောင့် ချီးမွမ်းခြင်းကိုခံခဲ့ရပါသည်။ ဂါယု၏ရက်ရောမှုအကျိုးခံစားရသောသူတို့တွင် ယောဟန်သည် တဦးအပါအဝင်ဖြစ်ပါသည်။

သမ္မာကျမ်းစာပြင်ပသမိုင်း၌ ယောဟန်၏အမှုတော်ဆောင်ခြင်းအကြောင်း ရေးသားထားချက်ရှိပါသည်။ နောက်ဆုံးပိုင်းအမှုတော်ဆောင်ခြင်းအမှုကို ရောမလက်အောက်ခံအာရှနယ်၏အဓိကမြို့တော်ဖြစ်သော ဧဖက်မြို့၌ သူဆောင်ရွက်ခဲ့၏။ တနယ်ပြီးတနယ် သွားရောက်သင်ပေးသော သတင်းကောင်းဟောပြောသည့် ဆရာများစွာကိုလည်း စေလွှတ်လျက်၊ အသင်းတော်ကို ယုံကြည်ခြင်း၌ရင့်ကျက်မှုရှိစေခြင်းငှါ သွန်သင်ရန် ခွန်အားပေးခဲ့သည်ဟုလည်း ဖော်ပြခဲ့ကြ၏။ သာသနာပြုဆရာတို့ကို မိမိတို့အိမ်၌ တည်းခိုခွင့်ပေးသောခရစ်ယာန်တို့က ထောက်ပံ့ကျွေးမွေးခဲ့ကြ၏။ ဂါယုသည် ထိုသို့ဧည့်ခံတတ်သောသူတဦးဖြစ်ပါသည်။ ဂါယု၏နောက်ခံသမိုင်းကြောင်းနှင့် မိသားစုအကြောင်းကို များများမသိရသော်လည်း သူသည်ချစ်ခြင်းမေတ္တာပြတတ်သော၊ တမန်တော်၏ချီးကျူးခြင်းကိုခံရသော၊ သခင်ယေရှု၏အမှုတော်ဆောင်တဦးဖြစ်ကြောင်း သိရပါသည်။

ဤဩဝါဒစာစောင်ထဲ၌ ယောဟန်က ယေရှုခရစ်တော်၏နာမကို မဖော်ပြသော်လည်း၊ ယေရှုခရစ်တော်၏သတင်းကောင်းကို ဖော်ဆောင်သောစကားလုံး“သမ္မာတရား”ကို အသုံးပြုခဲ့ပါသည်။ ထို့ပြင် အပိုဒ်ငယ် (၇) ၌တွေ့ရသော “နာမတော်ကိုထောက်၍” ဟူသောစကားစုသည် ခရစ်တော်ရည်ညွှန်းခြင်းဖြစ်ပါသည်။ ယောဟန်က ဤတိုလှသောဩဝါဒစာစောင်ထဲတွင် ခရစ်တော်အကြောင်းကိုဖော်ပြထားပါသည်။

**ဆင်ခြင်ရန်** - သခင်ယေရှုကိုသိသောသူအပေါင်းတို့သည် ထိုသခင်၌တလုံးတဝတည်းဖြစ်ကြပါ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ညီအစ်ကိုတို့၏ရက်ရောမှုကို ကျွန်တော်အစဉ်တန်ဖိုးထားပါ မည်။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၂၇)
**၃ ယော ၂-၈**
၂ ကော ၉း၆-၈ *“လူတိုင်း ကိုယ်အလိုအလျောက်လှူရ၏”*

## ဂါယု၏ရက်ရောခြင်းသဘော

ယောဟန်က တမန်တော်အပေါ်မေတ္တာပြသခဲ့သော ဂါယုအားဆုတောင်းမေတ္တာပို့သခဲ့ပါသည်။ တမန်တော်သည် ဤတပည့်တော်၏ရက်ရောခြင်းအမှုကြောင့် ဝမ်းမြောက်ခြင်းရှိ၍ ခွန်အားရရှိခဲ့ပါသည်။ စကားလုံးအနည်းငယ်အားဖြင့်၊ ချီးကျူး၍ညီအစ်ကိုချစ်ခြင်းပြသခဲ့၏။ ယုံကြည်သူဂါယုသည် သမ္မာတရားကိုမြဲမြံစွာ စွဲကိုင်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ သမ္မာတရား၌ကျင်လည်သဖြင့် သူတစ်ပါးတို့က ဤသို့သက်သေခံကြ၏ - “သင်၌ရှိသော သမ္မာတရား၏အကြောင်းကို ညီအစ်ကိုတို့သည် လာ၍သက်သေခံကြသောအခါ. . . ”။

ဂါယု၏ရက်ရောမှုကို သူကိုယ်တိုင်ခံစားခဲ့ရပါသည်။ သူသည် ယုံကြည်ခြင်း၌ မြဲမြံစွာရပ်တည်သောယုံကြည်သူဖြစ်ပါသည်။ ယောဟန်က သူ၏သားသမီးတို့သည် သမ္မာတရား၌ကျင်လည်ကြသည်အကြောင်း သိခြင်းမှတစ်ပါး အခြားဝမ်းမြောက်စရာမရှိဟု ဖော်ပြရာတွင်၊ ဂါယုသည် သူ၏သားသမီးတို့တွင် တဦးပါဝင်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။ တရားဟောဆရာက မိမိအမှုတော်ဆောင်မှုအောက်၌ ရှိသောယုံကြည်သူတို့ကို သားသမီးဟုခေါ်ခွင့်ရှိပါသည်။ ပေါလုက ကောရိန္တုယုံကြည်သူတို့အား သတင်းကောင်းအားဖြင့် မိမိဘွားမြင်သောသူများဟု ခေါ်ခဲ့ပါသည် (၁ ကော ၄း၁၅)။ ယောဟန်က ဂါယုနှင့်မိမိ၏ဆက်နွယ်မှုကို ဖော်ပြခြင်းသည်မှန်ပါ၏။ သူသည် အခြားညီအစ်ကိုတို့နှင့်ဧည့်သည်တို့အပေါ်၌ သစ္စာရှိစွာဧည့်ဝတ်ပြုခဲ့ပါသည်။ ယောဟန်က ထိုကောင်းသောအမှုပြုခြင်းအတွက် ခွန်အားပေးခဲ့ပြီး၊ လူတို့က ချီးမွမ်းကြကြောင်း ဆိုခဲ့ပါသည်။ “ထိုသူတို့သည် သင်၏ချစ်ခြင်းမေတ္တာအကြောင်းကို အသင်းတော်ရှေ့၌ သက်သေခံကြ၏။ သင်သည် ထိုသူတို့ကို ဘုရားသခင်၏အလိုတော်နှင့်အညီ ပို့လိုက်ပြန်လျှင် ကောင်းသောအမှုကိုပြုလိမ့်မည်” (၃ ယော ၆)။ ယောဟန်သည်မှားယွင်းသော တပည့်တော်၊ သမ္မာတရား၌ မကျင်လည် သောသူတို့၏ နှောင့်ယှက်ခြင်းကို ကြုံတွေ့ရတတ်သောကြောင့် ဤခွန်အားရခြင်းသည် ထူးခြားသော ခွန်အားပင်ဖြစ်ပါသည်။

ဂါယုသည် ခရစ်တော်၏နာမတော်ကိုထောက်၍ ကြိုးစားလုပ်ဆောင်ခြင်းဖြစ်၏။ သူ၏ အသက်တာသည် ထင်ရှားသောသက်သေဖြစ်၍၊ ယောဟန်က ဤအရာကိုတစ်ပါးအမျိုးသားတို့ထံ သာသနာပြုခြင်း၌ အသုံးပြုလိုခဲ့၏။ ဤဩဝါဒစာစောင်တွင် အမှုတော်သည်ပို၍အကျိုးရှိမည် အကြောင်း သူ၏ကြိုးစားအားထုတ်မှု ထပ်၍အားဖြည့်ခြင်း၌ ရေးသားခဲ့ပါသည်။ သတင်းကောင်း အမှုတော်ဆောင်ခြင်း၌ အတောင်ပံထပ်ပေးသကဲ့သို့ ဖြစ်ပါသည်။ ဂါယုသည် ရက်ရောသော စိတ်သဘောရှိ၍ တမန်တော်နှင့်အတူတကွ အမှုတော်ဆောင်ခြင်း၌ အသင့်ရှိခဲ့ပါသည်။ သခင်ယေရှုအတွက် ယနေ့သင်ဘာအမှုပြုနိုင်သနည်း။

**ဆင်ခြင်ရန်** - ရက်ရောခြင်းသည်လည်း ဝိညာဉ်အသီးတစ်ပါးဖြစ်ပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ပေးသနားတော်မူသောအရာကို သူတစ်ပါးထံဝေငှပေးကမ်းခြင်း၌ အကျွန်ုပ်အား အသင့်ဖြစ်စေတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၂၈)

**၃ ယော ၉-၁၁** *"မတရားသောသူသည် မာနထောင်လွှားသောကြောင့်. . .*

ဆာလံ ၁၀း၂-၆ *ဘုရားသခင်မရှိဟု အစဉ်အောက်မေ့တတ်ပါ၏"*

## မာနထောင်လွှားခြင်းသည် ဘုရားသခင်၏အစေခံကျွန်အဖို့မဟုတ်

ဂါယုသည် လူကောင်းဖြစ်၍ ဒယောတရပ်သည် ထောင်လွှားသောသူဖြစ်၏ဟူသော အချက်မှအပ၊ ဤစာစောင်၌ဖော်ပြထားသော ပုဂ္ဂိုလ်တို့၏အခြားအကြောင်းကို မတွေ့ရပါ။ ယောဟန်သည် အသင်းတော်ထံ စာစောင်ရေးသားခဲ့ပြီး၊ ယောတရပ်က သူတို့ကိုလက်မခံခဲ့ပါ။ သူသည် ဘုရားသခင်၏အစေခံကျွန်ဟု မိမိကိုယ်ကိုအယောင်ဆောင်သော်လည်း အမှန်တကယ်မဟုတ်ပါ။ ညီအစ်ကိုတို့ကိုမချစ်၊ ဧည့်ဝတ်ကျေပွန်မှုမရှိခဲ့ပါ။ အကဲအမှူးဖြစ်လိုသောသူဖြစ်ပါသည်။ ဒယောတရပ်က သူတို့ကိုတားမြစ်၍လက်မခံခဲ့ပါ။ ညီအစ်ကိုတို့ကို လက်ခံပြုစုသောသူတို့အား တားမြစ်၍ အသင်းတော်မှနှင်ထုတ်ခဲ့ပါသည်။

ဖော်ပြချက်တိုင်း၌ ဒယောတရပ်သည် လူဆိုးဖြစ်ပါသည်။ ထောင်လွှားခြင်းရှိ၍ လူတကာအထက်၌နေလို၏။ Matthew Henry က ဤသို့ရှင်းပြခဲ့ပါသည် - "စိတ်နှလုံးနှင့်နှုတ်ကို သတိပြုဖို့လိုပါသည်။ ဒယောတရပ်၏စိတ်သဘောထားသည် ထောင်လွှားခြင်းရှိ၍ မိမိအလိုနှင့်ပြည့်လျက်ရှိ၏။ ကျွန်တော်တို့ကိုယ်တိုင် ကောင်းသောအမှုမပြုလိုခြင်းသည် မှားပါသည်။ သို့သော်လည်း ကောင်းသောအမှုပြုလိုသောသူကို တားမြစ်ခြင်းသည် ဆိုးလှပါ၏။ ဤသတိပေးချက်တို့ကို မှတ်သားကြပါစို့။ ချစ်ခြင်းမေတ္တာအားဖြင့် သွန်သင်ဖော်ပြထားခြင်းဖြစ်ပါသည်။ ကောင်းသောအရာနောက်ကိုလိုက်ကြပါစို့။ ကောင်းသောအမှုပြုခြင်းကို နှစ်သက်သောသူသည် ဘုရားသခင်ဖြစ်ဘွားစေသောသူဖြစ်၏။ မကောင်းမှုပြုသောသူသည် ဘုရားသခင်နှင့်ရင်းနှီးသယောင် အယောင်ဆောင်၍ ထောင်လွှားတတ်ကြ၏။ ထောင်လွှားမောက်မာသောသူ၊ မိမိကိုယ်ကျိုးကိုသာရှာသောသူတို့နောက်သို့ မလိုက်ကြပါနှင့်၊ သခင်ယေရှုကျင့်သကဲ့သို့ ချစ်ခြင်းမေတ္တာ၌ကျင်လည်လျက် ဘုရားသခင်၏နောက်တော်သို့လိုက်ကြပါစို့။"

ဒယောတရပ်သည် အဘယ့်ကြောင့် အသင်းတော်နှင့်ဆက်စပ်၍ပါဝင်ခဲ့ပါသနည်းဟူသော အချက်မှာ အံ့သြစရာကောင်းလှပါသည်။ သို့သော်လည်း၊ အသင်းတော်၌ ထိုသို့သောပုဂ္ဂိုလ်ရှိကြကြောင်း သိထားကြရပါမည်။ ပေါလုက ထိုသို့သောလူတို့၏ ဩတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်းခံရကြကြောင်းဆိုခဲ့ပါသည် (၁ တိ ၄း၂)။ အပြစ်ရှိသည်ဟူသော စိတ်လုံးဝမရှိဘဲအပြစ်ကို ကျူးလွန်တတ်ကြ၏။ ထိုသို့သောပုဂ္ဂိုလ်များ နောင်တရခြင်းငှါ ဆုတောင်းပေးပါလော့။

**ဆင်ခြင်ရန်** - "ဖျက်ဆီးခြင်းအရင်၌ မာနထောင်လွှားခြင်းရှိ၏"။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၌ အစဉ်ရှိတတ်သောမာနထောင်လွှားခြင်းကို ယဉ်ပါးအောင် ထိန်းချုပ်နိုင်ခြင်းငှါ မစတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၂၉)
**၃ ယော ၁၂**
တိတု ၁း၅-၉

*"စင်ကြယ်သောသြဝါဒအားဖြင့် တိုက်တွန်း သွေးဆောင်ခြင်းငှါလည်းကောင်း၊ ငြင်းခုံသောသူတို့၏ စကားကို ချေခြင်းငှါလည်းကောင်း တတ်နိုင်မည်အကြောင်း. . ."*

## ဘုရားသခင်၏လူအဖို့ ချီးကျူးစကား

ဒယောတရပ်နှင့်ဆန့်ကျင်လျက် ဒေမေတရိသည် လူကောင်းဖြစ်ပါသည်။ ဘုရားသခင်လူ၏ အရည်အချင်းသည် သူ၏အကျင့်တို့၌ တွေ့နိုင်ပါသည်။ အသင်းတော်ကို စောင့်ရှောက်မည့်ပုဂ္ဂိုလ်၌ရှိရမည့်ပေါလုဖော်ပြထားသော အရည်အချင်းလိုအပ်ချက်တစ်ခုဟူမူကား လူတို့၏ချီးမွမ်းခြင်းခံရသောအသက်တာရှိခြင်းပင်ဖြစ်ပါသည်။ သို့မဟုတ်လျှင် ကဲ့ရဲ့ခြင်းကိုခံ၍ မာရ်နတ်၏ကျော့ကွင်းထဲသို့ ကျော့မိနိုင်ပါသည်။ ဒေမေတရိသည် ကောင်းသောအသက်တာပိုင်ဆိုင်သော လူတစ်ဦးဖြစ်ပါသည်။

တမန်တော်တို့က အသင်းတော်၏တာဝန်ကို ထမ်းရွက်နိုင်မည့်ပုဂ္ဂိုလ်တို့ကို တပည့်တော်တို့၌ရှာဖွေသိရှိတတ်ကြ၏။ တိမောသေအကြောင်း၌၊ ပေါလုသည် ဒေရဗေမြို့နှင့် လုတ္တရမြို့သို့ ခရီးသွားစဉ်သူ့ကိုတွေ့ခဲ့ပြီး၊ သူသည် လုတ္တရမြို့နှင့် ဣကောနိမြို့၌ရှိသော ညီအစ်ကိုတို့တွင် သရေရှိသောသူ၊ ချီးမွမ်းခြင်းခံရသောသူဖြစ်သောကြောင့်၊ ပေါလုက မိမိ၏အမှုတော်ဆောင်အဖွဲ့ထဲသို့ ခေါ်ဆောင်ခဲ့ခြင်းဖြစ်ပါသည် (တမန် ၁၆း၁-၃)။ ဒေမေတရိ၏အသက်တာသည် ယောဟန်နှစ်သက်သောအသက်တာဖြစ်ပါသည်။ သူ၏ယုံကြည်ခြင်းသည်လည်း မှန်ကန်မှုရှိ၏။ သမ္မာတရားသည် လည်း သူ၏သက်သေဖြစ်၏ဟု ယောဟန်ဖော်ပြခဲ့ပါသည်။ အသင်းတော်စောင့်ရှောက်ခြင်းတာဝန်ကို ပေးအပ်ခြင်းငှါ သင့်တော်သောပုဂ္ဂိုလ်ဖြစ်ပါသည်။ သူသည် ဖြောင့်မတ်ခြင်းရှိ၍ ကောင်းသောအကျင့်ကိုကျင့်သောသူဖြစ်ပါသည်။

ယောဟန်က သူသည်အသင်းတော်တာဝန်များကို ဆောင်ရွက်ရန်သင့်တော်သောပုဂ္ဂိုလ်ဖြစ်ကြောင်း အတည်ပြုခဲ့ပါသည်။ ဂါယုနှင့်မိတ်ဆွေကောင်းဖြစ်၍ သတင်းကောင်းသက်သေခံခြင်းငှါ တတ်နိုင်ကြ၏။ သူတို့အမှုတော်ဆောင်ရွက်သော နေရာဖော်ပြခြင်းမရှိသော်လည်း၊ ယောဟန်အမှုတော်ဆောင်ခဲ့သော Asia Minor တဝိုက်၌ ဖြစ်မည်ဟုယူဆရပါသည်။

F.B.Meyer က ဒေမေတရိ၏အကျင့်ကို ဤသို့ဖော်ပြခဲ့ပါသည် - "ခရစ်ယာန်သည် ဘုရားသခင်နှင့် ကိုက်ညီသောအမှုကိုပြုရပါမည်။ အထူးသဖြင့် ဧည့်သည်တို့အပေါ်၌ (အပိုဒ် ၅-၆) 'နာမတော်ကိုထောက်၍' (အငယ် ၇)၊ ပြုကြရပါမည်။ သားသမီးဖြစ်သော ကျွန်တော်တို့သည် မိသားစု၏ဂုဏ်ကို စောင့်ထိန်းကြရပါမည်။ ထိုသို့သော ဧည့်ဝတ်ကျေပွန်မှုသည် သမ္မာတရားအတိုင်းကျင့်ဆောင်ခြင်းဖြစ်ပါသည်။ အပိုဒ်ငယ် (၁၀) ၌တွေ့ရသောအချက်ကို ကျွန်တော်တို့ရှောက်ကြရပါမည်။ ဒေမေတရိအကြောင်း သက်သေခံချက်သုံးချက်သည် သူ၏အကျင့်ကို အတုယူရန်ကျွန်ုပ်တို့ကို နှိုးဆော်မှုပေးလျက်ရှိ၏။ ဤလောက၌တွေ့ဆုံနှုတ်ဆက်ခြင်းသည် ထာဝရအိမ်တော်၌ မျက်နှာချင်းဆိုင် မိဿဟာယဖွဲ့ခြင်းနှင့်မည်သို့နှိုင်းယှဉ်နိုင်မည်နည်း။ (အပိုဒ်ငယ် ၁၄)။"

**ဆင်ခြင်ရန်** - "ကောင်းသောအသရေကို များစွာသောဥစ္စာထက်သာ၍ ရွေးစရာကောင်း၏"။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အား ကိုယ်တော်၏အိမ်တော်နှင့်ထိုက်တန်သော အစေခံကျွန်ဖြစ်စေတော်မူပါ။

စနေ၊ နိုဝင်ဘာ (၃၀)
**၃ ယော ၁၃-၁၄**
တမန် ၂၀း၃၂-၃၈

*"ယခု ငါသည်သင်တို့ကိုဘုရားသခင်၌ အပ်နှံ၏။ သင်တို့ကို တည်ဆောက်ခြင်းငှါ . . . တတ်နိုင်သောဘုရားသခင်၏ ကျေးဇူးတော်တရား၌လည်း သင်တို့ကိုငါအပ်နှံ၏"*

## ယောဟန်၏နှုတ်ဆက်စကား

ကောင်းမွန်သောနှုတ်ဆက်စကားသည် ခရစ်ယာန်ချစ်ခြင်းမေတ္တာကို ပေါ်လွင်စေပါသည်။ ဤအချက်ကို တမန်တော်ကမိမိစာစောင်ထဲတွင် အထူးဖော်ပြထားပါသည်။ ရှင်ယောဟန်ဩဝါဒစာတတိယစောင်သည် ဂါယုထံဒေမေတရိယူဆောင်လာသည်ဟု ထင်ရပါသည်။ ဤစာစောင်ရေးသားရခြင်းအကြောင်းမှာ ညီအစ်ကိုတို့သည်ယောဟန်ထံလာ၍ ဂါယု၏ဧည့်ဝတ်ကျေပွန်မှုအကြောင်း ချီးမွမ်းပြောဆိုခြင်းကြောင့် ဖြစ်ပါသည်။ သူ၏အကျင့်သည် ချီးကျူးစရာကောင်းလှပြီး၊ တဖက်၌ ထောင်လွှားသောသူနှင့်ဆန့်ကျင်ဘက်ဖြစ်ပါသည်။

ယောဟန်သည် ခရစ်တော်၏နာမတော်ကို တိုက်ခိုက်၍ဤစာစောင်၌ မဖော်ပြခဲ့သော်လည်း "သူတို့သည် နာမတော်ကိုထောက်၍ . . . သွားကြ၏"ဟူသော အချက်က ယေရှုခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ သူတို့၏တူညီသောယုံကြည်ခြင်းကလည်း ဤစာစောင်ရေးသားရခြင်းအကြောင်းကိုပေါ်လွင်စေပါသည်။ အပိုဒ် ၁၁ ထဲတွင်၊ "အချင်းချစ်သူ၊ မကောင်းသောနည်းကို မလိုက်နှင့်။ ကောင်းသောနည်းကိုသာလိုက်လော့။ ကောင်းသောအကျင့်ကိုကျင့်သောသူသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။ မကောင်းသောအကျင့်ကိုကျင့်သောသူမူကား ဘုရားသခင်ကို မသိမမြင်ရပြီ" ဟုဆိုခဲ့၏။ ဤစကားလုံးတို့က သူတို့၏ဆက်နွယ်မှုကို ဖော်ပြလျက်ရှိ၏။ ဤစာစောင်ထဲတွင် လူပုဂ္ဂိုလ်သုံးဦး၏အကျင့်အသက်တာ ပုံသာဓကကိုဖော်ပြခဲ့ပါသည်။

ယောဟန်က မိမိမိတ်ဆွေထံများစွာပြောစရာရှိသော်လည်း၊ မှင်နှင့်စက္ကူပေါ်၌ မရေးလိုကြောင်း ဖော်ပြခဲ့ပါသည်။ မျက်နှာချင်းဆိုင်တွေ့ဆုံမည်ဟု မျှော်လင့်ခဲ့ပါသည်။ စာပို့ခြင်းနှင့် ကိုယ်တိုင်တွေ့ဆုံခြင်းသည် မတူညီကြပါ။ ယနေ့ဆက်သွယ်ရေးကောင်းသော ခေတ်၌ပင် ကိုယ်တိုင်တွေ့ဆုံခြင်းကို ဘယ်အရာကမှအစားမထိုးနိုင်ပါ။ ပေါလုသည် နေရာများစွာသို့ သာသနာပြုခဲ့ပါသည်။ မိမိသွန်သင်ခဲ့သောအကြောင်းအရာတို့ကို စာအားဖြင့်ရေးသားပေးပို့၍ ရပါ၏။ သို့သော်လည်း၊ ထိုသို့ရေးသားခြင်းထက် ကိုယ်တိုင်သွားရောက်ခြင်းကို ပို၍တန်ဖိုးထားခဲ့ပါသည်။ ထို့ကြောင့် ကြိုးစားခရီးသွားနေခဲ့ခြင်းဖြစ်ပါသည်။ ယောဟန်သည်လည်း များစွာသောနေရာသို့ ခရီးသွား၍ ခရစ်ယာန်တို့ကို ခွန်အားပေးခဲ့ပါသည်။ ဤသည်ကား မိမိပြုရမည့်တာဝန်၊ အမှုတော်ဆောင်ခြင်း ဖြစ်ပါ၏။

နိဂုံးတွင်၊ ယောဟန်က ဂါယုအား "သင်၌ငြိမ်သက်ခြင်းရှိပါစေသော။ အဆွေတို့သည် သင့်ကိုနှုတ်ဆက်ကြ၏။ သင်၌ရှိသောအဆွေတို့၏နာမည်ကို ထုတ်၍နှုတ်ဆက်လော့"ဟု ဆိုခဲ့ပါ သည်။ ထိုသို့နှုတ်ဆက်စကားပြောခြင်း၌ အမှုတော်တွင် ပါဝင်ကူညီခဲ့ကြသော ညီအစ်ကိုတို့၏ နာမည်ဖော်ပြခြင်းသည် ပုံမှန်ပြုနေကြအမှုဖြစ်၍၊ ညီအစ်ကိုချစ်ခြင်းမေတ္တာကို ခိုင်မြဲတည်တံ့စေပါသည်။

**ဆင်ခြင်ရန်** - ထိုက်တန်သောညီအစ်ကိုတို့အား ချီးကျူးခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အပေါ် သူတစ်ပါးပြုသောအမှုကို တန်ဖိုးထားတတ်ခြင်းငှါ မစတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁)
**ဖေက် ၁း၁-၂**
တမန် ၂၀း၁၇-၃၁

*"ဘုရားသခင်၏ကျေးဇူးတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို သက်သေခံခြင်းငှါ၊ သခင်ယေရှု၏လက်မှ ငါခံခဲ့ပြီးသော ဓမ္မဆရာအမှု. . . "*

## ဖေက်အသင်းတော်

ဧဖက်အသင်းတော်သည် ဓမ္မသစ်ကျမ်းရေးသားသော ကျမ်းရေးဆရာသုံးဦးက လေ့လာဖော်ပြခြင်းခံရသော ဓမ္မသစ်ကျမ်းမှတစ်ပါးတည်းသော အသင်းတော်ဖြစ်၏ဟု Morris Mac Donald က လေ့လာဖော်ပြခဲ့ပါသည်။ တမန်တော်ဝတ္ထုထဲတွင် လုကာကသမိုင်းကြောင်းအနေဖြင့်၎င်း၊ ဧဖက်ထဲတွင်ပေါလုက သက်သေခံချက်ဖြင့်၎င်း၊ ဗျာဒိတ်ကျမ်းတွင် ယောဟန်ကထာဝရနှင့်ဆိုင်သော အသင်းတော်ကဲ့သို့ ဖော်ပြရေးသားခဲ့ကြ၏။ ထို့ပြင် မိမိ၏ခေါင်းဆောင်သုံးဦးကို သိရှိဖော်ပြခြင်းခံရသော တစ်ပါးတည်းသောအသင်းတော်ဟုလည်း မှတ်သားခြင်းခံရ၏။

ဤအသင်းတော်တည်ထောင်ခြင်းအကြောင်းကို တမန်တော် ၁၈-၁၉ တွင်ဖော်ပြခဲ့သည်။ ပေါလု၏သာသနပြုခြင်းအမှု၏ အသီးအပွင့်ဖြစ်ပါသည်။ ဧဖက်မြို့သည် Asia Minor ၏ စီးပွားရေးအချက်အချာမြို့ဖြစ်၍ ဘာသာရေးကိုင်းရှိုင်းသောမြို့လည်းဖြစ်၏။ ဤမြို့တွင် ဂရိစကားဖြင့် Artemis (လာတင်စကားဖြင့် Diana ) ဟုခေါ်သော ဘုရားမရုပ်တုလည်းရှိ၏။ ပေါလုက ဤမြို့ သည် သတင်းကောင်းအလွန်လိုအပ်သော မြို့ဟုသိနေခဲ့၏။ ပေါလုသည် ဒုတိယသာသနာခရီးစဉ် အဆုံး၌ ပြစ်ကိလနှင့်အာကုလကို ထားခဲ့သော ဤဧဖက်မြို့သို့ အလည်သွားခဲ့ပါသည် (တမန် ၁၈း၁၈-၂၁)။ ဤဧဖက်အသင်းတော်၌ သုံးနှစ်လုံးလုံး နေထိုင်လျက်အမှုတော်ဆောင်ရွက်ခဲ့ပါသည် (တမန် ၁၈-၁၉)။ ဧဖက်အသင်းတော်သည် ကြီးထွားခြင်းရှိ၍ ထိုအချိန်၌ရင့်ကျက်လာခဲ့ပြီး အသင်းတော်အနည်းဆုံး ခုနစ်ပါးတို့၏မိခင်အသင်းတော်ဖြစ်လာခဲ့ပါသည် (ကောလောသဲအသင်းတော်နှင့် တကွ ဗျာဒိတ်၌ဖော်ပြထားသော အသင်းတော်ခြောက်ပါး)။

သတင်းကောင်းဟောပြောခြင်းအမှုတော်က ဧဖက်မြို့ရှိ ရုပ်တုကိုးကွယ်ခြင်းကို စတင်ပြဿနာတက်စေခဲ့ပြီး လောကီအမှုကိုလည်း ဆန့်ကျင်ခဲ့၏။ ထိုအခါ ဆူပူမှုဖြစ်လာ၍ ပေါလုသည် မြို့မှထွက်ပြေးခဲ့ရ၏။ သို့သော်လည်း ထိုဆူပူမှုက မရည်ရွယ်ဘဲလျက် သတင်းကောင်းကျယ်ပြန့်မှုကို ဖြစ်စေခဲ့ပါသည်။ ခိုင်မာသောအသင်းတော်ဖြစ်လာ၍ သင်းအုပ်တို့သည်လည်း ဆက်ကပ်သော ခေါင်းဆောင်များဖြစ်ကြ၏။ ထိုမြို့၌ပေါလုသည် သမ္မာကျမ်းစာကျောင်း တည်ထောင်ခဲ့ပြီး တပည့်တော်များအား သင်ကြားပို့ချခဲ့ပါသည် (တမန် ၁၉း၉)။ မာကေဒေါနိပြည်မှ ပေါလုပြန်လာစဉ် ဤအသင်းတော်၏ သင်းအုပ်တို့အား မိလက်မြို့သို့ခေါ်ခဲ့ကာ ဘုရားသခင်၏အသင်းတော်ကို သတိကြီးစွာ စောင့်ရှောက်ကြခြင်းငှါ အထူးခွန်အားပေး၍ တာဝန်ပေးခဲ့ပါသည်။ အသင်းတော်သည် မိမိခြေပေါ်မှာ ရပ်တည်လျက်၊ ရင့်ကျက်ခြင်းသို့ ဆက်လက်ချီတက်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - သစ္စာရှိသောသာသနာပြုခြင်းက ဘုရားသခင်ကို ကြောက်ရွံ့သောအသင်းတော်များ မွေးဖွားပေးတတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဧဝံဂေလိတရားဟောပြောလိုစိတ်ပြင်းပြမှုကို အကျွန်ုပ်၌ရှိစေတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၂)
**ဖေက် ၁း၁-၂**
၁ သက် ၂း၁၁-၁၆

*"ဘုရားသခင်၏နှုတ်ကပတ်တရားကို သင်တို့သည် ခံယူကြသောအခါ . . . ဘုရားသခင်၏နှုတ်ကပတ်တော် အမှန်ဖြစ်သည်အညီ . . . ခံယူကြသည်"*

---

## ဖေက်ဩဝါဒစာ

ဤဖေက်ဩဝါဒစာသည် ဖေက်မြို့၌ရှိသော သန့်ရှင်းသူများ ခရစ်တော်ယေရှု၌ သစ္စာရှိသောသူတို့ထံ ပေးပို့ခြင်းဖြစ်ပါသည်။ စာရေးသူသည် မိမိကိုယ်ကို ယေရှုခရစ်တော်၏တမန်တော် ပေါလုဟု ဖော်ပြထားပါသည်။ ဤဩဝါဒစာကို ပေါလုက ပထမအကြိမ် ရောမ၌အကျဉ်းချခံရစဉ် အေဒီ ၆၀-၆၂ တွင် ရေးသားထားသော "အကျဉ်းထောင်မှဩဝါဒစာစောင်" ဖြစ်ပါသည်။ အကျဉ်းချခံရခြင်းအကြောင်းကို ဖေက် ၁း၁၊ ၄း၁ နှင့် ၆း၂၀ ထဲတွင် ဖော်ပြထားပါသည်။ ဤဩဝါဒစာစောင်၌ပါသော အချက်အလက်အကြောင်းအရာက ဤအသင်းတော်၏ရင့်ကျက်မှုကို ပြသလျှက်ရှိပါသည်။ ပေါလုက ဤအသင်းတော်ကို ကောင်းကောင်းသိခဲ့ပြီး ဝိညာဉ်အစာကောင်းစွာ ကျွေးမွေးခဲ့ပါသည်။ ဤဩဝါဒစာစောင်ထဲတွင် အလွန်အရေးကြီးသော ယုံကြည်ခြင်းအကြောင်းအရာများ ဖော်ပြ၍နားလည်သဘောပေါက်လွယ်သော အရေးအသားတို့ဖြင့် ရေးသားထားပါသည်။

ပေါလုက "ခရစ်တော်၌" (သို့မဟုတ် တူညီသောဖော်ပြချက်) ဟူသော စကားစုကို ဤဩဝါဒစာထဲတွင် ၃၅ ကြိမ်လောက် အသုံးပြုဖော်ပြခဲ့ပါသည်။ ဤအချက်က ဤဩဝါဒစာတွင် ခရစ်တော်သည် အဓိကဖြစ်ကြောင်း ပြသလျှက်ရှိ၏။ ခရစ်တော်ယေရှု၌ ကောင်းကင်မှခေါ်တော်မူသည်အတိုင်း ထိုခေါ်တော်မူခြင်းနှင့် ထိုက်တန်ကိုက်ညီမှုရှိသော အသက်တာဖြင့်နေထိုင်ကြရန် ယုံကြည်သူ၏ တာဝန်ဝတ္တရားကို အဓိကဖော်ပြခဲ့ပါသည်။ အသင်းတော်၌ပြဿနာမရှိအောင် ကွယ်ကာခြင်းငှါဋ်း၊ ခရစ်တော်၌ရင့်ကျက်ခြင်းရှိကြခြင်းငှါဋ်း၊ တိုက်တွန်းအားပေးခဲ့ပါသည်။ ဤဩဝါဒစာ၏အဓိကစာလုံးများ အပိုဒ်ကို ဖေက် ၂း၈-၁၀ နှင့် ၄း၁-၃ ထဲတွင် ရေးသားထားပါသည်။ ထိုအချက်ဟူမူကား ကယ်တင်ခြင်းသည်ကျေးဇူးတော်အားဖြင့် ဖြစ်သည်ဟူ၍ဋ်း အသင်းတော် စည်းလုံးခြင်းအတွက် နှိမ့်ချခြင်းနှင့် သည်းခံနိုင်ခြင်းလိုအပ်ကြောင်းကိုဋ်း ဖော်ပြထားပါသည်။ အခန်းကြီး ၆ သည် ပေါလု၏နောက်ဆုံးအဓိကအချက်ဖြစ်၏။ ခရစ်ယာန်တို့သည် ခရစ်တော်၌ ကောင်းကင်ဘုံနှင့်ဆိုင်သော ဝိညာဉ်ဆုကျေးဇူးမင်္ဂလာတို့ကို ခံခဲ့ကြသော်လည်း ဤလောက၌အသက်ရှင်နေစဉ် ခရစ်ယာန်သည် ဝိညာဉ်စစ်ပွဲကိုနေ့စဉ် တိုက်လှန်ကြရသေး၏။ အရှင်းဆုံးသော ခွန်အားပေးတိုက်တွန်းခြင်းကို "သခင်ဘုရားအားဖြင့်ဋ်း၊ တန်ခိုးတော်အရှိန်အားဖြင့်ဋ်း ခိုင်ခံ့ခြင်းရှိကြလော့" (ဖေက် ၆း၁၀) ဟုဖော်ပြခဲ့ပါသည်။

ပေါလုက မိမိစာဖတ်သူတို့အား နေ့စဉ်ဝိညာဉ်ခွန်အားယူခြင်းငှါ ခရစ်တော်၌တည်သောသူတို့၏ ရပ်တည်မှုအခြေအနေနှင့် ဂုဏ်ပုဒ်ကိုအသိပေးခဲ့ပါသည်။ ခေါ်တော်မူခြင်းခံရသောအချက်နှင့်ကိုက်ညီထိုက်တန်စွာ နေထိုင်ကြရမည်အကြောင်း မိန့်တော်မူခဲ့၏။ ကောင်းကင်ဘုံနှင့် ဆိုင်သော ယုံကြည်သူ၏ ပိုင်ဆိုင်ထားသောအရာဖြစ်သော သားအရာ၌ခန့်ထားခြင်း၊ ရွေးနှုတ်ခြင်း၊ တန်ခိုးရှိခြင်း၊ အသက်ရှင်ခြင်း၊ ကျေးဇူးတော်၊ နိုင်ငံသားဖြစ်ခြင်း၊ ခရစ်တော်၏ချစ်ခြင်း စသည်တို့ကို ဖော်ပြခဲ့ပါသည်။ ထိုအခါ အသင်းတော်သည် ရင့်ကျက်ကြီးထွားခြင်းရှိခဲ့၏။

**ဆင်ခြင်ရန်** - တမန်တော်တို့၏စကားသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ရေးသားထားသော နှုတ်ကပတ်တော်ကိုတန်ဖိုးထားမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၃)

**ဖေက် ၁း၁-၂**

တမန် ၉း၃-၉

*"ထ၍မြို့သို့ဝင်လော့။ သင်ပြုရမည့်အမှုကို ပြောလိမ့်မည်"*

# ***တမန်တော်၏နှုတ်ဆက်ခြင်း***

ပေါလုက မိမိသည်ဤဩဝါဒစာစောင်ရေးသားသောသူဖြစ်ကြောင်း ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်တော်၏တမန်တော်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ သူသည် ဧဖက်မြို့၌ သုံးနှစ်လုံးလုံးအမှုတော်ဆောင်ခဲ့သော သူတို့၏ဆရာဖြစ်ပါသည်။ အသင်းသူအသင်းသားအများစုသည်သူ၏အမှုတော်ဆောင်ခြင်းအားဖြင့် ပြောင်းလဲသောသူများဖြစ်ကြ၍ သူတို့၏နာမည်ကို ပေါလုသိပါလိမ့်မည်။ သူတို့ကလည်း ဤစာစောင်ရေးသားသောသူတို့ကို လုံးဝသံသယဝင်ကြမည်မဟုတ်ပါ။

ပေါလုက ယေရှုခရစ်၏တမန်တော်ဖြစ်သောကြောင့် သူရေးသားသောအကြောင်းသည် ယေရှုခရစ်တော်၏သတင်းကောင်းဖြစ်ပါသည်။ ဤအမှုတော်ဆောင်ရွက်ခြင်းငှါ သူပြောင်းလဲသောအချိန်၌ဘုရားသခင်အလိုတော်အားဖြင့် ခန့်အပ်ခြင်းဖြစ်ပါသည်။ သူသည် အထူးနည်းလမ်းအားဖြင့် ခေါ်ခြင်းခံရခဲ့ပြီး ဘုရားသခင်၏အထူးအသိဉာဏ်ပေးခြင်းလည်း ခံရခဲ့၏။ သူသည် အာရပ်ပြည်၌ သင်ယူခြင်းခံရသည်မှအပ များများဆည်းပူးခြင်းမရှိသော်လည်း အချိန်ပြည့်တရားဟောဆရာဖြစ်လာခဲ့၏။ သူ၏ခေါ်ခြင်းခံရခြင်းအကြောင်းကို တမန်တော်ဝတ္ထု ၉ ထဲတွင် ဖော်ပြထားပါသည်။ ဘုရားသခင်က ပေါလုခန့်အပ်ခြင်းအမှုနှင့်ပတ်သက်၍ ဒမာသက်မြို့မှ အာနနိအား ဤသို့ဖော်ပြခဲ့ပါသည် - "သခင်ဘုရားကလည်း ထိုသူကား တပါးအမျိုးသားတို့နှင့် ရှင်ဘုရင်တို့ထံသို့၎င်း၊ ဣသရေလအမျိုးသားတို့ရှိရာသို့၎င်း၊ ငါ၏နာမကိုပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သော တန်ဆာဖြစ်၏။ အကြောင်းမူကား၊ ထိုသူသည်ငါ၏နာမကြောင့် အဘယ်မျှလောက်ပင် ဆင်းရဲခံရမည်ကို ငါသည် သူ့အားပြမည်။ ထို့ကြောင့် သင်သွားလော့ဟု အာနနိအား မိန့်တော်မူ၏" (တမန် ၉း၁၅-၁၆)။ ဤကောင်းကင်မှအထူးအံ့ဩဖွယ်ပြ တော်မူခြင်းဖြင့် ပေါလုသည် တမန်တော်ဖြစ်လာခဲ့၏။ သူသည် ဖာရိရှဲဖြစ်ခဲ့သောကြောင့် ဓမ္မဟောင်း ကျမ်းကို ကောင်းစွာသိခဲ့ပါသည်။ ဖာရိရှဲဖြစ်သောကြောင့် မှားယွင်းသောကြိုးစားအားထုတ်မှုဖြင့် အမှုဆောင်ရွက်ခဲ့ဖူးပါသည်။ သို့သော်လည်း ယုံကြည်သူဖြစ်လာသောအခါ သမ္မာတရားကို မှန်ကန်စွာအနက်ဖွင့်တတ်ပြီး မှန်ကန်စွာ ကျင့်ဆောင်လိုက်လျှောက်ခဲ့ပါသည်။

ပေါလုက မိမိ၏ဩဝါဒစာလက်ခံသောသူတို့သည် ဧဖက်မြို့၌ရှိသော သန့်ရှင်းသူများ ယေရှုခရစ်တော်၌သစ္စာရှိသောသူများဟု ဖော်ပြခဲ့ပါသည်။ ဒုတိယမွေးခြင်းခံရသောသူ ယုံကြည်သူတိုင်းသည် သန့်ရှင်းသောသူဖြစ်ကြပါ၏။ သေလွန်ပြီးမှ သန့်ရှင်းသောသူဟု အသင်းတော်၏ကြေငြာခြင်းအားဖြင့် သန့်ရှင်းသောသူဖြစ်ကြသည်မဟုတ်ပါ။ သူတို့သည် ခရစ်တော်၌သစ္စာရှိသောသူဖြစ်ကြ၏။ သူတို့နှင့်အတူ ပေါလုနေထိုင်ခဲ့စဉ်အချိန်သည် သူတို့ဝိညာဉ်ရေးရာ၌ ကြီးထွားရင့်ကျက်ခြင်းရှိသောအချိန်ဖြစ်သောကြောင့် သူတို့၏ယုံကြည်ခြင်းကို ပေါလုသိခဲ့ပါ၏။ ထို့ကြောင့် သစ္စာရှိသောသူများဟု ခေါ်ခြင်းဖြစ်ပါသည်။ ခမည်းတော်ဘုရားနှင့် သားတော်သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်း သူတို့အပေါ် တည်ရှိခြင်းငှါ ဆုတောင်းပေးခြင်းက သူတို့၏ယုံကြည်ခြင်း တူညီမှုကို ပြသလျှက်ရှိပါသည်။

**ဆင်ခြင်ရန်** - သစ္စာရှိစွာအမှုတော်ဆောင်ခြင်းက ဘုရားသခင်၏နိုင်ငံတော်အတွက် ကောင်းသောအသီးကိုသီးစေတတ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်အတွက် သစ္စာရှိသောသက်သေဖြစ်လိုပါ၏။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၄)

**ဧဖက် ၁း၃-၆**

ရောမ ၈း၂၄-၃၀

*"စိတ်နှလုံးကိုစစ်တော်မူသောသူသည်လည်း ဝိညာဉ်တော်၏စိတ်သဘောကို သိတော်မူ၏"*

## ဘုရားသခင်၏အလိုတော်အတိုင်း ရွေးနှုတ်ခြင်းခံရသောသူ

ကျွန်တော်တို့တစ်ဦးချင်း၏ ကယ်တင်ခြင်းခံရခြင်းသက်သေခံချက်သည် မတူညီကြသော်လည်း ကယ်တင်တော်မူသောသူမှာ ဘုရားသခင်သာလျှင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အလိုအတိုင်းသာဖြစ်ခဲ့မည်ဆိုပါက ကျွန်တော်တို့အားလုံးသည် ပျက်ဆီးခြင်းသို့ရောက်ခဲ့ကြမည်ဖြစ်၏။ ပေါလုက သန့်ရှင်းသူတို့အား ခံစားရသည့်မင်္ဂလာ အဘယ်အရပ်မှပေါ်လာသည်ကို အသိပေးခဲ့ပါသည်။ ခရစ်တော်၌ ဝိညာဉ်ကောင်းကြီးမင်္ဂလာအပေါင်း ခံစေတော်မူသောသူသည် ခမည်းတော်ဘုရားပင်ဖြစ်တော်မူ၏။ ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း၌ ကယ်တင်ခြင်းနှင့်ဆိုင်သော အရာအားလုံးပါဝင်ပါသည်။ တမန်တော်က ဘုရားသခင်သည် ဘုရားသခင်သည်ကျွန်ုပ်တို့ကို ကမ္ဘာမတည်မရှိမီ ရွေးကောက်တော်မူခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ဖြစ်လာသောအကျိုးဟူမူကား ရွေးကောက်ခြင်းခံရသောသူသည် သန့်ရှင်းခြင်းရှိ၍ ဘုရားသခင်ရှေ့၌ ချစ်ခြင်းမေတ္တာကြောင့် အပြစ်တင်ခွင့်လွတ်ကင်းကြ၏။ ထိုဘုရားသခင်၏အလိုတော်ကို သိသဖြင့် တမန်တော်သည် နေ့ရောညပါ ကြိုးစားအားထုတ်၍အမှုတော်ဆောင်ရွက်ခဲ့ပါသည်။

ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းသည် ဘုရားသခင်၏ရွေးကောက်တော်မူခြင်းကို တစ်မျိုးဖော်ပြခြင်းဖြစ်ပါသည်။ ရွေးကောက်တော်မူခြင်းသည် ယေရှုခရစ်အားဖြင့် (သို့မဟုတ်) ယေရှုခရစ်၌ အချို့သောဤလောကီလူသားတို့ကို ကယ်တင်ရန်ဘုရားသခင်၏ ထာဝရအကြံအစည်တော်ဖြစ်ပါသည်။ ဤသမ္မာတရားကိုဆန့်ကျင်သောသူတို့က ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းသည် မဖြစ်နိုင်သောအရာဟုဆိုကြ၏။ သို့သော်လည်း ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်၍ မိမိ၏အလိုတော်အတိုင်း အမှုပြုတော်မူ၏။ ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းသည် အရာခပ်သိမ်း၏နောက်ဆုံးအကြောင်းတရားဖြစ်ပါ၏။ ကျွန်တော်တို့ လိုအပ်သောဉာဏ်မူကား ဘုရားသခင်၏နက်နဲသောအလိုတော်နှင့် ဖော်ပြသောအလိုတော် ခွဲခြားသိဖို့ရန်ဖြစ်ပါသည်။ နက်နဲသောအလိုတော်သည် ဘုရားသခင်၌သိထားသော ထာဝရအကြံအစည်တော်ဖြစ်၏။ ဖော်ပြထားသောအလိုတော်သည် သမ္မာတရား၌ဖွင့်ပြတော်မူသော တရားပင်ဖြစ်ပါသည်။ ကယ်တင်ခြင်းနှင့်ဆိုင်သောအမှု ဘုရားသခင်ပြုတော်မူခြင်းက အပြစ်သားကိုသန့်ရှင်းသောသူဖြစ်စေခဲ့၏။

သားဖြစ်စေခြင်းအမှုသည်လည်း ယုံကြည်သူတို့ထံ ဘုရားသခင်ပေးသနားတော်မူသောဆုကျေးဇူးအခွင့်ထူးပင်ဖြစ်ပါသည်။ ယောဟန် ၁း၁၂ထဲတွင် "ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏" ဟု ဖော်ပြထားပါသည်။ ဤအကျိုးတရားကို ပေါလုက "အလိုတော်ရှိသောစေတနာအတိုင်း" (ဧဖက် ၁း၆)၊ "ချစ်တော်မူသော သားတော်ကြောင့် ငါတို့အားပေးတော်မူသော ကျေးဇူးတော်၏ဘုန်းအသရေကိုချီးမွမ်းစေခြင်းငှါ" (ဧဖက် ၁း၅-၆) ဘုရားသခင်ပေးသနားတော်မူခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဖန်ဆင်းခံလူသားသည် ဘုရားသခင်၏အဆုံးစွန်အာဏာတော်၏ အလိုတော်ကို လက်ခံကြရမည်ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အလိုတော်သိခြင်းအမှု၌ အကျွန်ုပ်၏အသိဉာဏ် တိုးပွားစေတော်မူပါ။

*"ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှ ရွေးနှုတ်တော်မူပြီ"*

## သားတော်အားဖြင့် ရွေးနှုတ်တော်မူခြင်း

ရွေးနှုတ်ကယ်တင်ခြင်းဆိုသည်မှာ ရွေးနှုတ်သည်ဟူသော ကြိယာ၏နာမ်ပြပုဒ်ဖြစ်ပါသည်။ Webster's 1828 Dictionary က "ရွေးနှုတ်သည်" ဟူသောစကားလုံး၏ အဓိပ္ပာယ်ကိုဤသို့နှစ်မျိုး ဖော်ပြထားပါသည်။

၁။ ပြန်ဝယ်သည်၊ အဖိုးခပေးသည်၊ ချုပ်နှောင်ခြင်း (သို့) ဖမ်းဆီးခံရခြင်းမှ (သို့) ခံရမည့်ဒုက္ခဆင်းရဲ ထဲမှ ဖမ်းချုပ်ထားသော (သို့) သိမ်းသွားသောပစ္စည်းကို ပြန်ဝယ်သကဲ့သို့ ထိုက်တန်သော အဖိုးအခ ပေးခြင်းဖြင့် လွတ်မြောက်စေခြင်း (သို့) ပြန်၍ရွေးဝယ်ခြင်း ဖြစ်ပါသည်။

၂။ ရောင်းခဲ့ပြီးသောအရာကို ပြန်၍ရွေးဝယ်ခြင်း၊ မိမိမပိုင်ဆိုင်တော့သောအရာကို ပိုင်ရှင်ထံမှ ထိုက်တန်သောအဖိုးအခပေးပြီး ပြန်၍ဝယ်ယူရရှိပိုင်ဆိုင်ခြင်းဖြစ်ပါသည်။

ဤအမှုသည် အပြစ်သားကျွန်ုပ်တို့အတွက် ယေရှုပြုတော်မူခဲ့သောအမှုဖြစ်ပါသည်။ ယေရှုကမိမိအသွေးတော်အားဖြင့် ကျွန်ုပ်တို့ကိုရွေးဝယ်ခဲ့ပါသည်။ ကျေးဇူးတော်များသည်အတိုင်း ခွင့်လွှတ်ခြင်းကိုကျွန်တော်တို့ခံရကြ၏။ ယေရှုက ကျွန်ုပ်တို့အတွက် အဖိုးအခပေးတော်မူခဲ့၏။ ဓမ္မဟောင်းခေတ်တွင် အပြစ်ခွင့်လွှတ်ခြင်းသည် ယဇ်ပူဇော်ခြင်းအားဖြင့်ဖြစ်ကြောင်း သိနားလည်ခဲ့ကြ၏။ သို့သော်လည်း ဓမ္မသစ်ခေတ်တွင် ထိုယဇ်ပူဇော်ခြင်းများ မလိုအပ်တော့ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုအရာတို့သည် ကယ်တင်ရှင်အစစ်ဖြစ်တော်မူသော ယေရှုခရစ်တော်ပုံဆောင်ခြင်းသာ ဖြစ်ကြ၏။ ဘုရားသခင်၏ဥာဏ်တော်ကို ကျွန်တော်တို့လုံးဝမမှီနိုင်ပါ။

ဘုရားသခင်၏ရွေးနှုတ်ကယ်တင်ခြင်းအစီအစဉ်၌ ပါဝင်သောအချက်များကို သတင်းကောင်းထဲ၌ ဖော်ပြထားပါသည်။ မိမိအလိုတော်အတိုင်း ဖွင့်ပြတော်မူခြင်းဖြစ်ပါသည်။ ပေါလုက အချိန်ကာလစေ့သောအခါ ဖြစ်ပျက်လာသည်ဟု ဆိုခဲ့၏။ ဘုရားသခင်၏ဖွင့်ပြတော်မူခြင်း တဖြည်းဖြည်း ရုပ်လုံးပေါ်လာခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ခရစ်တော်၏ရွေးနှုတ်ကယ်တင်တော်မူခြင်းအမှုက ကျွန်ုပ်တို့ကို အမွေခံဖြစ်စေပါ၏။ မိမိအလိုတော်အတိုင်း အမှုပြုတော်မူသော ဘုရားသခင်သည် မိမိ၏အစီအစဉ်အတိုင်း ကျွန်ုပ်တို့ကိုကြိုတင်ရွေးနှုတ်ခွဲခန့်မှတ်သားတော်မူခဲ့၏။ တမန်တော်ပေါလုက ဤသို့ဖော်ပြထားပါသည်- "အကြောင်းမူကား ခရစ်တော်ကိုမျှော်လင့်နှင့်သော ငါတို့အားဖြင့် ဘုန်းတော်ကိုချီးမွမ်းစေခြင်းအကြောင်း ဖြစ်သတည်း" (ဖေက် ၁း၁၂)။ ခရစ်တော် ပြုတော်မူသော ရွေးနှုတ်ကယ်တင်ခြင်းအမှုကြောင့် ကျွန်ုပ်တို့သည်အပြစ်လွှတ်ခြင်းနှင့်ဆိုင်၍ စိတ်ချမှု ရှိကြပါ၏။

**ဆင်ခြင်ရန်** - "ရွေးနှုတ်ခံရခြင်းအကြောင်း ကျွန်တော်အလွန်ဟောပြောကြွေးကြော်လိုပါ၏"။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏အပြစ်ကြွေးဆပ်ပေးတော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

သောကြာ၊ ဒီဇင်ဘာ (၆)
**ဖေက် ၁း၁၃-၁၄**
ယောဟန် ၁၅း၂၆-၂၇

*“ခမည်းတော်ထံမှထွက်လာ၍ သမ္မာတရားနှင့် ပြည့်စုံသော ဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတံ့သော. . . ”*

## သန့်ရှင်းသောဝိညာဉ်တော် တံဆိပ်ခတ်ခြင်း

ယုံကြည်သူကယ်တင်ခံရခြင်းအမှု၌ သုံးပါးတစ်ဆူထာဝရဘုရားမှ သုံးပါးစလုံးပါဝင်အမှုပြုတော်မူ၏။ ခမည်းတော်ဘုရားက ရွေးနှုတ်ပြီး၊ သားတော်က ရွေးဝယ်တော်မူလျက်၊ သန့်ရှင်းသောဝိညာဉ်တော်က တံဆိပ်ခတ်တော်မူ၏။ ဤအမှုသည် သမ္မာတရား၊ ကယ်တင်ခြင်းသတင်းကောင်းကြားနာခြင်းမှရောက်ရှိလာခြင်းဖြစ်၏။ ထို့ကြောင့် နှုတ်ကပတ်တရားတော်ဟောပြောခြင်းသည် အလွန်အရေးကြီးသောအမှုဖြစ်ပါသည်။

ထိုသို့ကြားနာခြင်းကို အကောင်းဘက်မှတုန့်ပြန်ခြင်းသည် ယုံကြည်ခြင်းဖြစ်ပါသည်။ ကျေးဇူးတော်နှင့်သမ္မာတရားသည် ယေရှုခရစ်တော်အားဖြင့်ဖြစ်၏။ သမ္မာတရားသည် ဟောပြောသော နှုတ်ကပတ်တော်ဖြစ်၏။ ယုံကြည်နိုင်သောအခွင့်သည် သန့်ရှင်းသောဝိညာဉ်တော်ပြုတော်မူသောအမှုဖြစ်၏။ ဤအရာ၌ အခြားသောအမှုထပ်၍မပေါင်းထည့်သင့်ပါ။ ယနေ့ခေတ် ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံယုံကြည်သောသူတို့သည် သူတစ်ပါးထံဝိညာဉ်တော်ပေးဝေနိုင်သောသူဟု မိမိကိုယ်ကိုထင်မှတ်ထားကြ၏။ ဝိညာဉ်တော်သည် စစ်မှန်သောယုံကြည်သူ၏ စိတ်နှလုံးထဲ၌ တိတ်တဆိတ်အလုပ်လုပ်တော်မူပြီး၊ သူတို့၌တည်သောနှုတ်ကပတ်တရားကို အတည်ပြုပေးတော်မူ၏။ ထိုသို့ ယုံကြည်ကြသောအခါ ဂတိတောနှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ခြင်းခံရကြ၏။ ဤတံဆိပ်ခတ်ခြင်းသည် ယုံကြည်ခြင်းအတည်ပြုခြင်းဖြစ်၍၊ ဘုရားသခင်၏ မိသားစုဝင်ဖြစ်လာခြင်းဖြစ်ပါသည်။ တံဆိပ်ခတ်ခြင်းနှင့်ယှဉ်သော ဂတိတော်ကို တမန်တော်က ဤသို့ဖော်ပြထားပါသည် - “ပိုင်ထိုက်တော်မူသောသူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနှုတ်တော်မူခြင်းသို့မရောက်မီကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏စားရန်ဖြစ်တော်မူ၏” (ဧဖက် ၁း၁၄)။

တံဆိပ်ခတ်ခြင်းနှင့်ပတ်သတ်၍ Matthew Henry က ဤသို့ဆိုခဲ့ပါသည် - “မိမိ၏အလိုတော်အတိုင်း ကောင်းချီးမင်္ဂလာအပေါင်းကို ပေးသနားတော်မူ၏။ ဝိညာဉ်တော်သွန်သင်မှုသည် သမ္မာတရား၏ဘုန်းတော်မြင်တွေ့ရခြင်းငှါ အလိုရှိသောသူတို့အား လမ်းပြတော်မူလျက်၊ လွန်သောသူတို့သည် ချန်ထားခြင်းခံရကြ၏။ တောင်းသောသူတို့ထံ သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးပေးသနားတော်မူရန် ဂတိတော်သည်ကျေးဇူးတော်ပင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ သန့်ရှင်းစေတော်မူခြင်းနှင့် နှိမ့်သိမ့်အားပေးမှုက ယုံကြည်သူတို့အား ဘုရားသခင်၏သားသမီး၊ ကောင်းကင်အမွေခံရမည့်သူဟု တံဆိပ်ခတ်သေချာစေခဲ့ပါသည်။ ဤအရာသည် သန့်ရှင်းသောဝမ်းမြောက်ခြင်းအသီးအပွင့်ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော် ယုံကြည်သူတို့ကို မမြင်နိုင်သောတန်ခိုးအားဖြင့် တို့ထိတော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်စိတ်နှလုံး၌ အမှုပြုတော်မူသော သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ကျေးဇူးတင်ပါ၏။

စနေ၊ ဒီဇင်ဘာ (၇)
**ဖေက် ၁း၁၅-၂၃**
မသဲ ၂၈း၁၈-၂၀

*"ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ"*

## ဉာဏ်ပညာနှင့်ဖွင့်ပြတော်မူခြင်းအတွက် ဆုတောင်းခြင်း

ဤသြဝါဒစာကိုရေးသားသောအချိန်၌ ပေါလုသည်ဖေက်မြို့နှင့်နှစ်အနည်းငယ် ဝေးကွာခဲ့ပြီဖြစ်သော်လည်း သူတို့နှင့်ဆက်သွယ်မှုရှိခဲ့ကြသောကြောင့် အသင်းတော်၏တိုးတက်မှုကို သိခဲ့ခြင်းဖြစ်ပါသည်။ သစ္စာရှိကြပြီး အချင်းချင်းချစ်ကြ၏။ တမန်တော်သည် သူတို့ကြောင့် ကျေးဇူးတော်ချီးမွမ်း၍အစဉ်ဆုတောင်းပေးကြောင်း ဆိုခဲ့ပါသည်။ နားလည်နိုင်သောစိတ်သဘောနှင့် ဘုရားသခင်ထံမှ ထိုးထွင်းသိမြင်နိုင်သောဉာဏ်ရရှိကြခြင်းငှါ တောင်းလျှောက်ပေးခဲ့ပါသည်။ သူတို့ထံ အမှုတော်ဆောင်ခဲ့ခြင်း၏ရည်ရွယ်ချက်ကလည်း ထိုဘုရားသခင်ကြောက်ရွံ့သော ဉာဏ်ရရှိကြခြင်းငှါဖြစ်ပါသည်။

ပေါလုက ဖေက်ယုံကြည်သူတို့အတွက် မိမိ၏ဆန္ဒကိုဤသို့ဖော်ပြခဲ့ပါသည် - "ခေါ်တော်မူသောကြောင့် မြော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုဎင်း၊ သန့်ရှင်းသူတို့သည် ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုဎင်း၊ ယုံကြည်သော ငါတို့၌ ပြတော်မူသောအလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုဎင်း၊ သင်တို့သည် သိစေခြင်းငှါ သင်တို့၏ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း ဆုတောင်းပဌနာပြု၏" (ဖေက် ၁း၁၈-၁၉)။ ဤဖော်ပြချက်တွင် ခရစ်ယာန်၏စုံလင်ခြင်းအကြောင်းတွေ့ရပြီး၊ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း၌ ထိုသို့သောရင့်ကျက်မှုလိုအပ်ကြောင်း တွေ့ရပါသည်။ ကယ်တင်ခြင်းအသီးအပွင့်သည် ထင်ရှားရမည်ဖြစ်ပြီး၊ ဘုရားသခင်၏ဇာတိတော်၌ တည်သောမျှော်လင့်ခြင်းခိုင်မာမည်ဖြစ်ပါသည်။ ဤအမှုအလုံးစုံတို့သည် ခရစ်တော်၏ရွေးနုတ်ကယ်တင်တော်မူခြင်းအမှုအားဖြင့် ဖြစ်ပါသည်။ ထာဝရယဇ်ပုရောဟိတ်အကြီးဖြစ်သည်အတိုင်း၊ ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူပြီး၊ ကောင်းကင်ဘုံသို့ ကြွတော်မူလျက်၊ ကယ်တင်တော်မူသောသူတို့ ကိုယ်စားပြုလျက် ခမည်းတော်ဘုရား၏ လက်ျာဘက်၌ထိုင်၍ တောင်းလျှောက်ခြင်းအမှုပြုပြေးတော်မူ၏။

သန့်ရှင်းသူတို့၏စုံလင်ခြင်းသည် ချီးမြှောက်ခြင်းခံရသော ယေရှုခရစ်တော်ကိုယ်စားပြုတော်မူခြင်းအားဖြင့် ဖြစ်ပါသည်။ သူသည် ကောင်းကင်၌ဎင်း၊ မြေကြီးပေါ်၌ဎင်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိတော်မူ၏။ တပည့်တော်တို့နှင့်အတူ ကမ္ဘာဆုံးသည့်တိုင်အတူ ရှိတော်မူမည်ဟု ဂတိထားတော်မူခဲ့၏။ ဖေက်မြို့ရှိ ယုံကြည်သူတို့အတွက် တမန်တော်၏ဆန္ဒဟူမှုကား ထိုခရစ်တော်၏ဂတိတော်များသူတို့၌ ပြည့်စုံရန်ဖြစ်ပါသည်။ အသင်းတော်သည် ခရစ်တော်၏ကိုယ်ဖြစ်၍၊ သူ၏စုံလင်ခြင်းကို အစဉ်ခံစားလျက်ရှိပါ၏။

**ဆင်ခြင်ရန်** - ဉာဏ်နှင့်သိမြင်ခြင်းသည် သခင်ယေရှုခရစ်တော်ထံမှ ရောက်လာခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၌စုံလင်သောသူဖြစ်သည်နှင့်အညီ ကြီးထွားရင့်ကျက်ခြင်းရှိရန် ကြိုးစားအားထုတ်လိုပါ၏။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၈)

**ဖေက် ၂း၁-၃**

၁ ပေ ၄း၁-၄

*"နောက်တဖန်လူတို့၏ တပ်မက်ခြင်းတရားကိုမကျင့်၊ ဘုရားသခင်၏အလိုတော်အတိုင်းကျင့်လျက်. . ."*

## ဒုစရိုက်အပြစ်၌သေလျက်ရှိနေသောသူ

ဒုစရိုက်အပြစ်၌ သေလျက်ရှိသောသူဟူသော ဖေက်ယုံကြည်သူတို့၏ လူဟောင်းအဖြစ်ဖော်ပြချက်က ယုံကြည်သူမဖြစ်မီ သူတို့၏ဝိညာဉ်ရေးရာ အခြေအနေကိုဖော်ပြကိုယ်စားပြုခြင်းဖြစ်ပါသည်။ ဒုတိယမွေးခြင်းခံရသေးသောသူသည် ဝိညာဉ်အရာ၌ သေသောသူဖြစ်၍ အသက်ရှင်ခြင်းမြော်လင့်ချက်မရှိပါ။ သူသည် အပြစ်၌ကျင်လည်၍ အပြစ်၏အစသည် သေခြင်းဖြစ်ပါသည်။ ပေါလုသည် အသက်ရှင်စေခြင်းခံရခဲ့ပြီးသော သူတို့ထံစကားပြောနေခြင်းဖြစ်ပါသည်။ သူတို့၏လူဟောင်းအခြေအနေကို အထက်ကလောကီတရားသို့လိုက်၍ဟု ဖော်ပြခဲ့ပါသည်။ ဆိုလိုသည်မှာ အထိန်းအချုပ်မဲ့အသက်ရှင်နေထိုင်ခြင်းဖြစ်ပါသည်။ ထို့ပြင် ဤလောကီအမှုကို ထိန်းချုပ်သောသူသည် နာခံခြင်းမရှိသောလူတို့၌ အမှုပြုသောအာကာသကောင်းကင်၏ တန်ခိုးရှင်စာတန်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုနည်းတူ၊ တမန်တော်က ကောလောသဲယုံကြည်သူတို့အား ယုံကြည်သူမဖြစ်မီ သူတို့သည် ဘုရားသခင်နှင့်မသက်ဆိုင်သောသူ၊ ဆိုးညစ်သောအကျင့်ကို ကျင့်သဖြင့် စိတ်နှလုံး၌ ရန်သူဖြစ်ကြကြောင်း ဖော်ပြခဲ့ပါသည် (ကောလောသဲ ၁း၂၁)။

ထို့ပြင် မယုံကြည်သူတို့၏အကျင့်ကို ဖော်ပြခဲ့ပါသည်။ သူတို့သည် ဇာတိပကတိ၏အလိုကို လိုက်ကြပြီး၊ တပ်မက်ခြင်းစိတ်သဘောကို အလိုပြည့်စေကြ၏။ ခရစ်တော်၏ကယ်တင်ခြင်းအကြောင်း မသိနားမလည်သောသူသည် ဤသို့သောအသက်၌ နေထိုင်တတ်၏။ အပြစ်ပြုခြင်းအသက်တာသည် မယုံကြည်သူ၏ ပုံမှန်အသက်ရှင်ခြင်းဖြစ်ပါသည်။ ပေါလုက သူတို့သည်အခြားသူများကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ခံရမည့်သူများ ဖြစ်ကြကြောင်း ဖော်ပြခဲ့ပါသည်။ ဤလူတို့ထံသို့ ခရစ်တော်၏ကယ်တင်ခြင်းတရားကို ဝေငှခြင်းငှါ သက်သေခံခြင်းငှါ ယုံကြည်သူတို့သည် တာဝန်ရှိကြ၏။ ပေါလုသည် ဖေက်မြို့သို့ ရောက်ခဲ့စဉ်ယုံကြည်သူအနည်းငယ်ရှိခဲ့ပြီး၊ အခြားသူတို့ကို ခရစ်တော်ထံကြိုးစားခေါ်ဆောင်ခဲ့ကြ၏။ ခရစ်ယာန်အပေါင်းတို့သည် ဤလောကီတရားနှင့် မိမိယုံကြည်ခြင်းကို သီးခြားခွဲခြားဖို့လိုပါသည်။ ယနေ့တွင် ဤခြားနားထားသောမျဉ်းသည် အလွန်မှေးမှိန်လျက်ရှိပါသည်။ လောကီတရားက အသင်းတော်ထဲသို့တေးဂီတနှင့်ကြွယ်ဝချမ်းသာခြင်းတရားအားဖြင့် နေရာယူဝင်ရောက်သိမ်းပိုက်လျက်ရှိပြီး၊ မှားယွင်းခြင်းက အသင်းတော်ကို ကိုယ်စားပြုလာပြီဖြစ်ပါသည်။

အတိတ်ကအပြစ်ကိုပြန်၍ ဖော်ပြအောက်မေ့ခြင်းသည် နှစ်သက်စရာမကောင်းသော် လည်း၊ ဘုရားသခင်၏ကျေးဇူးတော်ကြီးမားမှုကို ပြန်၍အမှတ်ရခြင်းငှါ တစ်ခါတရံ ထိုသို့ပြုခြင်းသည် ကောင်းပါ၏။ စစ်မှန်သောယုံကြည်သူသည် မိမိဘဝ၌ခရစ်တော်ပြုတော်မူသော ပြောင်းလဲမှုအသက်တာကို ဘယ်တော့မှမေ့မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - အပြစ်သည် လူကိုချုပ်နှောင်တတ်သောကြောင့် ဘယ်နည်းနှင့်မဆိုင်ဖယ်ရှားဖို့ လိုပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏လမ်းဟောင်းသို့ လုံးဝမလိုက်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၉)
**ဖေက် ၂း၄-၁၀**
ရောမ ၅း၆-၁၁

*"ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသောသူတို့အတွက်ကြောင့် အသေခံတော်မူ၏"*

## ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း

ကျွန်တော်တို့အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသေခံတော်မူ၏။ ဤသည်ကား ဘုရားသခင်သည် အလွန်ကျေးဇူးကြီးမားလှပြီး၊ အလွန်ချစ်တော်မူသောသူဖြစ်သောကြောင့်တည်း။ ထိုအပြစ်သားအခြေအနေ၌ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူခဲ့၏။ ခရစ်တော်နှင့်အတူ အသက်ရှင်ရသောအခွင့်ကို ပေးတော်မူ၏။ အခြေခံတရားဟူမူကား ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းဖြစ်ပါသည်။ ယနေ့ကျမ်းပိုဒ်က ထိုအရာသည် ဘုရားသခင်ပြုတော်မူသောအမှုဖြစ်သည်ဟု ဖော်ပြထားပါသည်။ ယေရှုခရစ်တော်နှင့်အတူ သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်စေတော်မူ၍၊ ကောင်းကင်ဘုံအရပ်၌ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့ကို ထိုင်စေတော်မူ၏။ ဤအမှုအလုံးစုံပြုတော်မူသောသူသည် ဘုရားသခင်ဖြစ်၍ ကျွန်တော်တို့သည် ခံစားရသောသူသာဖြစ်ကြပါသည်။

ကျေးဇူးတော်ခံစေတော်မူခြင်းရည်ရွယ်ချက်ကို ဖေက် ၂း၇ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည် - "အကြောင်းမူကား ထိုသခင်အားဖြင့် ငါတို့၌ကျေးဇူးပြု၍ ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း"။ ကျေးဇူးတော်ဆိုသည်မှာ ထိုက်တန်လုပ်ဆောင်၍မဟုတ်ဘဲ အခမဲ့ဘုရားသခင်ပေးတော် မူသော ချစ်ခြင်းမေတ္တာတော်ဟု ဆိုနိုင်ပါသည်။ ဘုရားသခင်ထံမှ ကောင်းကျိုးအလုံးစုံခံစားရခြင်း၏ မူလအရင်းအမြစ်လည်းဖြစ်ပါသည်။

ဖေက် ၂း၈-၁၀ ထဲတွင် ဘုရားသခင်၏ထိုကျေးဇူးတော်ကို ဖော်ပြခဲ့သောကြောင့် ဤကျမ်းပိုဒ်သည် ဤဩဝါဒစာစောင်၏ အဓိကသော့ချက်ဖြစ်လာရခြင်းဖြစ်ပါသည်။ ထို့ပြင် အသင်းတော်ပြုပြင်ပြောင်းလဲခြင်းအမှုကြီး၌ ဤကျမ်းပိုဒ်သည်အဓိကရည်ညွှန်းကိုးကားချက် ဖြစ်လာခဲ့၏။ ရောမအသင်းတော်က ကယ်တင်ခြင်းသည် ကျေးဇူးတော်သက်သက်ဖြင့်မဟုတ် ကောင်းမှုကုသိုလ်ပေါင်းထည့်ရမည်ဟု သင်ပေး၏။ အသင်းတော်ပြုပြင်ပြောင်းလဲခြင်း၌ ပါဝင်ကြသောကျမ်းတတ်ပုဂ္ဂိုလ်တို့က "ကျေးဇူးတော်သက်သက်အားဖြင့်" ဖြစ်ကြောင်း အထူးဖော်ပြခဲ့ကြ၏။ ဤကျမ်းပိုဒ်က "ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ" ဟု ရှင်းလင်းစွာဖော်ပြထားပါသည်။ ထို့ကြောင့် ကယ်တင်ခြင်းကို ကျေးဇူးတော်အပေါင်းကောင်းမှုကုသိုလ်ကြောင့် ဟူ၍ အဘယ်သူမျှ ဆိုခွင့်မရှိပါ။ ရောမအသင်းတော်သည် အပြစ်လွှတ်ခြင်းအတွက် ယဇ်ပုရောဟိတ်ထံ အပြစ်ဝန်ခံခြင်းနှင့် ကောင်းမှုကုသိုလ်ပြုခြင်းလိုအပ်သည်ဟု ထင်ကြ၏။ အပြစ်လွှတ်ခြင်းလက်မှတ်ရောင်းခြင်းအမှုက ကယ်တင်ခြင်းကို ငွေနှင့်ဝယ်ယူနိုင်သည်ဟူသောအတွေးကိုဝင်စေတတ်ပါသည်။ ဤသို့သောအမှုများပြုခြင်းသည် ကျေးဇူးတော်သက်သက်အားဖြင့် ကယ်တင်ခြင်းခံရသည်ဟူသော ယုံကြည်ခြင်းကိုလုံးဝငြင်းပယ်ခြင်းဖြစ်ပါသည်။

ခရစ်တော်ယေရှု၌ ပြုပြင်၍ဖန်ဆင်းတော်မူရာဆိုသည်မှာ ခရစ်တော်၌ရရှိသော ဒုတိယမွေးခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤအမှုက ကယ်တင်ခြင်းခံရသောသူအား ကောင်းမှုကုသိုလ်ပြုခြင်းအား အခွင့်ခွန်အားပေးခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ဘုရားသခင်သည် ကျေးဇူးတော်အပေါင်း၏ ဘုရားဖြစ်တော်မူ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်ဆုကျေးဇူးကို ကျွန်တော်အစဉ်တန်ဖိုးထားလိုပါ၏။

အင်္ဂါ၊ ဒီဇင်ဘာ (၁၀)
**ဖေက် ၂း၁၁-၂၂**
တမန် ၁၀း၃၄-၄၃

*“အကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကိုမှတ်တော်မမူ”*

## ယုဒလူနှင့်တစ်ပါးအမျိုးသားတို့ ပြန်လည်သင့်မြတ်ခြင်း

ခရစ်တော်ကိုယုံကြည်သောသူအပေါင်းတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြပါသည်။ ယုဒလူဖြစ်ခြင်း၏ လက္ခဏာတစ်ခုမှာ အရေဖျားလှီးခြင်းဖြစ်ပါသည်။ တစ်ပါးအမျိုးသားတို့သည် အရေဖျားလှီးခြင်းမခံကြသောကြောင့် အပယ်ခံဖြစ်ကြ၏။ ခရစ်တော်ကို ယုံကြည်သောသူတို့အား တမန်တော်ဟောပြောခြင်း၌ လက်ဖြင့်ပြုလုပ်ရသော ဤခန္ဓာကိုယ်အရေဖျားလှီးခြင်းသည် အဓိကမဟုတ်ကြောင်း၊ စိတ်နှလုံးအရေဖျားလှီးခြင်းအမှန်ခံခြင်းကို တိုက်တွန်းလျက်ဖော်ပြခဲ့ပါသည်။ ဤအချက်က မည်သူမဆိုတလုံးတဝတည်းဖြစ်စေပါသည်။ တမန်တော်က ယုံကြည်သူတို့အား ထိုအပြင်ပန်းအနေဖြင့် ပြုရသောအမှုမရှိဘဲလျက် ဘုရားသခင်၏သားသမီးဖြစ်ခြင်း၌ ခံစားရသောအကျိုးကို သတိရကြရန်မိန့်တော်မူ၏။ သူတို့သည် ခရစ်တော်ခံရမည့်ကောင်းချီးမင်္ဂလာကို အတူခံရမည့်အမွေခံဖြစ်ကြပါသည်။

ပေါလုက ထိုဆုကျေးဇူးများကို ဖေက် ၂း၁၂-၁၃ ထဲတွင် ဖော်ပြထားပါသည်။ ခရစ်တော်ကားတိုင်ပေါ်၌ အသေခံ၍ အသေ့သွန်းတော်မူသောအခါ၊ ဘုရားသခင်၏ဂတိတော် ခံစားနိုင်ခြင်းငှါ လူတိုင်းအတွက် တံခါးဖွင့်တော်မူခဲ့၏။ ထိုအထဲတွင် ဘုရားသခင်၏နိုင်ငံတော်အမွေခံခြင်းပါဝင်ပါ၏။ အဘယ်လူမျိုးမဆို ယုံကြည်သူသည် ဘုရားသခင်၏သိုးစု၌ ပါဝင်ကြ၏။ အလွန်ကျေနပ်ဝမ်းမြောက်စရာသတင်းဖြစ်ပါ၏။ တမန်တော်က “ငါတို့၏ရန်ငြိမ်းခြင်း” (ဖေက် ၂း၁၄)ဟု ဆိုခဲ့၏။ ခရစ်တော်က ကြား၌ခံထားသောနံရံကို ဖယ်ရှားခဲ့ပြီး လူမျိုးအပေါင်းကို စကြဝဠာအသင်းတော်၌ တလုံးတဝတည်းဖြစ်စေခဲ့ပါသည်။

ဤတရားကို တမန်တော်က မိမိ၏သာသနာခရီးစဉ်၌ အမြဲယူဆောင်လျက်ရှိခဲ့ပါသည်။ များစွာသောလူတို့သည် ခရစ်တော်ထံခေါ်ဆောင်ခြင်းခံရကြ၏။ ဤတရားသည် အစဉ်တည်သည်ဖြစ်၍ ယနေ့အသင်းတော်သည်လည်း ဤသမ္မာတရား၌ ရပ်တည်ခြင်းဖြစ်ပါသည်။ များစွာသောသာသနာပြုတို့သည် အသင်းတော်အား မိမိ၏မိသားစု (သို့) မိမိဇနီးသည်နှင့်သာ စတင်ခဲ့ကြပါသည်။ သို့သော်လည်း၊ သစ္စာရှိစွာအမှုဆောင်ခြင်းဖြင့် လူများတို့သည် ခရစ်တော်၌ပြောင်းလဲခြင်းခံရခဲ့ကြ၏။ ကနဦးအသင်းတော်၌လည်း ထိုသို့ဖြစ်ခဲ့ပါသည်။ သက်သာလောနိတ်မြို့၌ရှိသော ရန်သူတို့သည် တမန်တော်တို့အား “လောကီနိုင်ငံကို မှောက်လှန်သောသူ” (တမန် ၁၇း၆) ဟူ၍ သက်သေခံကြ၏။ တမန်တော်တို့ဟောပြောသောတရားက လူတို့ကို တို့ထိ၍လူများတို့သည် ကယ်တင်ခြင်းခံရကြ၏။ ဖေက်မြို့၌လည်း ထိုသို့ဖြစ်ခဲ့ပါသည်။ သတင်းကောင်းက လူများတို့ကို ခရစ်တော်ထံပို့ဆောင်၍၊ ယုဒလူနှင့်တစ်ပါးအမျိုးသားတို့သည် အတူတကွပြောင်းလဲလာခဲ့ကြ၏။

**ဆင်ခြင်ရန်** - ယေရှုသည် ယုဒလူနှင့်တစ်ပါးအမျိုးသားတို့၏ ကယ်တင်ရှင်ဖြစ်ပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ဟောပြောထားသောသတင်းကောင်းက လူများတို့ကို ကယ်တင်ခြင်းသို့ပို့ဆောင်ပါစေသော်။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၁)
**ဧဖက် ၃း၁-၁၃**
မာကု ၁၆း၁၅-၁၆

*“သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့ သွား၍ဝေနေယျ သတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့”*

## တပါးအမျိုးသားတို့သည် ခရစ်တော်နှင့်ဆိုင်သော ဂတိတော်စံစားသောသူ ဖြစ်ကြ၏

တစ်ပါးအမျိုးသားတို့အား ယုဒလူတို့က ဘယ်လောက်မုန်းတီးခြင်းရှိသည်ကို တမန် ၂၂း၂၁-၂၂ ထဲတွင် ပေါလု၏စကားကို သူတို့တုန့်ပြန်ခြင်း၌ပေါ်လွင်လှပါသည်။ ဘုရားသခင်က မိမိအား တစ်ပါးအမျိုးသားတို့ထံ စေလွှတ်မည်ဟုမိန့်တော်မူခဲ့ကြောင်း သူတို့အားပြောပြခဲ့၏။ ထိုအခါ သူတို့သည်နားထောင်ခဲ့သော်လည်း အော်ဟစ်ခဲ့ကြပြီး ပေါလုအားစကားမပြောခြင်းငှါ တားမြစ်ကြ၏။ တမန်တော်က တစ်ပါးအမျိုးသားတို့သည်လည်း အသင်းတော်၌ပါဝင်ရမည်ဟု ရှင်းပြခဲ့ပါသည်။ ထို့ကြောင့် သူ့အားထောင်ထဲသို့ ချုပ်ထားကြ၏။ ပေါလုက မိမိအားတစ်ပါးအမျိုးသားတို့ထံ ဘုရားသခင်တာဝန်ပေးထားကြောင်း ပြောကြားခဲ့ပါသည်။

“ထိုနက်နဲသောအရာ” ဟု ပေါလုပြောဆိုသောအရာသည် ဘုရားသခင်၏ထာဝရအကြံ အစည်တော်တိုင်း အသင်းတော်တည်ထောင်ခြင်း၏ အဆုံးစွန်ရည်ရွယ်ချက်ဖြစ်ပါသည်။ ဤအရာကို အရင်ကဖော်ပြမထားသော်လည်း ယခုဖော်ပြခြင်းဖြစ်ပါသည်။ တစ်ပါးအမျိုးသားတို့အတွက် ဘုရားသခင်၏အစီအစဉ်ကို ခရစ်တော်၏မဟာစေခိုင်းချက်၌ ဖော်ပြခဲ့သည်။ ပေါလုက တာဝန်ပေး ခန့်အပ်ခြင်းတွင် ပို၍ပေါ်လွင်ခဲ့ပါသည်။ ပေါလုက ဧဖက် ၃း၅-၆ ထဲတွင် “ထိုနက်နဲသောအရာကို သန့်ရှင်းသောတမန်တော်တို့နှင့် ပရောဖက်တို့အား ယခုကာလ၌ ဝိညာဉ်တော်အားဖြင့် ဖွင့်လှစ်တော်မူသည်နည်းတူ အခြားသောကာလတို့၌ လူမျိုးတို့အားပြတော်မမူ။ ထိုနက်နဲသောအရာဟူမူကား၊ တပါးအမျိုးသားတို့သည် ဧဝံဂေလိတရားအားဖြင့် ယုဒအမျိုးသားတို့နှင့်အတူ အမွေခံ၍ တလုံးတဝ တကိုယ်တည်းဖြစ်လျက် ခရစ်တော်နှင့်ဆိုင်သော ဂတိတော်ကို ဆက်ဆံရကြသတည်း” ဟုဆိုခဲ့၏။

ဘုရားသခင်က တစ်ပါးအမျိုးသားတို့သည် သတင်းကောင်းကြားသိရမည်ဟု ဆုံးဖြတ်ချက်ချ၍ သူတို့ထံအမှုဆောင်ခြင်းငှါ ပေါလုအားတမန်တော်အရာ၌ ခန့်ထားတော်မူ၏။ ပေါလုက ဤအမှုကို ဘုရားသခင်၏ကျေးဇူးတော်သက်သက်ဖြစ်ကြောင်း သိမြင်ခဲ့ပါသည်။ ဧဖက်အသင်းတော်သည် အခြေခံအားဖြင့် တစ်ပါးအမျိုးသားအသင်းတော်ဖြစ်၍ ဤသို့ပေါလုပြောကြားခြင်းဖြစ်ပါသည်။ ခရစ်တော်၏ မကုန်ဆုံးနိုင်သောကြွယ်ဝမှုကို ဖော်ပြခဲ့ပါသည်။ ခေတ်အဆက်ဆက် ဝှက်ထားသော ထိုနက်နဲသောအမှုကို ယခုဖော်ပြခဲ့၏။ ဤသို့ဖြင့် ဘုရားသခင်၏ကြွယ်ဝသောဉာဏ်တော်ကို ဖွင့်ပြခဲ့ပါသည်။ ဤသည်ကား ခရစ်တော်သခင်ယေရှု၌ ဘုရားသခင်၏ထာဝရ အကြံအစည်တော် ဖြစ်သတည်း။ ဤအမှုက သူတို့အား ရဲရင့်ခြင်းပေး၍ယုံကြည်ခြင်းဖြင့် စိတ်ချစွာ တိုးဝင်ရသောအခွင့် ရှိစေ၏။ ထို့ကြောင့် ပေါလုက သူတို့အားကြောက်ရွံ့ခြင်းမရှိစေရန် တိုက်တွန်းထားပါသည်း။ သင်သည်လည်း စိတ်ပျက်အားလျော့ခြင်းမရှိရပါ။

**ဆင်ခြင်ရန်** - တစ်ပါးအမျိုးသားအသင်းတော်တို့သည် ဤတရား၌ ရပ်တည်ကြရပါမည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ လူမျိုးအပေါင်းတို့သည် ခရစ်တော်၌ကယ်တင်ခြင်းခံရကြပါစေသော်။

ကြာသပတေး၊ ဒီဇင်ဘာ (၁၂)
**ဖေက် ၃း၁၄-၂၁**
၁ ပေ ၄း၁၅-၁၇

*“ခရစ်ယာန်ဖြစ်သောကြောင့် ခံရလျှင်မူကား ရှက်ကြောက်ခြင်းမရှိစေနှင့်”*

## တစ်ပါးအမျိုးသားအသင်းတော်အတွက် ဆုတောင်းခြင်း

ဒုးထောက်ခြင်းသည် ဆုတောင်းခြင်းကိုပုံဆောင်၍ ပေါလုသည်သခင်ယေရှုခရစ်တော်၏ ခမည်းတော်အား တောင်းလျှောက်ခြင်းပြုခဲ့ပါသည်။ အန္တိအုတ်မြို့၌ ယုံကြည်သူတို့အား ပထမဆုံး “ခရစ်ယာန်” ဟုခေါ်ခဲ့ကြ၏(တမန် ၁၁း၂၆)။ ဤနာမည်သည် ရန်သူတို့က ကဲ့ရဲ့ခြင်းဖြင့်မှည့်ခဲ့ကြသော်လည်း ယနေ့ထက်တိုင် ရိုသေလေးစားထိုက်သောနာမအဖြစ် ကျန်ရှိခဲ့ပါသည်။ ပေါလုက အဂြိပ္ပမင်းရှေ့၌ ဤနာမည်ကိုလက်ခံခဲ့ပါသည် (တမန် ၂၆း၂၈)။ ခရစ်တော်၌ ကောင်းကင်နှင့်မြေကြီး တစ်ခုလုံးမှ မိသားစုကိုနာမည်ပေးထား၏ဟု ဆိုခဲ့ပါသည်။ ပေတရုကလည်း ခရစ်ယာန်ဖြစ်သောကြောင့်ဒုက္ခခံရလျှင် ဘုရားသခင်ဘုန်းတော်ထင်ရှားစေခြင်းဖြစ်သည်ဟု ဆိုခဲ့ပါသည်။

ပေါလုက ဘုရားသခင်အား မိမိ၏ဘုန်းတော်ကြွယ်ဝသည်နှင့်အညီ ဤအရာလေးခုကို တောင်းလျှောက်ခဲ့ပါသည် -

၁။ သူတို့၏အတွင်းလူသည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ရဲရင့်ခြင်းခွန်အားရှိစေရန်။
၂။ ခရစ်တော်သည် ယုံကြည်ခြင်းအားဖြင့် သူတို့၏စိတ်ထဲ၌ကျိန်းဝပ်လျက် သူတို့သည်ချစ်ခြင်းမေတ္တာ၌ မြဲမြံစွာအမြစ်တွယ်ကြရန်။
၃။ သန့်ရှင်းသူတို့နှင့်အတူ သူတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ အတိမ် အနက်၊ အမြင့် အကျယ်ကို နားလည်သဘောပေါက်နိုင်ကြရန်။
၄။ အသိဉာဏ်ကို ကျော်လွန်သောခရစ်တော်၏ ချစ်ခြင်းမေတ္တာကိုသိကြ၍ ဘုရားသခင်၏ စုံလင်ခြင်းနှင့် ပြည့်ဝကြခြင်းငှါ တောင်းခဲ့ပါသည်။

ပေါလုသည် သူ၏ဆုတောင်းချက်ကို ကောင်းကြီးပေးခြင်း၊ ဖေက်အသင်းတော်အား သူတို့၌ အမှုပြုသော တန်ခိုးတော်အတိုင်း သူတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားသာလွန်စွာ ပေးတော်မူနိုင်သော ဘုရားသခင်ထံအပ်နှံခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ဘုရားသခင်သည် အရာခပ်သိမ်းအထက်၌ရှိ၍ အလုံးစုံတတ်နိုင်တော်မူ၏။ ဤသို့ဖြင့် ကောင်းကြီးပေးခြင်းကို အဆုံးသတ်ခဲ့၏ - “ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီးစေတော်မူသတည်း၊ အာမင်”။

ဘုရားသခင်သည် ဖေက်အသင်းတော်၌သာ ဤဆုတောင်းချက်ကို အဖြေပေးတော်မူသည် မဟုတ်ဘဲ၊ ထိုအချိန်မှတည်ရှိလာသော သမိုင်း၌တွေ့ရသော တစ်ပါးအမျိုးသားအသင်းတော်အပေါင်း၌လည်း အဖြေပေးတော်မူ၏။ ဤဆုတောင်းချက်သည် ယနေ့အကျွန်ုပ်တို့အသင်းတော်အတွက် ဆုတောင်းချက်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်ပြုသောအမှုမှန်သမျှသည် ဘုရားသခင်ဘုန်းတော်ထင်ရှားဖို့ရန် ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ဘုန်းတော်ကြွယ်ဝမှုသည် အကျွန်ုပ်အတွက် ဖြစ်ပါစေသော်။

သောကြာနေ့၊ ဒီဇင်ဘာ (၁၃)
**ဖေက် ၄း၁-၃**
ဖိလိ ၁း၂၇-၃၀

*"ခရစ်တော်၏ဧဝံဂေလိတရားနှင့် အထိုက်အလျောက် ဝတ်ကြီးဝတ်ငယ်များကိုပြု၍ သာနေကြလော့"*

## အသင်းတော်စည်းလုံးခြင်းအတွက် တိုက်တွန်းနှိုးဆော်ခြင်း

ခရစ်တော်၌ တည်သောယုံကြည်သူတို့သည် တူညီသောယုံကြည်ခြင်းဖြင့် စည်းလုံးခြင်းအမှန်ရှိကြရပါမည်။ ဤအမှုသည် အချင်းချင်းချစ်ခြင်းမေတ္တာပြသခြင်းအားဖြင့် ရောက်ရှိလာတတ်၏။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို တစ်လုံးတစ်ဝတည်းဖြစ်စေ၍ ကျွန်တော်တို့ရင့်ကျက်ခြင်း၌ ဆုကျေးဇူးများပေးတော်မူ၏။ ခရစ်တော်၏ကိုယ်၌ တလုံးတဝတည်းစည်းလုံးကြခြင်း၌ ဖိတ်ခေါ်နေစဉ်၊ ပေါလုသည် မိမိကိုယ်ကို ယေရှုခရစ်တော်အကြောင်းကြောင့် အကျဉ်းချခံရသောအကျဉ်းသားဟု ဖော်ပြခဲ့ပါသည်။ ခရစ်တော်၏အကြောင်းကြောင့် အကျဉ်းချခံရခြင်းသည် ထိုက်တန်ကြောင်း သတင်းစကားဖြန့်ဝေလိုခဲ့၏။

မိမိခေါ်တော်မူခြင်းခံရသည်နှင့်ထိုက်တန်စွာ ကျင့်ကြံနေထိုင်ခြင်း၌ ဖိတ်ခေါ်တိုက်တွန်းခြင်းသည် ခရစ်ယာန်တိုင်းအတွက်ဖြစ်ပါ၏။ အခြားကျမ်းပိုဒ်တွင် ပေါလုကယုံကြည်သူတို့အား ခရစ်တော်၏ဧဝံဂေလိသတင်းကောင်းနှင့် ကိုက်ညီထိုက်တန်စွာ ကျင့်ကြံနေထိုင်ကြရန် တိုက်တွန်းခဲ့ပါသည်။ ခရစ်ယာန်တို့သည် သူတစ်ပါးတို့၏ ချီးမွမ်းထိုက်သောအသက်တာရှိရပါမည်။ နေ့စဉ်အသက်တာ၌ ခရစ်ယာန်အကျင့်မြင်တွေ့ရမည်ဖြစ်ပါသည်။ ပင်တေကုတေနေ့၌ တမန်တော် ၂း၃၇-၄၀ တွင် ပေတရုတရားဟောစဉ် အပြစ်နောင်တရ၍ ယေရှုခရစ်တော်နာမ၌ ဗတ္တိဇံခံကြရန် တိုက်တွန်းခဲ့ပါသည်။ ခရစ်တော်အား ကယ်တင်ရှင်သခင်အဖြစ် လက်ခံသောသူတိုင်းသည် ထိုသို့လူထုရှေ့၌ဝန်ခံခြင်းပြုခဲ့ကြ၏။ ဤဝန်ခံခြင်းသည် တစ်ဘဝလုံးဆက်ကပ်မှုဖြစ်၍ ဘယ်အရာကမျှ သွေဖယ်မသွားစေရပါ။

ပေါလုသည်လည်း ထိုနည်းတူ ဖေက်မြို့၌တရားဟောခဲ့ပြီး အသစ်သောယုံကြည်သူတို့အား အပြစ်ကိုစွန့်ပစ်လျက် ခရစ်တော်ကိုလက်ခံပြီး မိမိကိုယ်ကိုဆက်ကပ်ကြခြင်း၌ တိုက်တွန်းခဲ့ပါသည်။ သူ၏သြဝါဒစာစောင်တို့တွင် အချို့သောအပြစ်တို့ကို သေချာဖော်ပြပြီး ထိုအပြစ်တို့ကိုရှောင်ကြဉ်ကြရန် သတိပေးတတ်၏။ အသိတရားရှိ၍ သတိပြုကြရန်လည်း ဆုံးမတတ်၏။ ခရစ်တော်၏ သတင်းကောင်းကို စံနူန်းအဖြစ်ယုံကြည်သူသည် စံထားကြရမည်ဖြစ်၏။

တမန်တော်က စိတ်နှိမ့်ချခြင်းနှင့် ချစ်ခြင်းမေတ္တာဖြင့် အချင်းချင်းသည်းခံခြင်းတို့သည် ခရစ်တော်၏ကိုယ်၌ တလုံးတဝတည်းစည်းလုံးခြင်းရှိရန် လိုအပ်သောအချက်ဖြစ်ကြောင်းလည်း ဖော်ပြခဲ့ပါသည်။ ဤသို့ပြုခြင်းသည် ငြိမ်သက်ခြင်းနှင့်ဆိုင်သော ဝိညာဉ်စိတ်သဘော၌ စည်းလုံးခြင်းကို စောင့်စည်းခြင်း၌ ကြိုးစားအားထုတ်ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အသင်းတော်၌ ဤတမန်တော်မြင်လိုသော ဆန္ဒပြည့်စုံခြင်း၌ အရေးကြီးလှပါ၏။

**ဆင်ခြင်ရန်** - စည်းလုံးခြင်းသည် တစ်ကမ္ဘာတစ်ဘာသာကို ဆိုလိုခြင်းမဟုတ်၊ စစ်မှန်သော ယုံကြည်ခြင်း၌ နာခံခြင်းသာလျှင်ဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ယုံကြည်ခြင်းအရာ၌ စည်းလုံးမှုရှိခြင်းကို စောင့်ထိန်းခြင်း၌ ကျွန်တော်ကြိုးစားအားထုတ်လိုပါ၏။

စနေနေ့၊ ဒီဇင်ဘာ (၁၄)
**ဖေက် ၄း၄-၆**
၂ ကော ၁၃း၅-၈

*"သင်တို့သည် ယုံကြည်ခြင်း၌တည်သလော မတည်သလောဟု ကိုယ်ကိုကိုယ်စစ်ကြော ကြလော့"*

---

# အသင်းတော်စည်းလုံးခြင်းအတွက် ရှင်းပြခြင်း

ယနေ့ကျမ်းပိုဒ်ထဲတွင် တမန်တော်ကဘုရားသခင်၌ တလုံးတဝတည်းဖြစ်ခြင်းနှင့်ဆိုင်သော အရာခုနစ်ပါးကို ဖော်ပြခဲ့ပါသည် - ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်၊ မျှော်လင့်ခြင်း၊ သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး၊ ခပ်သိမ်းသော ငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်းတို့ဖြစ်ကြ၏။ ဤခုနစ်ပါးအပြင်ဘက်၌ တည်သောစည်းလုံးခြင်းသည် အမှန်မဟုတ်ပါ။ ယုံကြည်သူအသက်တာ၌ရှိသော ခရစ်တော်၏ဝိညာဉ်တော်သည် ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာ၌ပေါ်လွင်တတ်ပါ၏။ ယုံကြည်ခြင်းက ကျွန်ုပ်တို့၏ဘုရားသခင်ကိုးစားမှုကို ပြလျက်ရှိ၏။ ထိုသခင်သည် ဘယ်သောအခါမျှ ပြောင်းလဲတော်မမူချေ။ ကိုယ်တော်၏ဂတိတော်တို့ကို ကျွန်တော်တို့လုံးဝယုံကြည်ခြင်းရှိရပါမည်။ ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းက သတင်းကောင်းနှင့် ကိုက်ညီသောအသက်တာကို ဖြစ်စေတတ်၏။

ခရစ်တော်က ယုံကြည်သူတို့ကို ဤလောက၏အလင်းဟု ခေါ်ဝေါ်ခဲ့ပါသည်။ ဤအချက်ကိုပေါလုက ဖေက်အသင်းတော်၌ရှိခြင်းငါ့ အလိုရှိခဲ့ပါ၏။ ချစ်ခြင်းမေတ္တာသည် ခရစ်ယာန်မိသားစုဖွဲ့ခြင်းကို ချည်နှောင်သောကြိုးဖြစ်ပါသည်။ တမန်တော်က ဤကျမ်းပိုဒ်ထဲတွင် ချစ်ခြင်းမေတ္တာသည် ယုံကြည်သူတစ်လုံးတစ်ဝတည်းရှိခြင်းကို ကွယ်ကာထိန်းသိမ်း၏ဟု ဆိုခဲ့ပါသည်။ ချစ်ခြင်းမေတ္တာမရှိသောအချိန်၌ ဤတိုက်တွန်းနှိုးဆော်မှုကို သတိရအောက်မေ့ဖို့လိုပါသည်။ ချစ်ခြင်းမေတ္တာမရှိလျှင် အသင်းတော်သည်အသေဖြစ်တတ်၏။ အချင်းချင်းယုံကြည်မှုကင်းမဲ့၍ သင်းကွဲခြင်းဖြစ်တတ်ပါသည်။ စည်းလုံးခြင်းစိတ်သဘောကွယ်ပျောက်၍ ဇာတိစိတ်သဘော လွှမ်းမိုးတတ်၏။ ဤအမှုကို ယုံကြည်သူအဖွဲ့အစည်း၌ ခွင့်မပြုသင့်ပါ။

တမန်တော်ဝတ္ထု ၂၀ ထဲတွင် ဤအသင်းတော်၏သင်းအုပ်တို့အား ပေါလုစကားပြောစဉ် မိမိအသွေးတော်အားဖြင့် ရွေးဝယ်တော်မူသောခရစ်တော်၏ အသင်းတော်ကိုပြုစုကြရန်ဆိုခဲ့၏။ အမှုတော်ဆောင်တို့သည် မိမိအကြောင်းမဟုတ်ဘဲ ခရစ်တော်နှင့်သတင်းကောင်းကိုသာ ဟောပြောကြရပါမည်။ ယောဟန်၊ မာကုအကြောင်း၌ ပေါလုနှင့်ဗာနဗတို့သည် ငြင်းခုံခဲ့ကြကြောင်း တမန်တော်ဝတ္ထု၌ ဖော်ပြထားပါသည်။ သို့သော်လည်း၊ ထိုငြင်းခုံမှုသည် ယုံကြည်ခြင်းနှင့်မဆိုင်သော ငြင်းခုံမှုဖြစ်၏ (နောက်၌သူတို့သည် အဆင်ပြေခဲ့ကြ၏)။ ဖေက်ယုံကြည်သူတို့ထံ ပေါလုစာပို့သော အခါ ခရစ်ယာန်အကြား၌ ထိုသို့သောငြင်းခုံမှုရှိနိုင်ကြောင်း သိသဖြင့် ထိုငြင်းခုံမှုအတွက် အဖြေသည် တစ်ဆူတည်းသောဘုရားသခင် ယုံကြည်သောသူဖြစ်ကြခြင်းပင်ဖြစ်ပါသည်။ ခရစ်တော်၏ကိုယ်၌ စည်းလုံးခြင်းဟူသော လက္ခဏာရှိရမည်ဖြစ်ပြီး ထိုစည်းလုံးမှုအတွက် အခြေခံတရားသည် ခုနစ်ခုသော တစ်ပါးတည်းဖြစ်ရပါမည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ကိုယ်တည်ဆောက်ခြင်း၌ အရာအားလုံးစည်းလုံးမှုရှိကြရပါမည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ခရစ်တော်၏ကိုယ်တည်ဆောက်ခြင်းအမှု၌ အကျွန်ုပ်ခံရသော ဆုကျေးဇူးကိုအသုံးပြုရပါမည်။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၅)
**ဖေက် ၄း၇-၁၁**
မသဲ ၂၅း၁၄-၃၀

*"သူတို့သည် အသီးအသီးအစွမ်းသတ္တိ ရှိသည်အတိုင်း. . ."*

## ဆုကျေးဇူးသည် စည်းလုံးခြင်းအတွက်ဖြစ်ကြ၏

မသဲ ၂၅း၁၄-၃၀ ထဲ၌တွေ့ရသော သာဓကတွင် သခင်ယေရှုသည် မိမိတို့သခင်က ပစ္စည်းဥစ္စာအပ်နှံထားသော ငယ်သားသုံးဦးအကြောင်း ဖော်ပြထားပါသည်။ သူတို့သည်မတူညီသော ငွေခွက်ကို ရရှိခဲ့ကြ၏။ နှစ်ဦးတို့သည် ထိုငွေဖြင့် ကုန်သွယ်ငွေအကျိုးအမြတ်ရကြ၏။ ကျန်တစ်ဦးသည် ဘာမှမလုပ်သောကြောင့် ပြစ်ဒဏ်ပေးခြင်းခံရ၏။ ဤပုံပြင်မှငွေသည် လူတစ်ဦးတစ်ယောက် မွေးရာပါ ပါရမီ (သို့)ထူးချွန်မှုကို ပုံဆောင်လာခဲ့၏။ ပေါလုက ဖေက် ၄း၇ထဲတွင် ဤသို့ဖော်ပြထားပါသည်- "သို့သော်လည်း ခရစ်တော်သည် ဆုပေးတော်မူသည်အတိုင်း ငါတို့သည် ကျေးဇူးတော်ကိုအသီးအသီး ကိုယ်စီခံရကြပြီ"။ ဤဆုကျေးဇူးများသည် ခရစ်တော်အတွက် အမှုဆောင်ရွက်ခြင်းအတွက် ဖြစ်ကြ၏။ ပေါလုက လူတို့ထံပေးသနားတော်မူသော ဆုလာဘ်အကြောင်း ဖော်ပြသောဆာလံ ၆၈း၁၈ ကို ကိုးကားခဲ့ပါသည်။

Matthew Henry ၏လေ့လာချက်ကို ကြည့်ကြပါစို့ - "ယုံကြည်သူတိုင်းထံသို့ အချင်းချင်း ကူညီရန်အတွက် ကျေးဇူးတော် ဆုကျေးဇူးအချို့ ပေးသနားတော်မူ၏။ တစ်ဦးချင်းစီပေးခြင်းငှါ ခရစ်တော်ထံ အလုံးစုံပေးသကဲ့သို့ ဖြစ်ပါသည်။ ခရစ်တော်သည် များစွာသောကျေးဇူးတော် ဆုကျေးဇူးကိုပေးတော်မူပြီး အထူးသဖြင့် သန့်ရှင်းသောဝိညာဉ်တော် ဆုကျေးဇူးကို ပေးတော်မူ၏။ ဦးနှောက်အသိ သာမဟုတ်၊ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟူသော အသိသာမဟုတ်ဘဲ ယုံကြည်ကိုးစားခြင်းနှင့်နာခံခြင်းတို့ကို ယူဆောင်ပေးသောအသိဉာဏ်ဖြစ်ပါသည်။ ခရစ်တော်၌စုံလင်ခြင်းရှိ၍ ဘုရားသခင်၏အကြံအစည်တော်အတိုင်း ထိုစုံလင်ခြင်းဆုကျေးဇူးအချို့ကို ယုံကြည်သူတိုင်းထံ ပေးသနားတော်မူ၏။ သို့သော်လည်း ကောင်းကင်ဘုံမရောက်မချင်း ထိုစုံလင်ခြင်းကို ကျွန်ုပ်တို့ရရှိမည်မဟုတ်ပါ။ ဤလောက၌ဘုရားသခင်၏သားသမီးတို့သည် ကြီးထွားခြင်းရှိ၍ ထိုခရစ်ယာန်ကြီးထွားခြင်းသည် ခရစ်တော်၏ဘုန်းတော်ထင်ရှားစေရန်ဖြစ်ပါသည်"။

တမန်တော်က မိမိခေတ်ကာလ၌ပေးသနားတော်မူခြင်းခံရသော ဝိညာဉ်ဆုကျေးဇူးဖော်ပြခြင်းငှါ အသင်းတော်၌အမှုတော်ဆောင် ရာထူးတာဝန်ငါးပါးကို ပြသခဲ့ပါသည် (ဖေက် ၄း၁၁)။ သူကိုယ်တိုင်သည် တမန်တော်ဖြစ်၍ အခြားတို့သည် ပရောဖက်များ၊ တရားဟောဆရာများ၊ သင်းအုပ်များနှင့် သင်ပေးသောဆရာများဟူ၍ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတို့သည် အသုံးပြုရန်ဖြစ်ကြ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ပေးသနားတော်မူသော ကျွန်ုပ်ခံရသည့်ဆုကျေးဇူးကို လျစ်လျူမရှုမည့်အကြောင်း သတိပေးတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၁၆)
**ဖေက် ၄း၁၁-၁၆**
တမန် ၁၇း၄-၇

*“လောကီနိုင်ငံကိုမှောက်လှန်သော ဤသူတို့သည် ဤအရပ်တိုင်အောင် ရောက်ကြပါပြီ”*

## ဆုကျေးဇူးများ၏ရည်ရွယ်ချက်

အသင်းတော်၏စည်းလုံးခြင်းကို (ဖေက် ၄း၃)အထူးတာဝန်ပေးခြင်းခံရသော သူတို့၏ ဆုကျေးဇူးလက်တွေ့အသုံးပြုခြင်းအားဖြင့် ကွယ်ကာတည်တံ့စေခြင်းဖြစ်ပါသည် (ဖေက် ၄း၁၁၊ ဖေက် ၄း၁၂ ထဲတွင် တမန်တော်ရည်ရွယ်ချက်သုံးခုကို ဖော်ပြခဲ့ပါသည် - “သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ၊ ဓမ္မဆရာ၏အမှုကိုပြုတတ်မည်အကြောင်း၊ ခရစ်တော်၏ကိုယ်တော်ကို တည်ဆောက်ရန် . . . )။

ဘုရားသခင်သည် လူတို့အား မိမိ၏နှုတ်ကပတ်တော်ကို မိမိရွေးချယ်ခဲ့သောလူ၊ (အာဗြဟံမှစ၍ တမန်တော်တိုင်အောင်) တို့ကို အသုံးပြု၍ဖွင့်ပြဖော်ပြခဲ့ပါသည်။ ဤအချက်ကို ဟေဗြဲ ၁း၁-၂ ထဲတွင် ဖော်ပြထားပါသည် - “ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။” ဘုရားသခင်သည် မိမိအထူးရွေးကောက်တော်မူသောသူတို့အားဖြင့် စကားပြောတော်မူပြီး၊ သူတို့ကို ဝိညာဉ်ဆုကျေးဇူးများ ပေးတော်မူခဲ့၏။

ရှေးဦးစွာ ပေါလုက တမန်တော်နှင့် ပရောဖက်များကို ဖော်ပြခဲ့၏(ဖေက် ၄း၁၁)။ သူတို့၏ အဓိကတာဝန်သည် ဘုရားသခင်၏စကားကို လူတို့ထံပြောကြားခြင်းဖြစ်ပါသည်။ ခရစ်တော်က တမန်တော်တို့အား သတင်းကောင်းဟောပြောခြင်းတာဝန်ကို ပေးတော်မူခဲ့၏။ သူတို့သည် ဟောပြောရုံသာမက၊ ခရစ်တော်၏စကားကို ရေးသားပြုစုခဲ့ကြ၏။ ဤနှုတ်ကပတ်တရားသည် အသင်းတော်အတွက် စံနှုန်းဖြစ်ခဲ့ပါသည်။ တမန်တော်တို့သည် အရပ်ရပ်သို့သွား၍ ကယ်တင်ခြင်းသတင်းကောင်းကို ဟောပြောခဲ့ကြ၏။ ဓမ္မဟောင်းခေတ်၌ ပရောဖက်တို့သည်လည်း ထိုတာဝန်ကိုထမ်းဆောင်ခဲ့ကြ၏။ မောရှေသည် ဘုရားသခင်၏နှုတ်ကပတ်တော်ရေးသားခြင်းငှါ တာဝန်ပေးခြင်းခံရခဲ့ပါသည်။ သူရေးသားခေကျမ်းတို့သည် ဓမ္မဟောင်းကျမ်း၏ ကျောရိုးဖြစ်ခဲ့ပါသည်။ အခြားများစွာသော ပရောဖက်တို့သည်လည်း စေလွှတ်ခြင်းခံရကြပြီး၊ ခံရသောဝိညာဉ်ဆုကျေးဇူးများကို လက်တွေ့အသုံးပြုခဲ့ကြပါသည်။

ထို့နောက် ပေါလုကတရားဟောဆရာ၊ သင်းအုပ်နှင့်သင်ပေးသော ဆရာတို့ကို ဖော်ပြထား၏(ဖေက် ၄း၁၁)။ ဖိလိပ္ပုသည် တရားဟောဆရာဖြစ်၍ တမန်တော်တို့နှင့်တွဲ၍ အမှုတော်ဆောင်ခဲ့ပါသည်။ တိမောသေကဲ့သို့သော အခြားသူတို့သည်လည်း ဤအုပ်စုထဲ၌ပါဝင်ကြပြီး၊ သူတို့သည် မိမိတို့၏တာဝန်ကို ကျေပွန်စွာထမ်းရွက်ခဲ့ကြပါသည်။

**ဆင်ခြင်ရန်** - သစ္စာရှိသောသူတို့သည် ခေတ်အဆက်ဆက်သတင်းကောင်းဟောပြောခြင်းအမှုကို အဆက်မပျက်စေဘဲ ဆောင်ရွက်အမှုပြုကြ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ခေတ်၌ ကိုယ်တော်အတွက် အကောင်းဆုံးကျွန်တော် သက်သေခံနိုင်ခြင်းငှါ မစတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၁၇)
**ဖေက် ၄း၁၂-၁၆**
တမန် ၁၉း၈-၁၀

*"... တပည့်တော်တို့ကို အသီးအခြားခွဲခြားပြီးမှ တုရန္နုအမည်ရှိသောသူ၏ စာသင်စရပ်၌နှစ်နှစ်ပတ်လုံး နေ့တိုင်း ဟောပြောသောအားဖြင့်..."*

---

## ဆုကျေးဇူးတို့သည် ခရစ်တော်၏ကိုယ်တော်တည်ဆောက်ခြင်း၌ ဖြစ်ကြ၏

ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးတို့သည် အသင်းတော်တည်ဆောက်ခြင်း၌ ဖြစ်ကြ၏။ လူတိုင်းက သတင်းကောင်းကျယ်ပြန့်ခြင်း၌ ပါဝင်ကြပါသည်။ ထိုသို့သောဆုကျေးဇူးတို့သည် ပုံမှန်သင်ယူလေ့လာခြင်းဖြင့် ကြီးထွားခြင်းပြည့်စုံခြင်းရှိတတ်၏။

ပေါလုက ဖေက်မြို့တွင်ကျမ်းစာကျောင်းစတင်ဖွင့်ခဲ့ပြီး ဘုရားသခင်၏နှုတ်ကပတ်တော် သင်ကြားပို့ချခဲ့ပါသည်။ သမိုင်းကို ကြည့်မည်ဆိုလျှင် သင်းအုပ်ဆရာများကျမ်းစာကျောင်း၌ သင်ယူလေ့လာခြင်းသည် အသင်းတော်၏အသက်ကဲ့သို့ဖြစ်လာခဲ့ပါသည်။ ခရစ်ယာန်အမှုတော်မြတ်ဖြစ်ကြသော၊ တရားဟောခြင်း၊ ရေးသားခြင်းနှင့်ကျမ်းစာဘာသာပြန်ခြင်းတို့အတွက် များစွာသော အရည်အချင်းလိုအပ်၍ ကောင်းမွန်စွာသင်ယူလေ့လာခြင်းသည် မဖြစ်မနေလိုအပ်သောအရာဖြစ်လာ၏။ လူတိုင်း မိမိ၏ဆုကျေးဇူးကို အကောင်းဆုံးအသုံးပြုကြရပါမည်။ ဘုရားသခင်အတွက် ပြုသောအမှုတိုင်း၌ အကျိုးရှိပါ၏။ စုံလင်စေခြင်းဆိုသည်မှာ သစ္စာရှိသောသူသည် ဘုရားသခင်ကိုပို၍ သိခြင်း၌ ကောင်းမွန်သောသွန်သင်ခြင်းရရှိပြီး၊ ရင့်ကျက်မှုရှိခြင်းကို ဆိုလိုပါသည်။ ဆုကျေးဇူးခံစားရသောသူတို့သည် အများလူထုကိုဘုရားသခင်၏ နှုတ်ကပတ်တော်သိနားလည်စေခြင်း၌ သွန်သင်ပေးရပါမည်။ ဤအမှုကို ဓမ္မဟောင်းခေတ်၌ လေဝိအမျိုးသားတို့က ဆောင်ရွက်ခဲ့ကြ၏။ ယနေ့အမျိုးမျိုးသော သွန်သင်ခြင်းနှင့် ယုံကြည်ခြင်းရှိနေသောခေတ်၌ ဘုရားသခင်၏နှုတ်ကပတ်တော်မှန်ကန်စွာ သွန်သင်ခြင်းသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပါသည်။ တမန်တော်က ယုံကြည်သူတို့အား နို့(သို့) နူးညံ့သောအစာတိုက်ကျွေးဖို့ လိုအပ်သောမွေးကင်းစကလေးနှင့် ခိုင်းနှိုင်းထားပါသည်။ ဤအချက်ကို ဖေက် ၄း၁၄ ထဲတွင်ဖော်ပြခဲ့၏ - "အကြောင်းမူကား၊ သူတပါးတို့သည် လူပရိယာယ်နှင့်အပြစ်သို့ သွေးဆောင်ခြင်း၌ လှည့်ဖြားပြောဆိုသဖြင့် ငါတို့သည် နောက်တဖန် ခပ်သိမ်းသောဩဝါဒလေ တိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ်မဖြစ်ဘဲလျက်..."။ သစ္စာရှိသောအမှုတော်ဆောင်သည် အသစ်သော ယုံကြည်သူတို့အပေါ် မိဘကဲ့သို့အမှုတော်ဆောင်လျက် ပြုစုစောင့်ရှောက်တတ်ကြ၏။

ခရစ်တော်၏ကိုယ်ဖြစ်သောအသင်းတော်သည် သစ္စာရှိသောသွန်သင်ချက်ခံယူရရှိသော အခါ ခရစ်ယာန်ယုံကြည်ခြင်း အဓိကအချက်တို့၌ မြဲမြံစွာရပ်တည်သော စည်းလုံးသောအသင်းတော် ဖြစ်လာလိမ့်မည်။ တမန်တော်တို့သည် ခရစ်တော်ကိုယ်တိုင်က သူတို့ကိုသွန်သင်ခဲ့ကြောင်း သိမှတ်ကြပါ၏။ လိုအပ်သောအရာမသင်ပေးဘဲ ချန်ထားသောအရာမရှိပါ။ သူတို့သည် အသင်းထံသို့ ခရစ်တော်အကြောင်း သိခြင်းတရားရှိစေခြင်း၌ အမှုတော်ဆောင်လျက် သွန်သင်ဖို့ရန် တာဝန်ပေးခြင်းခံရကြ၏။

**ဆင်ခြင်ရန်** - အကျိုးရှိသောသက်သေခံခြင်းသည် ဝိညာဉ်ဆုကျေးဇူးကြောင့်ဖြစ်ပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ခံရသောဆုကျေးဇူးကိုသိ၍ ကိုယ်တော်ဘုန်းတော်ထင်ရှားခြင်းအတွက် အသုံးပြုခြင်း၌ မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၈)
**ဖေက် ၄း၁၇-၂၂**
ယောဟန် ၄း၇-၂၆

*“. . . ထိုသူကို တောင်းလိမ့်မည်၊ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်. . . ”*

## သန့်ရှင်းခြင်းသည် လူဟောင်းကိုချွတ်ပယ်ခြင်းအားဖြင့် ရောက်လာတတ်၏

ပေါလုသည် ဧဖက်လူတို့အား ကယ်တင်ခြင်းသတင်းကောင်းကို စုံလင်စွာသင်ကြားဟောပြောခဲ့ပါသည်။ တမန်တော် ၂၀ ထဲ၌ ဤအသင်းတော်၏သင်းအုပ်တို့အား ပြောကြားစဉ်၊ သူတို့အား အကျိုးရှိမည့်တရားကို အကုန်အစင်ဟောပြော၍ အိမ်တိုင်ရာရောက်သွန်သင်ခဲ့ကြောင်း ဆိုခဲ့ပါသည်။ သူသည် ယုဒလူနှင့်တစ်ပါးအမျိုးသားတို့ထံလည်း ဟောပြောခဲ့ပါသည်။

ယခုအခါ ပေါလုသည်သတင်းကောင်းတရား၏ အခြေခံအကြောင်းဖြစ်သော၊ ယုံကြည်သူသည် မယုံကြည်သောသူကဲ့သို့ မကျင့်သင့်ကြောင်း ပြန်၍ဖော်ပြခဲ့ပါသည်။ ခရစ်တော်မပါသော အသက်တာသည် အချည်းနှီးသက်သက်ဖြစ်၏။ အသိပညာနှင့်ပတ်သတ်လျှင် လူသားတိုင်းသည် ဤလောကီပညာရပ်တို့၌ ထူးချွန်အောင်မြင်သောသူဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်မပါသော ဘဝသည် ဉာဏ်ပညာမဲ့သောဘဝပင်ဖြစ်ပါ၏။ တမန်တော်က လူသား၏ဉာဏ်ပညာသည် “ကွယ်သည်ဖြစ်၍၊ စိတ်နှလုံးမိုက်မဲသောအားဖြင့် အလျှင်းမသိသောကြောင့်၊ ဘုရားသခင်၏အသက်နှင့် ကွာရှင်းလျက်ရှိကြ၏” ဟုဆိုခဲ့ပါသည် (ဧဖက် ၄း၁၈)။ သူတို့စိတ်နှလုံးသည် ကွယ်သည်ဖြစ်၍ ဘုရားသခင်ကိုမသိနိုင်ကြပါ။ သူတို့ သီးသောအသီးအကြောင်းကို ပေါလုက ဧဖက် ၄း၁၉ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည် - “ထိုသူတို့သည် ရှက်ကြောက်ခြင်းမရှိ၊ တပ်မက်ခြင်းအလွန်ပြင်းသည်နှင့် ညစ်ညူးသောအကျင့်အမျိုးမျိုးကို ကြိုးစား၍ကျင့်လိုသောငှါ မိမိတို့ကို ကိလေသာလက်သို့ အပ်လိုက်ကြ၏”။ ဧဖက်မြို့ရှိ ယုံကြည်သူတို့သည် ခရစ်တော်၏တရား တို့ကို သင်ကြားခဲ့ကြပြီဖြစ်သောကြောင့် ထိုသူတို့ကဲ့သို့ ကျင့်ကြံနေထိုင်ခြင်းမပြုသင့်ပါ။

ဧဖက်လူတို့သည် ခရစ်တော်အကြောင်းကို ကြားသိခဲ့ရပြီး၊ ပေါလုက သူတို့အားသင်ကြားပေးခဲ့ပြီဖြစ်၏။ ခရစ်တော်၏တရားကို မေးမြန်းသောသူသည် ယောဟန် ၃ ထဲမှနိကောဒင်ကဲ့သို့ ဖြစ်ကြပါလိမ့်မည်။ လူသည်အရွယ်ရောက်ပြီးမှ မည်သို့ပြန်လည်မွေးဖွားနိုင်မည်နည်းဟု မေးမြန်းခဲ့ပါသည်။ ရှမာရိမိန်းမကလည်း ပြန်၍ရေငတ်ခြင်းမကြုံစေရန် ထိုရေကိုပေးခြင်းငှါ ယေရှုအား ယောဟန် ၄ ထဲတွင် တောင်းလျှောက်ခဲ့ပါသည်။ ဖိလိပ္ပိလူထောင်မှူးကလည်း တမန်တော် ၁၆ ထဲတွင် ကြောက်ရွံ့ခြင်းနှင့်တကွ “သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရပါမည်နည်း” (တမန် ၁၆း၃၀) ဟု မေးလျှောက်ခဲ့၏။ သူတို့သည် အဖြေကိုရ၍၊ ကယ်တင်ခြင်းခံရခဲ့ကြ၏။ ပေါလုကလည်း ထိုသို့သောအဖြေကို ဧဖက်လူတို့အား ပေးခဲ့ပါသည်။ အဝတ်ဟောင်းကိုချွတ်၍ အသစ်ကိုဝတ်ဆင်သကဲ့သို့၊ အပြစ်ကိုချွတ်ပယ်လျက်၊ အသက်တာသစ်သို့ ဝင်ရောက်ကြရန် ပေါလုကမိန့်တော်မူခဲ့၏။

**ဆင်ခြင်ရန်** - ကောင်းကင်ဘုံကို မြင်တွေ့ခြင်းငှါ လူတိုင်းဒုတိယမွေးခြင်းခံဖို့ လိုပါသည်။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ခေါ်တော်မူခြင်းနှင့်ဆိုင်သော ယုံကြည်ခြင်းကို ကျွန်တော်အစဉ်စွဲကိုင်လိုပါ၏။

ကြာသပတေး၊ ဒီဇင်ဘာ (၁၉)
**ဖေက် ၄း၂၃-၂၉**
ဂလာတိ ၅း၂၂-၂၆

*"သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့"*

## သန့်ရှင်းခြင်းသည် လူသစ်ကိုယူတင်ဝတ်ဆင်ခြင်းဖြင့် ကြီးထွားတတ်၏

လူဟောင်းသည် ပြောင်းလဲခြင်းရှိ၍ စိတ်သဘောသစ်ပြုပြင်ခြင်းခံရခဲ့ပါသည်။ ဤအမှု သည် လူတစ်ဦး၏ဝိညာဉ်လိုအပ်ချက်ဖြည့်ဆည်းပေးခြင်းခံရသောအခါ ဖြစ်ပွားခဲ့ပါသည်။ တမန်တော်က ဤအသင်းတော်၏ အသင်းဝင်တို့အား ဖြောင့်မတ်ခြင်းနှင့်စစ်မှန်သောသန့်ရှင်းခြင်း သို့ ဘုရားသခင်ပြုပြင်ဖန်ဆင်းတော်မူသော လူသစ်ကိုယူတင်ဝတ်ဆင်ကြခြင်းငှါ တိုက်တွန်းခဲ့ပါ သည်။ ထိုအခါ အသစ်သောအသက်တာဖြင့် နေထိုင်ကြရမည်ဖြစ်၏။

ဤအသစ်သောလမ်းခရီးတွင်၊ သူတို့သည် အပြစ်ကိုစွန့်ပစ်လျက်၊ သူတို့ဝန်ခံသော ယုံကြည်ခြင်းနှင့်ထိုက်တန်သော အကျင့်ကိုကျင့်ကြရမည်ဖြစ်၏။ တမန်တော်က သူတို့ပိုင်ဆိုင်ကြ ရမည့်အကျင့်ကို ဖော်ပြခဲ့ပါသည်။ သူတို့သည် မုသားကိုဖယ်ရှား၍ မှန်သောစကားဆိုကြရမည်ဖြစ် ၏။ အပြစ်ကိုဖြစ်ပွားစေတတ်သော ဒေါသစိတ်ကို ထိန်းချုပ်ကြရမည်အကြောင်း သွန်သင်ခဲ့ပါသည်။ ပေါလုက မာရ်နတ်သည်အပြစ်ကို ဖြစ်ပွားစေသောသူဖြစ်သောကြောင့်၊ အသစ်သောအသက်တာ၌ ထိုမာရ်နတ်အား ယုံကြည်သူသည်နေရာမပေးရပါ။ ယုံကြည်သူတိုင်း သတိနှင့်နေကြရပါမည်။ စာတန်၏သွေးဆောင်ခြင်းနည်းလမ်းတို့ကို သတိပြုကြရပါမည်။ ပေါလုက ခိုးယူခြင်းအပြစ်ပြုသော သူသည် နောင်တရ၍ နောက်ထပ်မခိုးခြင်းငှါ သတိပေးခဲ့ပါသည်။ ထိုသို့နောင်တရသောသူသည် လျော်ကြေးကိုလည်း ပေးရပါမည်။ ထို့ပြင် တမန်တော်ကယုံကြည်သူသည် မိမိလိုအပ်သော အရာအတွက် မိမိလက်ဖြင့်အလုပ်လုပ်၍၎င်း၊ လိုအပ်သောသူကို ကူညီနိုင်ရန် ကြိုးစားအားထုတ်ရ မည်ဟုတိုက်တွန်းခဲ့ပါသည်။

သန့်ရှင်းခြင်းလက္ခဏာတစ်ခုမှာ နေ့စဉ်နေပုံထိုင်ပုံအပြောအဆိုပင် ဖြစ်ပါသည် - "ညစ်ညူးသောစကားတစ်ခွန်းကိုမျှ သင်တို့နှုတ်ထဲကမထွက်စေနှင့်။ ကြားနာသောသူတို့၏အကျိုးကို ပြုစုစေခြင်းငှါ တည်ဆောက်စရာဘို့ ကောင်းသောစကားကိုသာ သုံးဆောင်ကြလော့" (ဖေက် ၄း၂၉)။ ဥပမာမှုကား၊ လူနှစ်ဦးသည် သူတို့နှင့်အတူမရှိသောသူ၏အကြောင်းကို ပြောဆိုဆွေးနွေးတတ်ကြ၏။ အသစ်သောအသက်တာမရှိလျှင် ထိုလူ၏မကောင်းကြောင်းကို ပြော တတ်ကြပါသည်။ သင် ထိုသို့ပြုပါသလား။ သင်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။

**ဆင်ခြင်ရန်** - ခရစ်တော်၌တည်သော အသစ်သောအသက်တာသည် အနာဂတ်လင်းလက် ခြင်းအမှန်ရှိပါ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အသက်တာကို အသစ်သောအသက်တာ၏ပုံသက်သေ ဖြစ်စေတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၂၀)
**ဖေက် ၄း၃၀-၅း၂**
ယောဟန် ၁၄း၁၅-၁၉

*"ငါသည် ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တစ်ပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှါ သင်တို့အားပေးတော်မူမည်"*

## သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းမနည်းစေကြနှင့်

လူဟောင်းကို ချွတ်ပယ်၍လူသစ်ယူတင်ဝတ်ဆင်ခြင်းပြောင်းလဲမှုကို သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းအားဖြင့် ကွယ်ကာထိန်းသိမ်းမှုခံရပါသည်။ တမန်တော်ကဇေက်ခရစ်ယာန်တို့အား သူတို့သည် ရွေးနှုတ်တော်မူခြင်းနေ့ရက်အတွက် တံဆိပ်ခတ်ခြင်းခံရကြပြီဖြစ်သောကြောင့် သန့်ရှင်းသောဝိညာဉ်ကို ဝမ်းမနည်းစေကြခြင်းငှါ သွန်သင်ခဲ့ပါသည်။

ယုံကြည်သူသည် အပြစ်ဟောင်းသို့လျှောက်သွားသောအခါ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်နာစေပါသည်။ သူတို့သည် အပြစ်ကိုစွန့်လွှတ်ရမည်အကြောင်း ပေါလုသွန်သင်ခဲ့ပါသည်။ ဇေက် ၄း၃၁ ထဲတွင် ဤသို့မိန့်တော်မူ၏ "ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်းတို့ကိုငှင်း၊ ခပ်သိမ်းသောမနာလိုခြင်းကိုငှင်း၊ သင်တို့မှပယ်ရှားကြလော့။" ယုံကြည်သူသည် သူတစ်ပါး၏ စိတ်စွ ခြင်းခံရသောအခါ၊ အမျက်ဒေါသထွက်ရမည်မှာ ဖြစ်သင့်သောသဘောဟု ယူဆနိုင်ပါသည်။ ထိုအခါ စာတန်၏ ကျော့ကွင်းထဲသို့ ကျရောက်နိုင်ပါသည်။ "ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမှုတ် ထွက်ခြင်း၊ အော်ဟစ်ငေါက်ခေါ်ခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်းတို့ကို "ဖယ်ရှားရမည် အကြောင်း မေ့လျော့ခြင်းဖြစ်ပါသည်။ သည်းခံခြင်းရှိရန် တိုက်တွန်းနှိုးဆော်မှုကို ပစ်ပယ်ရာရောက်၏။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် (ဇေက် ၄း၃၂) ကျွန်ုပ်တို့အပြစ်ကို ခွင့်လွှတ်တော်မူပြီဖြစ်သောကြောင့်၊ ပေါလုက အချင်းချင်းသနားစိတ်ရှိ၍ ခွင့်လွှတ်ကြရန် တိုက်တွန်းခဲ့ပါသည်။ ချစ်ခြင်းမေတ္တာထားခြင်းသည် ရန်သူအပေါ် အကောင်းဆုံးသောတုန့်ပြန်မှုဖြစ်ပါသည်။ ယုံကြည်သူတို့အား ထိုသို့မည်သို့မေတ္တာပြုရမည်ကို သခင်ဘုရားကသွန်သင်တော်မူလိမ့်မည်။ ဤသည်ကား သားသမီးအနေဖြင့် ဘုရားသခင်၏နောက်တော်သို့ လိုက်ခြင်းပေတည်း။

ယုံကြည်သူတို့သည် ခရစ်တော်၏နောက်လိုက်တပည့်များဟု အဓိပ္ပါယ်ရသောခရစ်ယာန်ဟု ခေါ်ခြင်းခံရကြ၏။ ခရစ်တော်သည် ကျွန်ုပ်တို့ကိုချစ်တော်မူသောကြောင့် ထိုအကျင့်ကို ကျွန်တော်တို့အတုယူကြရပါမည်။ ကျွန်ုပ်တို့အား အပြစ်မှကယ်တင်ခြင်းငှါ မိမိအသက်ကိုလည်း စွန့်တော်မူခဲ့၏။ ခရစ်တော်၏ဆုကျေးဇူးခံစားရသောသူတိုင်းသည် တစ်ချိန်၌ကယ်တင်ရှင်၏ ရန်သူဖြစ်ခဲ့ကြပါသည်။ သို့သော်လည်း ကျွန်တော်တို့ကို ကျေးဇူးတော်ပေးသနားတော်မူလျက်၊ ကျွန်တော်တို့သည် ကယ်တင်ခြင်းကိုရရှိခဲ့ကြ၏။ ခရစ်တော်ပူဇော်တော်မူသော ယဇ်ပူဇော်ခြင်းသည် ဘုရားသခင်နှစ်သက်တော်မူသော ပူဇော်နံ့သာဖြစ်ခဲ့ပါသည်။ ဤသည်ကား မောရှေပညတ်ချက်အတိုင်း ပူဇော်ခဲ့သောယဇ်ပူဇော်ခြင်း၌လည်း ထိုသို့ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ထိုအရင်ကယဇ်ပူဇော်ခြင်းတို့သည် ကြွလာတော်မူမည့်ခရစ်တော်ကို ပုံဆောင်ရည်ညွှန်းခြင်းဖြစ်ပါသည်။ ခရစ်တော်သည် အပြစ်သားတို့အတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော် ဆုကျေးဇူးဖြစ်လာခဲ့ပါသည်။ တမန်တော်က ဤအချက်အလုံးစုံကိုပြသလျက်၊ ယုံကြည်သူတို့အား သစ္စာရှိစွာနေထိုင်၍ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာ၊ ဝမ်းမနည်းစေကြရန် တိုက်တွန်းခဲ့ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် အမျက်ဒေါသထွက်ခြင်းသို့မဟုတ်၊ ဖြောင့်မတ်ခြင်းသို့ အသစ်ပြုပြင်ဖန်ဆင်းထားသောသူဖြစ်ပါသည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဝိညာဉ်တော်ကိုဝမ်းနည်းစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် သွေးဆောင်သောစာတန်၏သွေးဆောင်မှုအပေါင်းကို အောင်နိုင်ခြင်းငှါ မစတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၂၁)
**ဖေက် ၅း၃-၁၂**
ရောမ ၁း၁၆-၂၃

*“. . . အကြောင်းမူကား၊ ထိုတရားသည် . . . ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ဖြစ်၏”*

## အပြစ်ဒုစရိုက်ကိုရှောင်ကြဉ်ခြင်း

မကောင်းသောသူတို့နှင့်ပေါင်းဖော်ခြင်းအမှုသည် သာ၍ကြီးသောအပြစ်ဆီသို့ သွားရာလမ်းကြောင်းဖြစ်၏။ ညစ်ညမ်းခြင်း၊ မိုက်မဲသောစကားနှင့် နောက်ပြောင်ကျီစားခြင်းတို့ကို ဖော်ပြထား၏။ အသက်တာမပြောင်းလဲသေးသောသူတို့သည် ထိုကဲ့သို့သောပြောဆိုခြင်းမှ မိမိတို့၏နှုတ်ကို မထိန်းချုပ်နိုင်ကြသော်လည်း ဘုရားသခင်၏သားတစ်ဦးအတွက်မူ ဤအရာတို့ကိုပြောခြင်းမှာ မအပ်စပ်ပေ။ ထိုအစား၊ ဘုရားသားသည် ကယ်တင်ခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းကိုပြု၍ သန့်ရှင်းသောဝိညာဉ်တော်၏အကူအညီအားဖြင့် မိမိကိုယ်ကိုချုပ်တည်းခြင်းကို ကျင့်သုံးရပါမည်။ ရှင်ပေါလုက ထိုကဲ့သို့သော မကောင်းသောအမှုကို ပြုသောသူတို့သည် ထိုအရာနှင့်မလွတ်မြောက်နိုင်ကြောင်းကို အတိအလင်းပြသခဲ့သည်။ သူပြောခဲ့သည်မှာ “မတရားသောမေထုန်၌မှိုဝဲသောသူ၊ ညစ်ညူးစွာပြုသောသူ၊ ရုပ်တုကိုကိုးကွယ်သောသူဖြစ်သော လောဘလွန်ကျူးသောသူ၊ တစုံတယောက်မျှ ခရစ်တော်နှင့် ဘုရားသခင်၏နိုင်ငံ၌ အမွေမခံရသည်ကို သင်တို့သိကြ၏” (ဧဖက် ၅း၅)။ သူသည်ပရိသတ်တို့အား လှည့်စားခြင်းမခံကြဖို့ ရန် တိုက်တွန်းထား၏။ ဘုရားသခင်က ထိုကဲ့သို့သောအမှုတို့ကိုပြု၍မနာခံသောသူတို့ကို ဒဏ်ခတ် တော်မူ၏။ ထို့ကြောင့် သူတို့သည် ထိုကဲ့သို့သောအမှုတို့ကို ရှောင်ကြဉ်ရပါမည်။

ရှင်ပေါလုက သူတို့သည်တစ်ချိန်တုန်းက မှောင်မိုက်၌ကျင်လည်ခဲ့ကြသောသူဖြစ်ခဲ့ကြသော်လည်း သခင်ဘုရားအားဖြင့် အလင်းတော်၏သားများဖြစ်ကြသောကြောင့် ထိုအလင်း၌ လျှောက်လှမ်းကြရမည့်အကြောင်း ဧဖက်အသင်းတော်တို့အား သတိပေးတော်မူ၏။ ဧဖက်ခရစ်ယာန်တို့သည် တမန်တော်ပေါလုက၏ ဆိုလိုချက်ကိုသိရှိခဲ့ကြ၏။ အဘယ်ကြောင့်ဆိုသော် သူတို့အားလုံးသည် ကယ်တင်ခြင်း၏သက်သေခံချက်တို့ကို အသီးသီးရှိထားကြ၏။ ထို့နောက်၊ သူတို့သည် မိမိတို့၏အတိတ်အကြောင်းကို သိခဲ့ကြ၏။ သခင်ဘုရားသည်သူတို့အား ထိုမှောင်မိုက်ထဲကအဘယ်သို့ခွဲခွာစေခဲ့သည်ကိုသိရှိခဲ့ကြသည်။ ပေါလုက “အလင်းတော်၏အကျိုးမူကား၊ အလုံးစုံသောကောင်းမွန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာစောင့်ခြင်းဖြစ်သတည်း” ဟူ၍ဖော်ပြထား၏။ ထို့ကြောင့် သူတို့၏နေ့စဉ်အသက်တာသည် ဘုရားသခင်နှစ်သက်လက်ခံသောအရာကို သက်သေပြရပါမည်။

ပေါလုက ဧဖက်ခရစ်ယာန်တို့အား တိတ်ဆိတ်စွာမနေဘဲ သီးခြားရပ်တည်ခြင်းကို ကျင့်သုံး၍ အကျိုးမဲ့သောမှောင်မိုက်အလုပ်တို့နှင့် လုံးဝမဆက်ဆံကြဖို့ရန် တိုက်တွန်းထား၏။ သူတို့၏ရပ်တည်ချက်သည် ခြားနား၍အမှားတို့ကို ထောက်ပြရပါမည်။ ဤနေရာတွင် ပေါလုကပုဂ္ဂိုလ်ရေးအဆင့်၌ရှိသောဆက်ဆံခြင်းအကြောင်းကို ပြောနေခြင်းဖြစ်ပြီး၊ မှားယွင်းသောအသင်းသားတို့ကို ဆန့်ကျင်လျက်၊ စည်းကမ်းနှင့်အရေးယူခြင်းမပြုသော အသင်းတော်များရှိခဲ့သည်မှာလည်း အမှန်ပင်ဖြစ်၏။ ထိုကိစ္စကြောင့်တော့ မဟုတ်ပေ။ တမန်တော်က ဆိတ်ကွယ်ရာ၌ မယုံကြည်သောသူတို့၏လုပ်ဆောင်ခဲ့သောထိုအရာတို့ကို နှုတ်ဖြင့်ပြောဆိုခြင်းပင်လျှင် ရှက်ဖွယ်ရာဖြစ်ကြောင်းကို ပြောဆိုလျက် အပြစ်နှင့်ပြည့်သောလောက၏ ဝမ်းနည်းစရာအနေအထားကို ရေးဆွဲခဲ့၏။ ထို့ကြောင့် သီးခြားနေခြင်းလိုအပ်၏။

**ဆင်ခြင်ရန်** - မကောင်းသောသူတို့နှင့်ပေါင်းဘော်ခြင်းအားဖြင့် ကောင်းသောအကျင့်ဓလေ့ယိုယွင်းတတ်၏ (၁ ကော ၁၅း၃၃)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည် တည်ဆောက်စရာဖြစ်စေသောအရာကို အစဉ်အမြဲပြောဆိုစေတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၂)

**ဖေက် ၅း၁၃-၁၇**

ဒေသနာ ၁၂း၁-၇

*"... ယခုအသက်ပျိုစဉ်အခါပင်၊ သင့်ကိုဖန်ဆင်းတော်မူသောအရှင်ကို အောက်မေ့လော့"*

## အလင်း၏သားများကဲ့သို့လျှောက်လှမ်းလော့

ယေရှုက တပည့်တော်တို့သည်လောက၏အလင်းနှင့်ဆားဖြစ်ကြကြောင်းကို မိန့်ဆိုတော်မူခဲ့၏။ သူ၏မှန်ချက်စကားမှာ တင်စားမှုဖြစ်ကြောင်းသိသာလှ၏။ ဤနေရာတွင် တမန်တော်ပေါလုက အပြစ်ထင်ရှားသောအရာရှိသမျှတို့သည် အလင်းဖြင့်ထင်ရှားစေကြရ၏ဟူ၍ ထပ်ဖြည့်စွက်ထား၏။ ခရစ်တော်သည်အလင်းကိုပေးခဲ့သည်ကို ပြသဖို့ရန် ဟေရှာယ ၆၀း၁ ကိုသူကိုးကားခဲ့၏။ ဤသဘော၌ ရှိသောအလင်းမှာ သမ္မာတရားနှင့်သန့်ရှင်းခြင်းတို့ဖြစ်၍ အသက်တာကိုမှန်သောလမ်းသို့ ဦးဆောင်သူဖြစ်၏။

ပေါလုက စာဖတ်သူတို့အား "ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြေ့မြေ့ကျင့်ဆောင်" ဖို့ရန် တိုက်တွန်းခဲ့၏။ မိမိတို့၏အချိန်ကို မည်သို့အသုံးပြုခြင်းက မိမိတို့သည် ပညာရှိသောသူတို့(သို့) ပညာမဲ့သောသူတို့ဖြစ်ကြောင်းကို အဆုံးအဖြတ်ပေးသောအရာတစ်ခုဖြစ်၏။ ဉာဏ်ပညာက ကျွန်ုပ်တို့အား မိမိတို့အချိန်နာရီကိုကောင်းမွန်၍ အကျိုးရှိစွာ အသုံးပြုရန်ပြောထား၏။ ကျွန်ုပ်တို့အား ဝန်းရံသောလောကသည် အချိန်ကိုအသုံးပြုခြင်း၌ စုံလင်ခဲ့ကြပြီ။ အကြောင်းမူကား သူတို့သည် ငွေရေးကြေးရေး အကျိုးအမြတ်ကလုံ့ဆော်ထား၏။ သခင်ဘုရား၏အစေခံအားလုံးတို့သည် မိမိတို့၏ စံပြုအဖြစ် ကောင်းကင်ဘုံနှင့်ဆိုင်သောအကျိုးအမြတ်ကို ရွေးချယ်ကြမည်ဆိုလျှင် ပို၍အောင်မြင်ကြလိမ့်မည်။ ပျင်းရိသောစိတ်သည် စာတန်၏အလုပ်ရုံဖြစ်သည်ဟု ဆိုသောစကားများမှာ အမှန်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အစဉ်အမြဲအလုပ်ရငပ်နေဖို့ရန် လိုအပ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပျင်းရိဖို့ရန်မဟုတ်ဘဲ တက်ကြွ၍ထုတ်လုပ်သောသူဖြစ်ဖို့ရန် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ပေါလုကလည်း သက်သာလောနိတ်မြို့၌ရှိသော အသင်းတော်တို့အား၊ တစ်စုံတစ်ယောက်သည် အလုပ်မလုပ်ဘဲနေလျှင်၊ မစားဘဲနေစေဖို့ရန် (၂ သက် ၃း၁၀) ပညတ်ထား၏။ ဘုရားသခခင်သည် လူသားကိုအသိတရားအား ပေးအပ်ခဲ့ပြီဖြစ်၍ လူသည်အသက်ရှင်ဖို့ ဝင်ငွေရှာဖို့အလုပ်လုပ်ရမည်ဖြစ်ကြောင်းကို သိလိမ့်မည်။ ခရစ်ယာန်တို့သည် လောကအတွက် စံနမူနာထားရာတွင် အပြုန်အလုန်မဟုတ်ဘဲ ရှေ့ဆုံးကရှိနေရပါမည်။ သူတို့သည် ခရစ်တော်၏အလင်းတော်၏ သက်သေခံဖြစ်နိုင်ကြဖို့အတွက် နေရာတိုင်း၌ သူတို့၏လုံ့လဝီရိယကို မြင်တွေ့ရပါသည်။

ထို့နောက် ပေါလုကမိမိ၏စာဖတ်သူတို့အား သတိမရှိသောသူမဖြစ်၊ သခင်ဘုရား၏ အလိုတော်ရှိရာကို ပိုင်းခြား၍သိသောသူဖြစ်ကြဖို့ရန် တိုက်တွန်းထား၏။ ဖြစ်နေကျမဟုတ်သောပတ်ဝန်းကျင်နှင့်ရင်ဆိုင်ရသောအချိန်တွင် ဘုရား၏သားသမီးသည် လျင်မြန်သောဆုံးဖြတ်ချက်ကိုချ၍ ကောင်းမွန်သောအဖြေကို ရှာဖွေနိုင်သောသူဖြစ်ရပါမည်။ ပေါလုသည် ဖာရိရှဲအဖြစ်ကြီးပြင်းခဲ့၍ များစွာသောကိစ္စတို့တွင် သူတို့၏စည်းမျဉ်းစည်းကမ်းက သာမန်အသိဉာဏ်ကို အနိုင်ယူခဲ့၏။ ကောင်းသော ရှမာရိလူ၏ဥပမာ၌ ယဇ်ပုရောဟိတ်နှင့်လေဝိလူသည် တင်းမာသောစိတ်ရှိသောကြောင့် အကူအညီလိုအပ်သောသူကို မကူညီနိုင်ခဲ့ကြပေ။ အခြားတစ်ဖက်တွင်မူ ရှမာရိလူသည် ချစ်ခြင်းမေတ္တာနှင့် ပညာရှိစွာပြုမူခဲ့၍ ဓားပြတိုက်ခံရသောဒုက္ခသည်ကို ကယ်တင်ခဲ့၏။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ခရစ်ယာန်တို့၏ ဥပဒေသ(စည်းမျဉ်းများ)တို့ကို စောင့်ထိန်းခြင်းဖြင့် ထင်ရှားစေကြပါစို့။

**ဆင်ခြင်ရန်** - အပြစ်ရှိသောအကျင့်သည် ကျွန်ုပ်တို့အထဲ၌ရှိသော ခရစ်တော်၏အလင်းတော်ကို မှိန်စေ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်သည်ပညာရှိသော ဆုံးဖြတ်ချက်တို့ကို အစဉ်အမြဲချမှတ်နိုင်စေတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၂၃)
**ဖေက် ၅း၁၈-၂၁**
ဆာလံ ၁၁၉း၉-၁၆

*"အိုထာဝရဘုရား၊ ကိုယ်တော်သည်မင်္ဂလာ ရှိတော်မူ၏။*
*အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌ သွန်သင်တော်မူပါ"*

# ဝိညာဉ်တော်နှင့်ပြည့်ဝကြလော့

အရက်သောက်ကျူးခြင်းသည် များစွာသောလူတို့၏အသက်တာကို အုပ်စိုးသည့်လူမှုရေးနှင့်ဆိုင်သော ဆိုးသွမ်းမှုဖြစ်၏။ သေသည်အထိ အရက်အလွန်အကျွံသောက်ခြင်းသည် ထူးဆန်းသောအရာမဟုတ်တော့ပေ။ ထိုကဲ့သို့သော အကျင့်စရိုက်သည် ခေတ်အဆက်ဆက်ရှိခဲ့ပုံပေါ်၏။ ဤကျမ်းစာကို ပေါလုရေးသားခဲ့ချိန်တွင်လည်း ထိုအကျင့်စရိုက်ရှိခဲ့၏။ ခရစ်ယာန်တို့သည် ထိုအမှုကိစ္စတို့ကို ရှောက်ကြဉ်ရပါမည်။ အရက်ကိုလုံးဝမသောက်ပါနှင့်။

တမန်တော်၏ဖော်ပြချက်မှာ ဝိညာဉ်တော်နှင့်ပြည့်ဝဖို့ရန်ဖြစ်၏။ ဆိုလိုသည်မှာ ဝိညာဉ်တော်၏ထိန်းချုပ်ခြင်းခံရခြင်းကို ဆိုသည်။ အောင်မြင်သောခရစ်ယာန်အသက်တာအတွက် ဤအရာမှာ အလွန်အရေးပါ၏။ ဤပြည့်ဝခြင်းသည်လည်း အထက်၌ဖော်ပြခဲ့ပြီးသော အသီးသီးခြင်းအားဖြင့် ထင်ရှားလိမ့်မည်။ ချီးမွမ်းသီဆိုခြင်းမှာ ခရစ်ယာန်မိဿဟာယဖွဲ့ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်၏။ ပေါလုက "ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်းပြောဆိုဖတ်ရွတ်၍၊ နူးညံ့သောစိတ်နှလုံးနှင့်သခင်ဘုရားရှေ့တော်၌ ကျူး၍သီဆိုကြလော့" ဟူ၍ မိန့်ကြားထား၏ (ဧဖက် ၅း၁၉)။ ဆက်သွယ်ရေး၌တေးဂီတ(music) သည်အလွန်တန်ခိုးကြီးသောကြားခံဖြစ်ကြောင်းကို လောကသားတို့သိကြ၏။ ထို့ကြောင့် သူတို့သည် ထိုတေးဂီတကိုအစုံလင်ဆုံးအပြည့်အဝအသုံးချကြ၏။ တေးဂီလလုပ်ငန်းက တီးခတ်သူတို့အတွက် များစွာသောဝင်ငွေကို ရရှိစေ၏။ ယနေ့တွင် ဤကွင်းပြင်ထဲသို့ gospel music ဟုခေါ်သည့်အရာသည် ဝင်ရောက်ခဲ့ပြီးဖြစ်၏။ သို့သော်၊ ပါဝင်သောအရာတို့မှာ လောကီသားတို့(မယုံကြည်သူ) ဆုံးသောအရာနှင့် မခြားနားပေ။ ထိုတေးဂီတကို "ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်း" (praise and worship) ဟူ၍ခေါ်ဆို၍ များစွာသောအသင်းတော်တို့သည် မိမိတို့ကျင့်သုံးဖို့ရန် သဘောတူလက်ခံကြ၏။ ပေါလုက သီဆိုဖျော်ဖြေခြင်းကို ဆိုလိုခြင်းမဟုတ်ဘဲ၊ စိတ်ဝိညာဉ်ကိုတည်ဆောက်စေသည့် ဆာလံသီချင်း၊ ဓမ္မသီချင်းနှင့် ဝိညာဉ်ရေးသီချင်းတို့ကို ပြောဆိုခြင်းဖြစ်၏။ ဤအရာတို့သည် သခင်ဘုရားကိုချီးမွမ်းခြင်းကို ဖြစ်စေ၏။

ဘုရားသခင်၏သားသမီးတစ်ဦး၏နှုတ်တွင် "ကျေးဇူးတင်ပါ၏ သခင်ဘုရား" ဟူ၍ အမြဲတမ်းရှိနေရမည်။ ကျွန်ုပ်တို့သည် အထူးသဖြင့်ဤပေးစာ၌ ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်တို့၏ကယ်တင်ခြင်းအကြောင်းကို ဆင်ခြင်ကြသောအခါတွင် သခင်ဘုရားထံကျေးဇူးချီးမွမ်းစရာ ပို၍များပြားလာမည်။ ပေါလု၏ကယ်တင်ခြင်းနှင့် အမှုတော်လုပ်ငန်းသည် ဘုရားသခင့်ကျေးဇူးတော်၏ဆောင်ရွက်ချက်ဖြစ်ကြောင်း ရှင်းလင်းစွာတွေ့ရ၏။ ပေါလုက ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်၏ နာမအားဖြင့် ခမည်းတော်ဘုရားသခင်ထံသို့ အရာခပ်သိမ်းအတွက် ကျေးဇူးချီးမွမ်းရမည်ဖြစ်ကြောင်းပြောဆိုခဲ့၏။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦးအပ်နှံကြဖို့ရန်လည်း လိုအပ်၏။ ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းက ဤကောင်းမှုကုသိုလ်တို့ကို ဖြစ်ထွန်းစေသည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်းမှာ ဘုရားသခင်၏အမှုတော်လုပ်ငန်း၌ လိုချင်ဖွယ်ရာကောင်း၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ခြင်း၌အကျွန်ုပ်သည် ဝိညာဉ်တော်၏လုံလောက်သောဝေစုကို အမြဲတမ်းရှိစေပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၂၄)
**ဖေက် ၅း၂၂-၂၄**
ကောလော ၃း၁၈-၂၅

*"လူ၏အမှုကိုသာဆောင်ရွက်သကဲ့သို့မဟုတ်၊ သခင်ဘုရား၏အမှုတော်ကို ဆောင်ရွက်သကဲ့သို့၊ ပြုလေသမျှတို့၌ စေတနာစိတ်နှင့်ပြုကြလော့"*

## ခရစ်ယာန်ဇနီးသည်၏ဝတ္တရား

ယနေ့စာပိုဒ်တွင်ဇနီးသည်တို့အား မိမိတို့၏ခင်ပွန်းသည် (လင်ယောကျ်ား)တို့ထံ ဆက်ကပ်အပ်နှံကြဖို့ရန် အမိန့်ပေးထား၏။ ဤဆက်ကပ်အပ်နှံခြင်းမှာ ဇနီးသည်သည် ခရစ်ယာန်တစ်ဦးဖြစ်မှသာလျှင် ဖြစ်နိုင်သောအရာဖြစ်၏။ သူမသည် ခရစ်ယာန်မဟုတ်လျှင်၊ ထိုသို့လုပ်နိုင်စွမ်းရှိမည်မဟုတ်ပေ။ ခရစ်ယာန်တစ်ဦးအနေဖြင့်၊ သူမအား ကူညီပေးမည့်ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ကျိန်းဝပ်ခြင်းကို ရရှိပိုင်ဆိုင်ထား၏။ ဤအရာမှာ ဇနီးသည်တိုင်းအပေါ် သို့ ရောက်သောဧဝ၏ကျိန်ခြင်းအမင်္ဂလာမှာ မြှောက်ထားခြင်းခံရကြောင်းကို သူမအား သိစေရန်ပေးသည့် သခင်ဘုရားထံမှ စွမ်းအင်ဖြစ်၏။

သူမသည် ခင်ပွန်းသည်၏အခွင့်အာဏာကို အနိုင်အထက်လုယူတော့မည်မဟုတ်ပေ။ သူမ၏ ခင်ပွန်းသည်သည် ခရစ်ယာန်မဟုတ်လျှင်ပင် သူ့ထံ၌အပ်နှံရပါမည်။ အကြောင်းအရင်းမှာ သူမသည်သခင်ဘုရားထံ၌ အပ်နှံခြင်းဖြစ်၏။

သူမ၏အပ်နှံခြင်းမှာ သမ္မာကျမ်းစာ၏ဘောင်ထဲတွင်သာ ဖြစ်ရမည်ဖြစ်၏။ ဖေက် ၅း၂၄ တွင်ရှိသော "အရာရာတိုင်း" ဟူသောစကားလုံးကို "သခင်ဘုရားထံ" ၌ ဟူသောစကားက ခြင်းချက်ပြုစေ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်၏ သွန်သင်ခြင်းနှင့်ဆန့်ကျင်သောအရာဖြစ်လျှင် သူမ သည် အပ်နှံ(နာခံ)ဖို့ မလိုအပ်ပေ။ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်သကဲ့သို့ သူမ၏ ခင်ပွန်းသည်သည် အိမ်၌ဦးခေါင်းဖြစ်ကြောင်းကို ဝန်ခံ၏။ သူမ၏ခရစ်တော်ထံ၌ရှိသော မြတ်သော သက်သေတို့နှင့်ဆုတောင်းခြင်းတို့ကြောင့် မယုံကြည်သောခင်ပွန်းသည် ခရစ်တော်ကို ယုံကြည်လာလိမ့်မည်။ သူမ၏ခင်ပွန်းသည် ယုံကြည်သူဖြစ်လျှင် ထိုအရာမှာသာ၍ကောင်း၏။ အဘယ်ကြောင့် ဆိုသော်၊ ငြိမ်သက်ခြင်းနှင့်သန့်ရှင်းခြင်းသည် ခရစ်တော်ကိုအလယ်ဗဟို၌ထားသော ဤအိမ်၌လွှမ်းမိုးလိမ့်မည်။

သူမသည် ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့ (အပ်နှံ) သူမ၏ခင်ပွန်းထံ၌ အပ်နှံ၏။ သူမသည် ထိုအရာကိုအလွန်လိုလိုလားလားဖြင့်သော်၎င်း၊ ပျော်ရွှင်စွာသော်၎င်း လုပ်ဆောင်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော်၊ သူမသည် ခရစ်တော်အဖို့အလို့ငှါ ထိုအမှုကိုလုပ်ခြင်းဖြစ်၏။ မိမိ၏ခင်ပွန်းသည်နှင့် သားသမီးတို့၏တုံ့ပြန်ပုံကို ပဓာနမထားဘဲ ဘုရားတရားရှိသေသော ဇနီးသည်အဖြစ် ဆက်လက်တည်ရှိနေ၏။ ထိုအရာကို သူမလုပ်ဆောင်ခြင်းအကြောင်းတစ်ခုမှာ သူမ၏သခင်ဘုရား အတွက် ဖြစ်ကြောင်းကိုခံယူထားခြင်းဖြစ်၏။

ဤသင်ကြားခြင်းမှာ ယနေ့တွင်ရှိသောခရစ္စမတ်အကြိုကဲ့သို့ အသင်းတော်ဆုံးချိန်ဖြစ်၏။ ရွေးချယ်ခြင်းခံရသောအပျိုကညာမာရိသည် ခရစ်ယာန်ဇနီးသည်အားလုံး အတုယူဖို့ရန်အတွက် ဘုရားတရားကို ရိုသေသောစံပြဖြစ်၏။ သူမ၏အသက်တာကို ဘုရားသခင်၏အလိုတော်သို့ အပ်နှံထား၍ ယေရှုမွေးဖွားသည့်တိုင်အောင် အပျိုကညာစစ်စစ်အဖြစ် ကျန်ရှိနေခဲ့၏။ သူမသည် ခရစ်တော်၏မွေးစားဖခင်ဖြစ်ဖို့ရန် ဘုရားသခင်ခန့်ထားတော်မူသော ယောသပ်ကိုနာခံခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်ကို ဆက်လက်နာခံခဲ့၏။ ခရစ်တော်ကိုလေ့ကျင့်သင်ကြားခြင်း၌ ခရစ်တော်သည် အသက်သုံးဆယ်၌အမှုတော်ကို စတင်နိုင်ရန် အဆင်သင့်ဖြစ်ကြောင်း သေချာစေရန် မာရိသည် လုံ့လဝီရိယဖြင့် ဆောင်ရွက်ခဲ့သည်။

**ဆင်ခြင်ရန်** - ခရစ်တော်ကိုရိုသေလေးစားသောဇနီးသည်အိမ်ကို ကောင်းကြီးမင်္ဂလာခံစားစေ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အိမ်သည် ခရစ်တော်အားဗဟို၌ အစဉ်အမြဲထားစေတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂၅)
**ဖေက် ၅း၂၅-၃၃**
ဆာလံ ၄၀း၈-၁၇

*"အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည်အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏ တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာ ရှိပါ၏"*

## ခင်ပွန်းသည်တို့သည် မိမိတို့၏ဇနီးသည်တို့ကိုချစ်ရမည်

ခင်ပွန်းသည်သည် လက်ထပ်မင်္ဂလာ၌ကြီးလေးသောကဏ္ဍကိုပေးခြင်းခံရ၏။ သူ၏ခေါင်းဆောင်လုပ်ပိုင်ခွင့်သည် တာဝန်ယူမှုနှင့်အတူ ရောက်ရှိလာခဲ့၏။ ထိုဂုဏ်ပြုခြင်းနှင့်အတူ ပါလာသည့် တာဝန်တို့ကို သူသည်မိမိကိုယ်ကိုစွန့်လွှတ်အပ်နှံရပါမည်။ ခင်ပွန်းသည်သည် အသင်းတော်အား ချစ်၍ ၎င်းအတွက်မိမိအသက်ကိုပေးသည့်ခရစ်တော်၏ ပုံသက်သေကိုအတုယူလိုက်လျှောက်ဖို့ရန် ဖြစ်သည့်အတိုင်း ချစ်ခြင်းမေတ္တာသည် မိမိ၏မိသားစုအား အတူတကွထိန်းသိမ်းပေးမည့်နှောင်ကြိုးဖြစ်၏။

တမန်တော်ပေါလုက ခရစ်တော်၏အလုပ်ကို ဆက်လက်ပြဌာန်းထားရာတွင် "ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်၊ ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့်လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှါ နှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း ထိုအသင်းတော်အဖို့အလိုငှါ ကိုယ်ကိုကိုယ်စွန့်တော်မူ၏"(ဧဖက် ၅း၂၆-၂၇)။ ယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့ မိမိတို့၏ဇနီးသည်တို့ကိုချစ်ရမည်ဟု ထပ်မံဖြည့်စွက်ထား၏။ မိမိဇနီးကိုချစ်သောသူသည် မိမိကိုယ်ကိုလည်း ချစ်ရာရောက်၏။ အကြောင်းမူကား သူတို့သည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်။ ယောကျ်ားသည်မိမိဇနီးအပေါ်သို့ ရက်စက်စွာပြုမူကြသောကြောင့် များစွာသောအိမ်ထောင်သည် ပြိုကွဲလျက်ရှိ၏။ ဤအပြုအမူသည် မိမိ၏ချစ်ခြင်းမေတ္တာခေါင်းပါးမှုကို ထင်ရှားစေခြင်းဖြစ်၏။ ဤအရာသည် မဖြစ်သင့်သောအရာဖြစ်သော်လည်း အပြစ်တရားကြောင့် ဖြစ်ပေါ်နေ၏။ ထိုကဲ့သို့သောဒုစရိုက်အပြစ်တို့ကြောင့် ဤနေရာတွင် သတိပေး နှိုးဆော်ခဲ့ခြင်းဖြစ်၏။ လောကသား (မယုံကြည်သူ)တို့၏ နည်းလမ်းတို့ကို အတုခိုးလျှင်မိသားစုသည် ခိုင်မြဲနိုင်မည်မဟုတ်ပေ။ ပေါလုက ကိုယ်အသားကိုမုန်းသောသူတစ်ယောက်မျှ မရှိဘဲ ခရစ်တော်သည် အသင်းတော်အား ကျွေးမွေးပြုစုတော်မူသကဲ့သို့ လူသည်မိမိ၏အသားတို့ကို ကျွေးမွေးပြုစုတတ်ကြသည်ကို ဖော်ပြထားသည်။

ပေါလုသည် ခရစ်ယာန်မိသားစုတို့အတွက် မိသားစုစည်းလုံးမှုကို အလွန်အလေးထား၏။ သူတို့သည် ခရစ်တော်၏အရိုးတော်နှင့်အသားတော်တို့တွင်၎င်း၊ ခရစ်တော်၏ကိုယ်အင်္ဂါရပ်တို့ဖြစ်ကြောင်းကို သူဖော်ပြ၏။ ယောကျ်ားသည် ကိုယ်မိဘကိုစွန့်၍ကိုယ့်ဇနီး၌မှီဝဲသဖြင့်၊ သူတို့နှစ်ဦးသည် တသားတကိုယ်တည်းဖြစ်ရလိမ့်မည်ဟူသော ဖန်ဆင်းခြင်းကာလ၌ ရှိသောထိမ်းမြားခြင်းထုံးထမ်းဓလေ့ကို ကိုးကားထား၏။ တမန် ဤအကြောင်းအရာကို ခရစ်တော်နှင့်အသင်းတော်၏ ဆက်နွယ်ပုံနှင့် ကောင်းမွန်စွာနှိုင်းယှဉ်ထား၏။ ထို့နောက် ပေါလုက ဧဖက် ၅း၃၃ တွင် ဤအကြောင်းနှင့်ပတ်သက်၍ နောက်ဆုံးစကားကို မိန့်ဆိုသည်မှာ "သို့ရာတွင် သင်တို့သည် အသီးအသီးကိုယ်ကိုကိုယ်ချစ်သကဲ့သို့ ကိုယ်ခင်ပွန်းကိုချစ်ကြလော့။ မိန်းမသည်လည်း ကိုယ်ခင်ပွန်းကိုရိုသေခြင်းရှိစေလော့" ဟူ၍ဖြစ်၏။ ဤအရာသည် မိသားစုတိုင်းအတွက် ထိုက်တန်သောစံနမူနာဖြစ်၏။ သင်၏မိသားစုတွင် ပျော်ရွှင်ခြင်းရှိမည်အကြောင်း ဤအချက်ကို သင်လိုက်လျှောက်လော့။

**ဆင်ခြင်ရန်** - ခင်ပွန်းသည်ထံသို့ ပေးထားသည့်တာဝန်သည် ဘုရားသခင်ထံသို့ သူတို့၏တာဝန်ဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ မိသားစုတိုင်းသည် ပျော်ရွှင်သောအိမ်ရရှိနိုင်ဖို့ရန် ကိုယ်တော်ကို မျှော်ကြည့်ကြပါစေသော်။

ကြာသပတေး၊ ဒီဇင်ဘာ (၂၆)
**ဖေက် ၆း၁-၄**
လုကာ ၂း၄၀-၅၂

*“ယေရှုသည်လည်း၊ အစဉ်အတိုင်းကြီး၍ ပညတ်တိုးပွားလျက်၊ ဘုရားသခင့်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏”*

## မိသားစုထဲ၌သားသမီးများ

ပညတ်တော်ဆယ်ပါးမှ ငါးခုမြောက်သောပညတ်တော်မှာ သားသမီးတို့ကို အမိန့်ပေးထား၏။ ဤနေရာတွင် ပေါလုကခင်ပွန်းသည်နှင့်ဇနီးသည်တို့အား အလျှင်ပညတ်ထားပြီးနောက်၊ ယခုတွင် သားသမီးတို့ကို ပေး၏။ သခင်ဘုရား၌ မိဘစကားကိုနာခံကြဖို့ရန် သူတို့အားမိန့်တော်မူ၏။ အကြောင်းမှာ ၎င်းသည် ကောင်းသောအရာဖြစ်၏။ သူသည် “မိဘကိုရိုသေစွာပြုလော့” (ဧဖက် ၆း၂) ဟူသောပညတ်တော်ကို ကိုးကားထား၏။ ဤပညတ်သည်ကတိတော်နှင့်ဆိုင်သော ပဌမပညတ်ဖြစ်သည်ဟု သူမှတ်ချက်ချ၏။

မယုံကြည်သူအပါအဝင် မိသားစုတိုင်းက မိမိတို့သားသမီးတို့ကို တန်ဖိုးထား၍ သူတို့အား စဉ်းစားချင့်ချိန်နိုင်သော အရွယ်ဖြစ်လာဖို့ ကြီးထွားစေချင်ကြ၏။ မိဘတို့သည် မိမိတို့သားသမီးတို့အား အခြားသောအရာများထက် ပညာရေးကိုဦးစားပေးအဖြစ် ထောက်ပံ့ဖို့ရန် ရှာဖွေကြ၏။ မိဘတို့သည် သားသမီးတို့၏အနာဂတ်အတွက် ဘေးဆီးရန်ကာဖြစ်ဖို့ရန်နှင့် အမွေရှိစေဖို့ရန် ဤအရာကိုလုပ်ဆောင်ခြင်းဖြစ်၏။ အကယ်စင်စစ်ဤအရာမှာ မိဘတို့၏သားသမီးတို့အတွက် ဖြည့်ဆည်းပေးဖို့ရန် လောကနှင့်ဆိုင်သောတာဝန်ဝတ္တရားဖြစ်၏။ သို့သော်၊ တာဝန်ရှိသောခရစ်ယာန်မိဘတိုင်းသည် ကလေးတို့ရရှိနိုင်သည့်အရာထဲမှ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းဟူသောအရာမှာ အရာခပ်သိမ်း၏ အထက်တွင်ရှိကြောင်း သိရှိနားလည်ထား၏။ သုတ္တံကျမ်း ၂၂း၆ တွင် ပညာရှိသောရှင်ဘုရင်က “သူငယ်သွားရာလမ်း၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည်အိုသောအခါ ထိုလမ်းမှမလွဲ၊ လိုက်သွားလိမ့်မည် ” ဟူ၍ ရေးသားခဲ့၏။ ကလေးသူငယ်အတွက် အိမ်သည်ကြီးထွားရမည့်အရပ်နှင့် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသဘောအားပို၍ လေ့လာသင်ယူရမည့်နေရာဖြစ်၏။ အသင်းတော်သည် ကလေးတို့အား သင်ကြားပို့ချရန် Sunday school အစီအစဉ်နှင့် အခြားအစီအစဉ်တို့အား အမြဲရှိနေ၏။ ထို့ပြင်၊ တာဝန်ရှိသောမိဘတို့သည် သားသမီးတို့အား အသင်းတော်သို့ပို့ဆောင်ပေးသည့်အပြင် သားသမီးတို့၏ ဝိညာဉ်ရေးရာကိစ္စတို့၌ တိုးတက်မှုကိုသူတို့၏လောကပညာများထက် ပင်လျှင် စောင့်ကြည့်စစ်ဆေးရပါမည်။ ဝိညာဉ်ရေးရာနှင့်ဆိုင်သောပညာရေးသည် နံပါတ်တစ်ဖြစ်၏။ ဤနေရာမှာ “သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးကြလော့”ဟူသော အချက်၏ဆိုလိုရင်းဖြစ်သည်။

ဤပညတ်တော်ကို နောက်ဆက်တွဲကတိတော်မှာ ရှည်သောအသက်တာဖြစ်၏။ နာခံခြင်းရှိသောအသက်တာက သူငယ်အားကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကို သန့်ရှင်းစွာ စောင့်ထိန်းရန် ဆန္ဒကိုပင် ပေးလိမ့်မည်။ ထိုသူငယ်သည် လူပျိုတို့၏တပ်မက်ခြင်းတို့ကို ရှောင်၍သခင်ဘုရားအတွက် အသက်ရှင်ဖို့ရန် သင်ယူလိမ့်မည်။ ထို့ကြောင့် သူတို့အား မိဘတို့ကိုနာခံဖို့ရန် နှိုးဆော်တိုက်တွန်းထား၏။ ယေရှုသည် နာဇရက်မြို့၌ သူငယ်ဖြစ်စဉ်တွင် စံပြကောင်းကိုပြသထား၏။

**ဆင်ခြင်ရန်** - ယနေ့တွင် သူငယ်တို့ကို သင်ကြားခြင်းမှာ မနက်ဖြန်၏အသင်းတော်ကို တည်ဆောက်နေခြင်းဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်တို့၏သားသမီးတို့သည် ကိုယ်တော်ရှင်ကိုကြောက်ရွံ့နိုင်ဖို့ရန်အတွက် ကျေးဇူးတော်ကိုပေးတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၂၇)
**ဖေက် ၆း၅-၉**
ဖိလမုန် ၁-၂၅

*"အစေခံကျွန်ကဲ့သို့ ရမည်ဟုမဆိုလို. . .*
*သာ၍ချစ်သောညီကဲ့သို့ ရမည်ဟု ဆိုလိုသတည်း"*

## အစေခံကျွန်တို့၏နေရာ

ကျမ်းစာထဲ၌ ဖော်ပြသောအစေခံကျွန်တို့မှာ အခကြေးငွေပေး၍ ငှါးရမ်းထားသော အစေခံတို့ထက် ချုပ်နှောင်ထားသော အစေခံကျွန်တို့ဖြစ်ကြ၏။ ယနေ့ကျမ်းပိုဒ်၏အကြောင်းအရာ ဆက်စပ်မှုတွင် ချုပ်နှောင်ထားသောအစေခံကျွန် (သို့) ငှါးရမ်းထားသော အစေခံတို့အားလုံးကို အကျိုးသက်ရောက်စေမည်။ အစေခံကျွန်တို့ကို ကန်ထရိုက်စာချုပ်နှင့်ဆိုင်သော အခြေခံအကြောင်းအရာပေါ်တွင် (သို့) တစ်သက်လုံးနှင့်ဆိုင်သော အခြေခံအကြောင်းရင်းပေါ်တွင် မူတည်၍ငှါးရမ်းနိုင်၏။ အိမ်၌အလုပ်လုပ်ရန် ထိုငှါးရမ်းထားသောသူတို့သည် အိမ်ဖော်ဖြစ်ကြလိမ့်မည်။ မိသားစုတွင်ရှိသောသူငယ်တို့သည် တစ်ခါတစ်ရံတွင်အမျိုးသမီးအိမ်ဖော်တို့ကို "ဒေါ်ဒေါ်တို့" (aunties) ဟူ၍ခေါ်ကြပြီး၊ အလွန်ငယ်ရွယ်သောသူငယ်တို့ကမူ ထိုအိမ်ဖော်တို့အား မိသားစုဝင်မဟုတ်ကြသည်ကို သိနိုင်ကြမည်မဟုတ်ပေ။

ဤစာပိုဒ်တွင် တမန်တော်က အစေခံတို့သည်လက်သင့်ခံနိုင်သောအမှုကို မည်သို့ဆောင်ရွက်နိုင်ပါမည်အကြောင်း ညွှန်ကြားပေးခဲ့၏။ သူတို့သည် သွေးသားသဘောဇာတိအရ မိမိတို့၏သခင်တို့ကို နာခံရပါမည်။ သူတို့သည် ခရစ်တော်၏စကားကို နားထောင်သကဲ့သို့ ကြောက်ရွံ့တုန်လှုပ်လျက်၊ ရိုးသားသောစိတ်နှလုံးနှင့် လုပ်ဆောင်ရပါမည်။ သူတို့သည်သစ္စာရှိ၍ မိမိတို့သခင်၏ မျက်မှောက်၌သာ အလုပ်လုပ်သောသူမဟုတ်ဘဲ မိမိတို့စိတ်နှလုံးဖြင့် ဘုရားသခင်၏အလိုတော်ကို ဆောင်ရွက်ရပါမည်။ လူ၏အစေကိုသာခံသကဲ့သို့မဟုတ်ဘဲ ဘုရားသခင်၏အစေကို ခံသကဲ့သို့ ဆောင်ရွက်ရပါမည်။ ထိုသို့လုပ်ဆောင်ရမည့်အကြောင်းရင်းအား ပေါလုကဖေက်သြဝါဒစာ ၆း၈ ၌ ပေးထားသည်မှာ "ကောင်းသောအကျင့်ကိုကျင့်သောသူမည်သည်ကား၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ သခင်ဘုရား၏လက်တော်မှ အကျိုးကိုခံရလိမ့်မည်ဟုသိမှတ်ကြလော့"။ သစ္စာမရှိသောအစေခံကျွန်တို့အကြောင်းနှင့် ပတ်သတ်၍ပေါလုသည် အတွေ့အကြုံများစွာရှိခဲ့နိုင်၏ (သြနေသိမ်အမြင်)။ ဤအချက်ကြောင့် ပေါလုက ညွှန်ကြားချက်၌ အထူးအချက်အလက်လုပ်ဆောင်ခဲ့ခြင်းဖြစ်နိုင်သည်။

သခင်တို့သည်လည်း မှားယွင်းစွာပြုမူခဲ့ကြသောကြောင့် မိမိတို့၏အစေခံကျွန်တို့နှင့် ကောင်းမွန်သောဆက်သွယ်ခြင်းကို တိုးတက်စေရန်အတွက် ထိန်းကျောင်းပေးသူလိုအပ်ကြ၏။ သူတို့သည် ခြိမ်းခြောက်ခြင်းကို ချုပ်တည်း၍ကောင်းကင်ဘုံ၌ မိမိတို့တွင်လည်း သခင်ရှိကြောင်းကို အောက်မေ့ကြရမည့်ကောင်းကင်၌ရှိသော ထိုသခင်သည် လုံးဝတရားမျှတတော်မူ၏။ သူ့ထံတွင် ဘက်လိုက်မှုမရှိပေ။ ပေါလုက ဖိလမုန်နှင့် သြနေသိမ်တို့ကိုကြားဝင်ဖျန်ဖြေပေးသောအခါ၊ အစေခံကျွန်ဖြစ်သော သြနေသိမ်အား သခင်ဘုရားကိုသိရှိကြောင်းနှင့် သူ့သခင်၏ပေးအပ်သော တာဝန်ကို ဘုရားသခင်ထံ၌ရှိသော သူ၏တာဝန်ကဲ့သို့ လက်ခံမည့်အကြောင်းကို သေချာစေရန် အစေခံကျွန်ကိုအရင်စကားပြောဆိုခဲ့၏။ ဒုတိယတွင် ပေါလုကသခင်အား သူ၏ကျွန်ကို ခရစ်တော်၌ညီအကိုကဲ့သို့ လက်ခံပေးရန်ပြောကြားခဲ့၏။ ထို့နောက် သူတို့၏ဆက်ဆံမှုက ဘုရားသခင်အားကျေနပ်စေကြလိမ့်မည်။

**ဆင်ခြင်ရန်** - မိမိတို့၏သခင်သည် ချစ်ခြင်းမေတ္တာလိုအပ်သည့်အတိုင်း အစေခံကျွန်တို့သည်လည်း လိုအပ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်၏အပေါင်းအဘော်တို့အားလုံးထံ၌ ခရစ်တော်ကို အကျွန်ုပ်ထင်ရှားစေနိုင်ပါစေသော်။

စနေ၊ ဒီဇင်ဘာ (၂၈)
**ဖေက် ၆း၁၀-၁၇**
ယောရှု ၂၄း၁၄-၁၆

*“ယခုမှာ ထာဝရဘုရားကိုကြောက်ရွံ့၍ ကြည်ဖြူခြင်းသစ္စာစောင့်ခြင်းနှင့်တကွ ဝတ်ပြုကြလော့. . . ”*

## ဘုရားသခင်၏လက်နက်စုံ

ပေါလုသည် တင်စားသည့်စကားကို အသုံးပြုရာ၌အလွန်တော်၏။ သမ္မာကျမ်းစာကျောင်းသားတို့ကလည်း ဥပမာဖြင့်ပုံဆောင်ခြင်းသည် အလွန်ထိရောက်သော မိန့်ခွန်းပုံသဏ္ဌာန်တစ်ခုဖြစ်ကြောင်းကို သင်ယူကြရသည်။ ဤနေရာတွင် တမန်တော်ကရောမစစ်သားတစ်ဦး၏ ရုပ်ပုံကိုပုံဖော်၍ထိုပုံမှ ဝိညာဉ်ရေးရာနှင့်ဆိုင်သော သင်ခန်းစာကိုရေးဆွဲခဲ့၏။ ပေါလုက မိမိ၏ပေးစာကိုအဆုံးသတ်မည်ဖြစ်သောကြောင့် သူ၏စာကိုလက်ခံဖတ်ရှုသောသူတို့အား ယုံကြည်ခြင်း၌ရပ်တည်ကြရန် အလိုရှိခဲ့၏။ ပေါလုသည် ဖိလက်မြို့၌ရှိသောသင်းအုပ်တို့အား နှုတ်ဆက်စကားဆိုသောအခါကြမ်းတမ်းသောတောခွေးတို့သည် သိုးများကိုမသနားဘဲ သူတို့အထဲသို့ဝင်ရောက်လာမည့်အကြောင်းကို ပြောခဲ့၏(တမန် ၂၀း၂၉)။ ထိုစကားလုံးတို့ကို ရေးသားသောအခါ ပေါလုသည်ထိုကဲ့သို့သောအန္တရာယ်တို့ကို နားလည်သဘောပေါက်ခဲ့၏။

စစ်သားတစ်ဦး၏သာဓကသည် ထိရောက်သောရုပ်ဝတ္ထုသင်ခန်းစာဖြစ်၏။ ထိုကဲ့သို့သောစစ်သားတို့သည် စုံလင်စွာလက်နက်တပ်ဆင်ကြ၍ မိမိတို့၏တာဝန်ကိုပျက်ကွယ်လိမ့်မည်မဟုတ်ပေ။ သူသည် လက်နက်စုံ၌ပါဝင်သော အစိတ်အပိုင်းတစ်ခုစီတိုင်းကို ဖော်ပြ၍၊ ထိုအပိုင်းအစတို့၏ဝိညာဉ်ရေးရာနှင့်ဆိုင်သော တူညီချက်ကိုဖော်ပြခဲ့သည်။ လက်ဝါးကပ်တိုင်စစ်သည်သည် နတ်ဆိုး၏ပရိယာယ်တို့ကို ဆန့်ကျင်ခံရပ်နိုင်ရန် လက်နက်စုံကိုတပ်ဆင်ထားရပါမည်။ ပေါလုက ကျွန်ုပ်တို့၏တိုက်လှန်ခြင်းသည် အသွေးအသားရှိသောသူတို့နှင့်မဟုတ်ဘဲ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာနှင့်ဆိုင် သောရန်သူများဖြစ်ကြောင်းကို အတိအကျညွှန်ပြ၏။ ယုံကြည်သူတို့သည် ဤလက်နက်စုံကိုတပ်ဆင်ထားသောအခါ ဆိုးယုတ်သောနေ့တွင် ဆန့်ကျင်ခံရပ်နိုင်ကြလိမ့်မည်။

လက်နက်စုံ၏အဦးဆုံးသောအပိုင်းအစမှာ ခါးပတ်ဖြစ်၏။ ထိုအရာကိုအဝတ်အစားအားချည်နှောင်ရန်နှင့် ဓားရှည်ကိုထိန်းထားဖို့ရန်အတွက် အသုံးပြု၏။ ဤအရာကိုသမ္မာတရားနှင့်နှိုင်းယှဉ်ထား၏။ ထို့နောက် မှန်သောသွန်သင်ချက်နှင့်မှန်သောနာခံခြင်းကို ဖော်ပြထား၏။ ဒုတိယအပိုင်းအစမှာ ယုံကြည်သူတို့အား တောင်းဆိုသောအကျင့်စာရိတ္တတစ်ခုဖြစ်သည်၊ ဖြောင့်မတ်ခြင်းကိုကိုယ်စားပြုသော ရင်အုပ်တန်ဆာဖြစ်သည်။ တတိယအပိုင်းအစမှာ ခြေထောက်ကို ခိုင်မြဲစေရန်အတွက် ခြေစွပ်ဖြစ်၏ (ထိုနေ့ရက်တွင်ကြိုးသိုင်းဖိနပ်ကို ဝတ်ဆင်ခဲ့ကြ၏)။ ဤအချက်က ခရစ်ယာန်တစ်ဦး၏အသက်တာ၌ အမြဲရှိသင့်သည့်ငြိမ်သက်ခြင်းနှင့် ယှဉ်သောဧဝံဂေလိတရားကို ကိုယ်စားပြု၏။ စတုတ္ထမှာ မာရ်နတ်၏တိုက်ခိုက်ခြင်းမှ ယုံကြည်သူတို့အား ကွယ်ကာပေးမည့်ယုံကြည်ခြင်းကိုကိုယ်စားပြုထားသော လွှားဖြစ်၏။ သံခမောက်လုံးမှာ ခရစ်တော်အားမိမိ၏ကယ်တင်ရှင်နှင့် သခင်အဖြစ် လက်ခံခြင်းမှရောက်ရှိခဲ့သည့် ကယ်တင်ခြင်းကို ကိုယ်စားပြုသောပဥ္စမအပိုင်းအစဖြစ်၏။ နောက်ဆုံးတစ်စုံမှာ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် နှိုင်းယှဉ်ထားသည့်ဓားဖြစ်၏။ ထို့ကြောင့် တမန်တော်က မိမိ၏စာဖတ်သူတို့အား လက်နက်တပ်ဆင်ရန်တိုက်တွန်းထား၏။ ဤလက်နက်စုံမှာ ယနေ့တွင်လည်း အလွန်လိုအပ်၏။

**ဆင်ခြင်ရန်** - ခရစ်တော်၏သစ္စာရှိသောတပ်သားသည် ခရစ်တော်ခေါ်သည့်အချိန်တိုင်း အဆင်သင့်ရှိနေ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဧဝံဂေလိသတင်းကောင်း၏ ရန်သူတိုင်းအပေါ်တွင် အကျွန်ုပ်အား အောင်နိုင်ခြင်းကိုပေးတော်မူပါ။

## ရဲရင့်ခြင်းအတွက်ဆုတောင်းခြင်း

ဖေက်မြို့၌ရှိသောခရစ်ယာန်တို့သည် မိမိတို့အားပေါလုပေးခဲ့သည့် ညွှန်ကြားချက်အတိုင်း မိမိတို့ဆောင်ရွက်နိုင်စွမ်းရှိသမျှတို့ကို လုပ်ဆောင်နိုင်၏။ သို့သော် ခပ်သိမ်းသောအရာတို့အား စုံလင်ခြင်းသို့ ရောက်ရှိစေသောသူသည် ဘုရားသခင်ဖြစ်၏။ သူတို့သည် ဘုရားသခင်ထံ ဆုတောင်းဖို့ရန် ပေါလုသတိပေး၏။ သူတို့သည် အစဉ်မပြတ်ဆုတောင်းရမည်။ ဆုတောင်းခြင်းမရှိဘဲ အသင်းတော်တစ်ခုမရှိနိုင်ပေ။ ဆုတောင်းခြင်းသည် ဝတ်ပြုခြင်း၏အဓိကအစိတ်အပိုင်းဖြစ်သည်။

ပေါလုက ဤစကားတို့ဖြင့် သူတို့အားဆုတောင်းခြင်းကို ညွှန်ကြားသည်မှာ "ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းပဌနာပြုခြင်းအမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုသို့ဆုတောင်းခြင်းငှါ အားမလျော့ဘဲလျှက် ငါမှစ၍ သန့်ရှင်းသူအပေါင်းတို့အဖို့ ဆုတောင်းလျက် စောင့်ရှောက်ကြလော့" (ဖေက် ၆း၁၈)။ အကျွန်ုပ်တို့၏ဆုတောင်းခြင်းအစည်းအဝေးအတွက် ဤအချက်မှာသင့်တင့်လျောက်ပတ်သော ညွှန် ကြားချက်ဖြစ်၏။ ဆုတောင်းရန်တိုက်တွန်းခြင်းက ဆုတောင်းဖို့အတွက် သတ်မှတ်ထားသော နေရာနှင့် အချိန် ရှိမည်ကိုသဘောပေါက်စေ၏။ ထိုအရာက သစ္စာစောင့်ခြင်းကိုလည်း တောင်းဆိုထား၏။

တမန်တော်သည် ဧဝံဂေလိသတင်းကောင်းကိုဟောကြားရာတွင် ဦးလည်မသုန် ကြိုးပမ်းခဲ့သည်။ သူ့အား ထောင်ထဲ၌ချုပ်ထားသော်လည်း ခရစ်တော်အတွက် စကားပြောခြင်းမှာ ထိုအရာက သူ့အား မတားမြစ်နိုင်ခဲ့ပါ။ သူသည် ဧဝံဂေလိသတင်းကောင်းအား ရဲရင့်စွာထုတ်ဖော်ဟောကြားဖို့ရန်ဟူသော တာဝန်ကိုပြည့်စုံစေဖို့ရန်အတွက် ဆုတောင်းပေးခြင်းလိုအပ်၏။ သူ၏ထောင်ထဲက လွတ်မြောက်နိုင်မည့်အကြောင်းကို ဆုတောင်းပေးဖို့ရန်အတွက် မတောင်းဆိုခဲ့ပေ။ သို့သော် သူသည် ဧဝံဂေလိသတင်းကောင်းက အောင်မြင်ခြင်းရနိုင်ဖို့ရန်အတွက် ဦးစားပေးခဲ့၏။ သူသည်အကျဉ်းထောင်၌ သံတမန်တစ်ဦးဖြစ်ကြောင်း ပြောဆို၏။ သူသည်ရောမ၌ရှိသောနန်းတော်တွင် ခရစ်တော်အား ကိုယ်စားပြု၍ သူ၏ကောင်စစ်ဝန်ရုံးမှာ အကျဉ်းထောင်ဖြစ်ခဲ့၏။ ဧဝံဂေလိသတင်းကို ကဲသာဘုရင်၏အိမ်တော်သားများပင်လျှင် ကြားခဲ့ကြောင်းကို ပေါလုသက်သေခံခဲ့၏ (ဖိလိ ၄း၂၂)။ သူသည် ရဲရင့်စွာဟောကြားနိုင်ဖို့အလိုရှိ၏။

လက်နက်စုံတပ်ဆင်ထားသော ခရစ်တော်၏စစ်သည်သည် ကောင်းကင်ဘုံမှ ဆုတောင်းရန်အမိန့်တော်ကို လိုက်နာခြင်းမရှိဘဲ မိမိ၏တာဝန်ကို လုံးလုံးပြည့်စုံစေနိုင်မည်မဟုတ်ပေ။ သူသည် ဘုရားသခင်အားကြားလျှောက်၍ ဘုရားသခင်၏စကားကို နားထောင်ရပါမည်။ စစ်သည်တစ်ဦး၏ အရေးကြီးသောစရိုက်လက္ခဏာတစ်ခုမှာ ကျင့်ဝတ်စည်းကမ်းဖြစ်၏။ ဤအရာက လိုအပ်သောအချိန်တိုင်းတွင် သူ့အားအဆင်သင့်ဖြစ်စေသည်။ ဤအချက်မှာ ဖေက်မြို့၌ရှိသောခရစ်ယာန်တို့အတွက် ပေါလုအလိုရှိသောအရာဖြစ်သည်။ ဤခြေလှမ်းကို လိုက်လျှောက်နိုင်ဖို့ရန် ဆုတောင်းလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အိမ်တော်ကို ဆုတောင်းခြင်းနှင့်သစ္စာစောင့်ခြင်းအားဖြင့် တည်ဆောက်ထား၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ကို ကိုယ်တော်ရှင်၏နိုင်ငံတော်အတွက် ဆုတောင်းသော စစ်သည်ဖြစ်စေတော်မူပါ။

တနင်္ဂနွေ၊ဒီဇင်ဘာ (၃၀)

**ဖေက် ၆း၂၁-၂၄**

ကောလော ၁း၉-၁၄

*"... သခင်ဘုရားနှင့်ထိုက်လျောက်စွာကျင့်၍ အရာရာ၌နှစ်သက်တော်မူစေငှါ..."*

## ဖေက်၌ရှိသောအသင်းတော်တို့အား ပေါလု၏နောက်ဆုံးနှုတ်ဆက်ခြင်း

တမန်တော်က ဧဖက်၌ခရစ်ယာန်တို့အား ခရစ်တော်အားဖြင့် ကောင်းကင်အရပ်၌ရှိသော ဝိညာဉ်ရေးရာကောင်းကြီးမင်္ဂလာအလုံးစုံကို ခံစားရရှိဖို့ရန်မိန့်ဆိုခဲ့၏။ သူသည် သူတို့အားဤလောကတွင် ရှိကြစဉ်တွင် နေ့စဉ်ကြုံတွေ့ရသည့်အတိုင်း ဝိညာဉ်ရေးရာနှင့်ဆိုင်သော တိုက်ပွဲလိုအပ်ကြောင်းဖြင့် ဒဏ်ချက်ပေး၏။ ဤအကြောင်းကြားချက်မှာ ကိုယ်ခန္ဓာအားဖြင့် သူတို့ထံမှ ကွာဝေးသောအရပ်တွင် ရောက်ရှိနေစဉ်တွင်ဦးဆောင်ခြင်းနည်းလမ်းဖြစ်၏။

သူတို့၏ဆက်လက် မိဿဟာယဖွဲ့ခြင်းကို ခိုင်မာစေဖို့ရန် တုခိတ်ကို သူတို့ထဲသို့ စေလွှတ်၍ သူ၏အကြောင်းကို ပြောကြားစေ၏။ သူသည် တုခိတ်အားသခင်ဘုရား၌ သူချစ်သောညီနှင့် သစ္စာရှိသောဆရာဟူ၍ခေါ်ဆို၏။ တုခိတ်သည် အသင်းတော်ထံသို့ ဤဩဝါဒစာကိုသယ်ဆောင်ခဲ့သောသူဖြစ်သည်။ ပေါလုက တုခိတ်အကြောင်းကို ဆိုခဲ့သည်မှာ "သင်တို့သည် ငါတို့၏အကြောင်းအရာများကို သိမည့်အကြောင်းနှင့် ထိုသူသည်သင်တို့စိတ်နှလုံးကို သက်သာစေမည့်အကြောင်း ထိုသူကို သင်တို့ထံသို့ငါစေလွှတ်၏" (ဧဖက် ၆း၂၂)။ ထိုညီအစ်ကိုသည် ရောက်လာသောအခါ ယုံကြည်သူတို့အား ပေါလုအကြောင်းနှင့် လုပ်ဆောင်သောသတင်းအချက်အလက်တို့ကို ယူဆောင်ခဲ့ရမည်။

ပေါလုသည် ရောမတွင် အကျဉ်းသားဖြစ်နေစဉ်တွင် သူငှါးရမ်းထားသောအိမ်တွင် အကျယ်ချုပ်နေထိုင်ခဲ့ရကြောင်းကို တမန်တော်ဝတ္ထုတွင်ဖော်ပြထားသော်လည်း၊ ဤစာစောင်တွင် သူ၏လိုအပ်ချက်အကြောင်းကို မဖော်ပြထားပေ။ သူသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို ဟောကြားပြီး သခင်ယေရှုခရစ်တော်နှင့်သက်ဆိုင်သော အရာတို့ကို သင်ကြားပို့ချပေး၏ (တမန် ၂၈း၃၀-၃၁)။ အစောပိုင်းတွင် သင်းအုပ်တို့အား သူနှုတ်ဆက်သောအခါတွင်ပေါလုက သူသည် အဘယ်သူ၏ငွေ (သို့) ရွှေ (သို့) အဝတ်အစားကိုမှ မတပ်မက်ခဲ့ကြောင်းကို ပြောဆိုခဲ့၏။ အသက်ရှင်နေထိုင်ဖို့ရန်အတွက် သူ၏လက်ဖြင့်အလုပ်လုပ်ခဲ့၏(သူသည် တဲဆောက်တတ်သူဖြစ်)။ ရယူခြင်းထက် ဝေငှစွန့်ကြဲခြင်းသည် သာ၍မွန်မြတ်ကြောင်း သခင်ဘုရား၏စကားတော်ကို သူတို့အား ပြန်သတိပေးခဲ့၏ (တမန် ၂၀း၃၃-၃၇)။ သူသည် ဧဖက်မြို့၌ရှိသော လူတို့၏စိတ်ကိုသိခဲ့၏။ ဖိလိပ္ပိလူတို့ထံသို့ ဩဝါဒစာပေးစဉ်တွင် သူ၏ပုဂ္ဂိုလ်ရေးရာလိုအပ်ချက်ကို ထောက်ပံ့ပေးသောအသင်းတော်မှာ သူတို့သာရှိကြောင်းကို ထုတ်ဖော်ခဲ့၏ (ဖိ ၄း၁၅)။ သူသည် ဘယ်အချိန်၌မည်သို့သော စကားပြောရမည်ကို သိရှိ၍ သူတို့၏မိဿဟာယမှာ မရပ်တန့်ခဲ့ပေ။

နောက်ဆုံးတွင် ပေါလုက ခမည်းတော်ဘုရားနှင့်သခင်ယေရှုခရစ်ပေးတော်မူသော ယုံကြည်ခြင်းနှင့်အတူ ချစ်ခြင်းမေတ္တာနှင့် ငြိမ်သက်ခြင်းကို သူတို့အားရရှိခံစားစေလို၏။ ထိုယုံကြည်ခြင်းမှာ သူတို့၏ ပတ်သတ်ဆက်နွယ်ခြင်းအား ချည်နှောင်ပေးသောအရာဖြစ်ပြီး သူတို့အပေါ်တို့၌ ကျေးဇူးတော်ရှိစေလို၏။

**ဆင်ခြင်ရန်** - ဘယ်မျှမြတ်သောမိဿဟာယ၊ ဘယ်မျှမြတ်သော ဝမ်းမြောက်ခြင်းပါတကား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်၏ ညီအစ်ကိုတို့အပေါ်၌ ကျွန်ုပ်အားရှိသောမေတ္တာသည် အမြဲတမ်းမှန်ကန်မှုရှိစေတော်မူပါ။

တနင်္ဂနွေ၊ဒီဇင်ဘာ (၃၁)
**ဗျာဒိတ် ၂း၁-၇**
ဗျာဒိတ် ၃း၇-၁၃

*"... အဘယ်သူမျှ မပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ငါဖွင့်ထားပြီ..."*

## ဖေက်အသင်းတော်စိန်ခေါ်မှု

ဖိလဒေလဖိအသင်းတော်၏သက်သေခံချက်သည် ပေါလုသေပြီးနောက် နှစ်များစွာ၌ပြန်ပေါ်လာခဲ့၏။ သခင်ယေရှုခရစ်တော်၌ တမန်တော်ယောဟန်အားဖြင့် ဤအသင်းတော်အား အာရှတိုက်တွင်ရှိသော အခြားအသင်းတော်ခြောက်ပါးတို့နှင့်အတူ စစ်ဆေးခဲ့၏။ သခင်ယေရှုကို လက်ျာလက်၌ကြယ်ခုနစ်လုံးကိုကိုင်၍ ရွှေမီးခွက်ခုနစ်လုံးအလယ်၌ သွားလာသောသူအဖြစ် ဖော်ပြထား၏။

အသင်းတော်အား သူမ၏အကျင့်ကျင့်ခြင်း၊ ပင်ပန်းစွာလုပ်ဆောင်ခြင်း၊ သည်းခံခြင်းအတွက်နှင့် မတရားသောသူတို့နှင့် မှားယွင်းသောတမန်တော်တို့အား ပြစ်တင်ရှုတ်ချခြင်းအတွက်ကြောင့် ချီးကျူးခြင်းခံရ၏။ အသင်းတော်သည် စိတ်ရှည်စွာရပ်တည်၍ ခရစ်တော်အတွက်ကြောင့်အားမလျော့ဘဲ ဆင်းရဲခံရ၏။ အသင်းတော်သည် သခင်ဘုရားမုန်းသော နိကောလတပည့်တို့၏အကျင့်တို့ကိုမုန်းသောကြောင့် ချီးကျူးခြင်းကိုရရှိ၏။ ပေါလုထွက်ခွာပြီးနောက် နှစ်ပေါင်းလေးဆယ်ခန့်ကြာပြီးနောက်တွင် ဖေက်လူတို့၏မျိုးဆက်သစ်တို့ ပေါ်ထွက်ခဲ့သည်။ ဤအသင်းတော်တွင် တိမောသေနှင့်ယောဟန်တို့သည် အမှုထမ်းဆောင်ခဲ့ဖူး၍ သူတို့၏လွှမ်းမိုးခြင်းကို ခံစားလို့ရနေသေး၏။ ထိုအချက်မှာ ချီးကျူးထိုက်သောရပ်တည်ချက်၏ အကြောင်းအရင်းဖြစ်၏။

ထိုစဉ်တွင် ရောနှောခြင်းဝင်ရောက်ခဲ့သောကြောင့် သခင်ဘုရားက "သို့သော်လည်း၊ သင်သည် ရှေ့ဦးစွာသောချစ်ခြင်းမေတ္တာလျော့ပြီဟု သင့်၌အပြစ်တင်စရာရှိ၏" (ဗျာ ၂း၄) ဟူ၍ပြောဆိုခဲ့၏။ အခြားသူတစ်ဦးကိုချစ်ခြင်းသည် ပျက်ကွက် ခဲ့၍ ခရစ်တော်အတွက်ချစ်မေတ္တာသည်လည်း နွေးရုံမျှသာရှိ၏။ ခင်မင်ရင်းနှီးစိတ်သည် ကွယ်ပျောက်နေ၏။ ခရစ်တော်ကိုချစ်ခြင်းသည် သမ္မာတရားဖြစ်၍ ထိုသမ္မာတရားကိုတမန်တော်က သူတို့အား သင်ကြားခဲ့၏။ သို့သော်လည်း စုံစမ်းနှောင့်ယှက်ခြင်းကို အရှုံးပေးခြင်းမှာ လွယ်ကူစွာ ရောက်လာ တတ်၏။ သခင်ဘုရားက သူတို့သည် မရွေ့လျော့မည်၊ အရင်နေရာအရပ်ကိုအောက်မေ့ ၍ နောင်တရပါမည်ဟူသော ပြန်လည်ပြုပြင်ခြင်းကို ပြဋ္ဌာန်းထား၏။ သူတို့သည် နဂိုအနေအထားသို့ ပြန်လည်ပြုပြင်ခြင်းခံရပါမည်။ သူတို့၏ဝိညာဉ်ရေးရာနှင့်ဆိုင်သော လက်နက်စုံကို သူတို့စုဆောင်းခဲ့ပြီ။ သူတို့သည် နောင်တရပြီး ဆက်လက်တိုက်ပွဲဝင်ရန် လိုအပ်၏။ ယနေ့တွင် အသင်း တော်သည် ဤအသင်းတော်မှသင်ခန်းစာကို သင်ယူ၍ မိမိတို့၏အမှားများကို အကြိမ်ကြိမ်မကျူး လွန်ရပါ။ ဤအရာသည် အသင်းတော်ခုနစ်ပါးတို့ထံသို့ သံပြိုင်ပေးလိုက်သော သတိပေးခြင်းဖြစ်၏။ သခင်ဘုရားမိန့်ဆိုသည်မှာ "ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့မိန့်တော်မူသည်ကို နားရှိသောသူမည်သည်ကား ကြားပါစေ" (ဗျာ ၂း၇) ဟူ၍ဖြစ်သည်။ သင်သည် နားထောင်နေသလား။

**ဆင်ခြင်ရန်** - စုံစမ်းသွေးဆောင်ခြင်းကို အရှုံးမပေးနဲ့။ အကြောင်းမူကား အလျှော့ပေးခြင်းသည် အပြစ်ဖြစ်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကျွန်ုပ်အသင်းတော်သည် ဧဝံဂေလိသတင်းကောင်း အလင်းတန်း၏အလင်းကို စောင့်ထိန်းစေတော်မူပါ။